
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတြွအဂ္ဂ

## အိုင်အိုကျော်စိုးနှင့်လျှို့ဝှက်လူသတ်သမား


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့် - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ - အမှတ်(၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အဖုံးပန်းချီ - L လင်း

အတွင်းပလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊

အုပ်ရေ/တန်ဖိုး - ၅၀၀အုပ်/ ၁၄၀၀ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈


BURMESE CLASSIC

သုရ (၁၂) ဖောင်ကြီးကျောင်းဆင်း

သူငယ်ချင်းများအား

အမှတ်တရ

ကသ-၃၉ အောင်စိုး(ခ) ချန်ကောရှိတ်

(ထုတ်ဝေသူ)

www.burmeseclassic.com

www.burmeseclassic.com



# ဘရွတ်ကလင်းလမ်းမှ လူသတ်မှု

အချိန်ကာလ၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစ။

နံနက်ခင်း နေခြည်နုနုကလေးက တလောကလုံးကို အုပ်မိုးဖြန့်ကျက်ရန် တာစူလျက်ရှိသည်။ ထိုနေရောင်မထွက်ပေါ်မီ တစ်ညတာလုံး အိပ်စက်အနားယူခဲ့ကြသော လူများသည် ပဒုမ္မာအုံကို တုတ်နှင့်ဆွလိုက်သကဲ့သို့ လှုပ်လှုပ်ရှရှဖြင့် သက်ဝင်လှုပ်ရှားထွက်ပေါ်လာကြသည်။

ဈေးသည်ဈေးဝယ်များ၊ လမ်းလျှောက်သူများ၊ လက်ဖက်ရည်သောက်သူ၊ မုန့်ဟင်းခါးစားသူ၊ လုပ်ငန်းခွင်ဝင်ရန်သွားသူ



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် တစ်နေ့တာအလုပ်ကို အစပျိုးရန် တာစူလျက် ရှိကြသည်။

အိမ်ထဲနေသူများမှာလည်း နံနက်စောစော ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေသူကဝေ၊ ထမင်းဟင်းချက်ပြုတ်သူက ပြုတ်နှင့် နိဗ္ဗူဝပြုမြဲကိစ္စကို ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ အိမ်ထဲနေသူကလည်း အိမ်ထဲနေသူအလျောက်၊ အပြင်ထွက်သူကလည်း အပြင်ထွက်သည့်အလျောက် နံနက် မိုးလင်းသည်နှင့် ကိုယ့်ကိစ္စနှင့်ကိုယ် လှုပ်ရှားနေကြသည်ပင်။

ထိုအချိန်တွင် လူစည်ကားရာ ဈေးပတ်ဝန်းကျင်၌ လက်ပွေ့သတင်းစာရောင်းသူ စောလွင် (ကက်ဆက်ကြီး) က သတင်း တစ်ပုဒ်ကို အော်ဟစ်ရင်း လမ်းတစ်လျှောက် သတင်းစာ လိုက် ရောင်းနေလေသည်။

"မနေ့ညက ဘရှုတ်ကင်းလမ်း (ယခု ဗိုလ်ကလေးဈေး လမ်း) မှာ လူသတ်မှုကြီးဖြစ်သွားတယ်ဗျို့၊ သွေးတစ်စက်မှ မထွက် ဘဲ အသတ်ခံရတဲ့အမှုကြီးမို့ အလွန်ထူးဆန်းပြီး ပုလိပ်အဖွဲ့က အမိ အရဖမ်းနိုင်ဖို့ အစွမ်းကုန်ဆောင်ရွက်နေပြီတဲ့ဗျို့၊ သိချင်ဝယ်ဖတ်၊ မိုးကြိုးသတင်းစာတွေ၊ တစ်စောင်မှ တစ်မတ်ထဲ"

သတင်းတစ်ပုဒ်ကို သတင်းဦး၊ သတင်းထူးဖြစ်ရလေအောင်





အာဝဇ္ဇန်းရှင်ရှင်ဖြင့် 'ဗျို့' ဟစ်ကာ အော်ရောင်းနေခြင်းဖြစ်၏။ ထို့ကြောင့် မင်္ဂလာနံနက်ခင်းတွင် မင်္ဂလာယူကာ သွားလာစားသောက် နေကြသောလူများမှာ ရုတ်တရက်ဆိုသလို 'အ'မင်္ဂလာသတင်း ကြောင့် နှာခေါင်းရှုံ့သွားကြပြီး မျက်နှာများ မကြည်မလင်ဖြစ်သွား ကြတော့သည်။

"သွားပါပြီကွာ၊ မင်္ဂလာနိမိတ်နဲ့ ဒီကနေ့ ကျောက်အရောင်း အဝယ်လုပ်ရမယ့် ငါ့ကိစ္စ ဖြစ်မှဖြစ်ပါတော့မလား မသိပါဘူးကွာ ... တောက်"

စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်အောင်လမ်း) ထိပ်တွင် ဖွင့်ထားသော တရုတ်လူမျိုး ကမန်းကတန်း ကြင်စိန်၏ မင်္ဂလာ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေသော အသားဖြူ ဖြူ ခပ်ပိန်ပိန်နှင့် သောင်းထွန်း (ပိုးဟပ်ဖြူ) ဆိုသူက ပြောလိုက် သည်။

"ဟုတ်ပ၊ ငါလည်း ဒီနေ့ (–) ရုံးမှာ အင်တာဗျူးဖြေဖို့ သွားလေဘုရားတက်ပြီး မင်္ဂလာယူခဲ့တာ၊ ခုတော့ ခဲလေသမျှ သဲရေ ကျပဲဖြစ်မလား၊ မပြောတတ်တော့ပါဘူးကွာ"

စားပွဲတစ်ခုထဲတွင် အတူထိုင်လျက်ရှိသော ညိုတိုတို ပုပု



www.burmeseclassic.com

www.burmeseclassic.com



ကွကွနှင့် တင်မောင်အေး (အာလာဒင်) ကပါ ဆိုလိုက်ပြန်သည်။

"မဆိုင်ပါဘူးကွာ၊ ကိုယ်ဖန်တီးလို့ဖြစ်တဲ့ အ,မင်္ဂလာမှ မဟုတ်တာပဲ၊ နံနက်စောစောစီးစီး ကြားရလို့ အနိဋ္ဌာရုံနိမိတ်လို့ ယူဆလို့လည်း ဘယ်ရပါ့မလဲ၊ သူ့သဘော သူဆောင်ပြီး ဖြစ်ချိန်တန်လို့ ဖြစ်လာတာကို နိမိတ်ကောက်မယ်ဆိုရင် စန္ဒာလတို့ သုဘရာဇာတို့ဟာ သူတို့တစ်သက်မှာ မင်္ဂလာရက်ဆိုတာ ရှိတောင် ရှိပါ့မလား၊ သုဘရာဇာဆိုတာ နေ့တိုင်းနေ့တိုင်း မသာချဖို့ အခေါင်းရောင်းမှ ငွေဝင်တာ၊ ငွေဝင်မှ သူတို့အတွက် မင်္ဂလာဖြစ်တာ၊ ဟော . . . ပြီးတော့ သချိုင်းက စဏ္ဍာလတွေ သူတို့လည်း လူသေတွေ နေ့တိုင်းနေ့တိုင်း လာမြှုပ်မှ ကျင်းတူးရတာ၊ ကျင်းတူးမှ ငွေရှင်တာ၊ အေး . . . သူတို့ကတော့ မင်းတို့ ငါတို့နဲ့ ဆန့်ကျင်ဘက်ပဲ၊ မိုးလင်းတာနဲ့ အသုဘသတင်းမျှော်နေကြတာ၊ ကဲ . . . ငါပြောတာ လွန်သလား။ ဗျို့ . . . ကိုစောလွင် ကျုပ်ကို သတင်းစာတစ်စောင် ရောင်းပါဗျို့"

ဘေးချင်းကပ်ဝိုင်းမှ ကိုလှတင် (အင်္ဂါဂြိုလ်) ဆိုသူက လူငယ်နှစ်ယောက်၏ပြောသံကို ကြားရသဖြင့် သူ့အမြင် သူ့အတွေးကို ဖွင့်ဟလိုက်ပြီးနောက် လက်ပွေ့သတင်းစာရောင်းသည့် ကိုစောလွင်ကို လှမ်းခေါ်လိုက်သည်။ ကိုလှတင်က သူ့ရှပ်အင်္ကျီအိတ်ထဲမှ မတ်စေ့တစ်စေ့ကို ထုတ်ယူပြီး သတင်းစာဖိုးကျသင့်ငွေကို ပေးလိုက်လေ၏။





ထို့နောက် ကိုလှတင်သည် ဒူးနှစ်လုံးပေါ် တစ်တောင်နှစ်ဖက်တင်၍ မိုးကြိုးသတင်းစာကြီးကို ဟန်ကျပန်ကျ ဖတ်နေလေတော့သတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ဘရွတ်ကင်းလမ်းမှ လူသတ်မှုကြီး

ယမန်နေ့ည (၁၀) နာရီခန့်အချိန်တွင် ပတ္တရောင်ကင်းလှည့်လာသော ဗိုလ်တထောင်ဂါတ်မှ ဆားပုလင်းစိုးဝင်း (တာတီး) နှင့် ရဲသား ညွန့်ဆွေတို့သည် ဘရွတ်ကင်းလမ်း၊ အောက်ဘလောက်ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား၊ ပလက်ဖောင်းပေါ်တွင် မှောက်ခုံလဲကျနေသော လူတစ်ဦးအား တွေ့ရှိသဖြင့် အနီးကပ်ကြည့်ရှုစစ်ဆေးရာ ထိုသူ သေဆုံးနေသည်ကို တွေ့ရှိရလေသည်။ မည်သည့်အကြောင်းကြောင့် သေဆုံးရသည်ကို အသေးစိတ် စစ်ဆေးခဲ့ရာတွင် သွေးရိုးသားရိုးသေဆုံးခြင်းမဟုတ်ဘဲ တစ်စုံ





တစ်ယောက်က သတ်ဖြတ်လုပ်ကြံသွားသည့်လက္ခဏာများ တွေ့ရှိရသည်။ ပုလိပ်သားနှစ်ယောက်မှာ သေဆုံးသူ၏လည်ပင်းတွင် ညှစ်သတ်ထားသည့် ညိုမဲနေသောအရာများကို တွေ့ရသော်လည်း လက်ချောင်းရာများ မဟုတ်သကဲ့သို့ ကြိုးရာများလည်း မဟုတ်သည်ကို ထူးဆန်းစွာ တွေ့ရှိခဲ့ရလေသည်။

အသတ်ခံရသူမှာ မည်သူမည်ဝါဖြစ်ကြောင်း အမြန်ဆုံးဖော်ထုတ်ပြီး လူသတ်တရားခံအား ဖမ်းဆီးအပြစ်ပေးနိုင်ရေးအတွက် အပူတပြင်း စုံစမ်းထောက်လှမ်းနေကြောင်း ကြားသိရပေသည်။

ကိုလှတင် (အင်္ဂါကြိုပ်) က သတင်းစာကို ကျယ်လောင်စွာ အော်ဖတ်နေသဖြင့် အနီးအနားရှိ လက်ဖက်ရည်သောက်နေသူများ သာမက လမ်းသွားလမ်းလာများပါ ရပ်တန့်၍ စိတ်ဝင်စားစွာ နားထောင်နေကြလေတော့သည်။

"လည်ပင်းညှစ်သတ်ခံရတာဆိုတော့ မျက်လုံးကြီး ပြူးနေမှာပေါ့နော်"

"အေး . . . လျှာလည်း ထွက်နေမှာပဲ"

တစ်ယောက်တစ်ပေါက်ဖြင့် ထိုလူသတ်မှုကြီးအကြောင်းကို စိတ်ဝင်စားစွာ ပြောဆိုနေရာမှ တစ်ရပ်ကွက်လုံးသို့ သတင်းပျံ့နှံ့



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။ ထို့အတူ ဗိုလ်တထောင်ရဲဌာနအတွင်း၌လည်း ဌာနာအုပ် ဦးမျိုးတင့် (ခြေမကြီး) က အမှုလိုက်၊ လူဆိုးထိန်း ရိုးရိုးပုလိပ်သားကလေးပါမကျန် ခေါ်ယူတွေ့ဆုံ၍ သူ့စားပွဲရှေ့တွင် ထိုင်စေကာ ဘရွတ်ကင်းလူသတ်မှု ပေါ်ပေါက်စေရေးအတွက် စုရုံး ဆွေးနွေး အစည်းအဝေးလုပ်လျက် ရှိလေသည်။

''အစီရင်ခံချက်အရ လူသတ်တရားခံဟာ အင်မတန်မှ ပိရိပါးနပ်ပြီး သဲလွန်စဆိုလို့ ခြေရာလက်ဗွေရာ နောက်ဆုံး ရှန်းရင်းဆန်ခတ်ဖြစ်ပြီး အနီးအနားမှာ ပွတ်တိုက်ပွန်းပဲ့ထားတဲ့အရာတွေတောင်မှ မတွေ့ခဲ့ရဘူးလို့ ဆိုတယ်၊ အလောင်းရဲ့ကိုယ်ပေါ်မှာ သဲလွန်စ ရနိုင်ဖို့ ရှာဖွေတဲ့အခါမှာ အကျႌအိတ်ထဲက သစ်ဆွဲနေတဲ့ ဆင်ရုပ်ပုံပါတဲ့ အစိမ်းရောင် ရာတန်က တစ်ချပ်၊ ပတ်ကားတွမ်တီဝမ်းဖောင်တိန်က တစ်ချောင်းနဲ့ စာရွက်အပိုင်းလေးတစ်ပိုင်းကို တွေ့ခဲ့ရတယ်တဲ့၊ စာကို လက်ရေးနဲ့မရေးဘဲ လက်နှိပ်စက်နဲ့ ရိုက်ထားတယ်၊ စာထဲမှာ 'ကိုမြဝင်း . . . ခင်ဗျားနှစ်သက်တဲ့ပစ္စည်း ရပြီ၊ ညကိုးနာရီခွဲတိတိမှာ ဘရွတ်ကင်းလမ်းထိပ်ကို တစ်ယောက်တည်းလာခဲ့ပါလို့ ရေးထားတယ်၊ အလောင်းကို ဆေးစစ်ချက်ယူဖို့ ဆေးရုံပို့ပြီး အခင်းဖြစ်ပွားတဲ့နေရာကို တစ်ညလုံး အစောင့်ချထား





လိုက်တယ်၊ မိုးလင်းတာနဲ့ ကျုပ်တို့ ရောက်သွားပြီး စစ်ဆေးတော့ လမ်းမပေါ်က အဝါရောင်ပိုးချည်မျှင်ကလေးတစ်ချောင်း ထပ်ရခဲ့တယ်၊ ဒီသဲလွန်စကလွဲရင် တခြားမရှိလေတော့ အမှုနဲ့ပတ်သက်မယ့် ကွင်းဆက်တွေကို အားလုံး ကြိုးစားရှာဖွေသတင်းပို့ အစီရင်ခံကြရမယ်၊ အထက်က ဆူပူကြိမ်းမောင်း အတင်းအကျပ်ဖိအားမပေးခင်မှာ တရားခံကို အမြန်ဆုံး ဖမ်းနိုင်ရမယ်၊ ဒီအမှုကို အဓိကထားပြီး ကိုင်တွယ်ရမယ်၊ ကဲ . . . အားလုံး သွားနိုင်ပြီ''

ဌာနာအုပ် ဦးမျိုးတင့် (ခြေမကြီး) က လူစုခွဲလိုက်သဖြင့် ဂါတ်စာရေး၊ လူဆိုးထိန်း၊ ပုလိပ်သား စသည့်အမှုထမ်းများမှာ မိမိတို့၏စားပွဲခုံများရှိရာသို့သွား၍ ကိုယ့်အလုပ် ကိုယ်လုပ်လျက်ရှိသည်။ ဆားပုလင်း စိုးဝင်း (တာတီး) လည်း ဂါတ်စာရေးဝင်းကြည်၏စားပွဲပေါ်တွင် လက်ထောက်ကာ မတ်တတ်ရပ်ရင်း . . .

''အေးဗျာ . . . တော်တော်လေး အေးနေခဲ့တဲ့လူသတ်မှုတွေ ခုတော့ စလုံးရေးစ တစ်စခန်းထလာပြန်ပြီပေါ့''

ဟု ပြောလိုက်သည်။

''အမှုကြီးစာရင်းဝင်ဆိုတော့ ဒီအမှုမပေါ်သေးသရွေ့ ကျုပ်တို့ ခေါင်းကိုက်ကြရဦးမှာပေါ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဂါတ်စာရေးကြီး ဝင်းကြည် (ဖရီး) ကလည်း စိတ်ပျက်လက်ပျက်ဖြင့် တုံ့ပြန်ပြောဆိုလိုက်ပြန်ပါတော့သည်။

❑❑❑



## နောက်တစ်ယောက် သေပြန်ပြီ

တစ်နေ့သည့် ည (၁၀) နာရီခန့်အချိန်၊ ဖယ်ရာလမ်း (Fpbyre Street) တွင် ဖွင့်လှစ်ထားသော သရီးဖရင့် (Three Friend) ကုမ္ပဏီကြီး၏အပေါ်ထပ်ဝယ် လူသုံးယောက်တို့မှာ စားပွဲတစ်လုံးကို ဝိုင်းထိုင်ကြရင်း အစည်းအဝေးပွဲတစ်ခု ပြုလုပ်လျက်ရှိကြလေသည်။ ထိုလူသုံးဦးအနက်မှ အသားဖြူဖြူ ရုပ်ချောချောကိုယ်လုံးတောင့်တောင့်နှင့် အသက် (၃၀) ကျော်ခန့်ရှိသောကိုညွန့်လှိုင်ဆိုသူက စတင်၍ ဤသို့ပြောလိုက်သည်။

"ဒီကနေ့ ဆွေးနွေးကြမယ့်ကိစ္စက အတော့်ကို အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့် ခင်ဗျားတို့ကို ဖိတ်ခေါ်လိုက်ရတာပဲ၊ ပြီးခဲ့တဲ့ သုံးလေးရက်လောက်က ဘရွတ်ကင်းလမ်းမှာ အသတ်ခံလိုက်ရတဲ့ မြဝင်းဆိုတဲ့လူ့အကြောင်းကို ခင်ဗျားတို့ သတင်းစာမှာ ဖတ်ပြီး ရောပေါ့"

"အင်း . . . ဖတ်လိုက်ရပါတယ်"

လူသုံးဦးအနက်မှ ချည်သားရှပ်လက်တို ကော်လာကတုံး နှင့် ပလေကပ်လုံချည်အဖြူအနက် ကွက်စိပ်လုံချည် ဝတ်ဆင်ထား သည့် ကိုတင်ဦးဆိုသူက ပြန်ပြောလိုက်သည်။

"တကယ်တော့ ကိုမြင်ဝင်းဟာ ကုန်သည်တစ်ဦးဗျ၊ မြန်မာ နိုင်ငံနဲ့အိန္ဒိယနိုင်ငံကို ပဲအမျိုးမျိုး၊ မန်ကျည်းသီး စတဲ့ကုန်တွေ တင်ပို့ရောင်းချပြီး အိန္ဒိယက ဟင်းခတ်အမွှေးအကြိုင်နဲ့ ဘယဆေး မျိုးစုံကို ပြန်သွင်းတဲ့ ကုန်သည်ကြီးလည်း ဖြစ်တယ်၊ အင်ဂလို အင်ဒီးယန်းပေါ့ဗျာ"

ထိုအခါ လူသုံးဦးအနက် နောက်ထပ်တစ်ဦးဖြစ်သော ကိုရဲညွန့်ဆိုသူမှာ မိုးကုတ်သားဖြစ်ပြီး လူချမ်းသာတစ်ဦးဖြစ်သော် လည်း အင်္ဂလိပ်စကားကို ထမင်းစားရေသောက်မျှပင် မတတ်ကျွမ်း သောကြောင့် . . .





"အင်ဂလိုအင်ဒီးယန်းဆိုတာ ဘာလဲဗျ၊ ကျုပ် နားမလည် ဘူး၊ နားလည်တဲ့စကားသုံးပြီး ရှင်းအောင် ပြောကြစမ်းပါဗျာ"

ဟု မေးလိုက်လေ၏။

"ဩော် . . . ဟုတ်ပါရဲ့ မေ့သွားလို့ပါဗျာ . . . ဆောရီး . . . ဆောရီး၊ အင်္ဂလိုအင်ဒီးယန်းဆိုတာက အင်္ဂလိပ်လူမျိုးနဲ့အိန္ဒိယ လူမျိုး အိမ်ထောင်ပြုကြပြီး မွေးလာတဲ့ ကပြားကလေးကို ပြော တာဗျ"

ညွန့်လှိုင်ဆိုသူက ရှင်းပြလိုက်ပြန်သည်။

"ဒါနဲ့ ခုတင်က စကားကို လိုရင်းရောက်အောင် ဆက်ပါ ဦးဗျာ"

ကိုတင်ဦးဆိုသူက ပြောလိုက်ပြန်သဖြင့် . . .

"အဲဒီကိုမြဝင်းဟာ သိမ်ကြီးဈေးဒီရုံကြီးထဲမှာလည်း ဆိုင် ကြီးကို ဟီးနေအောင် ဖွင့်ထားတာဗျ၊ ငွေအသုံးအစွဲ ကျစ်လျစ် သလောက် စုဆောင်းမိလေတော့ ချမ်းသာလိုက်တာလည်း ကျိုကျို ဆက်ပါပဲဗျာ"

"ဒါဆို လူသတ်သမားက ငွေကြေးရလိုမှုနဲ့ ကိုမြဝင်းကို ပြန်ပေးဆွဲပြီးတော့ သူ့ဇနီးဆီကို ငွေနဲ့လာရွေးဖို့ အချိန်းအချက်



www.burmeseclassic.com

လုပ်ဖို့ ကြံတာများလား၊ သူ့ကို ဆွဲခေါ်လာခိုက်မှာ ကိုမြဝင်းက ငွေပေးရမှာ နှမြောတော့ ကလန်ကဆန်လုပ်ရင်း သတ်တဲ့ ဖြတ်တဲ့ အခြေအနေအထိ ဆိုက်သွားတာများလားဗျာ''

ကိုရဲညွန့်က သူ့ထင်မြင်ချက်ကို စုံထောက်တစ်ယောက်ကဲ့သို့ တွေးတောဆင်ခြင်၍ ပြောလိုက်သည်။

''မဖြစ်နိုင်ဘူးဗျ၊ ကိုမြဝင်းဟာ မိန်းမ,မရှိတဲ့ တစ်ကိုယ်တည်း လူပျိုကြီးလေ၊ ပြီးတော့ ရဲအဖွဲ့က ကိုမြဝင်းနေတဲ့ ဒါလဟိုဗီလမ်း (မဟာဗန္ဓုလလမ်း) မှာရှိတဲ့ တိုက်ကို ဝင်ရောက်ရှာဖွေစစ်ဆေးတဲ့အခါ ငွေတောင်းတဲ့ အထောက်အထားဆိုလို့ စာတိုကလေး တစ်လက်ဝါးစာလောက်တောင်မှ မတွေ့ရဘူးတဲ့၊ သူ့အိမ်မှာ အစစအရာရာ ကူညီလုပ်ကိုင်ဖို့ ငှားထားတဲ့ ကုလားလေး ဖုန်းမောင်ကို မေးကြည့်တော့လည်း ကိုမြဝင်းဟာ စားသောက်ပြီး ညကိုးနာရီလောက်ဆိုရင် လေကလေး တချွန်ချွန်နဲ့ အိမ်က ထွက်သွားတတ်တယ်လို့ သိရပြန်တယ်၊ အဲ . . . အဲဒီလို လေချွန်ပြီး ထွက်သွားတဲ့နေ့တွေမှာ ကိုမြဝင်း အိမ်ပြန်လာရင် အဖော်မိန်းကလေးတစ်ယောက် ယောက် အမြဲပါလာလေ့ရှိသတဲ့၊ ကိုမြဝင်းဟာ တခြားနေရာတွေမှာ ငွေယိုပေါက်ပိတ်နိုင်ခဲ့သမျှ 'မ' နဲ့ ပတ်သက်လို့ မထိန်းနိုင်ခဲ့ဘူး၊





ဒါလည်း သူ့အကြိုက်ကိုးဗျ''

ကိုတင်ဦးက သူသိထားသမျှ ပြောပြနေတော့သည်။ ဘျန်နှစ်ယောက်ကလည်း ကိုမြဝင်း အသတ်ခံရမှုအပေါ် စိတ်ဝင်စားသည်နှင့် ကိုညွန့်လှိုင်စကားကို ဂရုတစိုက်နားထောင်လျက် ရှိသည်။

''ကျုပ်တို့ အခုလို ဆုံတွေ့ကြတာဟာ အရေးကြီးတဲ့ကိစ္စ ပြောဖို့ဆိုပြီး စကားပလ္လင်ခံခဲ့တယ်နော်၊ အဲဒီအရေးကြီးတယ်ဆိုတဲ့ ကိစ္စဟာ ကိုမြဝင်း အသတ်ခံရတာနဲ့ ဆက်စပ်နေသဗျ''

ကိုညွန့်လှိုင်က ကိုတင်ဦးနှင့်ကိုရဲညွန့်တို့ကို ခေါ်ယူတွေ့ဆုံခြင်းအကြောင်းရင်းကို အစပျိုးလိုက်သည်။

''ကဲ . . . ဆိုစမ်းပါဦး''

ကိုရဲညွန့်က သိချင်လှပြီဖြစ်သဖြင့် လောဆော်လိုက်ပြန်သည်။

''လူသတ်သမား ဒါမှမဟုတ် အဖွဲ့စည်းဟာ စီးပွားရေး ထိပ်တန်းရောက်နေတဲ့လူကို ငွေလည်းမယူ ဘာကိုမှလည်း ကောင်းဆိုဘဲ ဘယ်လိုရည်ရွယ်ချက်နဲ့ သတ်လိုက်သလဲဆိုတာ သေချာချာမသိပေမယ့် ကျုပ်တို့လို စီးပွားရေးကောင်းတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်း ရွေးသတ်တဲ့အဖွဲ့ ဖြစ်နေခဲ့မယ်ဆိုရင် ကျုပ်တို့၊ ခင်ဗျားတို့ သတိဝီရိယရှိဖို့ လိုပြီဆိုတာ သတိပေးလိုက်တာ မဟုတ်ဘူးလား ဗျာ''

ကိုညွှန့်လှိုင်၏စကားကြောင့် ကျန်နှစ်ယောက်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။ ထို့ကြောင့် ယုတ္တိယုတ္တာရှိသော ကိုညွှန့်လှိုင်၏ကြိုတင်တွေးဆချက်ကို အလေးဂရုပြုကြရမည်ဟု စိတ်ထဲမှ တေးမှတ်ထားလိုက်ကြသည်။ ဤသည်မှာလည်း လုံလောက်သောအကြောင်း ရှိပါ၏။ နိုင်ငံရပ်ခြားတွင် စီးပွားရေးပြိုင်ဘက်များသည် စီးပွားရေးကို လက်ဝါးကြီးအုပ်ချင်ကြသောအခါ ဂိုဏ်းစတားခေါ် လူမိုက်ဂိုဏ်းကြီးများကို ငွေပေး၍ ပြိုင်ဘက်စီးပွားရေးသမားများကို သတ်ဖြတ်သုတ်သင်လေ့ရှိသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် သုံးယောက်စုပေါင်းရှယ်ယာ ဝင်ထည့်ထားသော 'သရီးဖရင်း' (Three Friend) ကုမ္ပဏီမှာ ကြီးပွားတိုးတက်စဖြစ်၍ ခေါင်ညွှန့်ချိုးသည့်သဘောဖြင့် ဒုက္ခပေးခံရမည်ကို သတိထားဖို့ဖြစ်သည်။ မိမိတို့ကုမ္ပဏီမှာ အီလက်ထရောနစ်ပစ္စည်းမျိုးစုံ၊ မော်တော်ကားအပိုပစ္စည်း ရေဒီယိုမျိုးစုံ စသည့် ပစ္စည်းများကို မြန်မာ





ပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်ယူကာ အင်္ဂလန်၊ ဂျာမဏီ စသည့်နိုင်ငံများမှ မှာယူတင်သွင်းရောင်းချနေသော စီးပွားရေးအရ အောင်မြင်သည့် ကုမ္ပဏီကြီး ဖြစ်လေ၏။

ကိုညွှန့်လှိုင် အယူအဆသော မမှားဘူးဆိုပါက ကုန်သည်များ ကုမ္ပဏီပိုင်ရှင်များကိုမှ ရွေးချယ်လုပ်ကြံသော လူသတ်သမားသို့မဟုတ် လူသတ်သည့်အဖွဲ့၏ အမှတ်စဉ် (၁) တွင် ကိုမြဝင်းအသတ်ခံခဲ့ရပြီးနောက် မည်သူ့အလှည့် ကျမည်ဆိုသည်ကို ရင်တမမဖြင့် စောင့်နေကြရသည်နှင့် တူနေသည် မဟုတ်ပါလား။

ရင်ဆိုင်တိုက်ခိုက်လာသော ရန်သူနှင့် သူသေကိုယ်သေတိုက်ခိုက်ရလျှင် အသက်ရှင်ရန် အခွင့်အရေးမှာ ငါးဆယ်ရာခိုင်နှုန်းသို့မဟုတ် ရာခိုင်နှုန်းပြည့်အထိ အခြေကို ပြောင်းလဲယူနိုင်သော်လည်း ဘယ်ကလာမှန်းမသိ ဘယ်အချိန်တွင် လာမှန်းမသိသော လူသတ်သမားကို ရင်ဆိုင်ရန်အဖို့မှာ ရာနှုန်းအနည်းငယ်မျှပင် အသက်ရှင်သမ်းမမြင်။

ထို့ကြောင့် ကိုညွှန့်လှိုင်၏ခေါ်ယူတွေ့ဆုံသတိပေးချက်အပေါ် အလေးအနက်ထားဖို့ တင်ဦးနှင့်ရဲညွှန့်တို့က နှလုံးသွင်းလိုက်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နောက်နှစ်ပတ်ခန့်ကြာသောအခါ လူသတ်မှုသတင်း တစ်ခု ပါလာပြန်သည်။ ထိုသတင်းမှာ ရန်ကုန်မြို့ မကျည်းတန်း ရပ်ကွက် စိန်မိုက်ကယ်လမ်းတွင် နေထိုင်သော ဦးသောင်းမြင့် (ဒုတ်) ဆိုသူ ဆားကုန်သည်ကြီးအား သူ၏တိုက်ပေါ်သို့ တက်ရောက်သတ် သွားခြင်း ဖြစ်လေသည်။ အခင်းဖြစ်ပွားသည့်အချိန်မှာ ညဆယ့် နှစ်နာရီခန့်ရှိပြီး ဘုရွှတ်ကင်းလမ်းလူသတ်မှုကဲ့သို့ လည်ပင်းကို ညှစ်သတ်သွားခြင်းဖြစ်သောကြောင့် သွေးထွက်သံယိုမရှိဘဲ မျက်လုံး ပြူး၍ လျှာထွက်သေဆုံးနေခြင်းဖြစ်ကြောင်း မိုးကြိုးသတင်းစာက အကျယ်တဝင့်ရေးသားဖော်ပြထားလေသည်။

''လည်ပင်းကို အဝတ်စနဲ့ရစ်ပတ် ညှစ်သတ်သွားတယ်လို့ ထင်ရတာပဲ၊ သဲလွန်စဆိုလို့ ဟောဒီအဝါရောင်ပိုးချည်မျှင်အစလေး တစ်စသာ ရှာတွေ့ခဲ့ပါတယ်၊ အလောင်းကိုတော့ ဆေးရုံပို့လိုက်ပါ ပြီ''

ဆားပုလင်းစိုးဝင်း (တာတီး) က ဌာနအုပ်ဖြစ်သူ ဦးမျိုး တင့်အား မန်ကျည်းတန်ရပ်ကွက်လူသတ်မှုအတွက် အစီရင်ခံနေခြင်း ဖြစ်ပါသည်။

''အကျိုးနည်း ခွကျကုန်ပြီပေါ့၊ ဘုရွှတ်ကင်းလမ်းမှာ





ကိုမြဝင်း (ရေဆင်) ကို သတ်ခဲ့တဲ့ပုံစံနဲ့ တစ်ထေရာတည်း တူနေပါ ပေါ့လား။ ကိုမြဝင်း သတ်မှုမှာလည်း ဆေးရုံက ဆေးစစ်မှတ်ချက် ထဲမှာ လည်ပင်းကို အဝတ်စ သို့မဟုတ် ပဝါစတစ်ခုခုနဲ့ ရစ်ပတ် ညှစ်သတ်ခံရတဲ့ ဒဏ်ရာလို့ ဆိုထားတယ်၊ မရှိမဆန့်အသက်ထွက် သွားရလို့ မျက်လုံးပြူးပြီး လျှာတစ်လစ်ဖြစ်သွားတယ်လို့ မှတ်ချက် ချထားတယ်။ ပုံစံတူ လူသတ်မှုဆိုတော့ ဂိုဏ်းတစ်ခုခုကများ အပြိုင် ဖွဲ့ပြီး လိုက်လံသတ်ဖြတ်နေသလားဆိုတာ စုံစမ်းဖော်ထုတ်ကြရမယ်၊ ငွေအတွက်မဟုတ်ကြောင်း ပြောနိုင်တာက ဒီလူသတ်မှုနှစ်ခုစလုံး မှာ ငွေကြေးလုယက်၊ ခိုးယူတဲ့အထောက်အထား မတွေ့ရလို့ပဲ၊ လူသတ်သမားဟာ အသတ်ခံရတဲ့လူတွေရဲ့ အားနည်းချက် ပျော့ ကွက်ကို အကြိုက်ပေးမြှူဆွယ်ကျူးသွင်းပြီး ပိုင်မှသတ်တယ်လို့ ယူဆရတယ်၊ ဘာကြောင့်လဲဆိုတော့ မိန်းမ,ကြိုက်တတ်မှန်းသိတဲ့ ကိုမြဝင်း (ရေဆင်) ကို မိန်းမနဲ့မျှား အိမ်အပြင်ခေါ်ထုတ်ပြီးမှ စိတ်ကြိုက်သတ်ခဲ့တယ်၊ အခုလည်း ဦးသောင်းမြင့် (ခ) ဒုတ်ရဲ့ ခြံထဲကိုဝင်ပြီး အိမ်ပေါ်ထပ်ကို ဘယ်လိုရောက်အောင် တက်နိုင်ခဲ့ သလဲဆိုတဲ့ အချက်ကို ထည့်တွက်ရမယ်''

ဌာနအုပ် ဦးမျိုးတင့်က ရာဇဝတ်မှုလမ်းကြောင်းကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



နေလေရာ အားလုံးက စူးစိုက်စွာ နားစွင့်နေကြလေ၏။

''ဟုတ်ပါတယ်၊ ဦးသောင်းမြင့်ရဲ့တိုက်ဟာ လေးဘက်လေးဟန် အုတ်နံရံကို လူ့လက်ခုပ်တစ်ဖောင်လောက်အထိ မြင့်အောင် ကာရံထားတယ်၊ ပြီးတော့ မှောင်စပြုတာနဲ့ ခြံထဲကို စစ်သုံးအယ်ဖယ်ရှင်းခွေးကြီးသုံးကောင်ကို လွှတ်ထားတဲ့အတွက် ခြံစည်းရိုးကို ကျော်နိုင်ရင်တောင် ခွေးသုံးကောင်ရဲ့ရန်ကနေ လွတ်ဖို့ မလွယ်ပါဘူး၊ ခြံဝမှာလည်း ခြံစောင့်က ရှိနေလေတော့ ခြံအဝဘက်က ဝင်မယ်ဆိုရင် ဘယ်သူဘယ်ဝါလာတယ်ဆိုတာ ခြံစောင့်က သိမှာပါပဲ၊ ခြံစောင့်ဖြစ်သူကို စစ်မေးကြည့်တဲ့အခါ အဲဒီညက ဦးသောင်းမြင့်ကိုယ်တိုင် သူ့ကို အိမ်ပြန်လွှတ်လိုက်လို့ အိမ်ပြန်သွားခဲ့တဲ့အကြောင်း အစစ်ခံပါတယ်၊ ဦးသောင်းမြင့်ရဲ့ဇနီး ဒေါ်မြမြကို မေးကြည့်တဲ့အခါ သူနဲ့ဦးသောင်းမြင့် ည (၁၀) နာရီအထိ စကားစမြည်ပြောဆိုကြပြီးတဲ့နောက် အသီးသီး အိပ်ရာဝင်ခဲ့တယ်လို့ ဆိုပါတယ်၊ သူတို့က တစ်ယောက်တစ်ခန်းစီ သီးခြားအိပ်ကြပါတယ်၊ သမီးဖြစ်သူ ခင်လှဲ့ရီကပဲ သူ ည (၈) နာရီလောက်ကတည်းက အိပ်ငိုက်တာနဲ့ အိပ်ရာစောစောဝင်ခဲ့တယ်လို့ ပြောပါတယ်၊ မနက်မိုးလင်းလို့ ဦးသောင်းမြင့်ကို လက်ဖက်ရည်သောက် သွားခေါ်တော့မှ





ကုလားထိုင်ပေါ်မှာ နောက်မှီ မှီပြီး ဇက်လန်သေဆုံးနေတဲ့ ဦးသောင်းမြင့်ကို ဇနီးဖြစ်သူ ဒေါ်မြမြက တွေ့ခဲ့ပါတယ်၊ သားအမိနှစ်ယောက် ကြောက်ကြောက်လန့်လန့်နဲ့ အိမ်ဖော်တွေကိုခေါ်၊ ရဲဌာနကို တိုင်တန်းစေခဲ့ပါတယ်၊ အဲ . . . နောက်တစ်ခုက ဘရွတ်ကင်းလမ်းမှာ အသတ်ခံရတဲ့ ဦးမြဝင်းလိုပဲ ဦးသောင်းမြင့်ရဲ့အင်္ကျီအိတ်ထဲက လက်နှိပ်စက်ရိုက်ထားတဲ့ စာတစ်စောင်ကို တွေ့ရတယ်၊ စာထဲမှာက 'သူငယ်ချင်း . . . ဒေါင်းဘာယက်ကိစ္စ အချိန်နီးပြီ၊ ဒီကနေ့ညမင်းနဲ့ငါ ဆွေးနွေးဖို့ မင်းအိမ်ကို ငါ လာခဲ့မယ်' လို့ ရေးထားတယ်၊ အဲဒီစာနဲ့ ပတ်သက်ပြီး သိသလောက် ထပ်ပြောပါလို့ ဒေါ်မြမြကို မေးကြည့်တော့ ဦးသောင်းမြင့်နဲ့ သူ အိမ်ထောင်ကျကတည်းက သူငယ်ချင်း ရှိတယ်ဆိုတာ မပြောဖူးတဲ့အကြောင်း အစစ်ခံပါတယ်၊ ဦးသောင်းမြင့် ဘယ်လို အိမ်ထောင်ကျသလဲလို့ ဒေါ်မြမြကို ဆက်မေးတော့ ဦးသောင်းမြင့်ဟာ ၎င်းနဲ့ တစ်မြို့တည်းသား မဟုတ်တဲ့အကြောင်း၊ အထက်အညာ ပုဂံ–ညောင်ဦးက ရန်ကုန်မြို့ကို မိခင်နဲ့အတူ ပြောင်းရွှေ့လာခဲ့ပြီး ဒေါ်မြမြရဲ့ဖခင်ဖွင့်ထားတဲ့ ဆန်ပွဲရုံမှာ အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရာက ၎င်းနဲ့တွေ့ခဲ့ကြောင်း၊ လူငယ်တို့ဘာသာဘာဝ တွေ့မြင်နှစ်သက်ကြသော်လည်း မိဘများ



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူ၍ နိုးပြေးခဲ့ရာမှ အိမ်ထောင်ကျခဲ့ကြောင်း။ အလုပ်သမား ဖြစ်တဲ့ သားမက်ဖြစ်သူ ဦးသောင်းမြင့်ကို ဒေါ်မြမြမိခင်များက နှိမ့်ချ ဆက်ဆံခဲ့ကြောင်း။ မိဘနှစ်ပါးရဲ့နှိမ့်ချမှုကို မခံချင်တဲ့ ဦးသောင်းမြင့် က ယောက္ခမကွယ်ရာမှာ ဒေါ်မြမြကို ဒီထက်သာတဲ့ငွေကြေးဥစ္စာ ကို သူရှာပြမယ့်အကြောင်း၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ယောက္ခမ များရဲ့ဥစ္စာဓနဟာ သူရှာတဲ့ဥစ္စာရွှေငွေတွေရဲ့ခြေမှုန်ခြေမွှားလောက် သာ ရှိမယ့်အကြောင်း ဒေါ်နဲ့မောနဲ့ မကြာခဏဆိုသလို ဦးသောင်းမြင့် က ပြောခဲ့ကြောင်း။ သို့သော် ယောက္ခမများ သေဆုံးပြီး သူကိုယ်တိုင် သေဆုံးသည်အထိ မိဘလက်ငုပ်လက်ရင်းနှင့် လက်ထက်ပွား စီး ပွားရေးသာ ရှိနေသေးကြောင်း။ ၎င်းကိစ္စနဲ့ပတ်သက်ပြီး လင်မယားနှစ် ယောက် စကားများလေ့ရှိကြောင်း ဒေါ်မြမြက အစစ်ခံခဲ့ပါတယ်"

ဆားပုလင်းစိုးဝင်း (တာတီး) က သူ့ စုံစမ်းရသမျှကို ဌာန အုပ် ဦးမျိုးတင့်အား တင်ပြအစီရင်ခံပြီးနောက် လမ်းညွှန်မှုကို ခံယူ ရန် ငံ့လင့်နေလိုက်လေ၏။

"အေး . . . မင်းပြောတော့လည်း လမ်းကြောင်းက ဖြောင့် ဖြူးရှင်းလင်းနေတာပဲ၊ ဒါပေမဲ့ ပထမတစ်မှုဖြစ်တဲ့ ကိုမြဝင်း အသတ် ခံရတဲ့အမှုက နှစ်ပတ်ကျော်လာပြီ၊ ခုထိ တရားခံကို လက်ပူး





လက်ကြပ်ဖမ်းလို့ မမိသေးဘူး။ ငါ့ကို အထက်က ကြိမ်းလှပြီကွ၊ တစ်မှုမပြတ်သေးခင် နောက်ထပ်လူသတ်မှုက ထပ်ဖြစ်ပြန်ပြီ၊ ရှေ့ ကြွေးမကျေသေးခင် နောက်ကြွေးက တက်လာတော့ ငါ့ခေါင်းထဲမှာ မီးတောက်မတတ်ပူနေပြီ၊ ပုလိပ်မင်းကြီး ဦးအုန်းဆိုင်က ဒီနှစ်မှုစလုံး တစ်လအတွင်း မဖော်ထုတ်နိုင်ရင် တို့အားလုံးကို နယ်ပြောင်းပစ် မတဲ့၊ မြို့မှာနေပြီး အလုပ်မလုပ်ဘဲ စည်းစိမ်ရစ်ပျော်ပါးနေတဲ့ကောင် တွေ တောပို့ပစ်မတဲ့၊ ကဲ . . . ငါ့လူတို့ရေ တရားခံကို နောက်နှစ် ပတ်အတွင်း ဖမ်းမိအောင် ကြိုးစားလိုက်ကြဦး"

ဟု ပြောဆိုကာ ဗျူရိုကရေစီယန္တရားကြီးပုံစံအတိုင်း ကြီးရာမှငယ်ရာသို့ အဆင့်ဆင့် ဟိန်းဟောက်ဆူပူကာ လူပေါ်မီးကျ ခွေးပေါ်ခါချ လုပ်စမြဲလုပ်ကြလေသတည်း။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



## ဆွေမျိုးစပ်ပြီးရောက်လာသူ

တစ်နေ့တွင် 'ခင့်အကြိုက်ပိုးထည်တိုက်' ရှိရာ ပန်းဆိုးတန်းလမ်းထဲရှိ ဝင်းဝင်းပြဇာတ်ရုံအနီး 'ရသာ' လက်ဖက်ရည်ဆိုင်တွင် လူတစ်ယောက်က တစ်စုံတစ်ယောက်ကို မျှော်နေလေ၏။ ပတ်ထားသောလက်ပတ်နာရီကို ကြည့်လိုက်၊ လမ်း၏အရှေ့အနောက်ကိုကြည့်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေပြန်၏။ ထိုစဉ် လူတစ်ယောက် ခပ်သုတ်သုတ် လျှောက်လျက် 'ရသာ' လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်လာသည်။

"လာဟေ့ ရဲညွန့် . . . ငါ ဒီမှာကွ"





လက်ဖက်ရည်ဆိုင်ထဲမှလူက လှမ်းခေါ်လိုက်သဖြင့် လမ်းပေါ်မှလူက လှမ်းကြည့်လိုက်ပြီး –

"စောင့်နေတာကြာပြီလားဟေ့ ညွန့်လှိုင်၊ တင်ဦးကော ရောက်ပြီလား"

ဟုဆိုကာ ရဲညွန့်က လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားပါတော့သည်။ ဆိုင်ထဲတွင် ထိုင်နေသော ညွန့်လှိုင်၏ ရှေ့တည့်တည့်ရှိ ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို လှမ်းအကဲခတ်လိုက်သည်။ ညွန့်လှိုင်က စားပွဲထိုး ချာတိတ်လေး လှမြင့် (ဇာဇာ) အားလှမ်းခေါ်၍ လက်ဖက်ရည်တစ်ခွက်မှာလိုက်သဖြင့် စားပွဲထိုးက လာချပေးလေ၏။

"သောက်ဟေ့ . . . ဒါ လစပတန်တီးကွဲ့၊ ပြည်ပထွက်မယ့် ရန်ကုန်လေဆိပ်မှာရှိတဲ့ တီးရှော့ကလွဲရင် ဒီတစ်ဆိုင်မှာပဲ သောက်လို့ရတယ်လေ"

ညွန့်လှိုင်က ရဲညွန့်ကိုပြောဆိုပြီး ကြွေကရားသေးသေး ကလေးနှင့်ထည့်ထားသော နွားနို့စစ်စစ် မလိုင်ပျစ်ပျစ်နှင့် အိုးငယ်ကို ရဲညွန့်ရှေ့သို့ တွန်းပို့ပေးလိုက်သည်။ ပြီးလျှင် သကြားထည့်ထားသော ဖန်ခွက်ကလေးကိုပါ တွန်းပေးလိုက်ပြန်သည်။ ရဲညွန့်က



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးအဖြူထည့်ထားသော လက်ဖက်ရည်ပန်းကန်ထဲတွင် ကြိုးတန်းလန်းနှင့် အဝတ်ထုပ်ကလေးတစ်ထုပ် ထည့်စိမ်ထားသည့် လက်ဖက်ရည်ပန်းကန်၏အဖုံးကို မဖွင့်သေးဘဲ အထုပ်ကလေးထဲမှ လစ်ပတန်လက်ဖက်ခြောက်နှပ်ရန်အချိန် သုံးမိနစ်ခန့် စောင့်ရင်း ညွှန့်လှိုင်ကို မေးလိုက်ပြန်သည်။

"မင်း ငါ့ကိုချိန်းတာ အရေးတကြီးကိစ္စပေါ်လာလို့လား ကွ။ ဘာကိစ္စလဲဆိုတာ ပြောစမ်းပါဦး"

"မလောပါနဲ့ ရဲညွှန့်ရယ်။ တို့တစ်တွေဟာ စီးပွားဖက်တွေ မဟုတ်လားကွဲ့။ တင်ဦးရောက်လာမှပြောတော့ မကောင်းဘူးလား။ နို့မဟုတ်ရင် ငါ နှစ်ခါမောနေမှာပေါ့"

သို့နှင့် ရဲညွှန့်က လက်ဖက်ရည်ပန်းကန်အဖုံးဖွင့်ကာ လက်ဖက်ခြောက်အိတ်ကလေးကို ဆယ်လိုက်ပြီး လက်ဖက်ရည်ပန်းကန်ပြားထဲတွင် အသာချထားလိုက်သည်။

ထို့နောက် နို့ခရားကို မ,ယူကာ လက်ဖက်ရည်ခွက်ထဲသို့ ငှဲ့ထည့်ပြီး သကြားပုလင်းထဲမှ သကြားသုံးဇွန်း ကော်ထည့်လိုက်ပြန်ကာ ဇွန်းကလေးနှင့် မွှေ၍ တတောက်တောက်နှင့် လက်ဖက်ရည် ဖျော်လိုက်သည်။ ထိုစဉ် တင်ဦး (ပုပ္ပါး) ရောက်ရှိလာသဖြင့်





လှုပ်ရုတက်စုံ ပြန်သွားလေတော့သည်။ ညွှန့်လှိုင်က တင်ဦးအတွက် လက်ဖက်ရည်တစ်ခွက် ထပ်မှာပြီး . . .

"ကဲ . . . ဒီနေ့လည်း အရင်တစ်ခါတွေ့ကြသလို မင်းတို့ကို ငါ အရေးကြီးတဲ့စကား ပြောမယ်ကွဲ့"

ဟု စကားစလိုက်သည်။

"မင်းနှယ်ကွယ် . . . အရေးကြီးတဲ့စကားကို လူများတဲ့ လက်ဖက်ရည်ဆိုင်မှာပြောတော့ လူကြားထဲ ချပြလိုက်သလို ဖြစ်မသွားပေဘူးလား။ ခင့်အကြိုက် ပိုးထည်တိုက်အပေါ်ထပ်က မင်းအခန်းမှာ ပြောပါလား။ လာ သွားကြရအောင်"

ဟု တင်ဦးက ပြောလိုက်သောအခါ ထသွားမည့်ဟန် ပြင်နေသော တင်ဦးလက်ကို ညွှန့်လှိုင်က လှမ်းဆွဲထားလိုက်သည်။

"နေပါစေကွယ် . . . လူသိတာမဆန်းပါဘူး။ သတင်းစာတွေမှာ လူသိရှင်ကြား ပါပြီးသားကိစ္စပါ။ ဦးသောင်းမြင့် အသတ်ခံရတဲ့အကြောင်း ပြောမလို့ပါကွဲ့။ ဦးသောင်းမြင့် အသတ်ခံရတဲ့ သတင်းက သတင်းစာကြီးတွေမှာ အတိအလင်း ဖော်ပြပြီးသားဆိုတော့ ဒီလက်ဖက်ရည်ဆိုင်ထဲက လူတွေတင် မကပါဘူး တစ်လောကလုံး သိသွားကြပါပြီ။ ဒါပေမဲ့ သေကြရတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေက ငွေအတွက်လည်းမဟုတ်၊ ဘာမှလည်းမဟုတ်ဘဲနဲ့ အသတ်ခံကြရတယ်။ ထူးဆန်းတာက အသတ်ခံရတဲ့သူတွေဟာ စီးပွားရေးသမား လူချမ်းသာတွေချည်းဖြစ်နေလေတော့ ငါ တစ်ခါက ပြောခဲ့ဖူးသလို လူချမ်းသာတွေကို အလှည့်ကျ ရွေးချယ်သုတ်သင်နေတဲ့ အဖွဲ့တစ်ခုခုများ ဖြစ်လေမလားလို့ ငါ သံသယဝင်မိတယ်''

ညွှန့်လှိုင်က သူ့အထင်ကို ယခင်ကကဲ့သို့ပင် ခိုင်မာစွာ စွဲကိုင်ပြောဆိုနေလေသည်။

''ဟုတ်တယ်နော်၊ အခု အသတ်ခံရတဲ့လူနှစ်ယောက်စလုံးဟာ စီးပွားရေးသမားတွေချည်းပဲ''

အနီးရှိစားပွဲဝိုင်းမှ လူတစ်ယောက် ဝင်ရောက်ထောက်ခံလိုက်သည်။

''ဒါတွေ အသာထား၊ ခုလောလောဆယ် ငါ ခရီးထွက်စရာကိစ္စတစ်ခု ပေါ်ချင်ပေါ်လာနိုင်တာမို့ အပူတပြင်း ခရီးထွက်ချင်ထွက်ရလိမ့်မယ်''

ညွှန့်လှိုင်က ပြောဆိုပြီး လက်ဖက်ရည်ခွက်ကို မ,၍ တစ်ကျိုက်ကျိုက်ချလိုက်သည်။





''ဘယ်နှစ်ရက်လောက်ကြာမှာမို့လဲ။ ဒီလောက် ရက်အလေးနဲ့များ ငါတို့လုပ်ငန်းတွေကို မင်းကိုယ်စား ငါတို့ ပိုပြီးရှိုက်လိုက်ပါ့မယ်။ သွားစရာရှိတာ ဖြောင့်ဖြောင့်သွားစမ်းပါ''

တင်ဦး (ပုပွား) က ညွှန့်လှိုင် စိတ်အနှောင့်အယှက်မဖြစ်ရလေအောင် ပြောလိုက်သည်။

''ငါလည်း အဲဒါပြောမလို့ကွဲ့။ ဆယ့်လေးငါးရက် အလွန်ဆုံးကြာမှာပါ။ ဒါပေမဲ့ ... ရက်အတိအကျတော့ မသတ်မှတ်ရသေးပါဘူး။ ကိစ္စပေါ်ရင် မြန်းခနဲ ကောက်ကာငင်ကာ သွားရမှာမို့ပါ''

ညွှန့်လှိုင်ကလည်း လုပ်ငန်းကို တင်ဦးနှင့်ရဲညွှန့်တို့၏ ထက်သို့ ဝကွက်အပ်ထားခဲ့နိုင်ရန် ကြိုတင်အသိပေးထားခြင်းဖြစ်သည်။

ထို့နောက် သုံးယောက်သား လမ်းခွဲကာ ကိုယ့်အိမ်ကိုယ်ပြန်ကြလေ၏။ ထိုရက်များအတွင်းမှာပင် မကျည်းတန်းရပ်ကွက်၊ စိန်မိုက်ကယ်လမ်းရှိ ဦးသောင်းမြ (ဒုတ်) တိုက်သို့ လူတစ်ယောက် ရောက်ရှိလာလေသည်။

''ဒေါ်မြမြနဲ့ တွေ့ချင်လို့ပါ ခင်ဗျာ''



www.burmeseclassic.com

ထိုလူက ခြံဝရှိ ခြံစောင့်ဖြစ်သူအား ခြံအပြင်ဘက် သံတံခါးကြီးအနီးသို့ကပ်ကာ ပြောလိုက်သည်။ ထိုအခါ ခြံစောင့်ဦးအောင်သိန်း (သူကြီး) က ထိုလူ့ကိုကြည့်ပြီး –

"ခင်ဗျားကို ကျုပ် တစ်ခါမှ မမြင်ဖူးဘူး။ တစ်လောကမှ ဒီအိမ်မှာ ပြဿနာကြီးဖြစ်ခဲ့တော့ ခင်ဗျားကို ကျုပ် ဒေါ်မြမြနဲ့ တွေ့ဖို့ မပြောပေးနိုင်ဘူး"

ဟု ပြောလိုက်လေသည်။ ထိုလူကလည်း ဒေါ်မြမြကို ပြောပေးဖို့ ဖွတ်အတင်းပြောနေခိုက်တွင် ကြည့်မြင်တိုင်ကမ်းနားပွဲရုံမှ ဆိုက်ကားစီး၍ ပြန်လာသော ခင်လဲ့ရီနှင့် ဆုံတွေ့လေတော့သည်။

"ဘာဖြစ်နေကြတာတုံး၊ ဖေဖေဆုံးလို့မှ မကြာသေးဘူးရဲဘက်က လာလိုက်၊ စုံထောက်ဘက်က လာလိုက်နဲ့ လာလို့ကို မဆုံးဘူး။ ခုထက်ထိလည်း တရားခံ မဖမ်းနိုင်သေးဘူး။ နို့ နေပါဦး ... ရှင်ကကော စုံထောက်ဘက်ကလား"

ခင်လဲ့ရီက ဆိုက်ကားပေါ်မှ ဆင်းလာပြီး ထိုလူနှင့် မျက်နှာချင်းဆိုင်၍ မေးလိုက်တော့သည်။ ပြီးမှ ထိုလူ့မျက်နှာကို သေချာစွာ ကြည့်လိုက်ရာ ...





"ဟင် ရှင် ရှင် ... ကိုကျော်စိုး မဟုတ်လား"

ဟု အံ့အားသင့်စွာဖြင့် မေးလိုက်သည်။ ထိုလူကလည်း ခင်လဲ့ရီ၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီးမှ –

"ခင်ဗျား ခင်ဗျား ... ခင်လဲ့ရီ ဟုတ်ပါတယ်နော်"

ဟု အလားတူ အံ့ဩသောအမူအရာနှင့် ဆိုသည်။ ခြံစောင့်ဦးအောင်သိန်း (သူကြီး) မှာ အိမ်ရှင်နှင့်လူစိမ်းတို့ တစ်ယောက်နှင့်တစ်ယောက် အသိအကျွမ်းများဖြစ်နေသည်ကို သိလိုက်သောကြောင့် ထိုလူအပေါ် မောက်မောက်မာမာ ပြောခဲ့မိသော စကားများအတွက် ထိတ်ခနဲဖြစ်သွားသည်။

"ဒါနဲ့ ကိုကျော်စိုး ... မေမေ့ကို ဘာကိစ္စနဲ့ တွေ့ချင်နေရတာလဲ။ ရှင်က ရဲစုံထောက်လား"

ခင်လဲ့ရီနှင့် ကျော်စိုးတို့မှာ ကောလိပ်တွင် အတူတူ ကျောင်းတက်သော သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။ ခင်လဲ့ရီမှာ ကျောင်းပြီးသွားကတည်းက ဖခင်ဖြစ်သူ ဦးသောင်းမြင့်၏ပွဲရုံတွင် အလုပ်သင်စာရေး ဝင်လုပ်ရင်း ပွဲရုံပညာများကို သင်ယူခဲ့သည်။

ဦးသောင်းမြင့် ဆုံးသွားသဖြင့် မိဘလက်ငုပ်လက်ရင်းအား ခင်လဲ့ရီကိုယ်တိုင် ဦးစီး၍ ဆက်လက်လုပ်ကိုင်ခဲ့သည်။

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကျုပ် ကျောင်းပြီးတာနဲ့ ဇာတိဖြစ်တဲ့ ပုဂံညောင်ဦးကို ပြန်သွားတာပါ။ မနေ့တစ်နေ့ကမှ ကျုပ်အမေ ပေးလိုက်တဲ့လိပ်စာအတိုင်း အမေ့အစ်ကို ဦးသောင်းမြင့်ရဲ့အိမ်ကို ရှာရင်း ဒီခြံဝကို ရောက်လာတာပါ"

ကျော်စိုး ရှင်းပြလိုက်သောအခါ ခင်လဲ့ရီက ပို၍ အံ့အား သင့်သွားပြန်သည်။

"ဟောတော့ ... ရှင်က ဖေဖေ့တူပေါ့ ဟုတ်လား။ ဒါဆို ကျွန်မနဲ့ မောင်နှမဝမ်းကွဲပေါ့။ ကဲ လာ လာ ... ခြံဝမှာ ရပ်ပြော နေလို့ မသင့်တော်ဘူး။ အိမ်ထဲကျမှ မေမေနဲ့အတူ ပြောကြတာ ပေါ့"

ဟုဆိုကာ ခြံဝမှ အိမ်ထဲသို့ ခေါ်လာခဲ့သည်။

"မေမေရေ ... မေမေ ဟောဒီမှာ ဖေဖေ့တူ ရောက်လာ တယ်၊ ထွက်ကြည့်ပါဦး"

ခင်လဲ့ရီ၏အသံကြောင့် ဒေါ်မြမြက ထူးဆန်းသလိုဖြစ်၍ အိမ်ပေါက်ဝသို့ ထွက်ကြည့်လေသည်။ ခင်လဲ့ရီက ကျော်စိုးကို ကုလားထိုင်တစ်လုံးတွင်ထိုင်စေပြီး မိခင်ဖြစ်သူ ဒေါ်မြမြနှင့် မိတ်ဆက်ပေးသည်။





"အင်း ... ကိုသောင်းမြင့် ရှိစဉ်ကတော့ ပြောဖူးပါတယ်။ ပုဂံညောင်ဦးမှာ သူ့သားချင်းတွေရှိတယ်တဲ့။ အဲဒီမှာ သူနဲ့ အရင်း အချာတော့မရှိဘူး။ ညီမဝမ်းကွဲတစ်ယောက်ပဲ ရင်းရင်းချာချာ ရှိသတဲ့။ နာမည်က ဘယ်သူဆိုလားကွယ်"

ဒေါ်မြမြက ကျော်စိုး တကယ်ပင် ဦးသောင်းမြင့်၏တူ ဟုတ်မဟုတ် သိချင်သဖြင့် တမင်မသိချင်ယောင်ဆောင်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"ဒေါ်ရွှေကြည်ပါ ခင်ဗျာ"

မှန်နေသဖြင့် ဒေါ်မြမြ၏သံသယလျော့ပါးသွားလေသည်။ ခင်လဲ့ရီကလည်း ...

"သမီးနဲ့ကိုကျော်စိုးတို့က ခုလို မောင်နှမဝမ်းကွဲဖြစ်မှန်း မသိခင်ကတည်းက ကောလိပ်မှာ တစ်တန်းတည်း အတူတက်ခဲ့ ကြတာ မေမေရဲ့။ ကိုကျော်စိုးက အနေအထိုင်အေးပြီး စိတ်ထား မြင့်လို့ ကျောင်းသူတွေ အတော်များများ စိတ်ဝင်စားခဲ့တာ။ ခု ကြည့်ပါလား ... အရပ်က ထောင်ထောင်မောင်းမောင်း မျက်ခုံး မျက်လုံးကောင်းကောင်း၊ ဖြူဖြူချောချော ပညာတတ် ခန့်ခန့်ညား ညားကြီး၊ ကြည့်မကောင်းဘူးလား။ အစ်ကိုတော်နေတဲ့သမီးအဖို့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတစ်ယောက်ကောက်ရတာ သိပ်ပျော်တာပဲ''

ဟု ပြောလိုက်သည်။

''ဒါနဲ့ ဦးလေးကော မမြင်ပါလား၊ ဒေါ်ဒေါ်''

ကျော်စိုးက ဦးသောင်းမြင့်ကို မတွေ့ရသဖြင့် မေးလိုက်ရာ ဒေါ်မြမြ၏မျက်နှာတွင် ဝမ်းနည်းသည့်အရိပ်အယောင်များ သမ်းသွားလေတော့သည်။

''ဆုံးရှာပေါ့ကွယ်''

ထိုသို့အစချီပြီး ဦးသောင်းမြင့် (ဒုတ်) အသတ်ခံရပုံကို အစမှအဆုံးတိုင် ပြန်လည်ဖောက်သည်ချလိုက်လေတော့သည်။

''အိုး ... အဖြစ်ဆိုးလှချည်လားဗျာ။ ဒါနဲ့ ဒေါ်ဒေါ် စောစောက ပြောတဲ့အထဲမှာ ဦးလေးရဲ့အိတ်ကပ်ထဲက စာတစ်စောင်ကို ပုလိပ်ဘက်က တွေ့သွားတယ်၊ စာထဲမှာ 'သူငယ်ချင်း ဒေါင်းဘယက်ကိစ္စ အချိန်နီးပြီ' ဆိုတာ ရေးထားတယ်ဆိုတော့ ဒေါင်းဘယက်နဲ့ပတ်သက်တဲ့ သူငယ်ချင်းတစ်ယောက် ဦးလေးမှာ ရှိတာ သေချာတယ်ဗျ။ ဒေါင်းဘယက်က ဦးလေးမှာ ရှိတာလား ဒါမှမဟုတ် သူငယ်ချင်းဆိုတဲ့ လူဆီမှာရှိတာလား။ အဲဒီ သူငယ်ချင်းက ဘယ်သူဘယ်ဝါဆိုတာသိရင် ဦးလေးကိုသတ်သွားတဲ့လူကို





ခြေရာခံမိမှာပဲ ဒေါ်ဒေါ်ရဲ့''

''ဒါတွေအသာထား ... မင်း အခု ဘယ်မှာတည်းသလဲ။ ရန်ကုန်ကို ဘာကိစ္စနဲ့လာတာလဲကွဲ့''

ဒေါ်မြမြက မေးလိုက်သည်။

''လောလောဆယ်တော့ ကျောင်းက အဆောင်နေတဲ့ သူငယ်ချင်းတစ်ယောက်ဆီမှာ တည်းပါတယ်။ လာရင်းကိစ္စကတော့ အလုပ်ရှာဖို့ပါ ဒေါ်ဒေါ်''

ကျော်စိုးက အားလျှော့သည့်လေသံနှင့် ပြောလိုက်သည်။

''ဒါဆိုလည်း ယောကျ်ားသားမရှိတဲ့ ဒီအိမ်ကိုပဲ ပြောင်းလာခဲ့ပါကွယ်။ မင်းနုမလေးကိုလည်း စောင့်ရှောက်လို့ ရတာပေါ့''

သွေးရင်းသားရင်း ယောကျ်ားသားမရှိသောကြောင့် ဒေါ်မြမြက ကျော်စိုးကို အိမ်မှာလာနေဖို့ ခေါ်လိုက်သည်။

''ဟုတ်တယ် ... ကိုကျော်စိုးရဲ့၊ မိန်းမသားချည်းဆိုတော့ ညဘက်ရောက်တိုင်း ဟိုတွေးဒီတွေးနဲ့ ကြောက်နေကြတာ။ ဖေဖေနဲ့တုန်းက တစ်ယောက်တစ်ခန်း အိပ်ကြပေမယ့် ဖေဖေ မရှိတော့ သားအမိနှစ်ယောက် တစ်ခန်းတည်း ပေါင်းအိပ်တာတောင် လိပ်ပြာက မလုံချင်ဘူး။ ခြံစောင့်တို့၊ အိမ်ဖော်တို့ ရှိပေမယ့် သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမတော်တဲ့ သူစိမ်းတွေလေ။ ဒါကြောင့် ကိုကျော်စိုးသာ ဒီပြောင်းလာမယ်ဆိုရင် အားကိုးရတာပေါ့''

ဤသို့ဖြင့် ကျော်စိုးတစ်ယောက် ဒေါ်မြမြနှင့် ခင်လဲ့ရီတို့ အိမ်သို့ပြောင်းရွှေ့လာပြီး ညတွင် ခင်လဲ့ရီတို့သားအမိနှစ်ယောက်နှင့် ဧည့်ခန်း၌ စကားစမြည်ပြော၍ ညကိုးနာရီခန့်တွင် အိပ်တော့မည်ဟု ဒေါ်မြမြက ထလိုက်သည်။

''ခွေးတွေ လွှတ်ပြီးပြီလား သမီး။ အိမ်ဖော်ကိုရော အိမ်တံခါးတွေ သေသေချာချာပိတ်ဖို့ သတိပေးပြီးပြီလား''

ဒေါ်မြမြက ခင်လဲ့ရီကိုမေးသည်။

''ဟုတ်ကဲ့ . . . အားလုံးပြောပြီးပါပြီ မေမေ''

ဟုပြောဆို၍ သားအမိနှစ်ယောက် အခန်းထဲသို့ ဝင်သွားကြလေသည်။ ကျော်စိုးကလည်း ယခင် ဦးသောင်းမြင့်၏ အခန်းအား သူ့အတွက် နေရာချထားပေးသဖြင့် အခန်းထဲသို့ဝင်ကာ ခုတင်ပေါ်၌ ပက်လက်လှန်လှဲလိုက်သည်။ တစ်အိမ်သားလုံး အိပ်ခန်းများသို့ အသီးသီးဝင်သွားကြပြီဖြစ်သဖြင့် တိတ်ဆိတ်သွားရာ တိုင်ကပ်နာရီကြီးမှ ချိန်သီးလွှဲသံတဂျက်ဂျက်ကို ပီပီသသပင် ကြားနေရလေ၏။ ကျော်စိုးမှာ အိပ်မပျော်သေးသဖြင့် တိုင်ကပ်နာရီသံ





ကို နားစွင့်လျက်ရှိလေရာ တဒင်ဒင်နှင့် ဆယ့်နှစ်ချက်ထိုးသံကို ကြားလိုက်ရသည်။

ထိုစဉ် ခင်လဲ့ရီတို့အခန်းဆီမှ တီးတိုးကြိမ်းမောင်းသံများ ကြားရသောကြောင့် တံခါးဖွင့်ပြီး ခြေဖွနင်းကာ ၎င်းတို့၏အခန်း အနီးသို့ ကပ်လာခဲ့သည်။

''နင်တို့နှစ်ယောက်စလုံး ဦးသောင်းမြင့်နောက်ကို လိုက်သွားချင်လို့လား။ ဘယ်မလဲ ဒေါင်းဘယက်ခွက်၊ မြန်မြန်ထုတ်ပေးရင်ပေး မပေးရင် သေဖို့ပြင်ထား''

မသဲမကွဲကြားလိုက်ရသဖြင့် ကျော်စိုးက အခန်းတံခါးကို ရုတ်တရက်တွန်းဖွင့်၍ အခန်းထဲသို့ ဝင်လိုက်သည်။ အမှန်မှာ ဦးသောင်းမြင့်နှင့်ပတ်သက်သည့် နောက်ဆက်တွဲဖြစ်လာမည့် ပြဿနာများကို ကြိုတင်တွက်ဆထားသော ကျော်စိုးသည် မအိပ်သေးဘဲ တမင်စောင့်ဆိုင်းနေခြင်းလည်း ဖြစ်ပါသည်။

ဖြုန်းခနဲ ကျော်စိုးဝင်လာသောကြောင့် အခန်းထဲရှိ ခပ်ဘုတ်တုတ် မုတ်ဆိတ်မွေးထူလပျစ်နှင့် လူသန်ကြီးက ကိုယ်ကို ဘစ်ပတ်လှည့်ကာ ကျော်စိုးကို အသင့်အနေအထားဖြင့် ကြည့်လိုက်သည်။ ညအိပ်မီးဝါကျင်ကျင်ကလေးထဲတွင် မျက်စိကျင့်သား



www.burmeseclassic.com

www.burmeseclassic.com



ရလာသောအခါ ထိုလူသန်ကြီးက . . .

"ငါ့ကိုစွက် ဝင်ရှုပ်ရင် မင်းကိုလည်း အရှင်မထားဘူး။ ဒါပေမဲ့ ခုတော့ မင်း သေချိန်မတန်သေးဘူးကွ၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ့ကိုစွအောင်မြင်ဖို့ တစ်ဆင့်ကျန်နေသေးလို့ပဲ။ ကဲ . . . ငါသွားပြီ၊ တစ်နေ့တော့ တွေ့ဦးမှာပေါ့ကွာ"

ဟုပြောဆိုကာ ကျော်စိုးကို ပခုံးနှင့်တွန်းထိုး၍ ကြောင်တစ်ကောင်အလား လွှားခနဲ အခန်းထဲမှ ခုန်ထွက်သွားတော့သည်။ ကျော်စိုးက အခန်းထဲမှမီးကို ကမန်းကတန်း ဖွင့်လိုက်ရာ ဒေါ်မြမြနှင့် ခင်လှဲ့ရီတို့အား လက်ပြန်ကြိုးတုတ်ထားသည်ကို တွေ့ရသဖြင့် ကြိုးဖြည်ပေးလိုက်လေ၏။

"အိပ်ပျော်နေတုန်း ဒေါ်ဒေါ့လည်ပင်း အစ်လာလို့ လန့်နိုးလာတော့ ခုနတွေ့တဲ့ ခပ်တုတ်တုတ် ခပ်မည်းမည်းနဲ့ လူကို တွေ့ရတယ်။ ဒေါ်ဒေါ်က သရဲထင်ပြီး လန့်အော်လိုက်တယ်။ ဒါပေမဲ့ သူက ဒေါ်ဒေါ့ပါးစပ်ထဲ အဝတ်ဆို့ထားတော့ အသံက ထွက်မလာဘူး။ သူက ဒေါ်ဒေါ်နားနားကပ်ပြီး ခင်ဗျား လည်ပင်းမှာ ကျုပ်ပဝါနဲ့ ပတ်ထားတယ်။ ကျုပ်စကားကို နားမထောင်ရင် ဆွဲကြိုးချ သေတာ ထက် ပိုဆိုးသွားမယ်ဆိုပြီး ထထိုင်ခိုင်းတယ်။ သူ့ရဲ့လက်တစ်ဖက်





ကလည်း ပဝါကို တင်းအောင်ကိုင်ထားပြီး နောက်လက်တစ်ဖက်က လက်ပြန်ကြိုးတုတ်လိုက်ပုံများ မြန်မှမြန်ပဲ။ သမီး လန့်နိုးလာတော့ သူ့ပါးစပ်ထဲမှာလည်း အဝတ်က ဆို့ပြီးပြီ၊ နင့်အဖေလို အသတ်မခံချင်ရင် ငြိမ်ငြိမ်နေဆိုပြီး သူ့ကိုလည်း ဒေါ်ဒေါ့လိုပဲ ကြိုးနဲ့တုတ်ပြီး ခေါင်းဘယက်ခွက် ဘယ်မှာလဲ။ မပြောရင် သတ်ပစ်မယ်နဲ့ ခြိမ်းခြောက်တော့တာပဲ"

ဒေါ်မြမြက ကျော်စိုးကို ပြောပြလေ၏။ ကျော်စိုးက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ နားထောင်နေလေ၏။

"ကျေးဇူးတင်လိုက်တာ ကိုကျော်စိုးရယ်၊ ကိုကျော်စိုးကိုသာ ဒီအိမ်မှာခေါ်မထားရင် ကျွန်မတို့ သေပြီ"

ခင်လှဲ့ရီက ကျော်စိုးကို ကျေးဇူးတင်စကားဆိုသည်။

"သမီးကလည်းကွယ် . . . မောင်ကျော်စိုးကို အစ်ကိုလို့ပဲ ခေါ်ပါ။ တကယ်လည်း အစ်ကိုတော်နေပြီပဲ။ ပြီးတော့ မောင်ကျော်စိုးက သမီးကို ညီမလေးလို့ပဲခေါ် ကြားလား။ ဒါမှ မိသားစုစိတ် ဓာတ်ပိုပြီး ထင်ပေါ်လာမှာကွဲ့"

ဒေါ်မြမြကပါ ကျော်စိုးအား မိသားစုကဲ့သို့ သဘောထားလာလေတော့သည်။ ထိုအချိန်မှစ၍ ကျော်စိုးအား ထမင်းစားလည်း



www.burmeseclassic.com

www.burmeseclassic.com



အတူတူ၊ အလာပသလ္လာပစကားပြောလည်း အတူတူဖြင့် ရင်းရင်းနှီးနှီး ဆက်ဆံကြသည်။ ကျော်စိုးက မုတ်ဆိတ်မွေး ထူလပျစ်ဗလကောင်းကောင်းနှင့် လူသတ်သမားက ခြံထဲသို့ ဝင်လာပြီး ဒေါ်မြမြတို့အား ဖမ်းဆီးတုတ်နှောင်ထားသည့်ဖြစ်စဉ်ကို ပြန်လှန်စဉ်းစားကြည့်သည်။ ခြံထဲမှ ခွေးများအား အမဲသားအစိမ်းတွင် မည်သည့်အဆိပ်ကို လည့်ကျွေးလိုက်သည်မသိ။ ခွေးများအားလုံး မူးလဲပြီး ထိုလူအား ဟောင်နိုင် ဟိန်းနိုင်ခြင်းမရှိတော့ပေ။

ထို့အတူ ခြံစောင့်ဦးအောင်သိန်း (သူကြီး) မှာလည်း နှစ်ရက်သုံးရက်ခန့် စိတ်နှင့်လူ လမိုင်းမကပ်ဘဲ ယောင်နန ဖြစ်နေလေသည်။ နောက်မှမေးကြည့်သောအခါ ထိုဗလကောင်းကောင်းနှင့် လူက ခြံအဝနားသို့ရောက်လာပြီး ဆေးလိပ်မီးတစ်တို့လောက်ပေးပါဆိုသဖြင့် မီးခြစ်သွားပေးလိုက်သည်မှစ၍ နောက် ဘာဆက်ဖြစ်သွားမှန်း လုံးဝမသိတော့ဟု ဆိုသည်။ ကျော်စိုးက ခြံအပြင်ဘက်သို့ထွက်ကာ သဲလွန်စကို စေ့စေ့စပ်စပ် ရှာဖွေကြည့်သည်။

ထိုအခါ လမ်းဘေးမြက်ချုံအနီးတွင် လက်အိတ်အဟောင်းတစ်ဖက်ကိုတွေ့ရပြီး ထိုလက်အိတ်မှ အနံ့တစ်မျိုးရသဖြင့် မျက်နှာနှင့် အဝေးဆုံးထား၍ အညိုရောင်စာပို့သည့် စက္ကူအိတ်ထူထူကြီး





ထဲသို့ထည့်ကာ သေချာစွာ သိမ်းဆည်းထားလိုက်သည်။

ထို့နောက် အညိုရောင်စာအိတ်အား ခြံပြင်တစ်နေရာတွင် အမှတ်အသားထားခဲ့ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

နောက်ရက်များတွင် ကျော်စိုးက အလုပ်ရှာထွက်မည်ဟုဆိုကာ နံနက်ပိုင်း ကော်ဖီနှင့်မုန့်ကို စားသောက်ပြီးသည်နှင့် အိမ်မှထွက်ခဲ့သည်။ ညစာကိုတော့ အပြင်မှာဝယ်စား၍ အိမ်ပြန်လာသည်။ ခင်လဲ့ရီက နံနက်စာနှင့်ညစာကို အိမ်မှာစားဖို့ပြောသော်လည်း ကျော်စိုးက လက်မခံပေ။


သို့နှင့် တစ်လခန့်အနေကြာလာသောအခါ ကျော်စိုးမှာ တစ်အိမ်သားလုံးနှင့် ရင်းနှီးကျွမ်းဝင်လာပြီး အိမ်သားတစ်ယောက်ကဲ့သို့ ဖြစ်လာသည်။ ဒေါ်မြမြနှင့် ခင်လဲ့ရီတို့သားအမိနှစ်ယောက်မှာလည်း ဦးသောင်းမြင့်ရှိစဉ်ကကဲ့သို့ သွားရဲလာရဲ ပြန်ဖြစ်လာကြသည်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com



## ချည်မန်းကွင်းနှစ်ချောင်း

ဗိုလ်တထောင်ရဲဌာနအတွင်းရှိ ဌာနအုပ်ဦးမျိုးတင့် (ခ) ခြေမကြီးတစ်ယောက် ဒေါသအိုးပေါက်ကွဲကာ တရှူးရှူး တရှဲရှဲ ဖြစ်နေလေသည်။ ပုလိပ်သားများမှာလည်း ဦးခေါင်းငုံ့လျက် ဌာနအုပ် ဦးမျိုးတင့် ဆူပူမာန်မဲကြိမ်းမောင်းနေခြင်းကို တစ်ခွန်းမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလျက် ရှိသည်။

"ဘာလိုလိုနဲ့ လူသတ်မှုနှစ်မှုမှာ တရားခံဖမ်းမိဖို့ နေနေ သာသာ အစအနလောက်တောင်မှ အနံ့ခံလို့မရသေးတော့ မင်းကြီးကို အခြေအနေအသေးစိတ်မဟုတ်တာတောင် ကျေနပ်နိုင်





လောက်တဲ့အထိ အစီရင်ခံစာမရေးရသေးဘူး။ အမှုနဲ့ပတ်သက်လို့ တနှစ်စောင်နဲ့ ပိုးကြိုးအဝါရောင် နှစ်မျှင်လောက်ပဲ သဲလွန်စရထား တာ ရှိသေးတယ်။ ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ ခိုးဆိုးခါးပိုက်နှိုက် လူမိုက်ဖောက်ထွင်းဝိဇ္ဇာနာမည်ပျက်တွေအားလုံး ဖမ်းဆီးမေးမြန်း တော့လည်း လူသတ်သမားရဲ့သတင်းအစအနတောင် မရဘူး။

ဒီတော့ ဒီနှစ်မှုကို ဒီအတိုင်းပဲ လက်လျှော့လိုက်ရတော့ မလား။ အနံ့ရလို့မှ သားကောင်ကို ခြေရာခံလိုက်ပြီး အမိမဖမ်းနိုင် ရင် ကျုပ်တို့ပုလိပ် (Police) ဆိုတွေဟာ ကျားတို့၊ ခြင်္သေ့တို့လို တိရစ္ဆာန်တွေလောက်တောင် အသုံးမကျရာ ရောက်မနေဘူးလား။ မှုက်စရာကောင်းသလို ကျုပ်တို့အဖွဲ့အစည်းကို အားကိုးအားထား ပြုနေကြတဲ့ လူထုကို လုံခြုံမှုမပေးနိုင်တဲ့အဖြစ်မျိုး ရောက်မနေ ဘူးလား။ မင်းကြီးက ကျုပ်တို့ကို အတော်စိတ်ပျက်နေပြီ။ ဒီလူ သတ်မှုကို မဖော်ထုတ်နိုင်ရင် ကျုပ်တော့ ပုလိပ်ဝတ်စုံချွတ်ပြီး အလုပ် ထွက်တော့မယ်"

ဌာနအုပ်ဦးမျိုးတင့်၏စကား ဆုံးသောအခါ ဆားပုလင်း နီးဝင်း (တာတီး) မှာ မိမိပြောလိုသောစကားကို ပြောရကောင်းနိုး မပြောရကောင်းနိုးဖြင့် ချင့်ချိန်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိမိပြောမည့်စကားမှာ ဆင်ခြင်ပေးသလောက်သာ ရှိမည်ဖြစ်သဖြင့် အကျိုးနည်းသောစကားကို မပြောတော့ဘဲ မျို သိပ်ထားလိုက်ရတော့သည်။ ထိုစဉ် ဌာနထဲသို့ အိုင်အိုကျော်စိုး ဝင်လာသဖြင့် ဦးမျိုးတင့် ဝမ်းသာအားရ ဖြစ်သွားလေတော့သည်။

"ဟာ . . . အိုင်အိုကျော်စိုးပါလား။ လာဗျာ . . . ကျွန်တော့် အခန်းထဲ သွားကြရအောင်"

ဟု ဖက်လဲတကင်း ဖိတ်မန္တကပြုလိုက်သည်။

"အိုကေ . . . သွားကြတာပေါ့ ဌာနအုပ်ကြီး။ ဆားပုလင်း ကိုစိုးဝင်းလည်း တစ်ပါတည်း လိုက်ခဲ့ဗျာ"

ကျော်စိုးက ဆားပုလင်းစိုးဝင်း (ခ) တာတီးပါ ဝင်လာစေ ချင်သဖြင့် စကားကြောင်းလိုက်သည်။

"ကဲ . . . ဆားပုလင်းလည်း အခန်းထဲလိုက်ခဲ့။ ကျန်တဲ့ လူတွေ ဒီအမှုနှစ်ခုအတွက် အစွန်းကုန်ကြိုးစားပြီး အမြန်ဆုံးဖမ်းမိ နိုင်ဖို့ ခင်ဗျားတို့ကို သင်ပေးထားတဲ့ ပုလိပ်ပညာ၊ ခင်ဗျားတို့ရဲ့ ပင်ကိုပါရမီတွေနဲ့ပေါင်းစပ်ပြီး လူသတ်ကောင်ကို ဖော်ထုတ်ကြ ကြားတယ်မဟုတ်လား၊ သွားလုပ်ကြတော့"

ဌာနအုပ်ဦးမျိုးတင့်က ပြောပြောဆိုဆို ကျော်စိုးပခုံးကို





ဖက်၍ အခန်းထဲသို့ ဝင်သွားပါတော့သည်။ အခန်းထဲသို့ ရောက်သောအခါ ကျော်စိုးရော ဆားပုလင်းစိုးဝင်းပါ ကုလားထိုင် များတွင် ဝင်ထိုင်လိုက်ကြသည်။

"ဒီအမှုက သမားရိုးကျ ဖြစ်ရိုးဖြစ်စဉ် လူသတ်မှုဆိုပေ မယ့် လူသတ်သမားက ပါးနပ်လိမ္မာတော့ သူ့ကို ဖမ်းနိုင်လောက် တဲ့ သဲလွန်စမထားခဲ့ဘူးဗျ။ ပိုးချည်မျှင်နှစ်ချောင်းနဲ့ စာတိုကလေး နှစ်စောင်ပဲ ရထားသေးတော့ ကွင်းဆက်မမိနိုင်သေးဘူး ဖြစ်နေ တယ်"

ဌာနအုပ်ကြီးက ကျော်စိုးကို ပြောပြလိုက်သည်။

"ကျွန်တော် ဆားပုလင်းဆီက အသေးစိတ်ကြားပြီးပါ ပြီ၊ ကျွန်တော့်အယူအဆနဲ့ အတွေ့အကြုံပေါ် မူတည်ပြီး ဉာဏ် ဆင်ခဲ့လို့ လူသတ်သမားနဲ့ ပက်ပင်းတိုးခဲ့ပြီးပါပြီ"

ကျော်စိုးက ဆားပုလင်းစိုးဝင်းကို ခေါင်းငဲ့ကြည့်ကာ ဌာနအုပ်ကြီးကို ပြောပြလိုက်သည်။

"ဗျာ . . . ဒါနဲ့တောင် ခင်ဗျား သူ့ကို မိမဖမ်းခဲ့ဘူးလား"

ဌာနအုပ်ကြီးက တအံ့တသြဆိုသည်။

"အိုင်ဆေး . . . ကျွန်တော်ပြောပါ့မယ်။ ဌာနအုပ်ကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံက နည်းတာမှမဟုတ်ဘဲ။ တချို့အမှုတွေမှာ သဲလွန်စကို အခြေခံပြီး ကွင်းဆက်တွေကနေ မီးခိုးကြွက်လျှောက် လိုက်လို့ ပတ်သက်နေတဲ့သူတွေကို အရင်ဖမ်းပြီးမှသာ အဓိကတရားခံကို ဖော်ထုတ်ရတာမဟုတ်လား။ ဒါပေမဲ့ . . . အချို့အမှုတွေတော့ တရားခံကို တိတိကျကျ မှန်းဆနိုင်ပေမယ့် သက်သေအထောက်အထားပြနိုင်မယ့် ကွင်းဆက်တွေကို ဆုပ်ကိုင်မပြနိုင်သေးလို့ ကြိုးရှည်ရှည်နဲ့ လှန်ထားရတာမျိုးလည်း ရှိတယ်မဟုတ်လား။ ခုလည်း အဲဒီတရားခံကို ကြိုးရှည်ရှည်နဲ့ လှန်ထားပြီး အတွင်းကျကျ သိချင်သမျှကို အရင်ဦးအောင် ဖော်ထုတ်ဖို့ လိုပေလိမ့်မယ်။ ရာဇဝတ်ဘေးပြေးလို့ မလွတ်ဘူးဆိုတာ ကျုပ်တော့ ယုံကြည်တယ်ဗျို့''

ကျော်စိုးက ရှင်းပြလိုက်သည်။

''ဒါတော့ဒါပေါ့ အိုင်အိုရယ်။ မင်းကြီးဦးအုန်းခိုင်က ကျုပ်ကိုပါ ဟိန်းဟောက်နေပြီဗျ''

''လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေရမယ်ဆိုတဲ့စကား ရှိသားပဲမဟုတ်လားဗျာ။ အချို့နေရာတွေမှာ အချောင်စလိုလုပ်ရင် လူသတ်သမားကို သတင်းပေးလိုက်





သလိုဖြစ်ပြီး ရှောင်သာတိမ်းသာ ရှိသွားလိမ့်မယ်။ မင်းကြီးဦးအုန်းခိုင်အတွက် ကျွန်တော့်တာဝန်ထားပါ။ ကျွန်တော် မင်းကြီး သဘောပေါက်တဲ့အထိ ရှင်းပြလိုက်ပါ့မယ်''

ကျော်စိုးက ဌာနအုပ်ကြီးအား အာမခံ၍ ပေးလိုက်သည်။ ထိုအခါတွင်မှ စိတ်လက် အေးချမ်းသွားဟန်ရှိသွားသော ဌာနအုပ်ကြီး ဦးမျိုးတင့်က . . .

''ဒါနဲ့ လူသတ်တရားခံနဲ့ ခင်ဗျား ဘယ်လိုဆုံခဲ့သလဲ''

''ဒီလိုဗျ . . . ဘရွတ်ကင်းလမ်းမှာ အသတ်ခံရတဲ့ ဦးမြဝင်းအိမ်ထဲက ရတဲ့စာက ရှင်းလွန်းလို့ အမှုလိုက်ဆားပုလင်းတွေမပြောနဲ့ အတွေ့အကြုံများတဲ့ ရိုးရိုးပုလိပ်သားကလေးတောင် တွေးတတ်ပါတယ်။ ကိုမြဝင်းကို မိန်းမနဲ့မျှားပြီး ခေါ်ထုတ်တယ်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို အထင်အရှားပဲ မဟုတ်လား။ ဒါပေမဲ့ ကျည်းတန်းက ဦးသောင်းမြင့်ဆီက ရတဲ့စာထဲမှာ သူငယ်ချင်းခေါင်းဘယက်ကိုစွနီးပြီဆိုတဲ့ အရေးအသားက ပဟေဠိဆန်မနေဘူးလား။ ခေါင်းဘယက်ဆိုတာက ဘာလဲ၊ ဂိုဏ်းတစ်ဂိုဏ်းရဲ့ လျှို့ဝှက်စကားလား၊ ဒါမှမဟုတ် သူတို့ရည်ညွှန်းလိုတဲ့ ပစ်မှတ်ထစ်ခုခုလားဆိုတာ ကျွန်တော့်ခေါင်းကို အလုပ်ပေးလာတယ်။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းမြင့်ရဲ့နောက်ကြောင်း ရာဇဝင်အသေးစိတ်ကို ကျွန်တော် စုံစမ်းတော့ ဦးသောင်းမြင့်က ပုဂံညောင်ဦးသားဖြစ်ကြောင်း သိရတယ်။ ဒါကြောင့် ပုဂံညောင်ဦးကို လိုက်သွားပြီး သူ့ဆွေမျိုး ရင်းချာတွေကို စုံစမ်းတဲ့အခါမှာ ဒေါ်ရွှေကြည်ဆိုတဲ့ နှမဝမ်းကွဲ တစ်ယောက်ကို သွားတွေ့တယ်။ ကျွန်တော်လည်း ဒေါ်ရွှေကြည်ကို အကျိုးအကြောင်းပြောပြပြီး ဒေါ်ရွှေကြည်သားဟန်ဆောင်လို့ ဦးသောင်းမြင့်အိမ်ထဲရောက်အောင် ဉာဏ်ဆင်ခဲ့တယ်''

ကျော်စိုးက ဌာနအုပ်ကြီး အဆက်ပြတ်နေသော ကွင်းဆက်တစ်ခုအား ဆက်စပ်ပေးလိုက်သည်။

''ဟုတ်တယ်လေ . . . ဒါမှလည်း ဒေါင်းဘယက်ကိစ္စကို အနှံခံနေတာ။ ဘယ်သူဘယ်ဝါဆိုတာ ဆက်စပ်မိမယ် မဟုတ်လား။ ဒါကြောင့် အိုင်အိုကို ကျွန်တော် နောက်ပိုင်းက ကူညီနေတာပေါ့။ အားလုံးပူးပေါင်းရမယ့်ကိစ္စကြီးကိုး''

ဆားပုလင်းစိုးဝင်းက ဝင်ပြောလိုက်သဖြင့် ကျော်စိုး ခေါင်းညိတ်ပြလိုက်သည်။

''ကဲ ဆက်ပါဦး . . . လူသတ်တရားခံနဲ့ ပက်ပင်းတိုးခဲ့ပုံကို''





စိတ်ဝင်စားလာသော ဌာနအုပ် ဦးမျိုးတင့်က မေးလိုက်ပြန်သည်။

''ဦးသောင်းမြင့် အိမ်ထဲရောက်သွားတော့ ညဖက်မှာ ဂရုစိုက် စောင့်ကြည့်နေတာပေါ့ဗျာ။ တစ်ချိန်မဟုတ်တစ်ချိန်မှာ လူသတ်သမား ပြန်လာနိုင်တယ်လေ။ သူလည်း ဒေါင်းဘယက်ကို ဦးသောင်းမြင့်ဆီက ရမသွားဘူးလို့ ကျွန်တော် တွက်ဆမိလို့ပါ။ ဒါကြောင့် ဒီလူပြန်အလာမှာ တွေ့နိုင်အောင် ကျွန်တော်က ဦးသောင်းမြအိမ်ထဲကို ရောက်နေဖို့လိုတယ်။ ပြီးတော့ ဒီဒေါင်းဘယက်ကိစ္စ သဲလွန်စရဖို့ ဦးသောင်းမြင့်ရဲ့မိန်းမကို ဦးသောင်းမြင့်ရဲ့တူသားအဖြစ် အယုံသွင်းပြီး ဒေါင်းဘယက်ကိစ္စ တောက်ကြည့်လိုက်တော့ ဦးသောင်းမြင့်ရဲ့မိန်းမက သူ ဘာမှမသိဘူးဆိုတာ သိလိုက်ရတယ်။ ဦးသောင်းမြင့်ဟာ ဒီဒေါင်းဘယက်ကိစ္စကို လျှို့ဝှက်ထားပုံရတယ်။ ဦးသောင်းမြင့်ဟာ ဒီဒေါင်းဘယက်ကိစ္စ မပြီးပြတ်သေးဘူးလို့ ကျွန်တော် တွက်ဆထားခဲ့တယ်။ တွက်ဆထားတဲ့အတိုင်း ဖွဲ့နဲ့စောင့်ခဲ့တော့ သူ ပြန်လာတာ တန်းတိုးတာပဲ။ သားအမိနှစ်ယောက်ကို ကြိုးနဲ့တုပ်ပြီး ဒေါင်းဘယက်တောင်းနေသံ ကြားရတယ်။ ဒါနဲ့ ကျွန်တော် ချက်ချင်းတံခါးတွန်းဖွင့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားနဲ့ ပက်ပင်းတိုးတာပဲ။ သူ့လက်ထဲမှာ ပဝါတစ်စနဲ့ ဦးသောင်းမြင့်ရဲ့ဇနီးဒေါ်မြမြ ဒါမှမဟုတ် သမီးဖြစ်တဲ့ ခင်လှဲ့ရီကို သူ့လက်ထဲက ပဝါစနဲ့ ဆွဲညှစ်ပြီး သတ်လိုက်ရင် တစ်ချက်တည်းနဲ့ သေသွားနိုင်လောက်တဲ့ ဗလကြီးနဲ့ဗျ။ ဝက်ဝံကြီးတစ်ကောင်လိုပဲ သန်စွမ်းတယ်။ ကျွန်တော်က သူ့ကို မရရအောင် ဖမ်းဖို့ ကြိုးစားရင် မဆိုင်တဲ့လူတစ်ယောက်ယောက် ထပ်သေသွားမှာရယ်၊ တစ်လအတွင်း လူသတ်မှုသုံးမှု ဆက်တိုက်ဖြစ်သွားရင် ခင်ဗျားတို့ ကျွန်တော်တို့မျက်နှာ ဘယ်သွားထားရမှန်း မသိတာရယ်ကြောင့် သူ့ပြေးပေါက်ကို ဖွင့်ပေးလိုက်တယ်။ လူက အလုံးအထည်ကြီးပေမယ့် အခန်းထဲက ပြေးထွက်သွားတာများ ကျားတစ်ကောင်အတိုင်းပါပဲဗျာ''

ကျော်စိုးက သူ ရင်ဆိုင်ခဲ့ရပုံကို အသေးစိတ်ပြန်ပြောပြနေလေ၏။

''ဒါနဲ့ အိုင်အိုက သူ့ကို ကြိုးရှည်ရှည်နဲ့ လှန်လိုက်တာလို့ စောစောက ပြောထားတော့ သူ့ကို ပြန်ဖမ်းနိုင်မယ့် အထောက်အထားရလို့လားဗျ''

ဆားပုလင်းစိုးဝင်းက ဝင်ထောက်လိုက်ပြန်သည်။





''ခင်ဗျားတို့ ရှာဖွေထားတဲ့ ပိုးကြိုးမျှင်စကလေးတွေပေါ့ဗျာ။ ဒါဟာ ... သူ့အတွက်တော့ ချည်မန်းကွင်းပဲဗျ။ မကောင်းဆိုးဝါးကို ထွက်ပြေးလို့မရအောင် ချည်မန်းကွင်းစွပ်ပေးရသလိုပေါ့''

''အဲဒီချည်မန်းကွင်းသဲလွန်စကို ကျုပ်တို့ရှင်းအောင် ပြောစမ်းပါဦး''

ဌာနအုပ်ဦးမျိုးတင့်က ပိုးချည်မျှင်ကလေးနှစ်ပင်အား စိတ်ဝင်စားနေသူပီပီ မေးလိုက်လေ၏။

''ဒါကတော့ ကျွန်တော့်ရဲ့မှန်းဆချက်ပဲ ရှိပါသေးတယ်။ ဖြစ်နိုင်ခြေ ရာနှုန်းခြောက်ဆယ်လောက်ပေါ့။ ဒါပေမဲ့ မကြာခင်မှာ သူနဲ့ကျွန်တော် ပြန်တွေ့ကြရမှာပါ။ ကဲ ... မင်းကြီးဦးအုန်းခိုင်ကိစ္စ ခေါင်းထဲမထားနဲ့တော့။ ကျွန်တော် လုပ်လိုက်ပါ့မယ်၊ သွားပြီဗျို့''

ဟုဆိုကာ ဌာနအုပ်အခန်းထဲမှ ထွက်သွားလေတော့၏။ သို့သော် အပြင်ရောက်မှ အခန်းထဲသို့ ပြန်ဝင်လာပြီး ''ဦးသောင်းမြင့်ရဲ့တူအဖြစ် သရုပ်ဆောင်နေတာကိုတော့ လုံးဝမပေါက်ကြားစေနဲ့ဗျို့ ... အိုကေ''

ဟုဆိုကာ ဌာနအတွင်းမှ ထွက်သွားလေတော့၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသော မျက်လှည့်ပွဲ

ကျော်စိုးရောက်လာပြီး တစ်လခန့်ရှိသောအခါ ဒေါ်မြမြက ကျော်စိုးအပေါ် ယုံကြည်မှုပိုများလာသည့်အပြင် အားကိုးသမှုလည်း ပြုလာခဲ့လေသည်။ ညဘက်ညဘက်တွင်လည်း အိပ်ရာမဝင်မီ လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောဆိုလေ့ရှိကြသည်။ ရံဖန်ရံခါ ဒေါ်မြမြက –

"မောင်ကျော်စိုး . . . အလုပ်အဆင်ပြေပြီလားကွဲ့။ တလွဲတော့မထင်နဲ့၊ ဒေါ်ဒေါ်က ဒီအိမ်မှာ မောင်ကျော်စိုးကို မနေစေချင်လို့ပြောတာ မဟုတ်ဘူးနော်။ အိမ်မှာလည်း မစား၊ မနက်လင်း





တာနဲ့ ထွက်သွားတတ်တော့ ဒေါ်ဒေါ်တို့ကိုအားနာပြီး နေရေးစားရေး ကသီလင်တနိုင်မှာစိုးလို့ပြောတာ။ မှန်တာပြောရရင် မောင်ကျော်စိုးရှိနေလို့သာ ဒေါ်ဒေါ်တို့သားအမိ လုံခြုံတာကွဲ့။ နေနိုင်သလောက်သာနေ၊ ဒါ . . . ဒေါ်ဒေါ့်စိတ်ရင်းနဲ့ ပြောတာနော်"

ဟု ကျော်စိုးကို စိတ်ပူပြီး ပြောတတ်သည်။

"ဟုတ်ပါရဲ့ အစ်ကိုရယ်၊ ညီမတို့က သူစိမ်းတွေမှ မဟုတ်တာ၊ ဒီမှာပဲစားရောပေါ့"

ခင်လဲ့ရီကပါ ဝင်ပြောလိုက်သည်။

"အဆင်ပြေပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့်မှာ သုံးဖို့စွဲဖို့ လုံလုံလောက်လောက်ရှိပါတယ်၊ စိတ်မပူပါနဲ့"

ကျော်စိုးကလည်း ထိုသို့ပြန်ပြောလေ့ရှိသည်။ ကျော်စိုးက ရောက်ရောက်ချင်း သူကြုံဆုံခဲ့ရသော လူသတ်သမားမှာ ခင်လဲ့ရီတို့အိမ်ကြီးသို့ နောက်ထပ်လာတော့မည် မဟုတ်ကြောင်း ရိပ်စားမိခဲ့သော်လည်း ဒေါ်မြမြအိမ်တွင် သူ ဆက်နေရသည့်အကြောင်းမှာ လုံလုံလောက်လောက် ရှိပါသည်။

ထိုမိသားစုနှင့် ရင်းနှီးသထက် ရင်းနှီးအောင်နေပြီး ဒေါင်းဘယက်၏သတင်းအစအနကို စုံစမ်းလိုခြင်းကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လူသတ်မှုမှာ သမားရိုးကျလူသတ်မှုဟု ဆိုနိုင်သော်လည်း ဒေါင်းဘယက်နှင့် ချိတ်ဆက်နေသည်ဟု ကျော်စိုးက တစ်ထစ်ချ ယူဆထားခဲ့သည်။

ကျော်စိုးသည် ညည အိပ်မပျော်သောကြောင့် ခြံထဲဆင်းပြီး သရက်ပင်ကြီးကို ဝိုင်းပတ်ကာ ထိုင်ခုံအဖြစ် ရိုက်ထားသော သစ်သားခုံပေါ်တွင်ထိုင်၍ အမှုအကြောင်း စဉ်းစားတွေးတောနေတတ်သည်။

လသာသောရက်များတွင် နွေကာလဖြစ်သည်က တစ်ကြောင်း၊ မအိပ်ချင်သေးသည်က တစ်ကြောင်းကြောင့် ခင်လှဲ့ရီက အိမ်အောက်ဆင်းလာကာ သရက်ပင်အောက်ရှိ ခုံတွင်ထိုင်ရင်း လေညှင်းခံလေ့ရှိသည်။ တစ်နေ့ ခင်လှဲ့ရီက အိမ်အောက်သို့ ဆင်းလာကာ သရက်ပင်အောက်သို့ လျှောက်လာခဲ့သည်။

"ဟော အစ်ကိုပါလား . . . မအိပ်သေးဘူးလား"

သူ့အရင်ရောက်နေသော ကျော်စိုးကို တွေ့လိုက်ရသဖြင့် နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် . . . အိုက်ကလည်း အိုက်၊ အိပ်ချင်စိတ်လည်း မရှိသေးတာနဲ့ ဒီမှာ လာထိုင်နေတာ"





"ဟုတ်ပါ့ အစ်ကိုရယ်၊ ဒါနဲ့ အိမ်က ခွေးကြီးတွေတောင် အစ်ကိုနဲ့ တော်တော်ရင်းနှီးကုန်ပြီနော်။ သူတို့က လူစိမ်းသူစိမ်း ဆိုရင် လည်မျိုကိုတောင် တက်ခဲတတ်တာ အစ်ကိုရဲ့"

အမူအရာကလေးလုပ်ကာ ရှင်းပြနေသော ခင်လှဲ့ရီကို ကြည့်ပြီး ကျော်စိုးက ပြုံးလိုက်မိသည်။ သူ ဖုံးထားသမျှ ဘာမှ မသိရှာသေးသော ခင်လှဲ့ရီကို အားနာနေမိသည်။

ကျောင်းမှာတုန်းက ခင်လှဲ့ရီအပေါ် သူ စိတ်ဝင်စားပြီး ပိုးပန်းခဲ့သည်ကို အမှတ်ရလာသည်။ ခင်လှဲ့ရီကလည်း သူ့အပေါ် တုံ့ပြန်မှုပြသည်ကို နားလည်ခဲ့သည်။

သို့သော် သူ ငယ်ငယ်ကလေးထဲက အလွန်ဝါသနာပါသော စုံထောက်လုပ်ချင်သောကြောင့် စာဘက်၌သာ စိတ်ကိုနှစ်၍ ကြိုးစားခဲ့သည်။ ထိုအခါ မြင်းကမလှုပ်၊ ခုံကလှုပ်ဆိုတာမျိုး အများ ပြောစမှတ် အဖြစ်မခံချင်သောကြောင့် ခင်လှဲ့ရီကလည်း ကျော်စိုး အပေါ် စိတ်ဝင်စားပါလျက် ကိုယ်ရှိန်သတ်ခဲ့သည်။

သို့နှင့် တစ်ယောက်ဆိုတစ်ယောက်သာ စိတ်ဝင်စားခဲ့သော သူတို့နှစ်ယောက်မှာ ကျောင်းပြီးသည်အထိ ရည်းစားဟူ၍ မထားကြဘဲ ဘွဲ့တစ်ခုစီပိုက်၍သာ ကျောင်းတော်က ခွာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေယောက်သား ရင်ထဲတွင်မတော့ ကံမကုန်လျှင် ပြန်ဆုံကြရလိမ့်ဦးမည်ဟု ကံကုသိုလ်တစ်ရေးနိုးကို မျှော်ကိုးနေမိကြသည်မှာ အမှန်ပင်ဖြစ်ပါလေ၏။

ထိုသို့ ခွဲခွာပြီးသည့်နောက် ဆုံမယ့်ဆုံတော့ မောင်နှမတစ်ဝမ်းကွဲအဖြစ်နှင့် ဆုံလိုက်ရသောကြောင့် ခင်လဲ့ရီမှာ တအုံနွေးနွေး ဖြစ်နေသည်။

''ကံကြမ္မာရယ် ဘာလို့ ဒီလောက်တောင်များ ရက်စက်ရတာလဲ။ ခုလို အနေနီးနေရပါလျက်နဲ့ သွေးချင်းသားချင်းဆိုတဲ့ စည်းကြီးက ဘာလို့ခြားနေရပါလိမ့်။ ဘယ်ယောက်ျားကလေးအပေါ်မှာမှ စိတ်မကစားခဲ့တဲ့ ငါ့ရဲ့နှလုံးသားကို လှုပ်လှုပ်ရှားရှား ခုန်စေတဲ့ယောက်ျားဟာ ဘာကြောင့် ငါ့ရဲ့အစ်ကိုဝမ်းကွဲ ဖြစ်နေရပါလိမ့်''

ဟူသောအတွေးများကြောင့် ကျော်စိုး၏မျက်နှာကို စေ့စေ့မကြည့်ရဲသဖြင့် မျက်နှာလွှဲကာ ခုံဝိုင်းကလေးပေါ်သို့ တင်ပါးလွှဲဝင်ထိုင်လိုက်သည်။

''ဖြစ်ချင်တာလည်း မဖြစ်ရ၊ မဖြစ်ချင်တာလည်း ဖြစ်ရတဲ့ လောကကြီးပါလား အစ်ကိုရယ်''





ဟု ပြောချင်သော်လည်း တကယ်တမ်း ပြောဖြစ်သည်မှာ

''ဟော ဟိုမှာ လမင်းကြီးက ဝိုင်းစက်နေတာပဲနော်''

ဟု ပြောမိပြောရာ ပြောလိုက်မိ၏။

''လသာတဲ့ညမှာဆိုရင် အစ်ကို မယ်ဒလင်လေးတစ်လက်နဲ့ သီချင်းဆိုလေ့ရှိတယ် ညီမရဲ့။ ဒီမှာက ကိုယ့်အိမ်မဟုတ်တော့''

''ကိုယ့်အိမ်မဟုတ်ပေမယ့် ဆိုပြပါလား အစ်ကို။ ညီမ နားထောင်ချင်တယ်''

ခင်လဲ့ရီက ကျော်စိုးသီချင်းဆိုသည်ကို နားထောင်ချင်သဖြင့် စိတ်ထဲရှိသည့်အတိုင်း တိုက်တွန်းလိုက်သည်။

''မယ်ဒလင်မပါဘဲ ခြောက်ကပ်ကပ်ကြီး ဆိုပြရမှာဆိုတော့ ကောင်းရင် အပြစ်မတင်နဲ့နော်''

''မတင်ပါဘူး။ ဆိုမှာသာဆိုပါ အစ်ကိုရယ်''

''ကဲ ... ဆိုပြီ နားထောင်ပေတော့''

''စွဲမိပါပေါ့ ခင်ရယ် ××× ချစ်လို့ကို ဘယ်မဝနိုင်တော့တယ် ××× မပြောဘဲနဲ့ ကြားကြားနေတယ် ××× မျက်စိထဲမယ် ဝဲလည် ဝဲလည် ××× မကြည့်ဘဲနဲ့ အစဉ်မြင်ပြန်တော့တယ် ××× အုံပုန်းချစ် တစ်ရက်လောက်ချစ်ရတာရယ် ××× လင်မယားချစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက် လိုက်လို့မမီပါတယ် ××× ကမ္ဘာမမီပါတယ် ××× စဉ်းစားလေလေ ချစ်လေလေပါပဲ ခင်ရယ်''

ကျော်စိုးက သီချင်းထဲတွင် အာရုံဝင်သွားပြီး ခံစားချက်အပြည့်ဖြင့် သီဆိုသွားလေသည်။

''ဟာ . . . အတီးမပါတာတောင် အတော်ကောင်းတာပဲ။ ကေနွ အစ်ကို့ရင်ထဲမှာ အုံ့ပုန်းချစ်ရတဲ့ မိန်းကလေးတစ်ယောက်တော့ ရှိနေပြီထင်တယ်၊ သူက ဘယ်သူလဲဟင်''

''အဲဒီမိန်းကလေး ဘယ်သူလဲဆိုတာ တစ်နေ့နေ့တော့ အစ်ကိုပြောပြပါ့မယ်။ အခုတော့ ပြောပြခွင့်မရှိသေးလို့ မသိချင်ပါနဲ့ဦး ညီမရယ်။ ကဲ . . . ညဉ့်နက်တော့မယ်၊ သွားအိပ်တော့နော်၊ တော်ကြာ . . . ညီမအမေ တစ်မျိုးထင်သွားဦးမယ်''

ကျော်စိုးက ခင်လှဲ့ရီကို နှစ်သိမ့်လိုက်ပြီး အိမ်အပေါ်ထပ်သို့ တစ်ချက်ငဲ့ကြည့်လိုက်ရာ ဒေါ်မြမြ၏အရိပ်အယောင်ကို ဝိုးတဝါး တွေ့လိုက်ရလေသည်။ ခင်လှဲ့ရီ အိမ်ပေါ်သို့တက်သွားပြီး နာရီဝက်ခန့်ကြာသောအခါမှပင် ကျော်စိုး အိမ်ပေါ်သို့တက်၍ အိပ်ခန်းထဲဝင်ကာ လှဲအိပ်လိုက်သည်။ နောက်တစ်နေ့နံနက် စောစောထပြီး ဒေါ်မြမြတို့နှင့်အတူ လက်ဖက်ရည်သောက်သည်။





ပြီးနောက် ခြံကြီးထဲမှထွက်ကာ မကျည်းတန်းရပ်ကွက်ဈေးဘက်သို့ ခြေဦးလှည့်လိုက်သည်။ ဈေးအနီးသို့ရောက်သောအခါ လူစုလူဝေးတွေ့ရသဖြင့် မှုခင်းတစ်ခုဖြစ်နေပြီလားဟု စိတ်ထဲမှ ဆင့်ခံနဲဖြစ်ကာ အနီးသို့ရောက်မှပင် မျက်လှည့်ပြရန် ပြင်ဆင်နေသည်ကို မျက်လှည့်ပွဲကြည့်မည့် ပရိသတ်က စုဝေးစောင့်မျှော်နေကြောင်း သိလိုက်ရသဖြင့် စိတ်အေးသွားရလေသည်။

မျက်လှည့်ဝိုင်းတော် သားတစ်ဦးက ဝါးခြမ်းပြားတစ်ချောင်းနှင့် မျက်လှည့်ဝိုင်းအတွက် စည်းသားလျက်ရှိပြီး တစ်ဆောက်ကမှု ပစ္စည်းများကို နေရာချလျက် ရှိသည်။

မျက်လှည့်ဝိုင်း၏အလယ်တည့်တည့်တွင် သံစားပွဲဝိုင်းတစ်လုံးကို ချထားပြီး သံစားပွဲပေါ်တွင် သဘော်ဆေး အပြာရောင်သုတ်ထားသော သစ်သားသေတ္တာတစ်လုံးရှိ၏။ နံဘေးမြေပေါ်တွင် ခွေပချုပ်နှစ်လုံးကိုချထား၍ စားပွဲ၏အခြားတစ်ဖက်ဝယ် နိုင်ငံခြားဘင်ခရာတီးဝိုင်းအဖွဲ့၌ အသုံးပြုလေ့ရှိသော ဘင်ကြီးတစ်လုံးကို ချထားလေသည်။

ဘင်ကြီး၏ထိပ်ပိုင်းတွင် အဝတ်စပတ်ထားသည့် ဘင်နက်တုတ်ကြီး နှစ်ချောင်းကို တင်ထားသည်။ ထိုသို့ မျက်လှည့်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြင်ဆင်နေသော လူနှစ်ယောက်အပြင် အခြားတစ်ယောက်မှာ တိုက်ပုံဝတ်ပြီး အခန့်သား ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်၍ စိတ်အေးလက်အေးဖြင့် ဆေးလိပ်သောက်လျက် ရှိလေ၏။

အားလုံးပြင်ဆင်ပြီး၍ အဆင်သင့်ဖြစ်လောက်သောအခါ ထိုတိုက်ပုံဝတ်လူက ကုလားထိုင်ပေါ်မှ ငေါက်ခနဲထလာပြီး သူဝတ်ထားသော တိုက်ပုံအင်္ကျီ ရင်ဘတ်ကို ဟန်ကျပန်ကျ ဆွဲစေ့လိုက်သည်။ အဖွဲ့သားတစ်ယောက်က ချထားသောဘင်ကြီး၏နောက်တွင် ခွေးခြေတစ်လုံးနှင့်ထိုင်ကာ လက်ရိုက်နှစ်ခုကိုကိုင်၍ အသင့်အနေအထားဖြင့် ကိုတိုက်ပုံထံမှအမိန့်ကို ငံ့လင့်နေလေသည်။ ထိုအခါ ကိုတိုက်ပုံက မျက်စမျက်နှနှင့် ဘင်ဆရာအား အချက်ပြလိုက်သည်။

ကိုတိုက်ပုံ၏အမိန့်ကို အမှုအရာအားဖြင့် ရပြီဖြစ်သောကြောင့် ဘင်ဆရာက သူ့လက်ထဲမှ လက်ရိုက်တုတ်နှစ်ခုကို ဆတ်ခနဲ ဆွဲယူလိုက်ကာ ဘယ်ညာတစ်ပြိုင်နက် ဘင်ကြီး၏မျက်နှာပြင်ကို စုံနှက်လိုက်သည်။

“ဒိန်း ဒိန်း ဒိန်း ဒိန်း ဒိန်း ဒိန်း”

ထိုအခါ၌ ဘင်ကြီး၏ပမ်းခေါင်းထဲမှ မိုးခြိမ်းသံကြီးအလား





မြည်ဟီးလျက်ရှိသော အင်္ဂလန်မှ ဘင်သံကြီးမှာ အဆက်မပြတ်ပေါ်ထွက်လာလေ၏။ စောစောက စုရုံး စုရုံးဖြစ်နေကြသော လူစုမှာ ဆိုင်းဝိုင်းပတ်လည်တွင် ဖြန့်ကျက်နေရာယူလိုက်ကြပြီးနောက် ထိုလူသုံးယောက်၏မျက်လှည့်လက်လှည့်ပညာများကို ကြည့်ရှုရန် ငေးမောနေကြလေသည်။

ဘင်သံကြောင့် စောစောက စောင့်စားနေကြသော လူများသာမက ဘင်သံကြားရာအရပ်မှ စိတ်ဝင်စားသူများ ရောက်လာကြပြီး မျက်လှည့်ဝိုင်းအနီး စည်းအပြင်မှ ထိုလူသုံးယောက်၏လှုပ်ရှားမှုများကို မျက်ခြည်မပြတ် ကြည့်ရှုနေတော့သည်။

“ဒိန်း ဒိန်း ဒိန်း”

ဘင်သံကြီးက အဆက်မပြတ်ပေါ်လာပြန်သောကြောင့် ကြည့်ပရိသတ်လူစုမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြန်၏။ ထိုအခါ မျက်လှည့်အဖွဲ့၏ခေါင်းဆောင်ဖြစ်ဟန်တူသော တိုက်ပုံဝတ် ကိုမျိုးမြင့် (တောဆိုးကန်း) က သူ၏ညာဘက်လက်ဖဝါးကို တစ်တောင်ခန့်ကွေးကွေးကာ ထောင်ပြလိုက်သောအခါ ဘင်တီးသူက အတီးရပ်လိုက်သဖြင့် မီးကို ရေနှင့်သတ်လိုက်သကဲ့သို့ ရုတ်တရက် ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလမ်းကောင်းမှ ပြန်လမ်းကောင်းမယ်။ ပွဲတောင်းရင် ပွဲကောင်းပြမယ်။ အနှောင့်မလွှတ် အသွားမလွှတ် ခုံဖိနပ်ချွတ်ပြီး ပက်လက်လှန်ဖင်ခုမထိုင်နဲ့။ ထမီဖောက်ထိုး အထက်ဆင် မြေဦးတိုက်၊ စုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက် တိုက်ဖို့ မကြံနဲ့။ လူ့စည်းဘီလူးစည်း သူ့စည်းကိုယ့်စည်း မနင်းနဲ့၊ မကျော်နဲ့၊ မခွနဲ့။ ပြတာကြည့် မထိနဲ့ မခိုက်နဲ့။ လာလမ်းကောင်းမှ ပြန်လမ်းကောင်းစေ့မပေ့ာနော်။ စည်းဖောက်ရင် ပြန်လမ်းပျောက်မယ်"

မျက်လှည့်ဆရာ လှမျိုးမြင့်က ဇာတ်သဘင်ပွဲများတွင် မှဆိုးဆိုင်းဆင့်၊ ဇော်ဂျီဆိုင်းဆင့် ဆင့်ကြသကဲ့သို့ သူ၏အသံသြသြကြီးဖြင့် ပြောလိုက်သည်တွင် တဒိန်းဒိန်းနှင့် ဘင်သံကြီးက ဟိန်းလာပြန်တော့သည်။ မျက်လှည့်ဆရာ လှမျိုးမြင့် (တောကျီးကန်း) က သံစားပွဲဝိုင်းကလေးအနီးသို့ လျှောက်သွားပြီး လေးထောင့်သေတ္တာကလေးအား သူ့လက်ထဲမှ မှော်တုတ်တံ (Magic Stick) ကလေးနှင့် တဒေါက်ဒေါက် ခေါက်လိုက်သည်။

ထို့နောက် သေတ္တာကလေးကို အသာမ,ယူလိုက်ပြီး အဖုံးဖွင့်ကာ လေးဘက်လေးတန်ရှိ ပရိသတ်များအားလုံးကို ပြလိုက်သည်။





"ကဲ . . . သေတ္တာထဲမှာ ဘာမှမရှိဘူးဆိုတာ မြင်ကြရဲ့နော်၊ သေသေချာချာကြည့်ကြ"

မျက်လှည့်ဆရာက သူ့လက်ထဲမှ တုတ်ကလေးနှင့်ပင် သေတ္တာထဲသို့ မွှေပြလိုက်သေးသည်။

"ဘာမှမရှိတဲ့သေတ္တာကို ဟောသလိုထား၊ အဖုံးကို အသာပြန်ပိတ်၊ အပ်ချလောင်း၊ ကိုင်း . . . လာလေ့"

သေတ္တာကလေးအား စားပွဲပေါ်တင်ပြီး အဖုံးပိတ်လိုက်သည်။ နှုတ်မှလည်း သို့ကလိုပြောဆိုပြီးနောက် ပရိသတ်ကို စေ့စေ့ကြည့်ကာ အကဲခတ်လိုက်ပြန်သည်။ ထို့နောက် သေတ္တာအဖုံးကိုဟ၍ သူ၏ညာဘက်လက်နှင့် အသာနှိုက်ပြီး တစ်ခုခုကို ဖြည်းညင်းစွာ ဆွဲယူနေလေ၏။

သူ့လက်ထဲတွင် ပထမဆုံးပါလာသည့်အရာမှာ ပိုးပဝါအနီရောင်တစ်ခုဖြစ်သည်။ ထိုပိုးပဝါကို ပရိသတ်ဘက် ဖြန့်ပြပြီးနောက် လက်ခုပ်ထဲသို့ ထည့်အုပ်၍ ဂျောင်းဟု တစ်ချက်အော်ဟစ် မြှောက်လိုက်ပြန်ရာ ပဝါစမှာ ပျောက်ခြင်းမလှ ပျောက်သွားလေသည်။

"ဖြောင်း ဖြောင်း ဖြောင်း"

ပရိသတ်များမှာ ထိုပြကွက်ကိုကြည့်ပြီး နှစ်ခြိုက်သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျကြသဖြင့် လက်ခုပ်လက်ဝါးတီး၍ တဖြောင်းဖြောင်း ထောပနာပြုလိုက်ကြသည်။

"ကဲ ကဲ . . . တစ်ကွက်ပြီးတစ်ကွက် စွဲမက်သွားရအောင် ဆက်ကြဦးစို့။ အသံကလေး ဘာလေး စွက်ပေးကြပါဦး"

မျက်လှည့်ဆရာက ကဗျာဆန်ဆန် ကာရံနဘောနှင့် ပွဲခြောက်ကြီးမဖြစ်ရအောင် လင်ကွင်းတီးသူ စိန်မိုးနှင့် ဘင်ဆရာကိုလှကြိုင်ကို ဆင့်လိုက်ပြန်သည်။ ထိုအခါ မတ်တတ်ရပ် အနေအထားနှင့် လင်ကွန်းနှစ်ချပ်ကို ပါးအပ်ကာကိုင်ထားသော လင်ကွင်းသမားစိန်မိုးက သူ၏ လင်ကွင်းနှစ်ခြမ်းကို မြှောက်၍ ဟလိုက်ပြီး တီးဖို့ ဟန်ပြင်လိုက်သည်။

"ဟိုး ဆရာ . . . ဟိုး နိုး ဆရာ . . . နိုး မလုပ်လိုက်နဲ့လေ လင်ကွင်းဆရာရဲ့။ မင်းအလှည့် မင်းကဏ္ဍရောက်ရင်သာ ညောင်းလှချည်ရဲ့၊ လက်ဖဝါးတွေ ကျိန်းလှချည်ရဲ့လို့ မနွဲ့စတမ်းနော်။ ခုပြကွက်က မင်းအလှည့်မဟုတ်သေးလို့ မင့်လက်ကို အသာယုတ်လို့ နောက်ဆုတ်နေချေဦးကွဲ့။ ကဲ ဘင်ဆရာ လှကြိုင်ရေ . . . မင်္ဂလာခြွေမယ့် အင်္ဂလန်က ဘင်သံထုတ်ပေတော့ဗျာ"

မျက်လှည့်ဆရာ တောကျီးကန်းက လင်ကွင်းတီးတော





မည့်ဟန်ရှိသော သူ့တပည့် စိန်မိုးကို လှမ်းတားလိုက်ပြီး ဘင်ဆရာလှကြိုင်ကို ဘင်တီးခိုင်းလိုက်သည်။

"ဒိန်း ဒိန်း ဒိန်း ဟိုး"

တဒိန်းဒိန်းနှင့် ဘင်သံကြီးထွက်ပေါ်လာပြီး သုံးလေးချက်ခန့်မြည်ပြီးနောက် မျက်လှည့်ဆရာ တောကျီးကန်းက 'ဟိုး' ဟု တားလိုက်ပြန်သည်။ ထို့နောက် သေတ္တာအဖုံးကိုဟပြီး လက်လျှိုကာ သေတ္တာထဲမှ တစ်စုံတစ်ခုကို နှိုက်ယူပြန်လေ၏။

မျက်လှည့်ဆရာ တောကျီးကန်း၏လက်ထဲတွင် ပါလာသောအရာမှာ ဆွတ်ဆွတ်ဖြူလျက်ရှိသော ခိုမြီးကော့လေးတစ်ကောင် ဖြစ်လေ၏။

"ဟာ . . . ဟင် . . . အလို"

ကြည့်ရှုနေကြသောလူစုမှာ တအံ့တသြဖြင့် ထိုသို့ရေရွတ်ကာ မှင်တက်သွားသည်။ သူတို့အား မျက်လှည့်ပွဲအစပိုင်းတွင် ဗလာကျင်းနေသော သေတ္တာကလေးအား စောင်းပြ၊ ငုံ့ပြ၊ မြှောက်၊ သွန်ပြခဲ့စဉ်က ထိုသေတ္တာထဲ၌ ပဝါနှင့်ခိုမြီးကော့လေး မဆိုထားဘိ အပ်တိုလေးတစ်ချောင်း၊ စက္ကူလေးတစ်စပင် မရှိသည်ကို အားလုံး မျက်ဝါးထင်ထင်မြင်ခဲ့ကြသည်။



www.burmeseclassic.com

ယခု ထိုသေတ္တာထဲမှ ပဝါနီကလေးတစ်စနှင့် ခိုကလေးတစ်ကောင် ဘယ်လိုကဘယ်လို ရောက်လာသည်မသိ။ မျက်လှည့်ဆရာ တောကျီးကန်းယူပြတော့လည်း မယုံချင်စရာ ကိုယ်တွေ့မြင်ရသဖြင့် ယုံရပြန်သည်။ မျက်လှည့်ဆရာ လှမျိုးမြင့် (တောကျီးကန်း) က ခိုကလေးကို သေတ္တာထဲ ပြန်ထည့်အဖုံးပိတ်ပြီး တုတ်ကလေးနှင့်ခေါက်ကာ သေတ္တာကို ရှေးနည်းတူ ပရိသတ်အား ပြတော့လည်း ခိုကလေးက သေတ္တာထဲမှာပင် ပျောက်သွားခဲ့ပြန်သည်။

မျက်လှည့်ဆရာ တောကျီးကန်းက ထိုပြကွက်ကို ရပ်နားပြီးနောက် ပချုပ်နှစ်လုံးကို ရှေ့ယူလာပြီး ပချုပ်တစ်လုံးထဲမှ စပါးကြီးမြွေကို ထုတ်ပြပြန်သည်။ မြွေကြီးမှာ ယောကျ်ားကြီးတစ်ယောက်၏ လက်မောင်းလုံးလောက်ရှိပြီး အလွန်အားသန်သော မြွေမျိုး ဖြစ်သည်။

အဆိပ်မရှိသော်လည်း သူ၏အစာကို ကိုယ်ဖြင့် လိမ်ပတ်ဆွဲဆန့်သတ်ဖြတ်၍ မျိုချစားသောက်တတ်သော မြွေမျိုး ဖြစ်လေသည်။ ထိုမြွေကို ပြသပြီးနောက် ပချုပ်တစ်လုံးထဲမှ မြွေဟောက်များကို ထပ်မံထုတ်ယူပြသလေသည်။

မြွေဟောက်ကို စပြီး ပါးပျဉ်းထောင်အောင် လုပ်ပြခြင်း





မြွေစွယ်နှင့် သူ၏လက်မောင်းအား ကိုက်ပြခြင်း စသည့်ပြကွက်များကို ပြပြီးနောက် မြွေများကို ပချုပ်ထဲသို့ ပြန်ထည့်လိုက်သည်။

လူများက မြွေများကို မြင်သည်နှင့် အသည်းတယားယား ဖြစ်လာပြီး အစွယ်နှင့် သူ့လက်မောင်းကို မြွေ၏ပါးစပ်ဖြင့် ကိုက်ပြလိုက်သည့်အခါ အမယ်လေးဟု ယောင်ရမ်းအော်မိသူက အော်မိကြလေသည်။

"ကဲ ကဲ . . . နောက်ဆုံးနှစ်ကွက်လောက် ပြပြီးရင် ဒီကနေ့ ပွဲသိမ်းပါမယ်။ ပွဲမသိမ်းမီ အလွန်ထူးဆန်းအံ့သြစရာကောင်းတဲ့ ပြကွက်ကိုပြပါမယ်။ ဂမ္ဘီရပညာ မှော်ပြကွက်ဖြစ်လို့ ပွဲမစမီက သတိပေးထားခဲ့တဲ့စည်းကို မဖောက်မိကြပါစေနဲ့။ ပညာပြိုင်ချင်ရင် ပွဲပြီးတဲ့အခါ ဘယ်နေရာကိုပဲ ဖိတ်ဖိတ် ဘယ်အဆင့်နဲ့ပဲ ပြိုင်ပြိုင် သူနိုင်ကိုယ်နိုင်ပြိုင်ဖို့ စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်ရလိုက်ရ ပြိုင်ပါ့မယ်။ ပွဲမပြီးခင်တော့ ပွဲကြည့်သူတွေကို မထိတ်အောင် မလန့်အောင် ဘောင်နဲ့စည်းကို မကျော်ဖို့ မေတ္တာရပ်ခံပါတယ်။ ခုပြမယ့် ပြကွက်ကတော့ အုန်းသီးကို တန်ခိုးနဲ့ခွဲဆိုတဲ့ ပြကွက်ဖြစ်ပါတယ်။ အမှန်က ဒီပြကွက်မျိုးဟာ ရှုံသွင်းပြီး အခကြေးငွေ များများယူပြီး ပြတဲ့ပြကွက်မျိုးပါ။ ဒါပေမဲ့ ပညာကို ငွေနဲ့မလဲဘဲ ဒီလမ်းဘေးပွဲမှာပဲ

www.burmeseclassic.com



ပြပါ့မယ်။ ဟောဟိုမှာကြည့် အပ်ချလောင်း''

မျက်လှည့်ဆရာ တောကျီးကန်းက မာန်ပါပါပြောပြီး ဟန်ပါပါနှင့် မျက်လှည့်ဝိုင်း၏အနောက်တွင်ရှိသော အလေ့ကျ ပေါက်နေသည့် အုန်းပင်တစ်ပင်ပေါ်သို့ လက်ညှိုးထိုးပြလိုက်သည်။

''ကဲ ... အဲဒီအုန်းပင်ပေါ်က အုန်းသီးကို အုန်းပင်ပေါ် မတက်ဘဲ ဟောဒီနေရာကနေ ဂမ္ဘီရအစွမ်းနဲ့ ခြွေပြပါ့မယ်။ မြေပေါ် ကို တဘုန်းဘုန်းနဲ့ ကြွေကျတာမြင်ရပါစေ့မယ်။ ပြောနေ ကြာတယ် ငါ့ဆရာ လက်ညှိုး၊ မိုးကြိုးလိုအစွမ်းထက် အပင်ထက်က အုန်း ... ဘုန်းခနဲကြွေရော့ဟဲ့''

မျက်လှည့်ဆရာတောကျီးကျန်း အုန်းပင်ပေါ်သို့ လက် ညှိုးထိုးကာ ပါးစပ်မှ ဥုံခံပြီး မန်းမှုတ်နေလေ၏။

''ကဲ ... လက်တယားယားနဲ့ တီးမယ်လို့ တကဲကဲ ပွဲ ကတည်းက အားခဲပြီးစောင့်နေတဲ့ လင်းကွင်းဆရာစိန်မိုးရေ မနားတမ်း တပြန်းပြန်း လင်းကွင်းနှစ်ခြမ်းလုံး အစိပ်စိပ်အမွှာ ကွဲအောင် အားကုန်သုံးပြီး တီးလိုက်စမ်းပါဦး''

ဟုပြောပြီး အုန်းပင်ကို စိမ်းစိမ်းကြီးကြည့်၍ လက်ညှိုးနှင့် ထိုးနေပြန်လေ၏။





''ခွမ်း ခွမ်း ခွမ်း ချမ်း ချမ်း ချမ်း''

လင်းကွင်းသံကလည်း တပြန်းပြန်းနှင့် ခပ်စိပ်စိပ်အတီး ကြမ်းလေရာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံနေတော့သည်။ ပွဲ ကြည့်ပရိသတ်များကလည်း မျက်လှည့်ဆရာတောကျီးကန်းနည်း တူ အုန်းပင်ပေါ်သို့ စူးစိုက်ကြည့်ရှုနေကြ၏။ ခဏအကြာတွင် အုန်း ပင်ပေါ်မှ အုန်းသီးများမှာ လှုပ်လှုပ်ရွရွဖြစ်လာလေတော့သည်။

''ဟ ... အုန်းသီးတွေ လှုပ်သဟ''

ထိုကြောင့် ပွဲကြည့်ပရိသတ်၏အသံများ ပေါ်ထွက်လာ ၏။ လင်းကွင်းဆရာစိန်မိုးကလည်း လက်မကျ၊ တိုး၍ တိုး၍ အားပါပါနှင့် တီးလေ၏။ မျက်လှည့်ဆရာ တောကျီးကန်းကလည်း တဥုံဥုံနှင့် မြည်သံကျယ်သထက် ကျယ်လာလေ၏။

''ဘုန်း ဘုန်း ဘုန်း''

များမကြာမီမှာပင် အုန်းပင်ပေါ်မှ အုန်းသီးသုံးလုံးမှာ ဘုန်းခနဲ ဘုန်းခနဲ ပြုတ်ကျလာလေ၏။

''ဟာ ဟင် ... ဘုရားရေ''

ပွဲကြည့်ပရိသတ်များ လန့်ဖျပ်ကုန်ကြသည်။

''ဂမ္ဘီရမှော်ပညာဆိုပါလား။ ပါးစပ်က တတွတ်တွတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်နေတဲ့ဂါထာက စွမ်းလို့လား၊ ဒါမှမဟုတ် အစိမ်းသရဲတွေမွှေးပြီး နိုင်းစေလိုက်လို့ သူတို့က ခြွေချလိုက်တာလား''

စသည်ဖြင့် သို့လောသို့လော တွေးရင်းငေးရင်းဖြင့် မျက်လှည့်ဆရာ တောကျီးကန်းကို အထင်တကြီး ကြည့်နေကြတော့သည်။ ကျော်စိုးက ကြွေကျလာသော အုန်းသီးများကို မျက်လှည့်ဆရာ၏တပည့်ထံမှ တောင်းယူပြီး စေ့စေ့စပ်စပ်ကြည့်ကာ ပြန်ပေးလိုက်သည်။

''ဒီတစ်ခါ နောက်ဆုံးပြကွက်ဖြစ်တဲ့ အဝိဉာဏက အသက်ဝိညာဉ်ကင်းမဲ့နေတဲ့ အသေကောင်ကို သဝိဉာဏက အသက်ဝိညာဉ်ပူးကပ်လာအောင် သွင်းပြမယ့် ပြကွက်ဖြစ်ပါတယ် ဟိုင်း''

မျက်လှည့်ဆရာ တောကျီးကန်းက မာန်ပါပါပြောလိုက်သောကြောင့် လူအများက စိတ်ဝင်စားလွန်းသဖြင့် သူ့ထက်ငါ အလုအယက် တိုးဝှေ့ကြည့်ကြရာ စည်းဝိုင်းအစပ်မှ လူအများမှာ စည်းဝိုင်းထဲသို့ ယိုင်ထိုးလဲပြိုကျကုန်ကြလေ၏။

ဘင်ဆရာလုကြိုင်ကလည်း သူ့ဘင်ကြီးကို တဒိန်းဒိန်းနှင့် တီးပြန်သည်။ မျက်လှည့်ဆရာက သံစားပွဲနောက်တွင်ရှိသော





ဂုံနီစနှင့်ပတ်ထားသည့် အထုပ်တစ်ထုပ်ကို ယူချလာပြီး သံစားပွဲရှေ့ မြေပြင်ပေါ်သို့ ဘုန်းခနဲနေအောင် ပစ်ချလိုက်သည်။

''ဒီပြကွက်က ရုံကြီးတွေမှာ လူကို ခေါင်းထဲထည့်ပြီး ခါးကနေ လွှနဲ့တိုက်ဖြတ်ပြတဲ့ ပြကွက်မျိုးပါပဲ။ မကြာသေးမီက မြို့လည်ခေါင်ဘုရင့် (king) ရုပ်ရှင်ရုံမှာ နိုင်ငံခြားမျက်လှည့်ဆရာကြီးတွေ လာပြသွားတဲ့ အဖိုးတန်ပြကွက်မျိုးပါ။ ကဲ ... ပြောနေကြတယ်။ လက်တွေ့မှာ အများမြင်ရအောင် ပြပါတော့မယ်''

ဟုဆိုပြီး ဂုံနီစကို ခွာချလိုက်သည့်အခါ အထဲမှ ကြောင်သေတစ်ကောင်ကို တွေ့လိုက်ကြရလေ၏။

''ဟင် ... အသေကောင် အသက်သွင်းပြမယ်ဆိုလို့ ဘာများလည်း မှတ်တယ်၊ ကြောင်သေကြီးပဲ''

မျက်လှည့်ကြည့်သူများက တစ်ယောက်တစ်ပေါက်ဖြင့် ဝေဖန်ပြောဆိုကြတော့သည်။

''ဟုတ်ပါတယ် ကြောင်သေကြီးပါ။ လူသေကောင်ကြီးကို ဒီဝိုင်းထဲမှာချပြီး ပြသချင်ပေမယ့် လူသေကောင်ကိုပြဖို့က ဖြစ်မှမဖြစ်နိုင်တာ။ ဒါတောင် ဈေးထောင့်အမှိုက်ပုံမှာ လာပစ်ထားတဲ့ကြောင်သေကို ပြကွက်ကောင်းကောင်းပြချင်တာနဲ့ ကောက်ယူ



www.burmeseclassic.com

www.burmeseclassic.com



လာရတာပါ။ ကြောင်သေပဲဖြစ်ဖြစ်၊ ဘာသေပဲဖြစ်ဖြစ် သဘောချင်းကတော့ အတူတူပဲ မဟုတ်လား။ ကြောင်သေ ဟုတ်မဟုတ် ခင်ဗျားတို့ သေသေချာချာ စစ်ဆေးကြည့်ကြပါဦး''

မျက်လှည့်ဆရာက ပြောလိုက်သောကြောင့် လူငယ်အချို့က ကြောင်သေကြီးကို စစ်ဆေးကြသည်။ ကျော်စိုးကလည်း မျက်လှည့်ဆရာ၏တပည့်ကလေးအား ကြောင်သေကြီးကို ယူလာနိုင်းပြီး ကြည့်လိုက်သောအခါ တကယ်ပင်သေနေသည်ကို တွေ့ရသည်။

''ဒါနဲ့ ကြောင်သေရဲ့ဗိုက်က ကွဲနေပါလားဗျ''

ကျော်စိုးက မျက်လှည့်ဆရာကို မေးလိုက်သည်။

''ကျွန်တော်ခွဲထားတာပါ။ အပုပ်မြန်မှာစိုးလို့ ဗိုက်ကိုခွဲ အူအသည်းတွေ ထုတ်လွှင့်ပစ်ခဲ့တာပါ''

မျက်လှည့်ဆရာ တောကျိုးကန်းက ပြောဆိုပြီး နှုတ်မှ တဖွဖွတရွရွဖြင့် ဂါထာရွတ်နေပြန်တော့သည်။

''ဟပ်ချလောင်း၊ လင်းကွင်းသံ တဖြန်းဖြန်းနဲ့ ပွဲကြမ်းလို့ သွားရအောင် ... ကဲ ဆရာရေ''

ဟု အော်ကာ လင်းကွင်းသမားစိန်မိုးကို ဆင့်လိုက်သော





အခါ လင်းကွင်းသံများ ဆူညံသွားလေရာ နားပိတ်သူကပိတ်၊ သွားကြိတ်သူကကြိတ် ဖြစ်ကုန်ကြတော့သည်။ သို့သော် အားလုံးသောမျက်လုံးအစုံများက ကြောင်သေကြီးကို စူးစူးဝါးဝါး သတိထားကြည့်ရှုနေကြလေ၏။

''ဟာ ... ဟုတ်ပြီ ဟုတ်ပြီ၊ လှုပ်သဟ လှုပ်သဟ''

တစ်ချက်တစ်ချက် အကြောဆွဲသလို ဆတ်ခနဲ ဆတ်ခနဲ ကြောင်သေကြီးက လှုပ်သဖြင့် ပွဲကြည့်ပရိသတ်အားလုံး အသက်ရှူဖို့ပင် မေ့လျော့နေကြသည်။

''ဒါဟာ ကြောင်မဟုတ်တဲ့ လူသေကောင်ကြီးသာဆိုရင် တကယ်ကြောက်စရာကြီးနော်''

ပွဲကြည့်ပရိသတ်၏ တီးတိုးပြောဆိုနေသံများ ထွက်ပေါ်လာသည်။ ထို နောက်ဆုံးပြကွက်အား ပြသပြီးနောက် မျက်လှည့်ဆရာက ပွဲပြသခသဒ္ဓါကြေးကို ကောက်ခံခြင်း၊ မြွေဆိပ်ဖြေဆေးရောင်းချခြင်းများကို ပြုလုပ်ပြီး မျက်လှည့်ဝိုင်းကို သိမ်းလိုက်သဖြင့် လူအုပ်ကြီးမှာ ရှင်းသွားခဲ့ပြန်သည်။ ကျော်စိုးက ထုပ်ပိုးသိမ်းဆည်းနေသော မျက်လှည့်ဝိုင်းအနီးသို့ ကပ်သွားပြီး –

''ခင်ဗျားရဲ့အုန်းသီးကို တန်ခိုးနဲ့ခွဲတဲ့ပြကွက်နဲ့ အသေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်အသက်သွင်းပြကွက်က သိဒ္ဓိတန်ခိုးနဲ့ နှိုးဆွပြလိုက်သလို အတော်ကြည့်ကောင်းပါတယ်။ ဒါပေမဲ့''

ဟုပြောကာ ကျော်စိုးက စကားကို ထောက်ထားလိုက်သည်။

''ဘာလဲ ... ခင်ဗျားက ကျုပ်အစွမ်းကို မယုံတဲ့သဘောလား''

မျက်လှည့်ဆရာ တောကျီးကန်း (လှမျိုးမြင့်) က ကျော်စိုးကို ပမာမခန့် ပြန်ပြောလိုက်ရာ -

''ကျုပ်က ခင်ဗျားရဲ့အစွမ်းကြောင့် မဟုတ်ဘူးဆိုတာ ဖော်ထုတ်လိုက်ရင် ခင်ဗျား စားပေါက်ပိတ်သွားမှာပေါ့''

ဟု ပြောလိုက်ပြန်သည်။

''ခင်ဗျား ကျုပ်ကို လာပြီး မအစ်အောက်စမ်းပါနဲ့''

မျက်လှည့်ဆရာက ပြောဆိုပြီး သူ့အလုပ်ကိုသူ ဆက်လုပ်နေတော့သည်။

'မအစ်အောက်ပါဘူး၊ ခင်ဗျား လှည့်စားထားတဲ့ပြကွက်ရဲ့ လျှို့ဝှက်ချက်ကို ပြောမှာပါ။ ခင်ဗျား အုန်းပင်ပေါ်ကနေ ပြုတ်ကျအောင်လုပ်လိုက်တဲ့ အုန်းသီးကို ကျွန်တော်ယူကြည့်တော့ အုန်း





သီးရဲ့အညှာမှာ ဓားနဲ့လှီးထားတဲ့အရာ တွေ့ရတယ်။ ဒါပေမဲ့ အုန်းပင်ပေါ်မှာ တဲတဲကလေးထားခဲ့တယ်လေ။ နောက်တစ်ခုက အုန်းသီးရဲ့မျက်နှာဝမှာ အပေါက်သေးသေးလေးတစ်ပေါက်စီကိုလည်း ဖောက်ထားခဲ့သေးတယ် မဟုတ်လား။ အဲဒီအထဲကို ကျူရှိုးနဲ့က ဆော့ ဆက်ပြီး ပြဒါးရည်လောင်းထည့်ထားတော့ ပြဒါးနဲ့မတည့်တဲ့ ကြေးလင်းကွင်းအသံ တဖြန်းဖြန်းကြောင့် အုန်းသီးထဲမှာရှိတဲ့ ပြဒါးတွေက လှုပ်၊ ပြဒါးရဲ့အလေးချိန်ကလည်း မျှင်မျှင်သာရှိတော့ တဲ့ အုန်းသီးရဲ့အညှာကို ဆွဲချသလိုဖြစ်လေတော့ နောက်ဆုံးမှာ အုန်းခနဲ ဘုန်းခနဲ ပြုတ်ကျကုန်တာပေါ့။ ခင်ဗျား ဘာငြင်းဦးမလဲ''

''ဟာ ... ကောင်းလိုက်တဲ့အတွေးအခေါ်၊ ကြိုက်ပြီဗျို့''

ထိုသို့ပြောနေစဉ် ပရိသတ်ထဲမှ မပြန်သေးဘဲ မြွေဆိပ်ဖြေဆေးဝယ်နေသော လူတစ်ယောက် ထလာပြီး ကျော်စိုးကို ပြောပေးလိုက်သည်။

''ဒါဆို ... ကြောင်သေကို လှုပ်အောင်လုပ်ပြနိုင်တာက ဘာဗျာ။ မှော်မအောင်ရင် ရပ့်မလား''

မျက်လှည့်ဆရာ တောကျီးကန်းက လေသံမလျော့သေးဘဲ မာမာထန်ထန်ဖြင့် ကျော်စိုးကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဆင်ကောင်ကြီး တွေ့နေမှတော့ ဆင်ခြေရှာဖို့ လိုသေးလို့လားဗျ။ ပြဒါးပဲပေါ့ဗျ။ ကြောင်သေမှာ ဗိုက်ကွဲနေတယ်လို့ ကျုပ်ကပြောတော့ ခင်ဗျားပဲ ပုပ်မှာစိုးလို့ အူအသည်းတွေ ထုတ်ပစ်လိုက်တယ်ဆို။ အမှန်က ကြောင်သေရဲ့ဗိုက်ကိုခွဲ အူထဲကို ပြဒါးရည်တွေထည့်ပြီး ဗိုက်ထဲပြန်သွင်းထားလိုက်တယ်။ ဒီမှာတင် လင်းကွင်းအသံက မပြတ်တမ်းတီးနေတော့ ကြေးနဲ့မတည့်တဲ့ ပြဒါးက ထခုန်တော့တာပေါ့။ ဒါကိုပဲ ကြောင်သေကို ဝိညာဉ်ကပ်သလိုလို ဘာလိုလို ပုံမှားရိုက်ခဲ့တယ် မဟုတ်လား။ ကျုပ်တို့တောရွာတွေမှာ ဒါတွေက မကြာခဏ ကြုံရတတ်ပါတယ်။ တောမလေ့က လူသေရင် (၅) ရက် (၇) ရက်ထားပြီး ဆွေမျိုးစုံအောင် စောင့်ကြတယ်။ ဒီတော့ အလောင်းကို မပုပ်သိုးအောင် သေတဲ့နေ့မှာပဲ ပါးစပ်ဟပြီး ပြဒါးရည်လောင်းထည့်ကြတယ်။ ပြဒါးက အပုပ်ရည်တွေကို စားပစ်တာကိုး။ ဒီတော့ ကြာကြာခံပြီး အနံ့အသက်ထွက်တာ သက်သာတယ်။ အသုဘချတဲ့နေ့ကျတော့ တောထုံးစံအတိုင်း ဆိုင်းထည့်တယ်၊ ဆိုင်းကလည်း အသုဘချကာနီးမှာ တဘိန်းဘိန်းနဲ့တီး၊ ဆွေမျိုးသားချင်းတွေကလည်း အခေါင်းထဲက အသုဘကို နောက်ဆုံးအနေနဲ့ကြည့်ဆိုတော့ ဆိုင်းထဲက





ကြေးသံနှောင်သံတွေကြောင့် အသုဘရဲ့ဝမ်းထဲက ပြဒါးတွေက ုပ်တော့ အလောင်းကောင် ဆတ်ခနဲ ဆတ်ခနဲ ဖြစ်တော့တာပေါ့။ ဒီမှာတင် အသုဘရှုနေတဲ့ ဆွေမျိုးသားချင်းတွေက ဖုတ်ဝင် ယ်ဆိုပြီး အမယ်လေး အဘလေးတပြီး ပြေးကြတာပေါ့၊ တကယ် တော့ ဘာအဝိဉာဏတို့ သဝိဉာဏကတို့မှ မဟုတ်ဘူး။ ခေတ် ထည့်တဲ့သဘော၊ ကဲ ... မျက်လှည့်ဆရာကြီး ခင်ဗျား ဝန်ခံပြီ ား"

မျက်လှည့်ဆရာ တောကျီးကန်းမှာ ကျော်စိုးအား တောင်း ်သည့်အမူအရာဖြင့် ...

"ဟုတ်ပါတယ် အာစရိရာ၊ ကျုပ် ထမင်းအိုးကွဲအောင် တော့ လျှောက်မပြောလိုက်ပါနဲ့။ ဈေးရှေ့မှာ တစ်ပွဲပြစရာ ကျန် သေးလို့ပါ"

ဟု မျက်လှည့်ဆရာက ပြောလေ၏။ ကျော်စိုးက မျက် ည့်ဆရာ၏ပခုံးကိုပုတ်ပြီး –

"မျက်လှည့်ဆိုပေမယ့် လိမ်တော့မလိမ်နဲ့ ကိုယ့်လူ၊ ဒေက ခွင့်မပြုဘူး"

ဟုပြောဆိုကာ ထလာခဲ့သည်။ ခပ်လှမ်းလှမ်းရောက်



www.burmeseclassic.com

သည့်အခါ မိမိနောက်မှ လူတစ်ယောက် ကပ်ပါလာသည်ကို သတိထားမိသော ကျော်စိုးက နောက်လှည့်ကြည့်လိုက်သည်။

''ကျွန်တော်ပါဗျ၊ ခင်ဗျားရဲ့အတွေးအခေါ်တွေကို မချိုးကျူးဘဲ မနေနိုင်လို့ လိုက်လာတာပါ။ ကျုပ် မျက်လှည့်ကြည့်နေတုန်းက ဘယ်လိုမှ မထင်ခဲ့တာတွေ ခင်ဗျားရှင်းပြလိုက်မှပဲ ရှင်းရှင်းလင်းလင်းကြီး သဘောပေါက်သွားတော့တယ်ဗျို့။ ကျုပ် ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့ချင်လို့ပါ။ ကျုပ်နာမည်က ညွန့်လှိုင်လို့ ခေါ်ပါတယ်။ သရီးဖရင်း လျှပ်စစ်ကုမ္ပဏီဖွင့်ထားတဲ့ သုံးဦးစပ်ကုမ္ပဏီက ပါတနာတစ်ယောက်ဆိုပါတော့''

စောစောကလေးကပင် သူ့အား ဩဘာပေးခဲ့သော လူ ဖြစ်နေသဖြင့် ကျော်စိုးက ပြုံးပြလိုက်သည်။

''ကျွန်တော့်နာမည်က ကျော်စိုးပါ၊ နောက်တွေ့တဲ့အခါ ခေါ်နိုင်ပြောနိုင်ပါတယ်''

ဟု ယဉ်ကျေးမှုအရ တုံ့ပြန် ပြောဆိုရလေသည်။ ထို့နောက် လိပ်စာအပြန်အလှန်တောင်းကြရာ ကျော်စိုးက သူငယ်ချင်းတစ်ဦး၏နေအိမ်လိပ်စာကို ပေးခဲ့သည်။ ထိုလူထွက်သွားပြီးနောက် ကျော်စိုးအနီးသို့ ထပ်ရောက်လာသူမှာ ဆားပုလင်းစိုးဝင်း





ဖြစ်သည်။

ညွန့်လှိုင်ဟာ ကုမ္ပဏီဖွင့်ပြီး လူကောင်းဟန်ဆောင်ထားဆမယ့် ရှယ်ရာဝင်တွေကို လိမ်စားဖြတ်စားနေတဲ့ ဗိုးတွမ်တီး (ပုဒ်မ ၄၂၀၊ လိမ်လည်မှုကျူးလွန်သူ) တစ်ယောက်ပဲ အိုင်အို။ ခုနက ကျွန်တော် ခပ်လှမ်းလှမ်းမှာနေပြီး ဒီကောင့်ကို လှမ်းအကဲခတ်နေတာ။ ဒီကောင့်မှာ အိုင်အိုနဲ့ပတ်သက်တဲ့ကိစ္စ ကစ်ခုခုတော့ ရှိနေပြီဆိုတာ အသေအချာပဲ။ သတိထားပေတော့ဗျို့။ ဒီလမ်းဘေး မျက်လှည့်ပိုင်းမျိုးကို ဒီကောင် စိတ်ဝင်စားတာမဟုတ်ဘူး။ သူက အချိုကြီးသမား။ အိုင်အို့နောက်ကို ရှဒိုးလိုက်နေပုံရတယ်ဗျ''

ဆားပုလင်းစိုးဝင်း (တာတီး) က ပြောလိုက်သောအခါ ကျော်စိုးက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

''ကျုပ် အကဲခတ်မိပါတယ်။ တမင်တကာ သူ့ဆင်ကွက်ထဲကို ကျုပ် အလိုက်သင့်ဝင်လိုက်တာပါ။ ကျုပ် သူ့ကို သတိထားမိနေတာ ကြာပြီဗျ။ ဝင်းဝင်းပြဇာတ်ရုံနံဘေးက ရသာလက်ဖက်ရည်ဆိုင်မှာထိုင်ပြီး လူကုံတန်တွေကို ချေးသတ်နေတယ်ဆိုတဲ့ သတင်းကို ဖွနေတာ သူပဲဗျ။ ဒါ့အပြင် အမေရိကန် ကောင်းဘွိုင်ဘားတွေထဲက လူဆိုးတွေဟာ ကပ်ဦးထုပ်ကို ဆောင်းပြီး နာခေါင်းရိုး



www.burmeseclassic.com

www.burmeseclassic.com



အလယ်ကနေ မေးရိုးအောက်ပိုင်းအထိ ပဝါစည်းထားတတ်ကြတယ် မဟုတ်လား။ ဒါပေမဲ့ ဒီကောင်က ပဝါကို မျက်နှာမှာမစီးဘဲ လက်ကောက်ဝတ်မှာ အမြဲဝတ်ထားလေ့ ရှိတယ်။ အဲဒီပဝါရဲ့အရောင်ဟာ ပိတောက်ခြောက်ရောင် ခပ်ဝါဝါဖြစ်နေတယ်ဆိုတာ ကျုပ် သတိထားမိတော့ ကိုမြဝင်းနဲ့ ဦးသောင်းမြင့်တို့ အသတ်ခံရတဲ့အမှုမှာ သဲလွန်စအဖြစ် ရထားတဲ့ ပိုးကြိုးမျှင်အဝါရောင်ကလေးကို ဖျတ်ခနဲ သတိရ သွားလို့ပဲဗျ။ ကဲ . . . အိုင်ဆေး သတင်းထူးကလေးများ ရရင်လည်း ကျုပ်ကို ထပ်မျှပါဦး၊ သွားပြီဗျို့''

ဟုဆိုကာ ဆားပုလင်းစိုးဝင်းနှင့် လမ်းခွဲပြီး ထွက်သွားပါတော့သည်။

❑❑❑





## အယောင်ဆောင်ဘဝ ကွာလိုကျ

ကျော်စိုးက သူ၏အလုပ်တာဝန်များကို ထမ်းဆောင်ပြီးနောက် အပြင်၌ပင် ညစာစားကာ ခင်လှဲရီတို့အိမ်သို့ ညခုနစ်နာရီလောက်မှ ပြန်လေ့ရှိသည်။

ကနေ့လည်း မင်းကြီးဦးအုန်းခိုင်နှင့် သွားရောက်တွေ့ဆုံပြီး မကြာခင်က ဖြစ်ပွားခဲ့သော လူသတ်မှုနှစ်မှု ၏အခြေအနေများကို နှုတ်ဖြင့် အစီရင်ခံခဲ့သည်။

''ဘရွတ်ကင်းလမ်းလူသတ်မှုနဲ့ မကျည်းတန်းလူသတ်မှုကို ကျူးလွန်ခဲ့တဲ့ တရားခံဟာ တစ်ယောက်တည်းပါ မင်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုကျူးလွန်တာဟာလည်း ရွှေငွေဥစ္စာပစ္စည်းထက် ဒေါင်းဘယက်နဲ့ ပတ်သက်နေတဲ့အကြောင်းတစ်ခုကြောင့် ဖြစ်ပါတယ်။ အဲဒီဒေါင်းဘယက်ရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်ပြီး တစ်နွယ်ငင် တစ်စင်ပါတဲ့အကြောင်းတွေနောက်လိုက်ပါမှ လူသတ်တရားခံနဲ့ အပေါင်းပါတွေကို ဖမ်းဆီးနိုင်ပါလိမ့်မယ်။ ဒါကြောင့် ဌာနအုပ်တွေ အမှုလိုက်တွေကို ဖိအားပေးရုံနဲ့ ပွဲပြီးသွားမှာမဟုတ်ပါဘူး။ ဒေါသကြောင့် ရန်ငြိုးရန်စကြောင့် ဥစ္စာပစ္စည်းလိုချင်မှုကြောင့် သတ်ဖြတ်ကြတဲ့ လူသတ်မှုတွေလို မဟုတ်တဲ့အတွက် အချိန်ပေးဖို့တော့ လိုပါတယ် ခင်ဗျာ''

ကျော်စိုးက ရှင်းပြလိုက်သောအခါ မင်းကြီးက . . .

''ကောင်းပြီလေ၊ ဒါဖြင့် မောင်မင်း အချိန်ဘယ်လောက်လိုချင်တာလဲ။ သိပ်ပြီးကြန့်ကြာနေရင် တို့ပုလိပ်အဖွဲ့ကြီးကို လူထုက အထင်မြင်သေးလိမ့်မယ်''

ဟု ပြောလေသည်။

''နှစ်လအတွင်း ဖော်ထုတ်ပါ့မယ်၊ နှစ်လအတွင်းမှ တရားခံမမိရင် ကျွန်တော် အလုပ်ထွက်ပါ့မယ်။ နှစ်လအတွင်း ဖမ်းမိပြီး အမှုဖြစ်စဉ်ကို သတင်းစာထဲမှာ ဖော်ပြလိုက်ရင် ပြည်သူလူထုက





ဆော့နပ်သွားကြမှာပါ''

''နှစ်လဆိုတာ အင်မတန်ကြာလွန်းလှတယ်။ အဲဒီအတွင်းမှာ လူသတ်မှုတွေ ထပ်ဖြစ်လာပြီး လူထု ကြောက်လန့်ထိတ်လာရင် မောင်မင်း အလုပ်မထွက်ခင် ပြည်ထဲရေးဝန်ကြီး ခင်မောင်ဖော်က ငါ့ကို အလုပ်ဖြုတ်ပစ်လိမ့်မယ်။ အေးလေ . . . ဘာပဲဖြစ်ဖြစ် အရင့်အရင်အမှုတွေမှာ မောင်မင်းရဲ့လုပ်ပုံကိုင်ပုံ လုပ်ရည်ကိုင်ရည်တွေကို တွေ့ဖူးတဲ့သူတစ်ယောက်အနေနဲ့ ကျုပ် မောင်မင်းကို အခွင့်အရေးပေးလိုက်မယ်။ တရားခံကို အမိအရ ဖမ်းပြီး ခေါ်လာခဲ့။ ဒီလူ့ကို ကျုပ်ကြည့်ချင်တယ်''

မင်းကြီးဦးအုန်းခိုင်ကို အရိုအသေပေးပြီးနောက် ပုလိပ်ရုံး (Commissioner of Police Law Court Building) မှ ထွက်ခဲ့ပြီး ဗိုလ်တထောင်ရဲဌာနသို့ ဝင်ခဲ့သည်။ ဌာနအုပ် ဦးမျိုးတင့်နှင့် အဆင်သင့်တွေ့သောကြောင့် မင်းကြီးအား ကတိပေးခဲ့ပြီးဖြစ်ကြောင်းပြောပြကာ စိတ်အေးသက်သာနေဖို့ နှစ်သိမ့်လိုက်၏။

''အိုင်အိုရဲ့အစွမ်းကိုတော့ ယုံကြည်ထားပြီးသားပါ။ ဒီအမှုမှာ လူသတ်သမားက မြေလျှိုးမိုးပျံနိုင်ရင်တောင် အိုင်အိုလက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တန်းဆင်းလာမယ်ဆိုတာ ကျုပ်သိပါတယ်။ ကျုပ်တို့ဘက်က လုပ်သင့်လုပ်ထိုက်တာတွေကိုလည်း အကုန်လုပ်ပေးပါ့မယ်။ လိုတာ ရှိလည်း ထပ်ပြောပေါ့''

ဌာနအုပ်ဦးမျိုးတင့်က မင်းကြီးဦးအုန်းခိုင်၏အဆူအ ခံရခြင်းမှ ခေတ္တအေးသွားရပြီဖြစ်သောကြောင့် ကျော်စိုးကို ကျေး ဇူးတင်သည်။

''ကျွန်တော် တစ်ခုသိချင်တာက ဖရေဇာလမ်း (အနော် ရထာလမ်း) မှာဖွင့်ထားတဲ့ 'သရီးဖရင်း' (Three Friend)ကုမ္ပဏီက မင်ဘာအဖွဲ့ဝင်သုံးယောက်ဖြစ်တဲ့ ကိုညွန့်လှိုင်၊ ကိုရဲညွန့်နဲ့ ကိုတင် ဦးတို့နောက်ကြောင်းရာဇဝင်ပါပဲ''

''ဟုတ်ပြီလေ၊ ကျုပ် ဆားပုလင်းစိုးဝင်းကို တာဝန်ပေး လိုက်ပါ့မယ်။ တစ်ရက် နှစ်ရက်လောက်စောင့်ပါ''

ဌာနအုပ်ဦးမျိုးတင့်က ပြောလိုက်သဖြင့် ကျော်စိုးက ပြုံးပြီး ဦးမျိုးတင့်ရှေ့ရှိ ကုလားထိုင်မှထကာ –

''ကဲ သွားပြီဗျို့ . . . ခရီးကတော့ တစ်ဝက်လောက် ပေါက် နေပြီမို့ အားလုံးအဆင်ပြေသွားပါလိမ့်မယ်''

ပြောဆိုပြီး ရဲဌာနထဲမှ ထွက်လာခဲ့သည်။ ထို့နောက်





ကုက္ကိုင်းရေကူးကန်သို့သွားကာ အကြောအခြင်ပြေ ရေကူးလိုက် ပြန်သည်။ ရေကူးကန်သို့ ရေကူးရန်လာသော တရုတ်မလေးများ၊ အင်္ဂလိပ်ကပြားမလေးများအား မျက်စိစားပွဲထိုင်ကာ ဇိမ်ခံ ကြည့်ရှုနေလိုက်သေးသည်။

ညနေ နေအတော်စောင်းမှပင် ကုက္ကိုင်းလမ်းတွင်ရှိသော ဟိုက်စွမ်ပျော်ပွဲစားရုံသို့ဝင်ကာ ညစာ စားသောက်ပြီး ကုက္ကိုင်းမှ ဆင်ဖြူတော်ဘတ်စ်ကားကိုစီး၍ လမ်း (၂၀) တရုတ်တန်းသို့ ပြန် လာသည်။

ထို့နောက် လသာလမ်း တရုတ်ဘုံကျောင်းသို့ဝင်ကာ ဘုံ ကျောင်းလူကြီးဆီဖူး (အောင်သန်းဦး) နှင့်အတူ တရုတ်ရိုးရာသိုင်း ကို ကစားပြန်သည်။ ဆီဖူးကား ကျော်စိုးကို တရုတ်ရိုးရာသိုင်း ပညာသင်ပေးသည့်ဆရာ ဖြစ်သည်။

''လူတစ်ယောက်ကို လက်ကလေးနဲ့ တို့ထိရုံနဲ့ သေ အောင်လုပ်နိုင်တယ်ဆိုတာ ဘယ်သူကမှ ယုံမှာမဟုတ်ဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ အားနဲ့မာန်နဲ့ ပြင်းပြင်းထန်ထန် ထိုးနှက်လိုက် တာ မဟုတ်လို့ပဲ။ နံရိုးတွေကျိုးအောင် ဒါမှမဟုတ် အရိုက်တို့ ခိုက်တို့ကို တံတောင်၊ လက်သီးတို့နဲ့ အားကုန်ထိုးနှက်လိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တည်း ခွေလဲပြီး မေ့ချင်မေ့၊ သေချင်သေလိမ့်မယ်လို့ မျက်မြင်နဲ့ မှန်းဆပြောကြတယ်။ ဒါပေမဲ့ ကျုပ် စောစောက ပြောခဲ့သလို လူတစ်ယောက်ရဲ့သေကွင်းသေကွက်ကို လက်နဲ့ အသာလေးထိမှန်းမသိ ထိလိုက် တို့လိုက်တာနဲ့ ဆယ်ရက် တစ်လ အတွင်း အတွင်းကြေကြေပြီး သေအောင်လုပ်နိုင်တဲ့ပညာ ကျုပ်တို့ လူမျိုးတွေမှာရှိတယ်''

ဆီဖူး (အောင်သန်းဦး) ၏စကားကြောင့် ကျော်စိုး စိတ်ဝင်စားသွားပြီး ထိုပညာကို ရရန် ဆီဖူးထံ တပည့်ခံလေသည်။

''ဒီလိုပညာသင်ပေးရဖို့ဆိုရင် ကျုပ်တို့လူမျိုးတွေဟာ တပည့်မွေးသင့် မမွေးသင့် တပည့်ဖြစ်လာမယ့်လူကို အမျိုးမျိုး စမ်းသပ်ပြီးမှ လက်ခံလေ့ရှိတယ်။ စိတ်နေသဘောထား ဖွဲ့လုံ့လ စသည်ဖြင့်ပေါ့။ ပညာအမွေ ပေးသင့်တယ်လို့ ယူဆပြန်ရင်လည်း ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ပေးတာကစလို့ အခြေခံပညာကနေ ပညာရှင်အဆင့်ထိ ဆယ်နှစ် ဆယ့်ငါးနှစ်တိုင်အောင် လက်ထပ် သင်ယူကြရတယ်''

ဆီဖူးက ရှင်းပြလိုက်သောကြောင့် ကျော်စိုး အားငယ် သလိုလို ဖြစ်သွားပြီး . . .





''ဒါဖြင့် ကျွန်တော့်ကို သင်မပေးနိုင်ဘူးပေါ့''

ဟု ပြောလိုက်၏။

''သင်ပေးပါ့မယ်၊ ဘာဖြစ်လို့ သင်ပေးရတာလဲဆိုတော့ ခင်ဗျားဟာ လူ့လောကကြီးထဲမှာ လူလူချင်း ငြိမ်းချမ်းမှုကင်းအောင် ကူပေးနေကြတဲ့ လူဆိုးလူမိုက်၊ လူသတ်သမားတွေကို အသက် စွန့် ရင်ဆိုင်နေရတဲ့ ဥပဒေဘက်တော်သား လူကောင်းတစ်ယောက် ဖြစ်လို့ပါပဲ။ ခုတင်ကပြောသလို ဆယ်နှစ်, ဆယ့်ငါးနှစ် သင်ရတဲ့ ပညာဆိုပေမယ့် ဉာဏ်သွားရင် သွားသလောက် အတတ်မြန်ပါ တယ်။ မပြတ်လေ့ကျင့်နေရင် ကျွမ်းကျင်မှုပိုလာပြီး ကိုယ့်ကိုယ် ကိုယ် လုံခြုံအောင် ကာကွယ်နိုင်ပါတယ်။ စိတ်မပျက်တမ်း သင်ယူ ပေါ့''

ဆီဖူး (အောင်သန်းဦး) က သင်ပေးမည်ဆိုသဖြင့် ကျော်စိုး ဝမ်းသာလွန်း၍ ထိုနေ့မှစကာ အခြေခံသဘောတရားများကို ကြိုးစားသင်ယူခဲ့လေသည်။ ရှောင်လင်သိုင်းပညာမှာ အာတေးမိ ဆို ရန်သူကို ချက်ကောင်းရွေးချယ်တိုက်ခိုက်ကြရာတွင် ရန်သူ၏ သေကွင်း သေကွက်နေရာများကို သိထားရမည်ဟု ဆိုသည်။

လူ၏ခန္ဓာကိုယ်ရှိ သေကွင်းသေကွက်နေရာများသည်



www.burmeseclassic.com

www.burmeseclassic.com



လူ့ခန္ဓာကိုယ်အတွင်း အချိန်အပိုင်းအခြားအလိုက် ရွေ့လျားနေ
လေသည်။ အချိန်နာရီအားဖြင့် ပိုင်းခြား၍ ဆီပူးက ပြောပြသည်
လူ့ခန္ဓာကိုယ် ရုပ်ပုံကားချပ်များဖြင့်လည်း လက်တွေ့ရှင်းလင်း
ထောက်ပြသည်။

"လူရဲ့ခန္ဓာကိုယ်ထဲက ကလီစာတွေဆီကို သွေးသွားလာ
မှုတွေက လှည့်နေလေတော့ သူတို့ရောက်တဲ့နေရာကို ဖမ်းမိမှ အ
လူကို အသေလုပ်လို့ရတယ်။ တစ်နေ့တာမှာ နှစ်ဆယ့်လေးနာ
ရှိတဲ့အထဲက ည (၁) နာရီအချိန်မှာ ယင် (Yin)ဆိုတဲ့ အဆုတ်နေ
ရာမှာ သေကွင်းက တည်တယ်၊ (၂) နာရီအထိပေါ့။ အဲဒီအတော
အတွင်းမှာ 'ယင်' ကို တိုက်ခိုက်နိုင်ရင် ရန်သူဟာ သေမှာပဲ
ဒီလိုပဲ (၃) နာရီကနေ (၄) နာရီအတွင်းမှာ 'မော်' (Mao) လို့ခေါ်တဲ့
အူမ၊ (၅) နာရီက (၆) နာရီအတွင်းမှာ 'ချစ်' (Chew) လို့ခေါ်တဲ့
အစာအိမ်၊ (၇) နာရီကနေ (၈)နာရီ အတွင်းမှာ 'ချီ' (Chi) လို့ခေါ်တဲ့
နှလုံးအိမ်အောက်နားလေးနဲ့ အစာအိမ်ကြား။ (၉) နာရီက (၁၀
နာရီအတွင်းမှာ 'ဝူ' (Wu) လို့ခေါ်တဲ့ နှလုံးသားနေရာ။ (၁
နာရီက (၁၂) နာရီကြားမှာ 'ဝေ' (Wei) လို့ခေါ်တဲ့ အူသိမ်နေရာ
ချက်အထက်၊ (၁၃) နာရီခွဲ (၁၄) နာရီကြားမှာ 'ရှင်' (Shen)လို





ခေါ်တဲ့ ဆီးအိမ်နေရာ၊ (၁၅) နာရီနဲ့ (၁၆) နာရီကြားမှာ 'ယူ'
(Yu) လို့ခေါ်တဲ့ ကျောက်ကပ်နေရာ၊ (၁၇) နာရီနဲ့ (၁၈) နာရီကြားမှာ
▪' (Shu) လို့ ခေါ်တဲ့ ရင်ညွန့်နှလုံးသားအထက်ပိုင်း၊ (၁၉)
နာရီနဲ့ (၂၀) နာရီ ကြားမှာ 'ဟိုင်း' (Hai) လို့ခေါ်တဲ့ ချက်တိုင်နေ
ရာ၊ (၂၁) နာရီနဲ့ (၂၂) နာရီကြားမှာ 'ဇူး' (Tzu) လို့ခေါ်တဲ့
သည်းခြေနေရာ၊ (၂၃) နာရီနဲ့ (၂၄) နာရီကြားမှာ 'ချို' (Chou)
လို့ခေါ်တဲ့ အသည်းနေရာတွေကို အသာကလေးတို့ ထိလိုက်ရုံနဲ့
သို့စွအချောပဲ ကိုယ့်လူ"

ဆီပူးက စိတ်ပါလက်ပါ ရှင်းလင်းတင်ပြပေးသည်။

"ထိရုံတို့ရုံနဲ့ တကယ်သေပါ့မလားဗျာ"

ကျော်စိုးက တအံ့တသြဖြင့်ဆိုသောအခါ –

"ဒါကြောင့် ပညာဆိုတာ နှစ်နဲ့ချီပြီးသင်ရတယ်လို့ ပြော
တာပေါ့။ သာမန်လူတစ်ယောက်ရဲ့လက်နဲ့တော့ အားကုန်ထိတာ
တောင် သေချင်မှသေမယ်။ ဒီပညာကို အပတ်တကုတ် ကြိုးစား
သင့်တဲ့လူအဖို့ကတော့ အတွင်းအားတွေကို တိုးပွားလာအောင်
နေ့စဉ်လေ့ကျင့်ရမယ့်ကဏ္ဍက သိပ်အရေးကြီးတယ်။ ခင်ဗျားတို့
ဒိန်မာတွေ ပြောပြောနေတဲ့ ကီသွင်းတဲ့နည်းပေါ့ဗျာ။ အမှန်က



www.burmeseclassic.com

www.burmeseclassic.com



ကီလည်း မဟုတ်ဘူး၊ ကီးလည်း မဟုတ်ဘူး။ တရုတ်လို 'ချီ' လို့ ခေါ်တယ်။ အဓိပ္ပာယ်ကတော့ အသက်ရှူလေ့ကျင့်ခန်း လုပ်တာပါ။ သမထထိုင်သလိုပေါ့ဗျာ။ အသက်ရှူတဲ့အခါ စိတ်ငြိမ်လာပြီး ကိုယ်ထဲမှာ သွားလာနေတဲ့ သွေးကြောထဲက ကိုယ်တွင်းအားကို အသက်ရှူတဲ့လေနဲ့ လက်မောင်းရင်းကနေ လက်ဖျားကလေးထိပို့ လွှတ်ရပါမယ်။ ထိုအတူ ခြေဖျားလက်ဝါးစောင်း စသည်ဖြင့် ရောက်အောင် ပို့လွှတ်နိုင်တဲ့အထိ အသက်ရှူလေ့ကျင့်ခြင်းကို တစ်နေ့တာ အချိန်ကာလပိုင်းပြီး လုပ်ရပါမယ်။ လူတိုင်းလူတိုင်းရဲ့ခန္ဓာကိုယ်ထဲမှာ အလွန်ကြီးတဲ့ ခွန်အားရှိပါတယ်၊ ဥပမာပြောရမယ်ဆိုရင် သေပြေးရှင်ပြေး ပြေးရတဲ့အခါ ခုန်လိုက်တဲ့အမြင့်ဟာ သာမန်အချိန်မှာ အကြိမ် (၁၀၀) ခုန်လည်း အဲသလောက် မမြင့်ပါဘူး။ ဒီလိုပါပဲ ရပ်ကွက်ထဲမှာ မီးလောင်လို့ ကြောက်ကြောက်လန့်လန့်နဲ့ ထမ်းပိုးသယ်ပြေးလာတဲ့အထုပ်ကြီးဟာ လူလေးငါးယောက်လောက် 'မ' ရမယ့်ပစ္စည်း ဖြစ်နေတတ်တယ်။ အဲဒါ အတွင်းအားရဲ့ပြယုဂ် သဏ္ဌာန်ပါ။ ဒါကြောင့် စောစောက ပြောခဲ့တဲ့ ယင်၊ မော်၊ ချင်၊ ချီး ဝူ၊ ဝေ၊ ရှင်၊ ယူ၊ ရှူ၊ ဟိုင်၊ ဖူး၊ ချီဆိုတဲ့ နေရာတွေကို 'ချီ' သွင်းထားတဲ့ လက်ဖျားကလေးနဲ့ ထိလိုက်တာနဲ့ အထိခံရတဲ့သူဟာ





သူမမြင်ရတဲ့ အတွင်းဒဏ်၊ အတွင်းကြေဖြစ်ပြီး ဆယ်ရက် ဒါမှမဟုတ် တစ်လအတွင်း သေနိုင်တယ်"

ဆီဖူးက တရုတ်ရိုးရာ တိုက်ခိုက်နည်းကို ကျော်စိုးအား သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ကာ သင်ပေး၏။

"ဆယ်ရက်နဲ့တစ်လအတွင်း ဘယ်လိုကြောင့် ကွာခြားပြီး သေရတာလဲဟင်"

ကျော်စိုးက မရှင်းသည်ကိုမေးသောအခါ –

"လက်ဆပေါ့၊ လက်ဆများရင် များသလို ရက်ကြာကြာခံဘဲ အတွင်းကြေဝေဒနာအသွင်ပြောင်းသွားပြီး အောင့်တယ်၊ နာတယ်နဲ့ သေတာပဲ။ လက်ဆနည်းရင် ကြာကြာခံတာပေါ့။ ဒီလို သေကွက်မိသွားတဲ့လူအဖို့ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းတောင် မသိဘဲ ရက်ကြာလာမှ ဝေဒနာဖြစ်လာတော့ တချို့ဆိုရင် နတ်ကိုင်တာ စုန်းပြုစားတာ၊ အပင်းသွင်းတာလို့တောင် ထင်ယောင်ထင်မှား ဖြစ်ကြတယ်"

ကျော်စိုးက ဆီဖူး (အောင်သန်းဦး) ကို လေးစားသွားသည်။ မိမိအဖို့ သေမထူး နေမထူး လက်မရွံ့လက်မနှေးသည့် သဘောက်မသား လူရမ်းကား၊ သူခိုးဓားပြများနှင့် ထိတွေ့နေရသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် ကိုယ်လုံးပညာ၊ တိုက်ခိုက်သည့်ပညာများကို အချိန်တစ်ချိန် သတ်မှတ်ကာ နေ့စဉ် လသာလမ်းဘုံကျောင်းကြီးရှိ ဆီဗူးထဲတွင် သင်ယူလေ့ကျင့်နေရခြင်းဖြစ်သည်။

ထိုသို့ ပုံမှန်လေ့ကျင့် ပြီးမှသာ ခင်လှဲ့ရီတို့အိမ်သို့ ပြန်လာခဲ့သည်။ ခြံစောင့်ကြီးက တံခါးဖွင့်ပေးသဖြင့် ခြံဝင်းထဲမှ အိမ်ပေါ်ထပ်သို့ တက်လာခဲ့လေသည်။ ဧည့်ခန်းတွင် ဒေါ်မြမြအား မတွေ့ရဘဲ ခင်လှဲ့ရီတစ်ယောက်တည်း စာထိုင်ဖတ်နေသည်ကို တွေ့ရသည်။

"ဒေါ်ဒေါ်ရော"

ဟု ခရီးရောက်မဆိုက်ပင် မေးလိုက်လေ၏။

"ခေါင်းကိုက်လို့ဆိုပြီး အခန်းထဲ ဝင်လှဲနေတယ်အစ်ကို"

"ဪ ... မတွေ့လို့ မေးကြည့်တာပါ။ နေမကောင်းများဖြစ်နေသလားလို့။ ဒါနဲ့ ညီမနဲ့ စကားနည်းနည်းလောက် ပြောချင်တယ်။ ခြံထဲက သရက်ပင်အောက်မှာ သွားပြောကြရင် ကောင်းမလား"

ဟုပြောလိုက်ရာ ခင်လှဲ့ရီက –

"ရပါတယ် အစ်ကို ... သွားကြတာပေါ့"

ဟုဆိုပြီး ထိုင်ရာမှထသည်။ ကျော်စိုးလည်း ခင်လှဲ့ရီနှင့်





အတူ ခြံထဲသို့ ဆင်းလာခဲ့သည်။ ခုံပိုင်းကလေးပေါ် နှစ်ယောက်သား ထိုင်လိုက်ကြပြီး ကျော်စိုးက စပြောလေသည်။

"ဒီစကားပြောလိုက်ရင် ညီမ စိတ်ဆိုးသွားမလားဆိုပြီး မပြောမိအောင် အောင့်ထားခဲ့ပါတယ်။ ဒါပေမဲ့ မပြောမဖြစ်တဲ့ အချိန်ရောက်လာခဲ့ပြီမို့ ပြောရတော့မယ်။ တကယ်တော့ ဦးသောင်းမြင့်နဲ့ အစ်ကိုဟာ ဘာမှမတော်စပ်ပါဘူး။ ဒေါ်ရွှေကြည်ကလည်း အစ်ကို့ရဲ့အမေ မဟုတ်ပါဘူး"

ကျော်စိုးက သူ့ဘဝအမှန်ကို ပြောချိန်တန်ပြီဖြစ်ရာ အတိအလင်းပင် ပြောပြလိုက်သည်။ ခင်လှဲ့ရီက ကျော်စိုး၏စကားကြောင့် အံ့သြသွားပြီးလျှင် –

"ဒါဆို အစ်ကိုက ညီမတို့အိမ်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ အယောင်ဆောင်ပြီး ရောက်လာခဲ့တာလဲဟင်။ ညီမတို့သားအမိကို အယုံသွင်းပြီး ဒုက္ခပေးမလို့များလား အစ်ကိုရယ်"

ဟု ဝမ်းနည်းကြေကွဲသောလေသံဖြင့် ပြောလိုက်သည်။ ကျော်စိုးက ခင်လှဲ့ရီကိုကြည့်ပြီး ကရုဏာသက်သွားမိလေ၏။

"ဒုက္ခပေးဖို့မဟုတ်ပါဘူး ညီမရယ်။ ကိုယ့်ဘဝကို အမှန်အတိုင်းသိရအောင် ဟန်ဆောင်ထားတဲ့အရေခွံကြီးကို ခွာချပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ ဖွင့်ပြောမိတာပါ။ တကယ်တော့ အစ်ကိုဟာ ဒုစရိုက်မှုနှိမ်နင်းရေး အမှုလိုက်အရာရှိ အင်စပက်တာ(Inspecter) တစ်ယောက်ပါ။ ဇနီးမယားနဲ့သားသမီးမရှိတဲ့ လူပျိုဖြစ်လို့ အရာရှိရိပ်သာမှာ တစ်ကိုယ်တည်းနေပါတယ်။ ပုဂံညောင်ဦးသားတစ်ယောက် မဟုတ်တဲ့အပြင် ရန်ကုန်မှာ အလုပ်လာရှာတာလည်း မဟုတ်ပါဘူး။ ညီမရဲ့အဖေ ဦးသောင်းမြင့် အသတ်ခံရတဲ့အမှုမှာ ပါဝင်ပတ်သက်နေတဲ့ ဒေါင်းဘယက်နဲ့ပတ်သက်ပြီး လူသတ်တရားခံဟာ ညီမတို့အိမ်ကို ဒုတိယအကြိမ် ပြန်လာမယ်။ ပြီးတော့ သူ့လိုဘ မပြည့်ရင် အိမ်သားတစ်ဦးဦးကို နောက်ထပ် သတ်ပစ်မှာကိုစိုးရိမ်ပြီး အထက်အရာရှိရဲ့ ခွင့်ပြုချက်နဲ့ ဒီအိမ်မှာ နေခွင့်ရအောင် ဖန်တီးခဲ့ရတာပါ။ ထင်တဲ့အတိုင်းပဲ၊ လူသတ်သမားဟာ နောက်ထပ်တစ်ကြိမ် ရောက်လာပြီး ဒေါင်းဘယက်ကို မေးတော့တာပဲ။ အဲဒီ သဲလွန်စနဲ့ အစ်ကိုတို့ ကွင်းဆက်ရှာဖို့ အခြေအနေတွေ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် အခု အရေးအကြီးဆုံး ကွင်းဆက်တစ်ခုကို ဖော်ထုတ်ဖို့အတွက် အစ်ကို့ရုပ်လုံးအမှန်ကို ဖွင့်ပြရတာပါ။ ဒီလိုဟန်ဆောင်ခဲ့တဲ့အတွက် ညီမ အစ်ကို့ကို စိတ်ဆိုးနေလားဟင်''

ကျော်စိုးက ရှင်းပြလိုက်သဖြင့် ခင်လှဲ့ရီက စိုးရိမ်ကြောင့်ကြ





ပ်ကလေးများ ကင်းစင်သွားလေသည်။ သွေးမတော် သားမစပ် နေနီးနီး လက်ပွန်းတတီးနေခဲ့ကြပုံများကို ပြန်ဒေွးမိပြီး ရင်ဖို သွားလေ၏။

''ကဲ . . . ဘဝအမှန်ကို လုပ်ကြံမှုမပါဘဲ ရှင်းအောင်ပြောပြ ပြီးမှ ညီမ သိချင်တာကို ထပ်ပြောပြမယ်''

ကျော်စိုးက ခပ်တည်တည်နှင့် ပြောလိုက်သောအခါ–

''ဘာများလဲ အစ်ကို''

''ဟော . . . ကိုယ်ပြောခဲ့ဖူးတဲ့စကားကို မေ့သွားပြီလား။ သာတဲ့ည တစ်ညတုန်းက ဟောဒီခုံတန်းကလေးမှာထိုင်ပြီး ကေ အစ်ကို့ရင်ထဲမှာ အုံ့ပုန်းချစ် ချစ်ရတဲ့ မိန်းကလေးတစ်ယောက်တော့ ရှိနေပြီထင်တယ်။ ဘယ်သူလဲဟင်လို့ မေးခဲ့ဖူးတယ်လေ''

ကျော်စိုး ပြောစကားကြောင့် ခင်လှဲ့ရီ ရှက်သွားပြီး ခေါင်းငုံ့ လိုက်လေသည်။

''ဟိုတုန်းကတော့ ပြောချင်ပေမယ့် မောင်နှမဝမ်းကွဲ တော်တယ်လို့ ပြောထားမိတော့ ပြောချင်တာတောင် ပါးစပ်ကို ပိတ်ထားရတဲ့ဘဝမျိုး။ အခုတော့ အရှိကို အရှိအတိုင်း ပြောတော့မယ်။ အစ်ကို့ရင်ထဲမှာ ရှိနေတဲ့မိန်းကလေးဟာ အဝေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာမဟုတ်ဘူး အစ်ကိုရှေ့မှာထိုင်နေတဲ့ မိန်းကလေးပဲ။ ကျောင်းတုန်းက ပညာရေးကို ဖိကြိုးစားနေခဲ့ရလို့ အသာသိမ်းထားခဲ့ရတဲ့ ဆန္ဒကို ခုတော့ တားဆီးမထားချင်တော့ဘူး။ အစ်ကို ခင်လှဲ့ရီကို ချစ်တယ်''

ကျော်စိုးက တည့်တည့်ကြီးပြောချလိုက်သောအခါ ခင်လှဲ့ရီ၏ရင်ထဲတွင် ဒိန်းခနဲပင် မြည်သွားလေတော့သည်။ မိန်းကလေးတစ်ယောက်အဖို့ ကိုယ်နှစ်သက်မိသောယောကျ်ားတစ်ယောက်က ကိုယ့်ကို ချစ်ပါတယ် ကြိုက်ပါတယ်ဟု အပြောခံရသည်ထက် ပို၍ ကြီးသော လာဘ်လာဘဟူသည် လောကတွင် မရှိကြောင်း မိန်းကလေးတိုင်း လက်ခံထားကြပါသည်။

ထို့အတူ ထိုကဲ့သို့ ကိုယ်က ချစ်ရသူ၏နှုတ်ဖျားမှ ကိုယ့်ရှေ့တွင် ကိုယ့်ကို ချစ်ပါသည်ဟု အပြောခံရသည်ထက် ပို၍ ဝမ်းသာပျော်ရွှင်ရသော အဖြစ်မျိုးမရှိဟု ခံစားနားလည်ကြပါသည်။

ယခု ခင်လှဲ့ရီက သူချစ်သော ကျော်စိုးက သူ့ကို နှုတ်ဖွင့်ပြောလိုက်သောအခါ ပီတိအဟုန်နှီးဆော်မှုကြောင့် ရင်ခုန်လှ သဖြင့် ဒိန်းခနဲပင် ခံစားလိုက်ရသော်လည်း တိမ်ဖုံးသည့်လကဲ့သို့ ဝင်းပကြည်လင်နေသော မျက်နှာကလေးမှာ တစ်မဟုတ်ချင်း





ညှိုးငယ်သွားတော့သည်။

ခင်လှဲ့ရီ၏မျက်နှာလေးကို ပျောက်ကွယ်သွားမည်စိုးသဖြင့် စေ့စေ့ကြည့်နေသော ကျော်စိုးက ပြုံးတော့မည့်မိုးကဲ့သို့ ညှိုသွားသည်ကို တွေ့လိုက်ရ၍ ရင်ထဲက တထိတ်ထိတ် ဖြစ်သွားလေ၏။

''ဘာဖြစ်လို့လဲဟင် ညီမ၊ အစ်ကို့စကား လွန်သွားလို့လား။ အစ်ကို့ကို စိတ်ဆိုးသွားလားဟင်''

ကျော်စိုးက ကိုယ့်အတ္တကြောင့် တစ်ပါးသူ၏သိက္ခာနှင့် သိပ်ပြာကို အနှောင့်အယှက်ပြုမိလေပြီဟု စိတ်မကောင်းဖြစ်သွားရသည်။ ခင်လှဲ့ရီက ကျော်စိုးကို ခေါင်းကလေးယမ်းပြကာ–

''စိတ်ဆိုးလို့မဟုတ်ပါဘူး အစ်ကိုရယ်။ စိတ်မကောင်းလွန်းလို့ပါ။ အစ်ကိုနဲ့ညီမ မောင်နှမဝမ်းကွဲ တကယ်တော်စပ်ခဲ့ရင်တောင် ဒီလောက်ဝမ်းနည်းမိမှာ မဟုတ်ဘူး။ အခုလို ဘာမှ မတော်စပ်ဘူးဆိုတာ သိရတော့ ညီမ ယူကျုံးမရဖြစ်ရတယ် အစ်ကို''

ခင်လှဲ့ရီက မျက်ရည်များကို လက်ခုံနှင့်သုတ်ရင်း ဝမ်းနည်းပက်လက်ဖြင့် ပြောလိုက်သည်။

''အစ်ကိုတော့ ဘာမှနားမလည်တော့ဘူး။ အစ်ကိုတို့ ဘာမှမတော်ဘူးဆိုရင် ဘာလို့ မနီးနိုင်ရတာလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးက မချင့်မရဲလေသံဖြင့်ဆိုသည်။

"မှန်ရာကို ဝန်ခံရရင် ညီမ အစ်ကို့ကို ချစ်ခဲ့မိတယ် အစ်ကို။ မောင်နှမဝမ်းကွဲတော်တယ်လို့ သိရတဲ့အချိန်မှာ ညီမရဲ့ ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ ဩော် ... တို့က ချစ်သူအဖြစ် (၁၅၀၀) မေတ္တာနဲ့ ဒီဘဝမှာ မချစ်ကြရပေမယ့် (၅၂၈) မေတ္တာနဲ့ ချစ်ခွင့်ရနေသေးပါလားဆိုပြီး ဖြေသိမ့်ခဲ့ပါတယ်။ အစ်ကို ရောက်လာပြီး မကြာခင်မှာပဲ မေမေက ညီမကို သမီး၊ မောင်နှမ ဝမ်းကွဲဆိုပေမယ့် လူကြီးမိဘတွေရဲ့ကွယ်ရာမှာ နီးနီးစပ်စပ် မနေနဲ့ နော်တဲ့။ နီးစပ်တဲ့အခါမှာ မှောင်တကာ့အမှောင်ဆုံးထဲမှာ ကြောက် စရာအကောင်းဆုံးအမှောင်ထဲကိုသာ မတော်လို့ တိုးဝင်မိကြမယ် ဆိုရင် အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး လူတကာရဲ့တံတွေးခွက်မှာ ပက်လက်မျောလိမ့်မယ်တဲ့။ ဒီတော့ ညီမက မေမေရယ် အစ်ကို ကျော်စိုးဟာ ယောကျ်ားပီသပါတယ်။ မောင်နှမဆိုပေမယ့် သူက သမီးကို ရင်းရင်းနှီးနှီးမနေဘဲ ခပ်ခွာခွာနေပါတယ်။ ပြီးတော့ ယောကျ်ားကောင်းတွေမှာရှိတဲ့ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံပါတယ် ဖေဖေ့အမှုကိစ္စကလွဲရင် မေမေ့ကွယ်ရာမှာ ကိုယ်ရေးကိုယ်တာ ဘာကိစ္စမှ မပြောဖူးပါဘူးလို့ ပြောတော့ ... မေမေက အေး





မေမေယုံပါတယ်။ သတိဆိုတာ ပိုတယ်မရှိပါဘူးကွယ်။ သမီးကို မေမေ ဖွင့်ပြောသင့်ပြီထင်တဲ့ စကားတစ်ခွန်းကို ပြောပြမယ်။ သမီး ကတော့ မှတ်မိချင်မှ မှတ်မိမယ်။ သမီးငယ်ငယ်က မေမေတို့အိမ် နားမှာ စပါးအင်စပက်တော် ဦးဖေမောင်ထွန်းဆိုတဲ့လူတစ်ယောက် ရှိတယ်ကွဲ့။ သူ့မိန်းမနဲ့မေမေက ညီအစ်မအရင်းလို ခင်ခဲ့ကြတယ်။ လုပ်ငန်းချင်းကလည်း ဆက်စပ်နေတာကိုးကွဲ့။ သမီးရဲ့ဘိုးဘိုး ဦးအောင်ကျော်က ဆန်ကုန်သည်၊ အဲဒီအင်စပက်တော် ဖေမောင် ထွန်းက စပါးစိုက်ပျိုး ရေးနဲ့လယ်ယာဖွံ့ဖြိုးရေးကို တာဝန်ယူ ဆောင်ရွက်နေရတဲ့သူဆိုတော့ တစ်အိမ်နဲ့တစ်အိမ် ဝင်ထွက်လည် ပတ်မှုကလည်း ရှိကြတယ်။ မေမေက သမီးရဲ့ဖေဖေ ဦးသောင်းမြင့်နဲ့ အိမ်ထောင်ကျတော့ အင်စပက်တော်ကြီး ဖေမောင်ထွန်းမှာ သား လေးတစ်ယောက်တောင် ရနေပြီကွဲ့။ မေမေက သမီးကိုမွေးတော့ သူက သူ့သားနဲ့ပေးစားမယ်ဆိုပြီး မေမေ့ကို နားဖောက်တယ်။ မေမေက နောက်ပြောင်ပြောနေတယ်လို့ ထင်ခဲ့တာ။ သူက အတည် ပြောတာ။ ကြီးလာရင် တကယ်ပေးစားမှာတဲ့။ အဲဒီလိုနဲ့ သမီး ငါးနှစ်သမီးလောက်မှာ သူတို့ နယ်ကိုပြောင်းသွားတယ်။ ဒါပေမဲ့ ဒီထိ စာအဆက်အသွယ် မပြတ်ဘူး။ ရန်ကုန်ရောက်တဲ့အခါ မေမေ့



www.burmeseclassic.com

www.burmeseclassic.com



ဆီကို လာလည်တယ်။ သမီး ဓာတ်ပုံကိုကြည့်တယ်။ သူ့သားဓာတ်ပုံကို ပြပါဆိုတော့ သူ့သားက ချောပါတယ်၊ ဘွဲ့လည်း ရပြီးပြီ၊ ဒါပေမဲ့ လျှို့ဝှက်တဲ့အလုပ်တွေကို လုပ်နေရတဲ့သူမို့ ဓာတ်ပုံကိုတော့ မကြည့်ပါနဲ့တော့တဲ့။ မေမေ နောက်ဆုံးပြောချင်တာကတော့ သမီးကို အဲဒီ မေမေ့သူငယ်ချင်းမ ရဲ့သားနဲ့ ပေးစားဖို့ သဘောတူထားတယ်၊ ဒါကြောင့် သမီး ဘယ်သူ့ကိုမှ အိမ်ထောင်ဖက် မရှာပါနဲ့တော့တဲ့၊ ညီမလည်း မေမေစိတ်ချမ်းသာအောင် ခေါင်းညိတ်လက်ခံခဲ့တယ် အစ်ကို''

ခင်လှဲ့ရီက ပြောရင်း ဆိုရင်းနှင့် ရှိုက်သံပါလာတော့သည်။

''အစ်ကို နားလည်ပါပြီ ညီမရယ်။ စိတ်မကောင်းဖြစ်မနေပါနဲ့တော့။ အခုလို တစ်ယောက်ရဲ့ဆန္ဒကို တစ်ယောက်က သိခွင့်ရသွားတာကိုပဲ အစ်ကိုတို့အတွက် ဖြေသိမ့်နိုင်စရာ မဟုတ်လား''

ကျော်စိုးက ရင်နင့်နင့်နှင့်ပြောလိုက်ရင်းက ရွှေစာဆိုတစ်ဦး၏ကဗျာတစ်ပုဒ်ကို သတိရလိုက်သည်။

ဘဝဆက်ဆက်၊ ဟိုးရှေးဆက်က
ပေါင်းဆက်ရကြောင်း။ ဆုမွန်ကောင်းကို
ဆုယူဆုတောင်း။ မပြုကြောင်းခဲ့





ကောင်းမှုမျိုးချ၊ လှူဒါနကို
တကွအတူ မပြုခဲ့လေသလော။

''ကဲ ... ဒါတွေ ထားလိုက်ပါတော့လေ။ ညီမဆီက အစ်ကို အကူအညီတစ်ခု တောင်းချင်တယ်''

''ဘာများလဲ အစ်ကို၊ ညီမ ကူညီနိုင်တာဆိုရင် စိတ်ရောကိုယ်ပါ ကူညီပါ့မယ်''

ခင်လှဲ့ရီက လိုလိုလားလားပင် ပြောလိုက်လေ၏။

''အစ်ကိုက ဘဏ္ဍာကင်းလမ်း လူသတ်မှုနဲ့ မကျည်းတန်း လူသတ်မှုကို တာဝန်ယူထားရတဲ့သူမို့ ညီမတို့အိမ်ကို ရောက်လာခဲ့ပြီးတဲ့နောက် အစ်ကို့စိတ်ထဲမှာ ဒေါ်ခင်ဘာယက်ကိစ္စနဲ့ ညီမတို့မိသားစု နွယ်ယှက်နေတယ်လို့ ခံစားမိတယ်။ အဲဒီ ဒေါ်ခင်ဘာယက်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ပြည့်ပြည့်စုံစုံ ဖော်နိုင်မှ ဦးမြခင်ရော ညီမရဲ့အဖေကိုပါ သတ်သွားတဲ့တရားခံကို ဖမ်းဆီးပြီး သူတို့ကို ထိုက်သင့်တဲ့အပြစ်ဒဏ် ပေးနိုင်လိမ့်မယ်လို့ ထင် တယ်''

အိုင်အိုကျော်စိုးက လေးလေးနက်နက်ပြောနေသည်ကို ကြည့်ပြီး ခင်လှဲ့ရီစိတ်ထဲက တွေဝေနေလေသည်။ ပုလိပ်စုံထောက်များကိုပင် ဖွင့်ဟမပြောဘဲ လျှို့ဝှက်ထားခဲ့သော ဒေါ်ခင်ဘာယက်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ကျော်စိုးအား ဖွင့်ပြောရကောင်းနိုး၊ မဖွင့်ပြောရကောင်းနိုး ချီတုံချတုံ ဖြစ်နေပြန်သည်။ ထို့နောက်မှ အတွင်းသိ အစင်းသိ လူကောင်းတစ်ယောက်အဖြစ်နှင့်သာမက တာဝန်ရှိ ပုလိပ်ဘက် အမှုလိုက်အရာရှိတစ်ယောက်အနေနှင့်ပါ ယုံကြည်၍ စိတ်နှလုံး ဖွံ့ဖွံ့ချကာ အားကိုးယုံကြည်ထိုက်သူဟု ယူဆပြီး ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။

''ဖေဖေ အသက်ခံရတဲ့နေ့က ဖေဖေ့အခန်းထဲဝင်ကြည့်ကြတော့ ညီမက ဖေဖေရဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ၊ ပစ္စည်းပစ္စယတွေကို ဘာတွေများ ပျောက်ရကုန်သလဲဆိုပြီး စစ်ဆေးကြည့်တဲ့အခါ ဖေဖေ့အံဆွဲထဲက မှတ်တမ်းစာအုပ်တစ်အုပ် ရခဲ့တယ်။ အဲဒီမှတ်တမ်းစာအုပ်ရဲ့ကတ်ထူဖုံးကြီးကိုထွင်းပြီး မြှုပ်ထားတဲ့ ဒေါင်းဘယက်ခွက်တစ်ခုကိုလည်း ရခဲ့တယ်။ ဒါနဲ့ လှန်လှော ဖတ်ကြည့်လိုက်တဲ့အခါ အရေးကြီးတဲ့ကိစ္စတွေကို ရေးမှတ်ထားတာကို တွေ့လိုက်ရတော့ ဘယ်သူမှမမြင်အောင် လျှို့ဝှက်သိမ်းဆည်းထားလိုက်မိတယ်။ ပုလိပ်စုံထောက်တွေ မေးမြန်းတဲ့အခါမှာတောင် မပြောဘဲ ဖုံးဖိထားလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေါင်းဘယက်ကိစ္စ ပေါက်ကြားသွားတာနဲ့ ညီမတို့ သားအမိနှစ်ယောက် အသက်အန္တရာယ်ကျရောက်နိုင်တယ်။ အစ်ကိုရောက်လာပြီးမှ ညီမတို့အခန်းထဲ လူဆိုးဝင်လာပြီး ကြိုးနဲ့တုပ်၊ ဒေါင်းဘယက် ဘယ်မှာလဲ အတင်းမေးတဲ့ပြဿနာတွေ ပေါ်လာတော့ ဒီကိစ္စကို လျှို့ဝှက်ထားရမယ်ဆိုတာ ပိုပြီးသဘောပေါက်လာတယ်''

ခင်လှဲ့ရီက ပြောရင်းပြောရင်း စိုးရွံ့ထိတ်လန့်မှုများ ခံစားလာရသလို ရှိလာသည်။ ကျော်စိုးကတော့ တရားခံဖော်ထုတ်နိုင်ရန် နောက်ဆုံးအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း မှန်းဆမိလေ၏။

''ဒါဆို အဲဒီ ညီမဖေဖေရဲ့မှတ်စုကြီးနဲ့ ဒေါင်းဘယက်ကို အစ်ကို့ကို ခဏပေးနိုင်မလားဟင်''

အိုင်အိုကျော်စိုးက လျှို့ဝှက်ချက်အနက်ရှိုင်းဆုံးသော အတွင်းပိုင်းသို့ တိုးဝင်သွားရန် ကြိုးစားလိုက်သည်။

''အစ်ကို့ကို ညီမယုံပါတယ်။ အမှန်ကိုပြောရမယ်ဆိုရင် ရင်တထိတ်ထိတ်နဲ့ လူသတ်သမားကို စောင့်နေရမယ့်အစား အားကိုးလောက်တဲ့သူတစ်ယောက်နဲ့တွေ့ပြီး ရဲရဲဝံ့ဝံ့ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် ဒီဒေါင်းဘယက်နဲ့ လျှို့ဝှက်ချက်အားလုံးကို ညီမ အစ်ကို့လက်ထဲ အပ်ပေးပါ့မယ်။ အစ်ကို ခဏစောင့်နေနော်၊







www.burmeseclassic.com

www.burmeseclassic.com



ညီမ အပေါ်တက်ယူလိုက်ဦးမယ်''

ခင်လဲ့ရီက ရင်တုန်ကြောက်စရာ အရိပ်မည်းကြီးများကို ဖမ်းယူဖယ်ရှားနိုင်ရေးအတွက် ကျော်စိုးအား ယုံကြည်ဖွင့်ဟ တိုင်ပင်တော့မည်ဟု သန္နိဋ္ဌာန်ချကာ မိမိ၏စာကြည့်ခန်းတွင် လျှို့ဝှက်သိမ်းဆည်းထားသော ဦးသောင်းမြင့်၏မှတ်စုစာအုပ်ကြီးကိုယူရန် အိမ်ပေါ်သို့တက်လာခဲ့သည်။

အိမ်ပေါ်ရောက်သောအခါ ဧည့်ခန်းတွင်ထိုင်နေသော ဒေါ်မြမြကို တွေ့လိုက်ရသဖြင့် အမှတ်တမဲ့မို့ ရင်ထဲတွင် ရှိန်းခနဲ ဖြစ်သွားမိတော့သည်။

ထို့နောက်မှ မိခင်ဖြစ်သူမှန်းသိသဖြင့် ...

''မေမေ အိပ်မပျော်လို့လားဟင်။ ဘာဖြစ်လို့လဲ၊ နေကောင်းလို့လား''

ဟု မေးလိုက်သည်။

''ကောင်းပါတယ်၊ ခေါင်းနည်းနည်းကိုက်တယ်။ လာ ... ဒီမှာ ခဏထိုင်စမ်း သမီး၊ သမီးကို မေမေ ပြောစရာတစ်ခု ရှိတယ်''

ဒေါ်မြမြက ခင်လဲ့ရီကို လှမ်းခေါ်လိုက်သည်။

''ဘာများလဲ မေမေ၊ အရေးတကြီး ဘာကိစ္စရှိလို့လဲ''





ခင်လဲ့ရီက ဧည့်ခန်းထဲရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ခင်းက ပြောလိုက်သည်။

''မောင်ကျော်စိုးနဲ့သမီး ခြံထဲမှာ ဆင်းဆင်းပြီး ထိုင်နေကြတာ မသင့်တော်ဘူးကွဲ့။ မောင်နှမဝမ်းကွဲဆိုပေမယ့် ဖိုနဲ့မ အနေနီးကြရင် အကာလညအမှောင်ထက် ပိုပြီးကြောက်စရာကောင်းတဲ့ ဘအာရာဂဆိုတဲ့အမှောင်က ဖုံးသွားရင် မဖြစ်သင့်တာတွေ ဖြစ်တတ်ကြတယ်။ တောမှီသူတော်ကောင်းတရား ကျင့်ကြံနေကြတဲ့ ရဟန်းတွေတောင် ဒီအမှောင်ကာမဂုဏ်စည်းစိမ်ကို ခံစားမိကြလို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ပါရာဇိကကျတဲ့ သိက္ခာပုဒ်ထဲမှာ ထည့်ပြီး ပညတ်ခဲ့ရတယ် မဟုတ်လား။ ရဟန်းတွေကို ညအခါ အဆောက်အဦတစ်ခု၊ အမိုးယံတစ်ခုအောက်မှာ မာတုကာမတွေနဲ့ အတူမနေရဘူး၊ အတူအိပ်စက် လဲလျောင်းခြင်း မပြုရဘူးဆိုတဲ့ တားမြစ်ချက်ကို ထည့်သွင်းခဲ့တာ မဟုတ်လား။ ဒီတော့ သမီးအနေနဲ့ အနေအထိုင် ဆင်ခြင်ကွယ်။ မိဘ အရှက်တကွဲ အကျိုးနည်းဖြစ်ရမယ့်ကိစ္စမျိုး ဖြစ်မလာခင်က ကြိုတင်ရှောင်ရှားကွယ်''

ဒေါ်မြမြက ပြောဆိုဆုံးမလေသည်။ ခင်လဲ့ရီကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြအား ကျော်စိုး၏ဘဝမှန်ကို ပြောရကောင်းနိုး မပြောရကောင်းနိုးနှင့် စဉ်းစားနေမိသည်။ မိခင်ဖြစ်သူ၏စိတ်ထဲတွင် ကျော်မကောင်း ကြားမကောင်းဖြစ်မှာ ကြိုတင်စိုးရိမ်နေသဖြင့် အဖြစ်မှန်ကို ရှင်းပြမှသင့်မည်ဟုယူဆပြီး –

“သမီးတို့အခြေအနေက မေမေစိုးရိမ်သလို မဟုတ်ပါဘူး မေမေ။ တကယ်လို့ ဟုတ်မယ်ဆိုရင်တောင် ပတ်ဝန်းကျင်ကို ပြောမပြရဲလောက်အောင် အရှက်ကွဲရမယ့်ကိစ္စမျိုး မဟုတ်ပါဘူး မေမေ”

ခင်လဲ့ရီက ထိုသို့အစပျိုးလိုက်သည်။

“ဟေ ... ဘယ့်နှယ် ဘယ့်နှယ်၊ သမီးစကား မေမေ နားထွေးလှသကွယ်။ မောင်နှမဝမ်းကွဲတွေ ငြိစွန်းသွားကြရင် ဆွေလယ်မျိုးလယ် မတင့်တယ်တဲ့အပြင် လူတကာ တံတွေးခွက် ပက်လက်မျောမယ့် အရှက်ကြီးကွဲ့။ သမီးစကားက ဖွတ်တိုးမယ့် သဘောလား”

“မဟုတ်ဘူး၊ ဟုတ်တယ်လို့ ပြောရမှာမို့ပါ မေမေ။ တကယ်တော့ ခုထိ သမီးတို့နှစ်ယောက်ရဲ့ဆက်ဆံရေးက အပြစ်ကင်းပြီး အညစ်အကြေးရှင်းပါတယ်။ ကိုကျော်စိုးဟာ အကျင့်





အရိုတ္တပြည့်စုံတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ။ ဒါကြောင့် သမီးနဲ့ မောင်နှမပဲတော်တော်၊ မတော်တော် လက်ဖျားကလေးနဲ့ ဆောင် တို့မယ့်ထိမယ့်သူ မဟုတ်ဘူးဆိုတာ ရင်းရင်းနှီးနှီး နီးနီး ကပ်ကပ်နေလာခဲ့တဲ့ သမီးက ပိုသိပါတယ်။ ဒါကြောင့် မေမေ စိုးရိမ်သလို မဟုတ်ဘူးလို့ သမီး ပြောတာပါ”

ခင်လဲ့ရီက မိခင်ဖြစ်သူကို ရှင်းပြသည်။

“ဒါဖြင့် ဟုတ်တယ်ဆိုတာကရော”

ခုထိ မရှင်းသေးသော ဒေါ်မြမြက ထပ်မေးလိုက်ပြန်သည်။

“အဲဒါကတော့ သမီးနဲ့ကိုကျော်စိုးက ဘာမှမတော်စပ်ဘူး မေမေ။ ဒါပေမဲ့ အစ်ကိုကျော်စိုးက မေမေစိုးရိမ်သလို ကြောက်စရာကောင်းတဲ့လူလည်း မဟုတ်ပါဘူး။ ခုပဲ ကိုကျော်စိုးနဲ့သမီးတို့ ပွင့်ပွင့်လင်းလင်း ပြောစရာရှိတာတွေကို ပြောခဲ့ကြပြီးပါပြီ။ သမီးကို သူက ချစ်သလို၊ သူ့ကိုလည်း သမီးက မေတ္တာရှိတယ် မေမေ။ ဒါပေမဲ့ ... မေမေသဘောတူတဲ့လူနဲ့ပဲ သမီး လက်ထပ်မှာပါ။ သမီး လိုက်ပါဘူး။ လိမ္မာမှာပါ မေမေ။ ဒါကို အစ်ကိုကျော်စိုးကလည်း လက်ခံပါတယ်”

ခင်လဲ့ရီက ကျော်စိုး သူ့ကိုရှင်းပြသကဲ့သို့ပင် မိခင်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြကို ပြန်လည်ရှင်းပြလိုက်လေသည်။ ထိုအခါမှပင် ဦးသောင်းမြင့် အသတ်ခံရမှုနှင့်ပတ်သက်၍ မိမိတို့သားအမိအား အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မယူဘဲ အနီးကပ်စောင့်ရှောက်နေကြောင်း သိလိုက်ရပြီး စောစောက အထင်မှားမှုများအတွက် အားတုံ့အားနာ ဖြစ်နေမိပြန်လေတော့သည်။

''သမီးတို့မှာ ရွေးစရာလမ်းက တစ်ခုတည်းပဲရှိတော့တယ်မေမေ။ ဖေဖေ့ကိုသတ်တဲ့ လူသတ်သမားဟာ သမီးတို့အိမ်ထဲကို အလွယ်တကူရောက်အောင် ဝင်လာနိုင်တဲ့အပြင် သူ့စိတ်ကြိုက် ကြိုးနဲ့တုပ်ပြီး သူလိုချင်တဲ့ ဒေါင်းဘယက်ခွက်ကို မရမက တောင်းခဲ့တာ မေမေ့ကိုယ်တွေ့ပဲ မဟုတ်လား။ အဲဒီတုန်းက အင်္ဂကိုကျော်စိုးသာ သမီးတို့အိမ်မှာ ရှိမနေခဲ့ရင် သမီးတို့ပါ အသတ်ခံနေရလောက်ပြီ မေမေ။ ဖေဖေရှိစဉ်က မေမေရော သမီးပါ တစ်စုံတစ်ဦးမျှ မသိခဲ့ကြတဲ့ ဒေါင်းဘယက်ကိစ္စကို ဖေဖေသေတဲ့နေ့ကမှ ဖေဖေ့အခန်းထဲမှာ မှတ်စုစာအုပ်ကြီးနဲ့ ရေးထားခဲ့တာ သမီးရာတွေ့ခဲ့တယ်။ အဲဒီကြိုးပြတ်မွေတဲ့ ဒေါင်းဘယက်ခွက်ကိစ္စ ရှင်းနိုင်မှ မေမေရော သမီးပါ စိတ်အေးချမ်းသာစွာနဲ့ တစ်သက်လုံး နေနိုင်ကြမှာ မဟုတ်လား။ ဒါကြောင့် အဲဒီစာအုပ်ကြီးကို သမီးတို့ရဲ့အယုံကြည်





ဖြစ်တဲ့ ကိုကျော်စိုးကိုပေးဖို့ လာတက်ယူတာပါ မေမေ''

ခင်လဲ့ရီက အဆုံးစွန်အထိ သဘောပေါက်ကာ ရှင်းပြလိုက်သောအခါ ဒေါ်မြမြက ဇာတ်ရေလည်သွားတော့သည်။ ကျော်စိုးအပေါ်၌လည်း အမြင်စောင်းခဲ့သမျှ ရှင်းသွားလေ၏။

''ဩော် ... ဒီလိုဆိုတော့လည်း မောင်ကျော်စိုးဟာ သူတော်လူကောင်းတစ်ယောက်ပဲ သမီးရဲ့။ အမေက မဖြစ်သင့်တာ ဖြစ်ရအောင် ကြိုးတင်တားရပေမယ့် ဒီကလေး ဒီမှာနေတဲ့အခိုက် ယဉ်ယဉ်ကျေးကျေး၊ လိမ်လိမ်မာမာ နေတတ်၊ ထိုင်တတ်တာ မေမေ့အမြင်ပဲ။ ဒါပေမဲ့ သမီးရယ် ... လူရိုးဆိုတာ သချိုင်းကုန်းမှာပဲ ရှိတယ်ဆိုတဲ့စကားက ရှိလေတော့ ဖတာဆိုးသမီးအတွက် အမေ စိတ်ပူမိတာပါ''

ဒေါ်မြမြက ပြောဆိုနေသည့်အခိုက်တွင် အိမ်ပေါ်ထပ်သို့ ကျော်စိုး တက်လာလေသည်။

''လာ လာ ထိုင်ကွဲ့ ... မောင်ကျော်စိုး''

ဒေါ်မြမြက ကျော်စိုးကို အထိုင်ခိုင်းလိုက်သည်။ ကျော်စိုးက လွတ်နေသော ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ပြီးမှ–



www.burmeseclassic.com

www.burmeseclassic.com



''ညီမလေး အိမ်ပေါ်တက်သွားတာကြာလို့ တစ်ခုခုများ
ဖြစ်နေသလားဆိုပြီး လာကြည့်တာပါ''

ဟုပြောလိုက်သည်။ ဒေါ်မြမြက ကျော်စိုးကို တစ်ချက်
စိုက်ကြည့်လိုက်ပြီးလျှင် –

''မင်းနှမ အခုတင် မင်းအကြောင်းပြောပြနေလို့ ကြာ
နေတာပါကွယ်။ အေးလေ . . . ကိုယ့်ကိုမသိတဲ့အိမ်မှာ လူစိမ်းတစ်
ယောက်လာနေဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ ဒါကြောင့် နည်းလမ်း
တစ်ခုခုနဲ့ ဝင်နေနိုင်အောင် လုပ်ကြံတာဟာလည်း သဘောဝပ
ပဲ။ ဒါပေမဲ့ . . . ကောင်းသောနေခြင်းနဲ့ မကောင်းသောနေခြင်းသာ
ကွာခြားတယ်မဟုတ်လား။ မောင်ကျော်စိုးကတော့ အယောင်
ဆောင် ဝင်လာတယ်ဆိုပေမယ့် ဒေါ်ဒေါ်တို့အကျိုးကို သယ်ပိုး
ရောက်လာခဲ့တာဆိုတော့ ပြီးခဲ့တဲ့ကိစ္စတွေကို အပြစ်ရယ်လို့
မပြောတော့ပါဘူးကွယ်။ သမီးဆုံးဖြတ်သလိုပဲ ဒေါ်ဒေါ်လည်း
သဘောတူပါတယ်။ ဒေါ်ဒေါ့်ခင်ပွန်းရေးထားခဲ့တဲ့ စာအုပ်ကြီးကို
မောင်ကျော်စိုးလက်ထဲ အပ်ပုံမယ်။ စိတ်ကြိုက် လက်ကြိုက်သာ
ဖတ်ရှုပြီး အဖြေရှာပါတော့။ ဩော် . . . နောက်တစ်ခုက လူငယ်
ဘာဝ သမီးအပေါ် မောင်ကျော်စိုး မေတ္တာသက်ဝင်မယ်ဆိုရင်





ဆောင် ယောက်ျားကောင်းတို့ရဲ့ အကျင့်သီလကို စောင့်ထိန်းပြီး
သဘောတူသူ ရှိပြီးသားမို့ နှမအရင်းတစ်ယောက်လို စောင့်ရှောက်
ပါကွယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် ဒေါ်ဒေါ်လည်း ယ်ရာ
ဘ ကြီးလာခဲ့သူမို့ အပွေးမြင် အပင်သိပါတယ်ကွယ်။ ကဲ ကဲ
. . . မင်းတို့ မောင်နှမ ဆက်ပြီးတိုင်ပင်ကြ။ ဒေါ်ဒေါ်တော့ အိပ်ရေး
အပျက်ခံလို့မရဘူးကွဲ့၊ အိပ်ရာဝင်တော့မယ်''

ဒေါ်မြမြက ပြောဆို၍ ထိုင်ရာမှထလိုက်သည်။ ခင်လဲ့ရီ
ကလည်း မိခင်နှင့်အတူထပြီး –

''ခဏနေဦးနော် အစ်ကို၊ မေမေ့ကို အိပ်ခန်းထဲလိုက်ပို့
ခြင်း စာကြည့်ခန်းထဲကစာအုပ် ဝင်ယူလာခဲ့မယ်''

ဟုဆိုကာ ဒေါ်မြမြနှင့်အတူ လိုက်ပါသွားတော့သည်။
ဆယ်မိနစ်ခန့်အကြာ ခင်လဲ့ရီပြန်ထွက်လာပြီး သူမ၏လက်ထဲတွင်
သက်နှစ်လုံးခန့်ထူသော စာအုပ်ကြီးတစ်အုပ် ပါလာသည်။

''ဒီစာအုပ်ပဲ အစ်ကို၊ စာအုပ်ရဲ့နောက်ဘက်က ကတ်ထူ
ဖုံးမှာ ဒေါင်းဘယက်ကို မြှုပ်ထားတာ''

ခင်လဲ့ရီက အစိမ်းရင့်ရောင် ကတ်ထူဖုံးနှင့်စာအုပ်ကို
ကျော်စိုး၏လက်ထဲသို့ လှမ်းပေးလိုက်သည်။ ကတ်ထူဖုံးမှာ ဂျပ်



www.burmeseclassic.com

www.burmeseclassic.com



စက္ကူဖြင့်ပြုလုပ်ထားသည်။ အထူမှာ လက်မဝက်ခန့်ရှိသည်။ ကျော်စိုးက စာအုပ်၏နောက်ဖုံးအတွင်းဘက်သို့ လှန်ကြည့်လိုက်ရာ ဒေါင်းဘယက်ခွက်ကလေးကို တွေ့ရှိလေသည်။

ဒေါင်းဘယက် ခွက်ကလေးမှာ ရွှေဖြင့်ပြုလုပ်ထားပြီး ဆွဲကြိုးနှင့် ချိတ်ဆွဲနိုင်ရန် ကွင်းကလေးတစ်ခုတပ်ဆင်ထားသည်။ ဒေါင်းဘယက်ခွက်ဟုဆိုသော်လည်း အပြားကလေးသာဖြစ်ပြီး ဒေါင်း၏ရင်ပုံပေါင်နှင့် အမြီးကို ''က'' ဒေါင်းပုံပြုလုပ်ထားသဖြင့် ဝိုင်းနေသော အမြီးဖျား၏ မျက်ဆံနေရာများတွင် ပီဘိ ခွက်သည်ဆိုရုံ ချိုင့်ခွက်ကလေးများ ပါလေသည်။

ဒေါင်း၏အမောက်အထက်တွင် ''ရ'' ကောက်ဟူသော အက္ခရာတစ်လုံးပါပြီး ခြေထောက်ဘက်တွင် ''၄၅'' ဟူသော အက္ခရာ ပါလေသည်။ ရင်ပုံတွင်ကား ''သ'' ဟူသော အက္ခရာကို စူးချွန်နှင့်ခြစ်ကာ ရေးသားထားလေ၏။

ကျော်စိုးက ဒေါင်းဘယက်ခွက်ကလေးအား ဆွဲခွာယူကြည့်လိုက်ရာ ရွှေဒင်္ဂါးပြားသာသာရှိပြီး အလေးချိန်အားဖြင့်လည်း တစ်ကျပ်သားခန့်ရှိသဖြင့် ရွှေဒင်္ဂါးပြားကိုပင် ထုရိုက်ကာ ဒေါင်းရုပ်ဖော်ထားသော ပန်းတိမ်လက်ရာဖြစ်ကြောင်း ခန့်မှန်းလိုက်သည်။

ခု နစ် စဉ် ကြယ် စာ ပေ



"ကဲ အစ်ကို . . . အေးအေးဆေးဆေးဖတ်၊ ဒေါင်းဘယက်ခွက်လည်း-ယူထား။ ထူးခြားတာရှိရင်လည်း ညီမတို့ကို အသိပေးနော်၊ ညီမ သွားအိပ်တော့မယ်''

ဟုဆိုကာ ခင်လှဲ့ရီက အိပ်ရာဝင်သွားပါတော့သည်။

❑❑❑

www.burmeseclassic.com



## ဒေါင်းဘယက်ခွက်၏ ဖာတ်လမ်းအစ

အိုင်အိုကျော်စိုးလည်း ခင်လဲ့ရီပေးထားခဲ့သော စာအုပ်ကြီးကို ပိုက်လျက် မိမိ၏အခန်းထဲသို့ ဝင်လာခဲ့ကာ စာကြည့်စားပွဲတွင်ထိုင်ပြီး ဦးသောင်းမြင့် (ဒုတ်) ၏ မှတ်စုစာအုပ်ကြီး အားဖတ်ရှုနေလေ၏။

ကျွန်ုပ် မောင်သောင်းမြင့်သည် ပုဂံညောင်ဦးမြို့၊ မြင်းကပါရပ်တွင် မွေးဖွားသန္ဓေစင်ခဲ့သူတစ်ဦး ဖြစ်သည်။ မိဘများမှာ ဦးသိန်းထွန်း၊ ဒေါ်ခြိုဖြစ်ပြီး မိခင်ဖြစ်သူသည် ကျွန်ုပ်ကို မွေးဖွားခဲ့ပြီးနောက် အမျိုးသမီးရောဂါကြောင့် နောက်ထပ် သားသမီး တစ်ဦး





ယောက်မျှ မထွန်းကားခဲ့ပေ။ ကျွန်ုပ်မှာ တစ်ဦးတည်းသောသား ကောင်ကြွက် မောင်သောင်းမြင့်အဖြစ် ကြီးပြင်းလာခဲ့ရသည်။ များ၏ပရိယေသနဝမ်းစာအလုပ်ဖြစ်သော ယာအလုပ်၊ ဆိတ် သိုးကျောင်းဖြင့် ဖခင်နှင့်အတူ တစ်ဖက်တစ်လမ်းမှ ဝင်ရောက် ညီလုပ်ကိုင်ပေးခဲ့သည်။ ကျွန်ုပ်တို့ ရွာလေးနှင့်အညီ ဘုန်းတော် ကျောင်းများတွင် စာသင်ခဲ့ရာ ပရိတ်ကြီး၊ နမက္ကာရ၊ သင်ပုန်း လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည့် စာပေများကို ကျက်သင်အံခဲ့ရသဖြင့် အတော်အတန်ပင် စာတတ်ခဲ့ပါသည်။ သို့ ကိုယ့်ရပ်ရွာ ကိုယ့်လေ့များကို ပျော်ပိုက်နှစ်ခြိုက်လျက်ရှိ သော ကျွန်ုပ်အဖို့ ကိုယ့်ရပ်ကိုယ့်ရွာကိုလည်းကောင်း၊ ကိုယ့်မိ ယ်ဖနှင့် ဆွေမျိုးညာတကာတို့ကိုလည်းကောင်း ပစ်ခွာ၍ တစ်ရပ် စ်ကျေးသို့ သွားရလိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့ပါပေ။ စ်ရပ်တစ်ကျေးတွင် ဒုက္ခသုက္ခ၊ ဝေဒနာ၊ သေလုသေ င်အဖြစ်မျိုးများနှင့် ရင်ဆိုင်တွေ့ကြုံရလိမ့်မည်ဟူ၍လည်း ဘယ် သောအခါကမှ မတွေးတောခဲ့ဖူးပေ။ သို့သော် ဝမ်းနည်းကြေကွဲ နာကြည်းခံစားရအဖြစ်မျိုးအဖြစ်ဆိုးတို့ဖြင့် တွေ့ကြုံဆုံ ခဲ့ရသော ဘဝသံသရာဖြစ်စဉ်ကြီးကို ကျွန်ုပ် တစ်သက်မေ့ရက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာ မရှိသဖြင့် ဘဝမှတ်တမ်းကို ရေးမှတ်ထားမိပါတော့သည်။

ဟူသော ဦးသောင်းမြင့် (ဒုတ်) ၏မှတ်စုစာအုပ်ကြီးပါ အဖြစ်အပျက်များကား အောက်ပါအတိုင်းပင် ဖြစ်ပါတော့သည်။

နေလုံးကြီးသည် အနောက်ဂေါ်ယာကျွန်းဆီသို့ တရွေ့ရွေ့ လှမ်းလျက်ရှိသည်။ ပုစွန်ဆီသွေးရောင်နေမှိန်မှိန်တွင် ပုဂံခေတ်က ဘုရင်နှင့် ပြည်သူတို့တည်ထားခဲ့ကြသော ပုထိုး၊ ဂူ၊ ကျောင်း ဘုရား၊ စေတီတို့မှာ မြေပြင်ကျယ်ကြီးပေါ်တွင် ပြန့်ကျဲလျက် ရှိလေသည်။

ထိုဘုရားတို့သည်ပင် ပုဂံညောင်ဦးသားတို့၏ဂုဏ်ယူဝံ့ကြွားစရာ ရှေးဟောင်းအနုပညာပြယုဂ်များပင် ဖြစ်ပါသည်။ ဘယ်နေရာကြည့်ကြည့် စေတီပုထိုးတို့နှင့် မလွဲနိုင်သကဲ့သို့ ဘယ်နေရာကို လက်ညှိုးထိုးထိုး ထန်းပင်တို့နှင့် မလွတ်နိုင်သော ထိုနေရာ ထိုဒေသသည် ထန်းမှရသော ထန်းရေဖြင့် ထန်းလျက်ချက်ခြင်းသည်လည်း ထိုဒေသနေ လူတို့၏ဝမ်းရေးအတွက် အရေးပါလှပါသည်။ ထို့ကြောင့် ထန်းသမားစားဖို့ ထန်းနို့က ထန်းရည်ထွက်ရေ တယ်ဟူသောစကားကိုပင် မိရိုးဖလာ ပြောလာခဲ့ကြသည်။

ထို့ကြောင့် ထန်းပင်ထက်သို့တက်ကာ ထန်းယဉ်နင်းခြင်း ထန်းနို့လှီးခြင်း၊ မြူဆွဲခြင်း စသည့်အလုပ်များကို ပုဂံညောင်ဦးသားများက ပရိယေသနဝမ်းစာလုပ်ငန်းအဖြစ် လုပ်ကိုင်ကြရလေသည်။ ထန်းရေမြူအိုးများ ချလာသောအခါ မိုးပြဒယ်ကြီးများထဲသို့ သွန်ညှိကာ ထန်းလက်ခြောက်များကို မီးဆိုက်၍ ထန်းလျက်ဖိုမှ ကျိုချက်ကြသည်။ ကြွက်မြီးတန်းမှ စေးပျစ်လာသောထန်းရည်များကို အအေးခံပြီး အဆုတ်အခဲလုံး၍ နေပူလှန်း အခြောက်ခံ၍ ထန်းလျက်ခဲပြုလုပ်ကြသည်။ ညောင်ဦးသား မောင်သောင်းမြင့်မှာ လည်း အလုပ်ပါးချိန်တွင် ထန်းလျက်ဖိုလုပ်သားအဖြစ် ဝင်လုပ်သည်။

ဖခင်ဖြစ်သူ ဦးသိန်းထွန်း ဆိတ်တို့၊ သိုးတို့မွေးလျှင် ဆိတ်ကျောင်းသား၊ သိုးကျောင်းသား လုပ်ပြန်သည်။ ဦးသိန်းထွန်း ယာလုပ်ပြန်လျှင်လည်း ယာထွန် ထယ်ခွဲ စသည်ဖြင့် ကူညီကာ လုပ်ကိုင်ပေးရပြန်သည်။ အလုပ်မည်မျှ ပင်ပန်းပင်ပန်း မောင်သောင်းမြင့် စိတ်မပျက်။ သည်ဘုရား၊ သည်ရေ၊ သည်မြေ၊ သည်တောတောင်တွေကို နေ့စဉ်တွေ့နေရပေမယ့် မောင်သောင်းမြင့် ငြီးငွေ့ခြင်းမရှိ၊ မီးခဲတမျှ ပူလောင်စပ်ဖျင်းသော သည်ရာသီသဘာဝရှိသည့် နေရပ်ကိုလည်း မောင်သောင်းမြင့် ဘယ်တော့မှ မုန်းတီးခြင်းမရှိပေ။







www.burmeseclassic.com

www.burmeseclassic.com



နေဝင် ရီရီအချိန်ရောက်လာလျှင် မောင်သောင်းမြင့် ပို၍ပင် ပျော်လေသည်။ နွားလှည်းပေါ်သို့ သစ်သားစည်ကြီးတင်ကာ ရောဝတီမြစ်အတွင်း ရေခပ်ဆင်းဖို့ တပြင်ပြင်လုပ်နေလေပြီ။

ညနေခင်း ရေခပ်ဆင်းလာကြသော ရေအိုးကိုယ်စီ လုံမပျိုတို့ကလည်း သနပ်ခါးပါးကွက်ကျားများဖြင့် လုံချည်တိုတိုဝတ်၍ မြစ်အတွင်း ခြေသလုံးမြုပ်အောင်ဆင်းပြီး ရေအိုးကို ရေဖြည့်ကြသည်။ ရေအိုးပြည့်သောအခါ ဆတ်ခနဲမြှောက်ပြီး ခေါင်းပေါ်တင်ရွက်လျက် ကမ်းပါးသို့တက်သည်။ ရေအိုးမှ ဘောင်ဘင်ခတ်ပြီး ကျလာသောရေတို့က လုံမလေးများ၏တစ်ကိုယ်လုံးကို ရေလုံးချပေးသလို စိုစို့ရွှဲသောအခါ၌ သူတို့၏နုကိုယ်ဥပျိုလွင်သော ကိုယ်လုံးကိုယ်ထည်အလှလေးများကို ထင်းခနဲ မြင်သာစေပြန်သည်။

လှုပ်လီလှုပ်လဲ့ဖြင့် ရေအိုးရွက်ကာ ကမ်းပါးပေါ်သို့တက်သွားသော သူတို့၏နောက်ကျောအလှကို မောင်သောင်းမြင့် (ခုတ်) တို့ ကာလသားတစ်သိုက်က ရင်တဖိုဖို၊ အသည်းတအေးအေးနှင့် ခပ်ဝေးဝေးမှ ကြည့်ကြသည်။ ထို့နောက် ရေခပ်လမ်းတွင် လူပျိုလှည့်ကြသည်။ အသက် ၂၀–ကျော်လာပြီဖြစ်သော မောင်သောင်းမြင့်တွင်လည်း မမြသွေးဆိုသော ညောင်ဦးသူ ပန်းတောင်ကိုင်





…စားကလေးရှိနေပြီဖြစ်၍ ညနေစောင်းရေခပ်ရသည်ကို အလွန်…ပျော်မွေ့နေလေ၏။

ထို့ကြောင့် ဖခင်ထံမှ ယာတစ်ကွက် ခွဲကာ လုပ်ကိုင်ခွင့်…ဆောင်းပြီး မမြသွေးကို တောင်းရမ်းဖို့အထိ ကြံရွယ်ထားခဲ့သည်။ …ောင်သောင်းမြင့်၏မိခင်ကလည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် …ကြားသိထားပြီဖြစ်လေရာ သားဖြစ်သူအတွက် ကြိတ်၍ စုဆောင်း…ထားရှိခဲ့လေသည်။ သို့သော် မောင်သောင်းမြင့်နှင့် မမြမြသွေးတို့…ည်ငံနေကြသည်ကို သိသွားသော မမြသွေး၏ဖခင် ဦးစိုးငြိမ်း…ကြီး) က သူ့သမီးကို လိုချင်လျှင် ထန်းပင် (၁၀၀) နှင့် တင်…ဆောင်းရမည်ဟု လေသံပစ်လာသည်။

ဦးစိုးငြိမ်းတို့မှာ ထန်းပင် (၃၀၀) လောက်ပိုင်သော ထန်း…တက်ဖို လူကုံထန်များ ဖြစ်ကြသည်။ မောင်သောင်းမြင့်၏ဖခင်…သိန်းထွန်းကား ထန်းပင်တစ်ပင်မဆိုထားနှင့် ထန်းလက်တစ်လက်…လောက်ပင် မပိုင်ဆိုင်လေရကား သားအတွက် ရတက်မအေး…နေရှာလေ၏။ မမြသွေးကလည်း လူကြီးများ ကွယ်ရာတွင်…တွေ့သောအခါ နီးပြေးဖို့အထိ ပူဆာလေသည်။

“ငါ ကြံပါဦးမယ်ဟာ၊ ကြံလို့မရတဲ့နောက်ဆုံးကျမှ



www.burmeseclassic.com

www.burmeseclassic.com



ခိုးသင့်လည်း ခိုးရတာပေါ့''

မောင်သောင်းမြင့်က ယောက်ျားတို့လုံ့လဖြင့် ထန်းပင် (၁၀၀) ဝယ်နိုင်သော ငွေအသပြာကို ဘယ်လိုရှာရပါ့မလဲဟူ၍ အချိန် ရှိတိုင်း တွေး၍သာနေလေသည်။ ထိုအချိန်မှာပင် ကမ္ဘာတစ်ဝန်း၌ စစ်ရိပ်စစ်ရောင် သမ်းလာလေတော့သည်။ ပုဂံဘုရားများ လာဖူး ကြသော အောက်သူအောက်သားများ၏ပြောသံဆိုသံမှာ ဥရော တွင် ဂျာမဏီနှင့်အင်္ဂလိပ်တို့ စစ်ဖြစ်ရန် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စောင်နေကြပြီဟူ၍ ဖြစ်လေသည်။

၁၉၄၁ ခုနှစ်သို့ ရောက်လာပြန်သောအခါ အင်္ဂလိပ်နှင့် ပြင်သစ်တို့ကတစ်ဖက်၊ ဂျာမဏီ၊ အီတလီနှင့် ဂျပန်တို့က တစ်ဖက် စစ်တိုက်ကြပြီဟူသောသတင်းမှာ ညောင်ဦးတစ်မြို့လုံး အုန်းအုန်း ကြွက်ကြွက်ဖြင့် ပြောဆိုသံများ ကြားကြရလေသည်။ ထိုအချိန်တွင် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လိုကြသော မြန်မာခေါင်း ဆောင်များ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားပြီး ဂျပန်စစ်တပ်များကို သွားရောက်ခေါ်ဆောင်နေကြောင်း ကြားသိကြပြန်သည်။ ဂျပန်နှင့် အင်္ဂလိပ်စစ်ပွဲများ ဖြစ်ပွားကြတော့မည်ဟူသော သတင်းများက လည်း ပေါ်ထွက်လာပြန်သည်။





ထို့ကြောင့် လူတိုင်းလိုလို ထိတ်လန့်လျက်ရှိကြရာ မောင် ောင်းမြင့်နှင့်မမြသွေးတို့မှာလည်း လူတိုင်းလူတိုင်းအရေးကြီး သောအချိန်၌ မိမိတို့၏အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများကို တာမျှ ဘေးချိတ်ထားကြရလေတော့သည်။

''ကာလကြီးအေးချမ်းသွားတဲ့အထိတော့ အောင့်အည်းပြီး ကြဦးစို့ မမြသွေးရယ်''

ဟု မောင်သောင်းမြင့်က နှစ်သိမ့်ထားရသည်။

''စစ်ကြီးဖြစ်လာရင် ပြေးဖို့လွှားဖို့ အစီအစဉ်တွေ လုပ်နေ ကြတဲ့ အဖေနဲ့အမေ့ကို ဝိုင်းကူလုပ်ပေးနေရလို့ ခဏခဏ လာ တွေ့နိုင်တာ စိတ်မခုနဲ့နော်''

ဟု မမြသွေးကလည်း မောင်သောင်းမြင့် နားလည်အောင် ောင်းပန်ပြောဆိုရှာ၏။ မကြာပါချေ။ ကိုရွှေဂျပန်တို့က မြန်မာ့ ပ်မတော်နှင့်အတူ ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာပြည်သို့ ရောက် ာကြလေ၏။ ရောက်ရာအရပ်မှစတင်၍ မြန်မာတပ်များနှင့် ပေါင်းပြီး အင်္ဂလိပ်တို့ကို တိုက်ခိုက်ကြသဖြင့် မြန်မာပြည် အနှံ့ ပြားတွင် တိုက်ပွဲများ ဖြစ်ပွားလာတော့သည်။ ''အင်္ဂလိပ်များ လည်း ဂျပန်တို့အား ထိုးစစ်ထက် ခံစစ်ကိုသာ ဦးစားပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရင်း ဆုတ်ရင်းနှင့် အိန္ဒိယနိုင်ငံဘက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားကြသည်။

အင်္ဂလိပ်ကို လိုက်တိုက်သော ဂျပန်တို့သည်လည်း အာ… တိုက်သားများအချင်းချင်းအပေါ် စေတနာထားသယောင်ယောင်နှ… တစ်ကမ္ဘာလုံးကို စိုးမိုးရန်ကြံစည်ပြီး သူတို့၏မဟာဗျူဟာ စီမံကိန်… ကြီးအတွက် မြန်မာနိုင်ငံ ဝိတိုရိယအငူမြောက် ဘက်ပတ်ချန်မြ… (Paic Chan) မြစ်ကမ်းနဖူးမှတစ်ဆင့် ဘုရားသုံးဆူတောင်ကြာ… လမ်းမှ သံဖြူဇရပ်သို့ မီးရထားလမ်း ဖောက်လုပ်ရန် မြန်မာနိုင်ငံသာ… တို့ကို အတင်းအဓမ္မ ချွေးတပ်ဆွဲကာ ခိုင်းစေခဲ့ကြ၏။

တစ်နေ့တွင် မောင်သောင်းမြင့်၏အိမ်သို့ သူငယ်ချင်… ဖြစ်သူ မောင်မြဝင်း (ရေဆင်) ရောက်ရှိလာသည်။

"ဟ မောင်မြဝင်း … ရေးကြီးသုတ်ပျာနဲ့ ဘာကိစ္စလဲကွ"

မောင်သောင်းမြင့်က ပျားရည်သုတ်ထားသောမျက်နှာနှ… ခြံဝိုင်းထဲသို့ဝင်လာသော မောင်မြဝင်းကို မေးလိုက်သည်။ မောင်မြ… ဝင်းသည် အညာသားဖြစ်သော်လည်း မြန်မာစစ်စစ် မဟုတ်ချေ…

မောင်မြဝင်း၏မိခင်မှာ ဟိန္ဒူလူမျိုးဖြစ်ပြီး ဖခင်ဖြစ်သူ… ဗြိတိသျှစစ်တပ်မှ ဖင်မဲဆိုသူဝပ်သားတစ်ဦးဖြစ်ရာ မောင်မြဝင်…





…ွေးပြီးနောက် ဖင်မဲမှာ တိုက်ပွဲတွေကျဆုံးသွားသဖြင့် မောင်မြဝင်းတို့ …ဒီးပွားရေးကျပ်တည်းသွားရသည်။ ထို့ကြောင့် မြန်မာပြည်သို့ သား အမိနှစ်ယောက် စွန့်စားပြီးရောက်ရှိလာကာ လယ်သူရင်းငှားအလုပ် နှင့် တိရစ္ဆာန်မွေး စသည့်အလုပ်တို့ဖြင့် ဝမ်းစာရှာဖွေကြရလေသည်။ အနေကြာလာသောအခါ မြန်မာစကားကို လယ်လယ်ဝယ်ဝယ် ပြောတတ်လာပြီး မောင်သောင်းမြင့် (ဒုတ်) တို့က သနားသဖြင့် ပေါင်းသင်းရာမှ ခင်မင်ရင်းနှီးသောသူငယ်ချင်းများ ဖြစ်လာကြသည်။

"အေးကွ … အရေးကြီးဆို ငွေရမယ့်ကိစ္စကွ"

မောင်မြဝင်းက မောင်သောင်းမြင့်တို့အိမ်ရှေ့ရှိ ကွပ်ပျစ်ကလေးတွင် ဝင်ထိုင်ရင်းက ဆိုသည်။

"မင်းကလည်းကွာ ဒီလောက်အမြောက်သံ ဗုံးသံတွေ ညံနေတဲ့ကာလကြီးထဲမှာ ဘယ်က ငွေရပေါက်ရှိမှာလဲကွ"

မောင်သောင်းမြင့်က ငွေဟူသောအသံ ကြားလိုက်ရသဖြင့် …မ်းသာလဲလဲ ဖြစ်သွားသော်လည်း စစ်ကာလကြီးမို့ ငွေရပေါက် …မြင်။ ထို့ကြောင့် –

"ဘာလဲ … ခိုးဆိုးတိုက်ခိုက်ဖို့လား၊ အဲဒါဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို လာမဆွယ်နဲ့၊ ငါ ဝါသနာမပါဘူး''

ဟု ပြောလိုက်သည်။

''ဟာ . . . ဘယ်က နိုးဆိုးတိုက်ခိုက်ရမှာလဲ၊ သမာအာဇီဝ ပါကွ။ ကိုယ့်လုပ်အားကိုသုံးပြီး လုပ်ရမယ့်အလုပ်ကနေ ငွေဖြစ်မှာ ကွ။ သူများတွေ အလုပ်ရှားနေတုန်း တို့အလုပ်တွေပေါ်လာပြီး မင်းလည်း မြသွေးကို တင်တောင်းဖို့ ငွေရှာရမယ် မဟုတ်လား။ ဒီအချိန်မှာ များများရှာထားကွ။ အေးချမ်းလာတဲ့အခါ ငွေဟာ အတော်အဖိုးတန်မှာနော။ ဒါမှ မင်းယောက္ခမကြီးက မင်းကို သဘောတွေ့မှာ''

မောင်မြဝင်းက ကရားရေလွှတ်သလို တတွတ်တွတ်ဖြင့် ပြောလိုက်လေသည်။

''အေး . . . ဒါဖြင့် ငွေရမယ့် မင့်အလုပ်ကို ဆိုစမ်းပါဦး''

မောင်သောင်းမြင့်က စိတ်ဝင်စားစွာဖြင့် မေးလိုက်သည်။

''သည်လိုကွ . . . မနေ့က ငါ့သူငယ်ချင်းကိုဝိ (ဖော်ဝင်း ထင်) တို့အိမ်ကို ရန်ကုန်က ဧည့်သည်တစ်ယောက် ရောက်လာ တယ်။ ရန်ကုန်မှာ အလုပ်ကောင်းကောင်းရမယ်တဲ့ကွ၊ အစား ကောင်းကောင်းတွေလည်း ကျွေးမတဲ့''





မောင်မြဝင်းက အားတက်သရောပြောပြီး အူမြူးနေ ဘာသည်။

''ဟေ . . . ဟုတ်လား၊ နေရာကျလိုက်တာကွာ။ ဒါနဲ့ အလုပ်လုပ်ခက ဘယ်လောက်ရမှာတဲ့လဲ။ အဲဒါ အရေးကြီးတယ် ကွ''

မောင်သောင်းမြင့်က မမြသွေးအား တင်တောင်းနိုင် လောက်သော ငွေရနိုင် မရနိုင်ကို သိချင်နေလေ၏။

''ဟာ . . . ဒါတော့ ငါလည်း မင်းနားလည်အောင် ပြန်ပြော ပြတတ်ဘူး။ လာကွာ . . . တွေ့တော့မှ မင်းကိုယ်တိုင်မေးကြည့် တော့၊ မဟုတ်ဘူးလား''

မောင်သောင်းမြင့်၏လက်ကိုဆွဲကာ မောင်မြဝင်းက ကိုဝိ တို့အိမ်ခေါ်လာသည်။ ကိုဝိအိမ်ရောက်သောအခါ ကိုဝိနှင့် မြို့မှ ရောက်လာသောလူကိုပါ တွေ့ရသည်။ မောင်သောင်းမြင့်က အကျိုး အကြောင်း မေးကြည့်သည်။

''ဟုတ်တယ် ကိုသောင်းမြင့်ရဲ့၊ ရန်ကုန်မှာ အလုပ်အကိုင် တွေက သိပ်ကောင်းနေတယ်။ ဂျပန်တွေနဲ့တွဲလုပ်ရမှာ။ တစ်လ တစ်ခါ လုပ်အားခငွေကို ရှင်းပေးမယ်။ ပြီးတော့ ခင်ဗျား ဝယ်ချင်

www.burmeseclassic.com



နေတဲ့ ထန်းပင်တစ်ရာလောက် ဝယ်ဖို့ငွေက ခင်ဗျား တစ်လနစ်လလောက် အလုပ်လုပ်လိုက်ရင် အဆင်ပြေသွားမှာပါ"

ထိုလူက မောင်သောင်းမြင့် စိတ်ပါဝင်စားလာအောင် ငွေစကားထည့်ပြောသည်။

"လုပ်ခက တစ်လတစ်ခါမှရမယ်ဆိုတော့ သူများရပ်ရွာမှာ ဒီကြားထဲ ကျုပ်တို့ ဘာနဲ့စားရမလဲ"

မောင်သောင်းမြင့်က လခမရခင် စားဝတ်နေရေး ကျပ်တည်းမှုမဖြစ်ပေါ်စေရန် ဆင်ဆင်ခြင်ခြင်ဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ဒီအတွက်မပူနဲ့၊ ဟိုက ကျွေးမှာ။ စရိတ်ငြိမ်းဆိုပါတော့။ နံနက်စာ ညစာအပြင် ဘီစကစ်တို့ ချောကလက်တို့ပါ ကျွေးဦးမှာ၊ စီစဉ်ပေးဦးမှာ။ ခင်ဗျားတို့ဘက်က အလုပ်ကြိုးစားလုပ်ဖို့ပဲ လိုတာ"

ရန်ကုန်မှ အလုပ်သမားလာရှာသော ပွဲစားလူလည် ဦးခင်ဇော်က ဆိုလိုက်သည်။

"တို့အညာမှာ မီးလိုပူပြင်းလှတဲ့ ကွင်းပြင်ထဲမှာ ယာထွန် ဆိတ်ကျောင်း၊ ထန်းပင်တက်ရတဲ့အလုပ်ထက်တော့ သက်သာ





မှာပါကွ"

အိမ်ရှင်ဖြစ်သူ ကီဝီ (ဇော်ဝင်းထင်) ကပါ ဝင်ပြောသည်။

"ဒါဆို မင်းတို့က ဆုံးဖြတ်ပြီးပြီပေါ့"

မောင်သောင်းမြင့်က ကီဝီနှင့် မြဝင်း (ရေဆင်) ကို ကြည့်ကာ ပြောသည်။

"အေး ... တို့ကတော့ လိုက်ဖို့ဆုံးဖြတ်ပြီးပြီ။ မင်းသာ လိုက်ဖြစ်၊မဖြစ် စဉ်းစားပေတော့"

မောင်သောင်းမြင့်က ကီဝီ (ဇော်ဝင်းထင်) ၏စကားကြောင့် ခဏတရက် တွေဝေသွားပြီး –

"ဒါဆို ငါ့အဖေနဲ့အမေကို ပြန်တိုင်ပင်လိုက်ဦးမယ်ကွာ။ ပြီးတော့ မြသွေးကိုလည်း အသိပေးရဦးမယ်"

ကီဝီတို့အိမ်မှ မောင်သောင်းမြင့်ထွက်လာခဲ့ပြီး မမြသွေးတို့အိမ်အနီးသို့ လာခဲ့သည်။ ဧရာဝတီမြစ်ထဲမှ မြစ်ရေငင်ရန် ရေအိုးရွက်ထွက်လာသော မမြသွေးနှင့် အဆင်သင့် တွေ့ရသောကြောင့် အားရဝမ်းသာ အနားသို့ချဉ်းကပ်သွားပြီး မောင်မြဝင်းတို့နှင့်အတူ ရန်ကုန်သို့ဆင်းကာ ငွေအရှာထွက်မည့်အကြောင်း တိုင်ပင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြသွေးက မောင်သောင်းမြင့်နှင့် အကြာကြီး ခွဲခွာနေမည်ကို မလိုလားသော်လည်း တူနှစ်ကိုယ်နီးနိုင်ဖို့ အရေး မောင်သောင်းမြင့်ကို သစ္စာရှိရှိနှင့် စောင့်နေမည့်အကြောင်း အထပ်ထပ်အခါခါ ပြောကာ သဘောတူခွင့်ပြုလိုက်သည်။ ချစ်သူထံမှ ခွင့်ပြုချက်ရပြီးနောက် မောင်သောင်းမြင့်က အိမ်သို့ အပြေးပြန်လာ ပြန်ကာ မိခင်နှင့်ဖခင်ထံမှ ခွင့်ပြုချက်ကို ရယူရာ ရိုးသားဖြူစင်သော မိဘများက မောင်သောင်းမြင့်၏သဘောဟုဆိုကြသည်။

ထို့ကြောင့် မောင်သောင်းမြင့်က မောင်မြဝင်းနှင့်ကီဝီတို့အား မိမိပါလိုက်မည့်အကြောင်း စာရင်းပေးလိုက်လေတော့သည်။ သို့နှင့် နှစ်ရက်ကြာသောအခါ အလုပ်ပွဲစား ဦးခင်ဇော်နှင့်အတူ ညောင်ဦးမြစ်ဆိပ်မှ စပါးငါးရာပါ သမ္ဗာန်ကြီးဖြင့် ရန်ကုန်ဘက်သို့ လိုက်ပါလာခဲ့ကြသည်။

သမ္ဗာန်ထဲတွင် ကိုယ်လိုသူလို အလုပ်လုပ်လိုသူများနှင့် ပြည့်လျက်ရှိသည်။ အလုပ်ပွဲစားဦးခင်ဇော်က ရန်ကုန်ရောက်လျှင် စားစရာနှင့် ဝတ်စရာအရန်သင့်ရမည်ဆို၍ အလုပ်သမားအားလုံး လိုလိုပင် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လိုက်လာခဲ့ကြသည်။

"ဟ ကီဝီရ . . . လူတွေက မနည်းပါပဲလား။ ဘာအလုပ်





လောက်တောင် အလုပ်သမားတွေလိုတာလဲ"

"မသိဘူးလေကွာ၊ ငါတို့ကို လာခေါ်တဲ့ပွဲစားက မန္တလေးမှာ ဆင်းကျန်နေခဲ့ပြီ။ ငါလည်း ဘယ်သူ့ကို မေးရမှန်းမသိဘူး"

မောင်သောင်းမြင့်လည်း ခေါင်းအရှုပ်မခံတော့ဘဲ ငြိမ်ကုပ်၍ လိုက်ပါလာခဲ့ရာ တစ်မြို့ဝင်တစ်မြို့ထွက်နှင့် ရန်ကုန် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ရောက်လာခဲ့သည်။ ကမ်းပါးပေါ်ဝယ် သေနတ်ကိုင်ထားသော ဂျပန်များကို တွေ့ရပြီး ဂျပန်စကားပြန် မြန်မာများက သူတို့အားလုံးကို ကုန်းပေါ်သို့တက်လာကြရန် အော်ပြောသည်။ ကမ်းပါးပေါ်ရောက်သောအခါ မိုးတိုးမတ်တတ်နှင့်ပင် တန်းစီခိုင်းပြီး အောက်ပါအတိုင်း ပြောလေ၏။

"အားလုံး နားထောင်ကြပါ။ အခု ဒီကနေ ကွမ်းခြံဘူတာကြီးကို တန်းစီပြီး လမ်းလျှောက်သွားကြမယ်။ ဘူတာရောက်ရင် ရထားနဲ့ မော်လမြိုင်ဘက်ကို ခရီးဆက်ကြမယ်။ ဒါကြောင့် ကိုယ့်အဖွဲ့ကလေးနဲ့ကိုယ် အဆင်ပြေပြေသွားလာနိုင်အောင် ခင်ဗျားတို့အထဲက ခေါင်းဆောင်အဖြစ်ထားမယ့်လူကို ရွေးပေးမယ်"

စကားပြန်က ထိုသို့ပြောဆိုပြီးနောက် လူအုပ်ကြီးထဲမှ လူများကိုကြည့်ကာ ခေါင်းဆောင်တင်နိုင်မည့်သူကို ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူ ခင်ဗျား . . . အဲ ခင်ဗျားကိုပြောတာ၊ ဘယ်နယ်က လဲ၊ နာမည်နဲ့အတန်းပညာ ဘယ်လောက်တတ်လဲ ပြောစမ်းဗျာ"

စကားပြန်လက်ညှိုးထိုးပြလိုက်သူမှာ မောင်သောင်းမြင့် တို့၏သူငယ်ချင်း ကီဝီပင် ဖြစ်လေ၏။

"ကျွန်တော် ကီဝီပါ၊ လေးတန်းအောင်ပါတယ်၊ ညောင်ဦး ကပါ"

"ဟုတ်ပြီ . . . ခင်ဗျားကို ဘွန်ထိုက်ချိုခန့်တယ်၊ နောက် ဟိုတက်ကလူကကော"

"ကျွန်တော့်နာမည်က သိန်းဟန်ပါ။ ဘုန်းကြီးကျောင်း ထွက်၊ စကုနယ်ကပါ"

"ဟုတ်ပြီ . . . ခင်ဗျားကို ဟန်ချိုခန့်တယ်။ ဟန်ချိုဆိုတာ က အုပ်စုအလုပ်သမားခေါင်းဆောင်ပါ။ အဲဒီအုပ်စုခေါင်းဆောင် တွေကို စုစည်းပြီး ခေါင်းဆောင်တဲ့သူကိုတော့ ဘွန်ထိုက်ချိုလို့ ဂျပန်လိုခေါ်တယ်။ အုပ်စုတွင်းက အလုပ်သမားကိစ္စတွေကို ဟန်ချိုတွေက ဘွန်ထိုက်ချိုကိုတင်ပြပြီး ဘွန်ထိုက်ချိုကတော့ ကျုပ် တို့လို စကားပြန်တွေနဲ့ ဆွေးနွေးတိုင်ပင်ရမယ်။ ပြီးရင် မာစတာ တွေကို တင်ပြအစီရင်ခံရမယ်။ ခုချိန်ကစပြီး ကိုယ့်သဘောနဲ့ကိုယ်





နေချင်သလိုနေလို့မရဘူး။ လိုက်နာရမယ့် စည်းကမ်းအတိုင်း နေ ကြပါ"

စကားပြန်က ပြောဆိုပြီး လူများအားလုံးကို ကွမ်းခြံဘူ တာကြီးဆီသို့ ကုန်းကြောင်းခေါ်ဆောင်လာခဲ့သည်။ ကွမ်းခြံဘူတာ ကြီးမှတစ်ဆင့် ရထားတွဲများဆီသို့တက်ကြပြီး အကာလ မှောင်မည်း သောညအခါတွင် ရထားကြီးမှာ မော်လမြိုင်သို့ ဦးတည်ခုတ်မောင်း သွားသည်။

အမြို့မြို့အရွာရွာကိုဖြတ်၍ မုတ္တမသို့ ရထားဆိုက်လျှင် အားလုံးဆင်းပြီး သံလွင်မြစ်တစ်ဖက်ကမ်းရှိ မော်လမြိုင်ဘက်သို့ တော်လှေသမ္ဘာန် စသည်တို့နှင့် ကူးကာ မော်လမြိုင်တွင် စခန်းချ နေလေ၏။

"ငါတို့ကို ဘယ်များ ထပ်ခေါ်သွားဦးမှာလဲ"

မောင်မြဝင်း၏စိတ်ထဲတွင် ကိုယ်မသိဘဲ သွားနေရသော ခရီးအတွက် လိပ်ပြာမသန့်ဖြစ်လာသည်။ ထို့အတူ လိုက်ပါလာသူ အားလုံး၏အတွေးများတွင်လည်း စနိုးစနောင့် ဖြစ်လျက် ရှိသည်။

"တို့လိုက်လာမိတာ မှားများမှားနေပြီလား"

မောင်သောင်းမြင့်က တီးတိုးရေရွတ်လိုက်သည်။ အမှန်



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် သူတို့အား ပွဲစားလူလည် ခင်ဖော်က သွားရေယိုအောင် လျှာကို သကာသုတ်၍ မစားရဝခမန်းပြောဆိုပြီး ချွေးတပ်စခန်းထဲ အလုပ်သမားအဖြစ် ထည့်ပေးလိုက်ခြင်းဖြစ်သည်။ ချွေးတပ်စခန်းတွင် မောင်သောင်းမြင့်တို့ကဲ့သို့ ပွဲစားမှတစ်ဆင့် လိုက်ပါလာသူများ ရှိသလို အချို့မှာ ဘာမှန်းညာမှန်းမသိဘဲ မိမိတို့ဆန္ဒအလျောက် လိုက်ပါလာသူများလည်း ရှိသည်။

အချို့ကတော့ ချွေးတပ်စခန်း အကြောင်း သတင်းသဲ့သဲ့ ကြားပြီး မလိုက်လိုကြသဖြင့် ပုန်းရှောင်နေကြသော်လည်း ဂျပန်များက လိုက်လံဖမ်းဆီး၍ ချွေးတပ်သားအဖြစ် ခေါ်ဆောင်လာခဲ့သောကြောင့် မလိုက်မနေရ လိုက်လာကြရလေသည်။

ချွေးတပ်စခန်းဆိုသည်မှာ ဂျပန်တို့က ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံနယ်စပ်ဖြစ်သော ပတ်ချန်မြစ်ကမ်းမှ ဘုရားသုံးဆူတောင်ကြားကိုဖြတ်ပြီး သံဖြူဇရပ်အထိ ဖောက်လုပ်မည့် မီးရထားလမ်းတွင် အလုပ်လုပ်ကြရသော မြန်မာပြည် အနယ်နယ်အရပ်ရပ်ရှိ အလုပ်သမားများ နေထိုင်ကြရသည့် စခန်းကြီးဖြစ်သည်။

ချွေးတပ်သားများကို တက်သုတ်ရိုက်ဖမ်းဆီးခေါ်ဆောင်၍ ရထားလမ်းဖောက်လုပ်ရာသို့ ပို့ဆောင်ကြသည်။ မော်လမြိုင်မှ

ခု နှစ် စဉ် ကြယ် စာ ပေ



ထွက်ခဲ့ရပြီးနောက်ရက်တွင် မောင်သောင်းမြင့်တို့တစ်တွေ သံဖြူဇရပ်မှ ကျောက်လုံးကြီးချွေးတပ်စခန်းဆီသို့ ပို့ဆောင်ခြင်း ခံရလေသည်။

ထိုအခါမှပင် ချွေးတပ်စခန်းဆိုသည်ကို သူတို့အားလုံး နှဖူးတွေ့ ဒူးတွေ့ တွေ့ကြရတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## မပြန်လမ်းသို့ ရှေ့ရှုနေကြသူများ

ကျောက်လုံးကြီး ချွေးတပ်စခန်း၏အဝတွင် အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံးရှိသည်။ အိမ်အကြီးကြီးတစ်လုံးပမာဏရှိ၏။ ထို့နောက် စည်းရိုးကာလျက် တံခါးဝတွင် နေလုံးနီနီတံဆိပ် ခပ်နှိပ်ထားသော ဂျပန်နိုင်ငံအလံမှာ တလူလူ ဝင့်လျက်ရှိသည်။ ကျောက်တစ်လုံး ချွေးတပ်စခန်းထဲသို့ မောင်သောင်းမြင့်တို့ရောက်ရောက်ချင်း ဂျပန်စကားပြန်က အောက်ပါအတိုင်း ပြောသည်။

"ကျုပ်တို့အားလုံး မာစတာတွေရဲ့ကြီးကြပ်မှုနဲ့ ဒီတော





ဒီတောင်ထဲမှာ ရထားလမ်းဖောက်ကြရမယ်။ ငှက်ဖျားထူတဲ့အတွက် စမ်းရေမသောက်ကြပါနဲ့။ ရေနွေးကို နေ့မီး ညမီးထည့်ပြီး ကြိုထားတာမှ ရေနွေးပဲသောက်ကြပါ။ ငှက်ဖျားကာကွယ်ဖို့ တိုက်တဲ့ဆေးကိုလည်း မှန်မှန်သောက်ကြပါ။ အလုပ်လုပ်တဲ့နေရာမှာ မနိုကပ်ကြပါနဲ့။ နိုကပ်တာတွေ့ရင် မာစတာတွေက အပြစ်ကြီးကြီးပေးပါလိမ့်မယ်။ ပြီးတော့ အလုပ်ပင်ပန်းလို့ဆိုပြီး ထွက်မပြေးပါနဲ့၊ ထွက်ပြေးတာမိရင် အပြစ်ကြီးကြီး ပေးပါလိမ့်မယ်။ ဘွန့်ထိုက်ချို့တန်ချို့တွေက ကိုယ့်အဖွဲ့ထဲက လူပျောက်တာ လျော့တာရှိရင် အရေးယူခံရပါမယ်။ ကျုပ်က နိပ္ပွန်၊ ဘိရုမာ၊ ဘန်ဆိုင်း၊ ဘန်ဆိုင်း လို့အော်တဲ့အခါ ခင်ဗျားတို့အားလုံးက ဘန်ဇိုင်း ဘန်ဆိုင်းလို့ ပြန်အော်ကြပါ။ အားလုံးကြားကြလား"

"ကြားပါတယ်"

စကားပြန်က မေးလိုက်သဖြင့် အားလုံးက ပြန်ဖြေကြရသည်။ ထို့နောက် ချွေးတပ်သားများကို နေထိုင်ရန်ဆောက်လုပ်ထားသော တဲတန်းလျားကြီးများအတွင်း နေရာချထားပေးလေသည်။ တဲတန်းရှည်ကြီးများ၏အလယ်တွင် လူသွားလမ်းထားကာ ဘေးနှစ်ဖက်တွင် အိပ်စင်များ ထိုးထားလေသည်။ ထိုအိပ်စင်များ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ချွေးတပ်သားများနေထိုင်ရပြီး ထမင်းကျွေးရုံမှ ထမင်းကျွေးပြီဆိုလျှင် အူလျားဖားလျားထကာ ထမင်းရုံသို့လာခဲ့ကြ သည်။ ထမင်းကျွေးရုံတွင် ထမင်းစားပွဲမရှိ၊ ပန်းကန်ခွက်ယောက်ကား နတ္ထိ။ ဝါးကွပ်ပျစ်ရှည်ကြီးများပေါ်တွင် ဖျာကြမ်းခင်း၍ အင်ဖက်ကျွန်းဖက်စသည့် ဖက်ရွက်ကြီးများကို ထပ်ခင်းပြီး ထမင်းကို ကုလားပုံပုံကာ ဟင်းရည်ဆမ်းကျွေးခြင်း ဖြစ်သည်။ ဟင်းလျာကား ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥများကို ရောနှော ကြိုချက်ထားသော ဟင်းမည်ကာ မတ္တဟင်းရည်ကျဲများသာ ဖြစ်သည်။

"ဟာ ... ဒီဟာ ပိုးဟပ်မဟုတ်လား။ အားပါး ... ထွီ"

"ဟာ ... ငါ့ထမင်းပုံထဲမှာလည်း တီကောင်ပါတယ်ဟေ့ ... ဝေါ့"

လူအမြောက်အမြားအတွက် ချက်ပြုတ်ကျွေးမွေးရသဖြင့် ထမင်းချက်ဟင်းချက်တာဝန်ကျသည့် ထမင်းချက်ရုံမှ ထမင်းချက်များမှာ ဆန်ဆေးခြင်း၊ ခဲသဲကောက်ခြင်း အမှုမပြုနိုင်ကြ။ အရွက်အသီးအဥတို့နှင့်ရောနှောကာ ကပ်ညိနေကြသော ပိုးဟပ်၊ ပက်ကျိ၊ တီကောင် စသည်တို့အားလည်း ရွေးချယ်ဖယ်ရှားခြင်း မပြုနိုင်ကြ။ လူပေါင်းများစွာ၏နေ့စာ ညစာအလျှင်မီအောင် ချက်နေကြရသဖြင့်





ဒိုးထဲဆန်ထည့် ရေဖြည့် ဖိုခွင်တင်သည့်အလုပ်ကိုပင် မအားလပ်အောင် ဖယ်ဆက်သလို လုပ်နေကြရသည်မို့ မကောင်းသူထိပ်ကောင်းသူထိပ် ပါချင်သည့်ချွေးတပ်သား၏ထမင်းပုံထဲပါစေတော့ဟု သဘောထားပြီး ချက်ပြုတ်လုပ်ကိုင်ကြရသည်။ ချွေးတပ်သားများမှာလည်း တစ်ခုတည်းသော အာဟာရမို့ ကြာတော့လည်း ဘီကောင်သော ဘောက်ဖတ်သော အမှတ်မထားနိုင်ကြတော့ဘဲ ဝမ်းမီးငြိမ်းစေရန် ကြိတ်မှိတ် စားသောက်ကြရ၏။

နောက်တစ်နေ့နံနက်တွင် အလုပ်ဆင်းရန်အတွက် လိုအပ်သော မြေသယ်တောင်း၊ ပေါက်ချွန်း၊ ပေါက်ပြား၊ သစ်ခုတ်ဓားသည်တို့ကို ပစ္စည်းသိုလှောင်ရုံမှ ထုတ်ယူပြီး တောတွင်းအလုပ်ခန်းများဆီသို့ သွားကြရလေသည်။ တောထဲသို့ရောက်လာသော မောင်သောင်းမြင့်တို့မှာ ဂျပန်များတိုင်းတာ၍ ငုပ်ရိုက်ပေးထားသည့် နေရာများသို့ အခြားနေရာများမှ မြေများကို တူးယူလာပြီး ဖို့ကြရသည်။ မြေတူးရာ၌ ကျောက်စရစ်၊ ကျောက်ခဲများနှင့် ရောနှောနေသောမြေများကို ခက်ခက်ခဲခဲ ပေါက်ကြရသဖြင့် လုပ်ငန်းကြန့်ကြာခြင်း၊ လက်များ ပေါက်ပြဲခြင်းတို့ကြောင့် ချွေးတပ်သားများမှာ ဝင်ပန်း၍ အားအင်ကုန်ခမ်းကြလေသည်။ ထိုသို့ ရက်ပေါင်းများစွာ



www.burmeseclassic.com

ကြာလာသောအခါ အလုပ်ပင်ပန်းခြင်း၊ အစားအသောက်မကောင်းခြင်းတို့ကြောင့် ချွေးတပ်စခန်းတွင် မနေလိုကြတော့ဘဲ ထွက်ပြေးသူများ ရှိလာသည်။

''ဟိုဘက်တန်းလျားက ရောဝတီတိုင်းသား အဒူလေးဆိုတဲ့လူ ထွက်ပြေးတာ ဂျပန်တွေ မိသွားသတဲ့''

''နက်ဖြန်မနက်မှာ အပြစ်ပေးမယ်ပြောတာပဲ၊ ခုတော့ သူ့ကို စစ်တန်းလျားရှေ့မှာ ကြိုးတုပ်ထားလေရဲ့''

ကိုဝိက သူမြင်ခဲ့သလောက် ပြောပြသည်။ နောက်တစ်နေ့နံနက် ချွေးတပ်သားများ အလုပ်မသွားမီ စခန်းရှေ့ ကွင်းပြောင်ပြောင်ကြီးထဲတွင် လက်ပြန်ကြိုးတုပ်၊ ခြေကျင်းဝတ်ကို ပူးပြီး ကြိုးတုပ်ထားသော အဒူလေးကို တွေ့ကြရသည်။ ရိုက်နှက်ထား၍ ဖူးယောင်ညိုမည်းနေသော ဒဏ်ရာများနှင့် အဒူလေးမှာ မြေပေါ်တွင် လဲလျက်ရှိသည်။ မောင်သောင်းမြင့်တို့ တစ်နေကုန် အလုပ်လုပ်ပြီး ပြန်လာသောအခါ အဒူလေးမှာ နေလောင်သောဒဏ်ကြောင့် အသားများမှာ ခြောက်ကပ်ပြာနှမ်းနေပြီး ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေလေပြီ။

အညာသားဖြစ်သော မောင်သောင်းမြင့်က နေပူရှိန်ကို





ကောင်းစွာနားလည်သည်။ အဒူလေးမှာ တစ်နေ့တာလုံး နေလှန်းခံပြီး ငါးခြောက်ပြားနှယ် ရေဓာတ်ခြောက်ခမ်းကာ ခြောက်ကပ်နေပြီ မဟုတ်ပါလား။

သို့သော် ဂျပန်များက အဒူလေးကို အစာမကျွေး၊ ရေမပေးချေ။ ထိုညမှာပင် အဒူလေး သေလေ၏။

''ငါတို့တော့ ဒီစခန်းကနေ အိမ်ပြန်ရောက်ဖို့လမ်း မမြင်ဘူး။ ပြေးတော့လည်း ဖမ်းမိရင် သေမယ်၊ မပြေးတော့လည်း ငှက်ဖျားနဲ့သေချင်သေ၊ ဒါမှမဟုတ် အာဟာရချို့တဲ့ပြီး နာမကျန်းနဲ့သေ၊ ဘယ်နေရာကောင်းတော့လို့လဲကွာဟင်''

မောင်မြဝင်းက အဒူလေးသတင်းကြားပြီး မျက်နှာကြီးကို ရှုံ့မဲ့ကာ ညည်းညူလိုက်သည်။

''အေးလေ . . . တို့တစ်တွေက မပြန်လမ်းကို သွားနေကြတဲ့ လူတွေလေကွာ''

မောင်သောင်းမြင့်က ချွေးတပ်စခန်း၏အနှစ်ချုပ်အဓိပ္ပာယ်ကို ဖွင့်ဟပြလိုက်လေသည်။

❑ ❑ ❑

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

## ကျားဆွဲခံရတဲ့ အောင်လွင်

ညသည် ပိန်းပိတ်အောင် မှောင်လျက်ရှိသည်။ ပုရစ်အော်သံတကျီကျီမှတစ်ပါး အခြားအသံဗလံများ တိတ်ဆိတ်နေလေ၏။ ချွေးတပ်သားများ အိပ်ကောင်းသည့်အချိန်ပင် ဖြစ်၏။

''ဟေ့ ဦးထွန်းစိန် . . . ခဏလောက် ထစမ်းပါဦးကွ''

အောင်လွင်က သူ့နံဘေးတွင်ကပ်လျက် အိပ်ပျော်နေသော ဦးထွန်းစိန်ကို တံတောင်နှင့်တွတ်ကာ နှိုးလိုက်သည်။

''ငါနဲ့ ခဏလိုက်ခဲ့စမ်းပါကွာ၊ ငါ အိမ်သာသွားချင်တယ်၊ သရဲကြောက်လို့ ငါတစ်ယောက်တည်း မသွားရဲဘူးကွ''

ခု နစ် စဉ် ကြယ် စာ ပေ



ဦးထွန်းစိန်လည်း ဟန်ချို့မျိုးလွင်ကိုခွင့်ပန်ပြီး အောင်လွင်နှင့်အတူ တဲနောက်သို့ လိုက်ပါသွားသည်။ တဲနောက်သို့ ရောက်သောအခါ အောင်လွင်က ချုံစပ်သွားထိုင်စဉ် ဦးထွန်းစိန်က မလှမ်းမကမ်းမှ ထိုင်စောင့်နေ၏။ ထိုစဉ် ဂီး ဂူး ဂဲ ဟူသော အသံများကို ညီးညီးညံညံ ကြားလိုက်ရသည်။

''ဘာသံကြီးလဲကွ အောင်လွင်''

ဦးထွန်းစိန်က လှမ်းပြောလိုက်သည့်အခါ –

''သရဲညည်းသံကြီးများလားကွာ။ ငါ ကျောချမ်းလာပြီ။ အရေးထဲ အမျှင်က မပြတ်သေးဘူးကွ။ ဟာ ဟာ . . . အမယ်လေး ဦးထွန်းစိန်ရေ ငါ့ကိုကယ်ပါဦး . . . အား''

အောင်လွင်ပြောနေသော စကားမဆုံးမီမှာပင် ဗလုံးဗထွေး ဖြင့် အော်လိုက်သော အောင်လွင်၏ချောက်ချားဖွယ်ရာ အံသံကြီးကို ကြားလိုက်ရသောကြောင့် ဦးထွန်းစိန်က အောင်လွင်၏အော်သံကြားရာသို့ လှမ်းကြည့်လိုက်သည်။ အစိမ်းရောင် တဝင်းဝင်းတောက်နေသော ဂုံညင်းဒိုးခန့် မျက်လုံးကြီးနှစ်လုံးကို တွေ့လိုက်ရသော ဦးထွန်းစိန်မှာ အောင်လွင်ကို ကယ်ဖို့ဝေးစွ၊ တဲဆီသို့ရောက်အောင် ဒရောသောပါး ပြေးခဲ့ရသည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ၊ ဘာသံလဲကွ"

အလုပ်သမားခေါင်းဆောင်များနှင့် အလုပ်သမားများ လန့်နိုးကုန်ကြပြီး ဦးထွန်းစိန်ကို ဝိုင်းဝန်းမေးမြန်းကြသည်။ ဦးထွန်းစိန်က အောင်လွင်နှင့် သူတို့နှစ်ယောက် အခင်းကြီးသွားရန် တဲနောက်သို့ရောက်သွားကြပုံကို ရှင်းပြလိုက်သည်။

"အင်း . . . ကျားဆွဲသွားတာပဲ ဖြစ်ရမယ်"

ချွေးတပ်စခန်းထဲတွင် လိုက်ပါလာသော မုဆိုးတစ်ဖြစ်လဲ ချွေးတပ်သား ကိုဆန်းရှိန်က ပြောလိုက်သည်။

ဂျပန်များက စကားပြန်နှင့်အတူ မီးအိမ်များဆွဲ၍ တဲတန်းလျားများရှိရာသို့ ရောက်လာကြပြီး မေးမြန်းသောအခါ အလုပ်သမားခေါင်းဆောင်များက ချွေးတပ်သားတစ်ယောက် ကျားဆွဲခံရကြောင်း ပြောပြလိုက်မှ ပြန်သွားကြတော့သည်။ မနက်လင်းမှပင် အလုပ်သမားခေါင်းဆောင်များနှင့် ဂျပန်တို့သည် ညက ကျားဆွဲခံရသော အောင်လွင်ကို လိုက်လံရှာဖွေကြရာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အောင်လွင့်အလောင်းကို တွေ့ရသဖြင့် ထိုနေရာ၌ပင် မြှုပ်နှံလိုက်လေသည်။

"အမှန်က အောင်လွင့်အလောင်းကို ဂျပန်တွေ ရှာချင်





ဒီ့ မဟုတ်ဘူးကွ။ ထွက်ပြေးသွားတယ်ထင်လို့ လိုက်ကြည့်ကြတာ။ ားအားထားတဲ့ တစ်ဝက်တစ်ပျက်အောင်လွင်အလောင်းကို တွေ့မှ ူတို့ကျေနပ်ပြီး လှည့်ပြန်ကြတာ"

"အင်း . . . တို့ချွေးတပ်သားတွေရဲ့ဘဝဟာ ငှက်ဖျားနဲ့ သေတဲ့လူ၊ ကျားဆွဲပြီးသေတဲ့လူ၊ အားနည်းပြီး မကျန်းမာတဲ့လူတွေ ဖြစ်နဲ့ လုံးပါးပါးရမှာပါပဲကွာ"

မောင်မြဝင်းက မောင်သောင်းမြင့်ကို တိုးတိုးကလေး ပ်ပြောလိုက်ပြန်သည်။

"ထွက်ပြေးတဲ့လူကျတော့ နှိပ်စက်ညှဉ်းပန်းတာခံရ၊ နှုလှန်းခံရတာနဲ့ သေပြန်ရော၊ ဒါပေမဲ့"

မောင်သောင်းမြင့်က ပြောလက်စ စကားကိုရပ်ကာ စဉ်းားတွေဝေနေလေရာ . . .

"ဒါပေမဲ့ . . . ဘာဖြစ်လဲ ဆက်ပြောလေကွာ။ မင်းကင်းမိဘ၊ မင်းချစ်သူ မမြသွေးနဲ့ မတွေ့နိုင်တော့သလို ငါလည်း ်အဖေနဲ့တွေ့ဖို့ မလွယ်တော့ဘူးကွ။ ဒါကြောင့် မင်းရဲ့ ဒါပေမဲ့ ဆိုတဲ့ နောက်ဆက်တွဲစကားက အဓိပ္ပာယ်ရှိမှာ မဟုတ်တော့ပါဘူးွာ။ ဆက်မပြောချင်လည်း မပြောနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြဝင်းက လေသံပျော့နှင့် အားလျော့စွာပြောသည်။

"ငါပြောမယ် ... သူတို့ကိုကြောက်ပြီး သစ်ငုပ်တိုလို ငုတ်တုတ်အသေခံမယ့်အစား လွတ်လမ်းတွေတဲ့နေ့မှာ ပြေးမယ်။ မိတော့လည်း သေပေါ့ကွ။ အေး ... ကံကောင်းလို့ လွတ်ခဲ့ရင် တို့အညာဒေသ တို့တွေ့ချင်တဲ့သူတွေကို တွေ့နိုင်တယ်လေ"

မောင်သောင်းမြင့်က သူ့ဆန္ဒကို ထုတ်ဖော်ပြသည်။

"ရှူး ... တိုးတိုး၊ ခွေးတပ်သားတွေထဲမှာ ဂျပန်အလိုတော်ရိတွေ ရှိတယ်။ သူတို့ကြားသွားလို့ မပြေးရခင် သေနေဦးမယ်"

မောင်မြဝင်းက ဘေးဘီကိုကြည့်ပြီး တားလိုက်သည်။

"ငါ သိပါတယ်၊ ဒါကြောင့် ပြေးဖို့အားရှိအောင် ကျန်းမာရေးကို ဂရုစိုက်၊ အစားအသောက်ကို ခံတွင်းတွေ့တွေ့ မတွေ့တွေ့ မှိတ်ကြိတ်ပြီးစား။ အားမပြတ်မှ တို့ ပြေးနိုင်၊လွှားနိုင်မှာကွ"

မောင်သောင်းမြင့်က ပြောပြီး မောင်မြဝင်းနှင့် တိုးတိုးကျိတ်ကျိတ်တိုင်ပင်ကာ အခွင့်ကောင်းကို စောင့်နေကြတော့သည်။

❑❑❑





## သူယောင်မယ်ကလေးများ ရောက်လာခြင်း

တစ်နေ့ ကျောက်လုံးကြီးခွေးတပ်စခန်းသို့ ဂျပန်မကလေးများ ဆယ်ယောက်ခန့်ရောက်ရှိလာသည်။ စင်စစ်တွင်မူ ဂျပန်စစ်ဗိုလ်နှင့် ဂျပန်စစ်သားများအား အလုပ်အကျွေးပြုရန် ဂျပန်ပြည်က ခွဲတမ်းပေးပို့လိုက်သော ဂျပန်သူလေးများသာ ဖြစ်လေသည်။ ခွေးတပ်သားပုရိသတို့မှာ ရသေ့စိတ်ဖြေ ဂျပန်မလေးများကို မြင်ဖူးချင်၍ ဂျပန်စစ်သားများနေထိုင်ရာ တန်းလျားများရှိရာသို့ ပုန်းလျှိုးကွယ်လျှိုး ဖွဲ့ကောင်းကောင်းဖြင့် သွားရောက်ချောင်းကြည့်ကြသည်။

ထိုအချိန်တွင် ဂျပန်မလေးများက တဲတန်းလျားအတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး အနီးရှိစမ်းချောင်းကလေးရှိရာသို့ ဆင်းလာကြသည်။ စမ်းချောင်းကလေးအနီးသို့ ရောက်သောအခါ သူတို့ကိုယ်ပေါ်မှ အဝတ်အစားများကိုချွတ်ပြီး ချုံပုတ်ကမ်းစပ်များတွင် ချထားလိုက်ကြကာ စမ်းချောင်းကလေးထဲ ဆင်း၍ရေချိုးကြ၏။ ထိုအခါ ချောင်းကြည့်နေသော ချွေးတပ်သားများဖြစ်သည့် ဝင်းသန်း၊ ကျင်ယုနိုင်ဝင်းဦး၊ ဇော်မင်းအောင်တို့မှာ မမြင်ဖူး၍ ဟာခနဲ ဟင်ခနဲ ဖြစ်ကုန်ကြတော့သည်။

"မောင်မြဝင်း . . . မင်း ဂျပန်မလေးတွေကို သွားချောင်းတာတော့ ဟုတ်ပါပြီ။ ဂျပန်စစ်သားတွေ တွေ့သွားရင် နေအလှန်ခံနေရပါ့မယ်၊ သတိထားဦးကွာ"

မောင်သောင်းမြင့်က မိန်းမဝါသနာအိုး မောင်မြဝင်း (ရေဆင်) ကို သတိပေးသည်။

ဂျပန်မလေးများကလည်း သူယောင်မယ်ကလေးများ သဖွယ် တောမှီချွေးတပ်သားများကို ညှို့ငယ်ဆွဲဆောင်ထားလေ၏။ ထိုသို့ အသူရကာယ်ဘုံသားများပမာ မျက်စိအလိုလိုက်ကာ ခံစားစံစားလိုက်၊ အလုပ်ကြမ်းရာသီကြမ်း၊ အစားကြမ်းများနှင့် နပန်းလုံးလိုက်ဖြင့် မရဏာလမ်းရှည်ကြီးသို့ သွားနေကြသော ချွေးတပ်သား





များမှာ လမ်းဆုံးသို့မရောက်မီမှာပင် ဖြတ်လမ်းမှ သေမင်းက ခေါ်ယူပြန်လေသည်။

"တို့စခန်းမှာ ဝမ်းရောဂါဖြစ်ပြီတဲ့ကွ"

"ကဲ . . . တို့တော့ အခွင့်ပေါ်ပြီ၊ သေရင်မြေကြီး ရှင်ရင်ချွေထီး စွန့်စားကြရတော့မယ်ဟေ့"

"အေး . . . ဒါပေမဲ့ ဝမ်းရောဂါကြောင့် သေတဲ့လူတွေနဲ့ ရောပြီး တို့က သေချင်ယောင်ဆောင်မယ်။ တွင်းတူးပြီးမြှုပ်တော့ လူသေတွေအပေါ်မှာ တို့ကိုတင်ပြီး အမှိုက်တွေနဲ့ဖုံးထားပေးမယ်၊ ညဘက်ရောက်တော့မှ တို့ပြေးကြတာပေါ့။ ငါ အားလုံးစီစဉ်ပြီးပြီကွ။ အလုပ်သမားခေါင်းဆောင် တို့ရွာသား ကီဝီကို ငါတိုင်ပင်ပြီးပြီ။ သူ့တာဝန်ထားပါလို့ ပြောတယ်။ ဒီနေ့ ဝမ်းရောဂါနဲ့ သေမယ့်လူတွေထဲမှာ မင်းနဲ့ငါလည်း ပါမယ်ဟေ့"

မောင်သောင်းမြင့် ရှင်းပြသောအခါ မောင်မြဝင်းက ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် သဘောတူသည်။ အလုပ်သမား ခေါင်းကီဝီကလည်း တိုင်ပင်ထားသည့်အတိုင်း မောင်သောင်းမြင့်နှင့် မောင်မြဝင်းတို့အား လူသေများနှင့် ရောသယ်သွားပြီး တွင်းထဲတွင် လူသေများ၏အပေါ်ဆုံးမှထား၍ အမှိုက်များဖြင့် ဖုံးအုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့က မြေဖို့ခိုင်းသောအခါ အခြားနေရာများသို့ ထုထုဖို့ပြီး မောင်သောင်းမြင့်တို့ရှိနေသောနေရာကို မြေမှုန့်များ အမှိုက်များနှင့် ခပ်ပါးပါးဖြူးထားခဲ့လေသည်။ ညအတော်နက်၍ လူအများ အိပ်မော ကျချိန်ရောက်မှပင် နှစ်ယောက်သား မြေမှုန့်များ၊ အမှိုက်များ ဖယ် ရှားကာ စခန်းဂိတ်ဝကိုရှောင်၍ မှန်းဆထွက်ပြေးခဲ့လေ၏။

နှစ်ရက်မျှခရီးနှင်ခဲ့ပြီးနောက် မွန်လူမျိုးတို့၏ကျေးရွာကြီး တစ်ရွာသို့ ရောက်ရှိလေသည်။ အကျိုးအကြောင်းပြောပြပြီး အကူ အညီတောင်းရာ ရွာသားများက စားစရာများကျွေးမွေး၍ ရွာတွင် အားရှိကျန်းမာသည်အထိ နေခွင့်ပြုကြသည်။ မောင်သောင်းမြင့်တို့ အင်အားပြည့်ဝလာသောအခါ ကျေးဖူးတင်စကားပြောဆို နှုတ် ဆက်ပြီး မုတ္တမမှတစ်ဆင့် ကော့ဘိန်း၊ ကမမောင်း၊ မဒေါက် ရွှေကျင်နယ်ထဲသို့ဖြတ်ဝင်ကာ ပဲခူးရိုးမတောင်တန်းကြီးအတိုင်း မြောက်အရပ် အထက်အညာသို့ ခရီးဆက်ကြလေတော့သည်။

"တို့များ ပုဂံနေပြည်တော်ကြီး ကောင်းစားစဉ်က ပုဂံနေ ပြည်တော်ကြီးကနေ ပဲခူးရိုးတောင်ကြောကြီးအတိုင်း မြင်းသည် တော်တွေ၊ စာချွန်တော်ဆက်သားတွေ သွားလာလေ့ရှိတဲ့ မင်းလမ်း ဆိုတာရှိတယ်လို့ တို့အဖေ ပြောဖူးတယ်ကွ"





နှစ်ယောက်သား တောင်ပေါ်တက်လိုက်၊ တောကိုဖြတ် လိုက်နှင့် ဂျပန်များ အရိပ်အခြည်ကြည့်ကာ ဂျပန်များ မရှိသော ရွာများကိုဝင်၍ ခရီးလမ်းပန်းအခြေအနေကို မေးမြန်းစုံစမ်းရင်း ပဲခူးတိုင်း၊ ဖေယျာဝတီမြို့ကလေးအနီးရှိ ရိုးမတောင်ခြေမှ ရွာလေး တစ်ရွာသို့ ရောက်ရှိလာခဲ့သည်။ ရွာသူကြီးကို အကျိုးအကြောင်း ပြောပြအကူအညီတောင်းရာ ရွာလူကြီးက –

"ဒီကနေတည့်တည့်သွား၊ ဖြူးမြို့အနောက်ဘက်မှာ ဖြူးချောင်းရှိလေရဲ့။ ဖြူးချောင်းကနေ နောက်ထပ် (၅) မိုင် လောက် ဆက်သွားရင် ပဲခူးရိုးမကြီးရဲ့အခြေကို ရောက်လိမ့်မယ်။ အဲဒီရိုးမ အခြေမှာ ကျွဲမလူးဆိုတဲ့ရွာရှိတယ်။ အဲဒီရွာနားက တောင်ခြေမှာ မြသိန်းတန်ရွှေစေတီရှိလေတော့ ဘုရားဝင်ဖူးကြပေါ့ကွယ်။ ဘုရား ဖက်တော့ အသက်ရှည်တာပေါ့။ ဩော် ... နောက် ဖြူးချောင်း နံ့ဘေးမှာ အလွန်ထူးဆန်းတဲ့ ကျောက်ဂူတစ်ဂူလည်း ရှိပြန်တယ်။ ဂူထဲဝင်ကြည့်ရင် ဘာမှမတွေ့နိုင်ပေမယ့် အနီးအပါးက ဟိန္ဒူရွာ၊ ကရင်ရွာ၊ ရှမ်းရွာ၊ ရေလျှံကြီးရွာ၊ ရေလျှံလေးရွာတွေက အလှူ အတန်းများ လုပ်ပလားဆိုရင် အိုးခွက်ပန်းကန် အထူးအထွေ ငှားဖွေပြီး လည်ပတ်ငှားနေစရာမလိုတူးကွဲ့။ ကိုယ်လိုတဲ့ အိုးခွက်ပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းကို စာရွက်ထဲမှာရေး အုန်းငှက်ပျောပွဲနဲ့ ပန်းကန်ထည့်ဖို့ တောင်းတစ်လုံးသာယူသွား။ ပြီးတော့ ငှက်ပျောပွဲနဲ့ အုန်းပွဲကို ဂူအဝမှာချ အိုးခွက်ပန်းကန်များ အလှူမှာ သုံးဖို့ ခဏငှားပါလို့ ပြောဆိုပြီး ပြန်လာခဲ့။ နောက်တစ်နေ့ကျရင် အဲဒီဂူအဝကိုသွားကြည့်၊ စာရင်းထဲမှာပါတဲ့အတိုင်း ပန်းကန်တွေကို တောင်းထဲမှာ ထည့်ပေးထားတာ တွေ့လိမ့်မယ်။ အဲဒါတွေ ယူသုံး။ နောက်နေ့မှာ သွားပြန်ထား။ နောက်ရက်ကျတော့သွားကြည့် မရှိတော့ဘူး။ ပြန်သိမ်းသွားတယ်ကွဲ့။ ကဲ . . . ဘယ်လောက် ထူးဆန်းသလဲ''

ရွာလူကြီးကံဦးက ပြောပြသဖြင့် မောင်သောင်းမြင့်တို့ စိတ်ဝင်စားစွာ နားထောင်ကြသည်။

''အဲ . . . ခုနက ဦးကြီးပြောတဲ့ ဖြူးချောင်းက တက်သွားရင် ပဲခူးရိုးမအနောက်ဘက်ဖောင်းမှာ ကျောက်အိုးလေးနဲ့ ကျောက်အိုးကြီးဆိုတာ ရှိတယ်''

ရွာလူကြီးကံဦးက တစ်ခုပြီးတစ်ခု ပြောပြနေလေရာ မရှင်းသောနေရာရောက်လျှင် မောင်သောင်းမြင့်တို့က မေးကြပြန်သည်။

''ကျောက်အိုးလေးနဲ့ ကျောက်အိုးကြီးဆိုတာ ဘာလဲဟင် ဦးကြီး''





မောင်မြဝင်း၏စကားကြောင့် ရွာသူကြီးကံဦးက –

''ကျောက်အိုးလေးဆိုတာ ရိုးမတောင်ကြောကြီးရဲ့ အနောက်ဘက်စောင်းမှာ ဒယ်အိုးလိုခွက်ပြီး ကျင်းချိုင့်ဖြစ်နေတဲ့ ကျောက်ခွက်ကို ခေါ်တာကွဲ့။ အဲဒီတောင်စောင်းရဲ့အောက် ရောက်ပြန်တော့ ရေကန်ကြီးတစ်ကန်လောက်ကြီးတဲ့ ကျောက်ခွက်ကြီး တစ်ခွက် ရှိနေပြန်တယ်။ အပေါ်ကျောက်ခွက်က အောက်မှာရှိတဲ့ ကျောက်ခွက်ထက်သေးလို့ သူ့ကို ကျောက်အိုးလေးလို့ ခေါ်တယ်။ အောက်က ကျောက်ခွက်ကိုတော့ ကျောက်အိုးကြီးလို့ ခေါ်တာကွဲ့။ အပေါ်က ကျောက်အိုးလေးထဲမှာ စမ်းပေါက်ပြီး ရေထွက်တော့ ရေတွေက လျှံကျ၊ အောက်ဘက်က ကျောက်အိုးကြီးထဲကို စီးဝင်နေလို့ ကျောက်အိုးကြီးဟာ ရေပြည့်လျှံပြီး နက်ရှိုင်းတဲ့ ရေကန်ကြီးလို ဖြစ်နေတာပေါ့။ ဖြူးချောင်းဖက်က ငါးတွေတက်ပြီး ကျောက်အိုးကြီးထဲမှာလာနေတော့ ငါတို့တောင် ကျောက်အိုးကြီးကို ငါးရှာဖားရှာရောက်တတ်ကြတယ်။ အဲဒီကျောက်အိုးကြီး ကျောက်အိုးလေးတောင်ကြောကြီးအတိုင်း မြောက်ဘက် လိုက်သွားကြပေါ့ကွယ်။ လမ်းဆုံးတော့ မင်းတို့ ရောက်လိုတဲ့နေရာကို ရောက်ကြမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



ရှာလူကြီးက သူသိသလောက် လမ်းညွှန်သည်။ မောင်သောင်းမြင့်တို့လည်း ရှာလူကြီးကဦးပြောသည့်အတိုင်း ရိုးမတောင်ကြီးရှိရာသို့ ရှေ့ရှုလာခဲ့ကြသည်။ ရိုးမတောင်ကြောကြီးအတိုင်း မြောက်စူးစူးသို့ ခြေကုန်သုတ်ကာ လျှောက်ခဲ့ကြပြီးနောက် ရှာသူကြီးပြောသော ကျောက်အိုးလေးနှင့် ကျောက်အိုးကြီးနားသို့ ရောက်လာကြလေ၏။

ထိုစဉ် စစ်ဖိနပ်သံများ လူသံ သူသံများကို ကြားရသဖြင့် စိုးရိမ်ထိတ်လန့်သွားပြီး ကြံရာမရဖြစ်နေစဉ် မောင်မြဝင်းက မောင်သောင်းမြင့်၏လက်ကိုဆွဲကာ ချုံကြီးတစ်ချုံထဲသို့ ပြေးဝင်ခဲ့သည်။

အသံများမှာ နီးသထက်နီးလာသဖြင့် ချုံကြီးထဲမှ မောင်သောင်းမြင့်တို့ ချောင်းကြည့်လိုက်ကြသည်။ လက်နက်ကိုယ်စီကိုင်ဆောင်ထားသော ဂျပန်စစ်သား သုံးလေးဆယ်ခန့်နှင့် လက်နက်ကျည်ဆန်သေတ္တာများကို ထမ်းလာကြသော မြန်မာငါးယောက်ကိုလည်း တွေ့လိုက်ကြရသည်။

ဂျပန်များက ကျောက်အိုးကလေးနှင့် မနီးမဝေးတွင် ရပ်တန့်လိုက်ကြပြီး ဂျပန်စစ်ဗိုလ်၏အမိန့်ကိုနာခံရန် နားစွင့်နေကြသည်။





ပန်စစ်ဗိုလ်က သေတ္တာထမ်းလာသော လူငါးယောက်အား ရှေ့သို့ ၍ ပေါက်ချွန်းနှစ်ခုကို ဂျပန်စစ်သားများအား ပေးခိုင်းလိုက်သည်။

စစ်ဗိုလ်ကိုယ်တိုင်ကမူ ကျောက်အိုးလေး၏နှုတ်ခမ်းဝသို့ လျှောက်သွားကာ ထိုနေရာမှ ခြေလှမ်းငါးဆယ်မျှ လှမ်းလာပြီး ပြင်ပေါ်တွင်ရပ်လျက် လက်ညှိုးထိုးပြလိုက်သည်။ ထိုနေရာတွင် စေက ပေါက်ချွန်းကိုင်ထားသော လူနှစ်ယောက် မြေပြင်ကို ပေါက်ချွန်းနှင့်ပေါက်ကြရသည်။

ကျန်လူသုံးယောက်က ပေါက်ထားသော မြေစာများကို ယ်ထုတ်ပေးရင်းဖြင့် လူ့ခါးစောင်းလောက်နက်လျှင် ရပ်ခိုင်းလိုက် သည်။ ထို့နောက် ကျည်ဆန်သေတ္တာများထဲမှ တစ်လုံးကို ရွေးချယ် ၍ တူးထားသောတွင်းထဲသို့ ချလိုက်ပြီး မြေပြန်ဖို့လိုက်သည်။

မြေဖို့ထုထောင်းပြီးသည်နှင့် သေတ္တာထမ်းလာသော လူ ယောက်ကို တွင်းတူးထားသောနေရာတွင် တန်းစီခိုင်းလိုက် သည်။ အခြေအနေကို ရိပ်စားမိသော ထိုလူငါးဦးအနက်မှ တစ်ဦး သည် ရုတ်တရက် လျင်မြန်သောအဟုန်ဖြင့် တောထဲသို့ ထွက် ပြေးသွားရာ ဂျပန်စစ်သားများက သေနတ်နှင့် လိုက်လံပစ်ခတ် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အား' ဟူသော အသံနက် ကြီးကြားလိုက်ရပြီးနောက် ဂျပန်စစ်သားများ ပြန်ရောက်လာကြသည်။ ဂျပန်စစ်ဗိုလ်က တန်းစီထားသော လူလေးယောက်ကို 'ပစ်' ဟူသော အမိန့်ပေးလိုက်သည်နှင့် 'ဒိုင်း ဒိုင်း ဒိုင်း' ဟူသောသေနတ်သံများ ထွက်ပေါ်လာပြီး ထိုလူလေးယောက်မှာ ဗိုင်းခနဲလဲကျသေဆုံးသွားကြသည်။

ဂျပန်စစ်ဗိုလ်လည်း ထိုနေရာအနီးနား၌ တစ်ညတာ စခန်းချသဖြင့် မောင်သောင်းမြင့်နှင့်မောင်မြဝင်းတို့မှာ ချုံကြီးအတွင်းမှက်၊ ခြင်များကိုက်သည်ကိုပင် မရိုက်ရဲ မလှုပ်ရဲဘဲ ဒုက္ခခံငြိမ်နေလိုက်ကြရ၏။

နောက်တစ်နေ့နံနက် ဂျပန်များသွားပြီး နာရီဝက်ခန့်အကြာ ချုံထဲမှ မောင်သောင်းမြင့်တို့ ထွက်လာ၍ လူသေများနှင့် သေတ္တာမြှုပ်သွားသောနေရာကို သွားကြည့်သည်။

"သူတို့မြှုပ်သွားတဲ့သေတ္တာထဲမှာ ဘာရှိသလဲ သိရအောင် တို့တူးကြည့်ကြမယ်"

မောင်မြဝင်းက ပြောပြောဆိုဆို သစ်ကိုင်းများ ချိုးဖဲ့၍ တုတ်ကဲ့သို့ပြုလုပ်ကာ မြေကြီးကို တူးဆွနေလေ၏။ ထိုစဉ် တောထဲမှ လူတစ်ယောက်ထွက်လာသဖြင့် ကြည့်လိုက်ကြရာ မနေ့က





ဂျပန်များလက်မှ ထွက်ပြေးလွတ်မြောက်သွားသောသူဖြစ်ကြောင်းကို တွေ့လိုက်ရသည်။

"ခင်ဗျား မနေ့က သေနတ်မှန်ပြီး မသေဘူးလား"

မောင်သောင်းမြင့်က တအံ့တဩဖြင့် မေးလိုက်သည်။

"မသေပါဘူး၊ သေနတ်မှန်ချင်ယောင်ဆောင်ပြီး အော်လိုက်တာပါ။ ဂျပန်တွေက ကျွန်တော့်ကို သေတယ်ထင်ပြီး ပြန်လည်သွားကြတယ်"

ထိုလူက ပြန်ဖြေသည်။

"မနေ့က ခင်ဗျားတို့ကို တွင်းတူးမြှုပ်ခိုင်းတဲ့ သေတ္တာထဲမှာ ဘာတွေရှိသလဲသိချင်လို့ ကျုပ်တို့ တူးကြည့်နေတာ"

မောင်မြဝင်းက ပြောလိုက်သဖြင့် –

"အေးဗျ . . . ကျုပ်နဲ့ ဟောဟိုက အသတ်ခံရတဲ့လူတွေကို ဂျပန်တွေက ဖမ်းခေါ်လာကြတာ။ ပြီးတော့ သေတ္တာတွေ ထမ်းခိုင်းကြတယ်လေ"

"ခင်ဗျားတို့က တစ်မြို့တည်းသားတွေလား"

မောင်သောင်းမြင့်က မေးလိုက်ပြန်သည်။

"မဟုတ်ပါဘူး၊ ကျုပ်က ဟိန္ဒူရွာတစ်ရွာမှာနေတဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတော့ ကျုပ်ထက်အရင် ဂျပန်တွေနဲ့ ပါလာကြတာ။ ဘယ်အရပ်သားတွေမှန်း မသိဘူးဗျ''

ထိုလူက ပြောလိုက်သဖြင့် မောင်မြဝင်းက ဝမ်းသာသွားပြီး -

''ကျုပ်လည်း ဟိန္ဒူစပ်ပါ၊ ခင်ဗျားကော''

ဟု ဆွေမျိုးစပ်လိုက်သည်။

''ကျုပ်က မြန်မာစစ်စစ်ပါ။ ဟိန္ဒူရွာက လူတစ်ယောက်နဲ့ ခင်မင်ပြီး တပည့်ခံပညာသင်နေတာပါ''

''ဘာပညာတုန်းဗျ''

မောင်မြဝင်းက မေးလိုက်ပြန်သောအခါ -

''ဒါတော့ မပြောပြပါရစေနဲ့ဗျာ။ ကျုပ်လည်း ဂျပန်တွေ မြှုပ်ထားတဲ့သေတ္တာကို စိတ်ဝင်စားလို့ တစ်နေရာက ချောင်းပြီး ကြည့်နေခဲ့တာဗျ။ သူတို့ ထွက်သွားတော့မှ ပြန်လာကြည့်တာ''

ထိုလူက ပြောပြောဆိုဆို မြေကြီးကို ဝိုင်းကူတူးဆွပေးလေ၏။

နှစ်နာရီ သုံးနာရီခန့် လက်များ ပေါက်ပြဲသည်ထိ တူးလိုက်ရာ သံသေတ္တာကလေးတစ်လုံး ပေါ်လာတော့သည်။





သေတ္တာလေးကို မြေပေါ်သို့ မ,တင် ကြည့်ရှုသောအခါ ကျည်ဆန်ထည့်သော သံသေတ္တာလေးတစ်လုံးဖြစ်ပြီး သော့ခတ်ထားသည်ကို တွေ့ရပြန်၏။

''ကျည်ဆန်တွေလားမှ မသိတာ''

မောင်မြဝင်းက သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

''မဖြစ်နိုင်ဘူး၊ ကျည်ဆန်တွေသာဆိုရင် ပစ်ဖို့ခတ်ဖို့ သူတို့ သယ်သွားမှာပေါ့။ လေးတော့ အလေးသား။ အထဲမှာ တစ်ခုခု ကျိန်းသေရှိမယ်၊ ဖွင့်ကြည့်ကြရအောင်''

မောင်သောင်းမြင့်ကပြောလိုက်သဖြင့် ထိုလူထွားကြီးက ကျောက်ခဲတစ်လုံးကို ရှာဖွေကောက်ယူပြီး သေတ္တာသော့ကို ခွိုက်နှက်ဖွင့်လိုက်လေသည်။

သော့ကျိုးသွားပြီးနောက် သေတ္တာအဖုံးကို ဆွဲဖွင့်လိုက်ရာ အထဲတွင် လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ ဘီးစသည့် ရွှေထည်ပစ္စည်းများကို သေတ္တာအပြည့်နီးပါး တွေ့ကြရလေသည်။ သုံးယောက်သား . . . ဟာ . . . ဟင်နှင့် ခေတ္တမျှ မှင်တက်သွားကြသည်။

''ဂျပန်တွေ ဘယ်ကရလာလဲမသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"တောသူဌေးတွေဆီက မတရားသိမ်းယူလာတာနေမှာ ပေါ့"

စသည်ဖြင့် ထင်မြင်ချက်အမျိုးမျိုးပေးကာ သေတ္တာအဖုံးကို ပြန်ပိတ်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ကျုပ်တို့နဲ့ထိုက်လို့ ကျုပ်တို့ရတာ၊ အညီအမျှ သုံးပုံပုံပြီး တစ်ပုံစီယူကြတာပေါ့"

လူထွားကြီးက စပြောသည်။

"ဒါနဲ့ ခင်ဗျားနာမည်လည်း ပြောဦးမှပေါ့။ ကျုပ်က မြဝင်း ဟောဒီက မောင်သောင်းမြင့်"

မောင်မြဝင်းက ခုမှပင် နာမည်များကို သိထားသင့်ပြီဟု ယူဆ၍ ပြောလိုက်သည်။

"ကျုပ်နာမည်က ညွှန့်အောင်၊ ကဲ ... ကျုပ်တို့မိတ်ဆွေတွေ ဖြစ်သွားကြပြီမို့ ... ဒါတွေ ခွဲယူကြစို့"

"နေဦးဗျ ကိုညွှန့်အောင်။ ခေတ်က မအေးချမ်းသေးဘူး ဒါတွေကို ကျုပ်တို့ခွဲယူသွားရင် လမ်းမှာ ဂျပန်တွေနဲ့တွေ့တဲ့အခါ ဓားပြထင်ပြီးသတ်မှာ အသေအချာပဲ။ ဒီတော့ ဒီလိုလုပ်ကြ





အောင်"

မောင်သောင်းမြင့်က အကြံပေးဖို့ ဟန်ပြင်လိုက်သည်။

"ဘယ်လိုလုပ်မှာလဲ ပြောပါဦး"

ညွှန့်အောင်က ပြောလိုက်သောအခါ –

"ဒီသေတ္တာကို နေရာရွေ့မြှုပ်ထားမယ်၊ အေးချမ်းတဲ့ အချိန်ကာလကျမှ ကျုပ်တို့သုံးယောက် ဆုံပြီး လာယူကြတာပေါ့"

မောင်သောင်းမြင့်က ပြောလိုက်သည်။

"သစ္စာမရှိတဲ့တစ်ယောက်ယောက်က ကျုပ်တို့ကို မခေါ် ဘဲ သွားယူရင်ကော"

ညွှန့်အောင်က မေးလိုက်သည်။

"သစ္စာပြုရမယ်၊ သစ္စာမဲ့တဲ့လူ အသေဆိုးနဲ့သေပါစေလို့ ကျိန်ကြတာပေါ့။ မကောင်းဘူးလား"

မောင်သောင်းမြင့်က ထောက်ခံလိုက်သည်။ ညွှန့်အောင်က

"ကောင်းတယ်၊ ကျိန်စာကိုတော့ ကျုပ်ယုံတယ်။ ဘယ်လို ကျိန်ကြမယ်ဆိုတာ ပြောပါဦး"

ထိုအခါ မောင်သောင်းမြင့်က သံသေတ္တာကလေးကို ပြန်ဖွင့်လိုက်ပြီး ရွှေထည်ပစ္စည်းများထဲမှ ဒေါင်းဘယက်ဆွဲပြားပါ



www.burmeseclassic.com

www.burmeseclassic.com



သော ဆွဲကြိုးသုံးကုံးကို ထုတ်ယူလိုက်သည်။

"ကဲ ... ဒီဒေါင်းဘယက်ဆွဲပြားရဲ့ကျောဘက်မှာ ကိုယ့်သင်္ကေတနဲ့ကိုယ် ဒီသေတ္တာမြှုပ်မယ့်နေရာကို မှတ်ထားကြ။ ပြီးတော့ ဒေါင်းဘယက်ပါတဲ့ဆွဲကြိုးက သုံးကုံးတောင်ပါတာပဲ။ တစ်ယောက် တစ်ကုံးစီယူပြီး ဒေါင်းဘယက်ခွက်ရဲ့ ကျောဘက်မှာ ကိုယ့်သင်္ကေတနဲ့ကိုယ် ရတနာသေတ္တာမြှုပ်ထားတဲ့နေရာ မြေပုံဆွဲမှတ်ထားကြတာပေါ့။ ကဲ ... သေတ္တာ ရွှေ့မြှုပ်ကြမယ်"

မောင်သောင်းမြင့်က မူလနေရာမှ ပေ (၁၀၀) ခန့် ဝေးသောနေရာတွင် အသစ်တူးထားသည့်တွင်းထဲ၌ ရတနာသေတ္တာကို ထည့်ပြီး မြှုပ်လိုက်သည်။ ရတနာသေတ္တာမြှုပ်ထားရာနေရာသည် ကွင်းအလယ်လောက်တွင်ရှိပြီး ကျောက်အိုးကလေးမှာ နေထွက်ရာအရပ်တည့်တည့်တွင်ရှိလေ၏။

ရတနာသေတ္တာ၏အနောက်တောင်ထောင့်တွင် ကညင်ပင်ကြီးရှိသဖြင့် မောင်မြဝင်းက ကညင်ပင်ကြီးအား အမှတ်အသားပြု၍ ကညင်ပင်မှခြေကို စတင်လှမ်းပြီး ရတနာသေတ္တာမြှုပ်ထားသော နေရာသို့အရောက်တွင် ခြေလှမ်းပေါင်း (၂၀) ဟု သူ၏ဒေါင်းဘ ယက်ခွက်ကျောတွင် သံစူးချွန်နှင့်ခြစ်ကာ မြေပုံဆွဲမှတ်သား





သည်။ ထို့အတူပင် ညွန့်အောင်ကလည်း ရတနာသေတ္တာ၏ အနောက်မြောက်ထောင့်မှ မျောက်ချောပင်ကြီးအား သင်္ကေတပြု၍ ခြေလှမ်းလှမ်းပြီး ရတနာသေတ္တာမြှုပ်ထားသောနေရာသို့ အရောက်တွင် ခြေလှမ်း (၃၀) ဟုမှတ်လေသည်။ မောင်သောင်းမြင့်က သေတ္တာမြှုပ်ရာ၏အရှေ့တည့်တည့်ရှိ ကျောက်အိုးလေးနှုတ်ခမ်းမှ ခြေလှမ်းစလှမ်းကာ ခြေလှမ်း (၄၅) လှမ်းဟု မှတ်လေသည်။

ထို့နောက် ဒေါင်းဘယက်သုံးခုအား သေသွားသော အလောင်းကောင်များမှ သွေးတို့ဖြင့် သုတ်လိမ်း၍ သစ္စာဆိုလိုက်ကြသည်။

မောင်သောင်းမြင့်တိုင်ပေးသည့်အတိုင်း အားလုံးလိုက်ဆိုကြ၏။

"ကျွန်တော်တို့သုံးယောက်သည် ဤရတနာသေတ္တာအား သစ္စာမဖောက်ဘဲ တစ်နေ့တည်းတစ်ချိန်တည်းတွင် အတူတကွ တွေ့ဆုံ၍ လာရောက်ယူပါမည်။ ထိုနေ့မှာ ယနေ့မှစ၍ အနှစ်နှစ်ဆယ်တင်းတင်းပြည့်သောနေ့ ဖြစ်ပါသည်။ ထိုကတိသစ္စာအား ဖောက်ဖျက်မိပါက ဖောက်ဖျက်သောသူသည် ဘေးအမျိုးမျိုး အသေဆိုးနှင့် သေကြပါစေသတည်း။ ထိုကျိန်စာကို ကျိန်ဆို၍



www.burmeseclassic.com

www.burmeseclassic.com



ယခုသေဆုံးသွားကြသော လူလေးယောက်အား တိုင်တည်ပါ သည်''

''နေပါဦး . . . ကာလအေးချမ်းဖို့က အနှစ်နှစ်ဆယ်စောင့်ရ လိုလို့လားဗျ''

ညွန့်အောင်က မောင်သောင်းမြင့်ကိုမေးသည်။

''အဲဒီလောက်ထိတော့ ကြာမယ်မထင်ပါဘူး။ ဒါပေမဲ့ ခု ကျုပ်တို့အသက်က နှစ်ဆယ်ကျော်ပဲရှိသေးတော့ နောက် လေးငါးနှစ်ကြာတဲ့အခါမှာ လာတူးပြီးခွဲယူကြရင် သုံးဖြုန်းသောက် စားပစ်တာနဲ့ သဲထဲရေသွန်သလို ဖြစ်ကုန်လိမ့်မယ်။ ဒီတော့ ဒီကပြန်တဲ့အခါ ကိုယ့်အစွမ်းအစနဲ့ လုပ်ကိုင်စားသောက်ကြမယ် အိမ်ထောင်ပြု၊ သားသမီးတွေရလို့ ကျုပ်တို့လည်းအရွယ်ကျ သားသမီးတွေလည်း အရွယ်ရောက်။ အဲဒီအချိန်မှာလာယူကြရင် ကျုပ်တို့ ခင်ဗျားတို့လည်း အိုဇာတာကောင်းကြမှာ မဟုတ်လား''

''ဟုတ်တယ် . . . အဲဒီအချိန်မှာ ကျုပ်တို့က လေးဆယ် ကျော် ငါးဆယ်လောက်ရှိပြီဆိုတော့ ချင့်ချင့်ချိန်ချိန်နဲ့ သုံးစွဲနေ ထိုင်တတ်တဲ့အရွယ်မို့ ဥစ္စာလည်းမြဲ၊ စည်းစိမ်ခံဖို့ အနေတော်ခဲ ပေါ့''

ခု နှစ် စဉ် ကြယ် တာ ပေ



မောင်မြဝင်းက မောင်သောင်းမြင့်၏စကားကို ထောက်ခံ လိုက်သည်။ ညွန့်အောင်ကတော့ သိပ်ဘဝင်မကျလှသော်လည်း နှစ်မဲတစ်မဲဖြစ်နေသည်မို့ မကျေမနပ်နှင့်ပင် သဘောတူလိုက်ရ လေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## မောင်သောင်းမြင့်၏ ဘဝသံသရာ

ကျော်စိုးက ဦးသောင်းမြင့်၏မှတ်စုစာအုပ်ကြီးအား တစ်ညလုံးလိုလို တစ်ချက်ကလေးမျှပင် မငိုက်မျဉ်းဘဲ စိတ်ပါဝင်စားစွာ ဖတ်ရှုလာခဲ့ရာ မှတ်စုကြီး၏ နိဂုံးကမ္ပတ်အဆုံးသတ်ပိုင်းသို့ ရောက်ရှိလာလေ၏။ ထိုအဆုံးသတ်အပိုင်းသို့ရောက်ခါမှပင် ဦးသောင်းမြင့်က ကျွန်ုပ်၏ဘဝသံသရာဟူသော ခေါင်းစဉ်ကလေးတပ်ပြီး ရေးသားထားသည့်မှတ်စုမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျွန်ုပ် မောင်သောင်းမြင့်နှင့်မောင်မြဝင်းတို့မှာ တော အတုံးမြစ်အသွယ်သွယ်၊ တောင်အထပ်ထပ်အား ခြောက်လခန့်





ဒွတ်သန်းခဲ့ပြီးနောက် ညောင်ဦးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။ သူငယ်ချင်းနှစ်ယောက်မှာ ဝမ်းသာအားရဖြင့် မိမိအိမ်သို့ ဦးစွာ အပြေးအလွှားသွားရောက်ခဲ့ကြသည်။ မောင်သောင်းမြင့်က အိမ်ခြံဝိုင်းထဲရှိ ကလဖျင်းတဲငယ်အောက်တွင်ထိုင်ကာ ထန်းဖလပ်ပြားများကိုခွာ၍ ဖျာယက်နေသော မိခင်ဖြစ်သူဒေါ်ခြုံအား ဝမ်းသာအားရ ပြေးဖက်လိုက်သည်။

"အမေ ကျွန်တော် သောင်းမြင့်လေ"

ထိုအခါ ဒေါ်ခြုံက အံ့ဩဝမ်းသာစွာဖြင့် မောင်သောင်းမြင့်ကို ပြန်ဖက်လိုက်ပြီး –

"အမလေး သားရယ်၊ အမေတော့ ဒီတစ်သက် သားကို ပြန်မတွေ့ရတော့ဘူးလို့ ထင်နေတာ"

ဟုပြောပြီးမျက်ရည်များ မျက်လုံးအိမ်မှ စီးကျလာသည်။ မောင်သောင်းမြင့်က –

"သားလည်းအမေ့လိုပဲ ထင်ခဲ့တာ အမေ။ သေကံမရောက် သက်မပျောက်လို့သာ ဒီကိုပြန်ရောက်လာခဲ့တာ။ ဒါနဲ့ အဖေကောဟင်၊ ဘယ်သွားနေလဲ"

ဟု မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေ ဂျပန်တွေ ကျဲချတဲ့ဗုံးဆန်မှန်ပြီး ဆုံးရှာပြီကွဲ"

ဒေါ်ခြုံ၏စကားကြောင့် မောင်သောင်းမြင့်၏ရင်ထဲတွင် ဆို့တက်သွားလေသည်။ မောင်သောင်းမြင့်က သူ ရွှေးတပ်စခန်းသို့ မသွားမီ နောက်ဆုံးတွေ့လိုက်ရသော သူ့ဖခင် ဦးသိန်းထွန်း၏ ပုံရိပ်သဏ္ဌာန်ကို ပြန်မြင်ယောင်နေတော့သည်။

မောင်သောင်းမြင့်လည်း အိမ်တွင်ခဏနားပြီးနောက် မောင်မြဝင်းနှင့်မမြသွေးတို့ရှိရာသို့သွားရန် သူ့အမေကိုခွင့်ပန်ပြီး ထွက်လာခဲ့သည်။ မောင်မြဝင်းတို့၏အိမ်သို့ရောက်သောအခါ အိမ်ပေါက်ဝတွင် ငူတူတူ ငိုင်တိုင်တိုင်ဖြင့် ထိုင်နေသော မောင်မြဝင်းကို တွေ့လိုက်ရသည်။

"ဟော့ မောင်မြဝင်း . . . မင့်အမေ နေကောင်းရဲ့လားကွ"

မောင်သောင်းမြင့်က အသံပေးရင်း မောင်မြဝင်းတို့ ခြံဝိုင်းထဲသို့ ဝင်လာခဲ့သည်။ မောင်မြဝင်းက မောင်သောင်းမြင့်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး မျက်နှာပေါ်မှ မျက်ရည်စများကို လက်ခုံနှင့်ပွတ်ကာ သုတ်လိုက်သည်။

"ငါ့အမေ မရှိတော့ဘူးကွ"

မောင်မြဝင်းက မောင်သောင်းမြင့်၏အမေးကို ပြန်ဖြေ





လိုက်ရင်းက တဟင့်ဟင့်နှင့် ရှိုက်နေပြန်သည်။ ထို့နောက် သူ့အမေသည် ဂျပန်လေယာဉ်ပျံများပေါ်မှ ပစ်ခတ်လိုက်သော စက်သေနတ်မှန်၍ ဆုံးသွားပြီဖြစ်ကြောင်း အိမ်နီးနားချင်းများက ပြောပြသည့်အတိုင်း မောင်သောင်းမြင့်ကို တစ်လုံးမချန် ပြန်ပြောပြလိုက်လေတော့သည်။

မောင်သောင်းမြင့်က သူ့အဖေလည်း ပါသွားကြောင်း ပြန်ပြောပြပြီး နှစ်ယောက်သား ဖက်ငိုကြပြန်၏။

ပြီးနောက် မောင်သောင်းမြင့်က မောင်မြဝင်းအား –

"သူငယ်ချင်း မင်းက ငါ့ထက် ပိုပြီးကံဆိုးတယ်။ ငါကမှ အမေကျန်နေသေးတယ်။ မင်းကတော့ သွေးသားအရင်းအချာဆိုလို့ မင်းအမေတစ်ယောက်ရှိတာ။ ခု မင်းအမေမရှိတော့ဘူးဆိုတော့ မင်း သိပ်အားငယ်နေမယ်ဆိုတာ ငါ သဘောပေါက်တယ်။ ဒါပေမဲ့ ငါတို့ရှိပါသေးတယ်ကွာ။ ငါ့ကို ဆွေမျိုးအရင်းလို သဘောထားပါ။ ချက်ပြုတ်မစားချင်ရင် တို့အိမ်လာစား၊ အိုကွာ ကုန်ကုန်ပြောမယ်၊ ဒီမှာတစ်ယောက်တည်း မနေချင်ရင် တို့အိမ်မှာ လာနေ၊ အခုလိုက်ခဲ့ပါလား"

ဟုခေါ်သည်။ သို့သော် မောင်မြဝင်းက ငြင်းပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ဆွေမျိုးမရှိ၊ မိဘမရှိပေမယ့် မင်းတို့ရှိနေတာနဲ့ ဝမ်းသာလှပါပြီ။ ငါ့အိမ်မှာပဲ ငါနေပါ့မယ်"

ဟုပြောလိုက်လေသည်။ ထို့ကြောင့် မောင်သောင်းမြင့်က မောင်မြဝင်းအား နှုတ်ဆက်ပြီး မမြသွေးတို့အိမ်ဘက်သို့ ရောက်သွားပြန်လေသည်။ သို့သော် မမြသွေးနှင့် မတွေ့ရတော့ဘဲ မမြသွေးမှာ ဂျပန်များ၏ လူမဆန်မှုကြောင့် အရှက်ရပြီး သူ့ ကိုယ်သူ အဆုံးစီရင်သွားသည်ဟု သိရပြန်သည်။

မောင်သောင်းမြင့်လည်း မိမိတို့ ညောင်ဦးတွင်မရှိသည့် အခိုက် အဖြစ်အပျက်မျိုးစုံဖြစ်ပြီး မိမိရည်မှန်းထားသော မမြသွေးနှင့်လည်း ဝေးရပြီဖြစ်သောကြောင့် ညောင်ဦးတွင် မနေလိုတော့သဖြင့် ရန်ကုန်သို့ ခြေဦးတည့်ရာထွက်ခွာလာခဲ့လေတော့သည်။ မောင်မြဝင်းလည်း သူပါလိုက်ပါမည်ဆိုသဖြင့် မောင်သောင်းမြင့်တို့သားအမိနှင့် မောင်မြဝင်းမှာ ရန်ကုန်သို့ ပြန်ရောက်လာကြပြန်သည်။

မောင်သောင်းမြင့်က ကြည့်မြင်တိုင်ကမ်းနားတွင် ကျူကျော်တဲအိမ်ကလေးဆောက်ကာ သားအမိနှစ်ယောက် နေထိုင်၍ ကမ်းနားရှိ ဆန်ပွဲရုံတစ်ရုံတွင် အခစားဝင်ရောက်လုပ်ကိုင်လေသည်။





ထို့အတူ မောင်မြဝင်းလည်း သိမ်ကြီးဈေးတွင် သူတို့နှင့် မိုးနွယ်တူ ဟိန္ဒူလူမျိုးတစ်ဦးဖွင့်ထားသော ပရဆေးဆိုင်တွင် ဝင်ရောက်လုပ်ကိုင်ပြီး ထိုဆိုင်မှာပင်နေ၍ ထိုဆိုင်မှာပင် စားလေသည်။ သူတို့နှစ်ဦးမှာ အလုပ်အားလပ်ရက်တွင် မောင်မြဝင်းက မောင်သောင်းမြင့်အိမ်သို့တစ်လှည့်၊ မောင်သောင်းမြင့်က မောင်မြဝင်း အလုပ်လုပ်သောဆိုင်သို့ တစ်လှည့်စီဖြင့် သွားလာလည်ပတ်ရင်း ဂျပန်ခေတ်ပြီးဆုံးမည့်နေ့ကို စောင့်မျှော်လျက်ရှိသည်။

သတ်မှတ်ထားသည့်အတိုင်း ယခုအချိန်တွင် စားဝတ်နေရေးဒုက္ခများကို ကြံ့ကြံ့ခံပြီး နောင်နှစ်နှစ်ဆယ်ကြာလျှင် ဒေါင်းဘယက်တွင် မှတ်သားထားခဲ့သည့် ရွှေထည်ရတနာပစ္စည်းများကို ဘစ်ခေါက်သွားယူကြရန်လည်း တိုင်ပင်ကြသည်။

တဖြည်းဖြည်း အချိန်ကြာလာသည်နှင့်အမျှ ဂျပန်များမှာ မြန်မာတို့၏ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲမှုကြောင့် မြန်မာပြည်မှ သွေးရူးသွေးတမ်း ပြေးကြရသည်။ တစ်ဖန် အင်္ဂလိပ်တို့က မြန်မာပြည်ပြန်ဝင်လာကာ မြန်မာတို့အား လွတ်လပ်ရေးပေးရန် မြန်မာခေါင်းဆောင်များ၏ တောင်းဆိုချက်ကို လက်ခံစဉ်းစားလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မောင်သောင်းမြင့်၏မိခင်ကြီးမှာ ကွယ်လွန်သွားခဲ့ပြီး မောင်သောင်းမြင့်သည်လည်း ဆန်ပွဲရုံပိုင်ရှင်အောင်စိုး (ချန်ကေရှိတ်) ၏သမီးမြမြနှင့် ချစ်ကြိုက်မိရာမှ မိဘသဘောမတူသဖြင့် ခိုးပြေးကြသည်။ ဆန်ပွဲရုံပိုင်ရှင် ချန်ကေရှိတ်က မောင်သောင်းမြင့်နှင့်သူ့သမီးကို ရှာဖွေခေါ်ယူလာပြီး ပေးစားခဲ့သော်လည်း မောင်သောင်းမြင့်ကို အမြဲတမ်း နှိမ်ချဆက်ဆံသည်။

ကုတ္တိုယသိက်တူးသမားဟူ၍လည်းကောင်း၊ အပိုင်ကြံသည့်ကောင်ဟူ၍ တစ်နည်း အမျိုးမျိုးပြောဆိုမာန်မဲလေ့ရှိသည်။

"ငါတို့ လုံ့လနဲ့ရှာဖွေထားတဲ့ ဥစ္စာပစ္စည်းတွေကို လိုချင်လို့ ငါ့သမီးကို အပိုင်ကြံခဲ့တာ မဟုတ်လား။ မင်းရက်တတ်ရင် မင်းရဲ့လုံ့လနဲ့ တို့ထက်သာတဲ့ဥစ္စာကို ရအောင်ရှာခဲ့။ အဲဒီအခါကျမှ မင်းကို ငါ့သမက်လို့ အသိအမှတ်ပြုမယ်။ ခုတော့ ငါ့သမီးကို မင်းရပေမယ့် မင်းဟာ ငါ့အခိုင်းအစေပဲ"

ချိန်ကေရှိတ် (အောင်စိုး) က နာကျည်းအောင်ပြောလေသည်။

ထိုအခါ မောင်သောင်းမြင့်က ယောက္ခမကြီး ချန်ကေရှိတ်ကွယ်ရတွင် သူ့မိန်းမအား –





"မင်းအဖေရဲ့နှိမ့်ချစော်ကားမှုဟာ ငါ့အပေါ်မှာ ကမ်းကုန်ခဲ့တယ်။ အေးလေ . . . တစ်နေ့မှာ ငါက မင်းအဖေရဲ့စည်းစိမ် ဥစ္စာထက် အဆမတန်များပြားလှတဲ့ ရွှေတွေငွေတွေကို ယူလာပြမှာပါကွ။ အဲဒီအခါကျရင် မင်းတို့စည်းစိမ်ဥစ္စာတွေကို ငါကန်ချပြမယ်"

မောင်သောင်းမြင့်က မခံချင်စိတ်ဖြင့် ပဲခူးရိုးမကြီးပေါ်မှ ရွှေငွေရတနာများကို တွေးမြင်နေမိလေသည်။ ထို့ကြောင့် ဒေါင်းဘယက်ခွက်ကလေးအား လူမသိအောင် ခိုးကြည့်ရင်း ယောက္ခမဖြစ်သူ ချန်ကေရှိတ်ကို စိတ်နာမိသည်။

အိမ်ထောင်ကျသည့်နေ့မှစ၍ သူငယ်ချင်းမောင်မြဝင်း (ခရဆင်) ကိုလည်း ယောက္ခမ နှိမ်ချပြောဆိုမည်စိုးသဖြင့် အိမ်သို့သာရောက်မလည်ပတ်ရန် ပိတ်ပင်တားမြစ်ခဲ့သည်။ သို့သော် မောင်သောင်းမြင့်၏လက်ဝယ်သို့ ရတနာရွှေငွေများမရောက်မီမှာပင် ယောက္ခမကြီးချန်ကေရှိတ်နှင့် သူ၏ဇနီး ဒေါ်တင်တင်တို့မှာ လူကြီးရောဂါဖြင့် ရှေ့ဆင့်နောက် ဆင့် ကွယ်လွန်သွားကြသည်။

ထို့ကြောင့် ချန်ကေရှိတ်ပွဲရုံမှာ ဦးသောင်းမြင့်ဆန်ပွဲရုံဖြစ်လာရလေသည်။ ထို့အတူပင် မောင်မြဝင်းမှာလည်း သိမ်ကြီးဈေးဆေးဆိုင်၌ ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်က သဘောကျပြီး ဆိုင်တစ်ဆိုင် ထူထောင်ပေးခဲ့လေသည်။

သို့နှင့် ပရဆေးပဒ္ဒည်းအရောင်းဆိုင်ကြီးဖြစ်လာခဲ့ရာ မြင့်မှာ တန်းဝင် ဘာဘူသူဌေးတစ်ယောက် ဖြစ်လာသည်။ သို့သော် ဦးမြဝင်းခေါ် မောင်မြဝင်းမှာ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်း အဖြစ်နှင့်သာ နေခဲ့လေသည်။ မောင်သောင်းမြင့် ခေါ် ဦးသောင်းမြင့် သာလျှင် မြမြခေါ် ဒေါ်ဒေါ်မြနှင့်ရသည့် တစ်ဦးတည်းသောသမီး ကလေး ခင်လဲ့ရီကို ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည်။

သို့သော်လည်း ဦးသောင်းမြင့်က ဒေါ်မြမြအားလည်းကောင်း၊ သမီးဖြစ်သူ ခင်လဲ့ရီအားလည်းကောင်း ချွေးတပ်သားဘဝနှင့် ဒေါင်းဘယက်ခွက်ကိစ္စကို လုံးဝမပြောဘဲ လျှို့ဝှက်ထားခဲ့သည်။

သို့နှင့် အနှစ်နှစ်ဆယ်ဟူသောအချိန်သည် တဖြည်းဖြည်း နီးကပ်လာခဲ့လေ၏။ တစ်နေ့နံနက် ဦးသောင်းမြင့် ဆန်ပွဲရုံတွင် ထိုင်နေခိုက် သတင်းစာရောင်းသောသူက ဘရွတ်ကင်းလမ်း လူသတ်မှုသတင်းကို အော်ဟစ်ရောင်းချနေသဖြင့် လှမ်းခေါ်ကာ သတင်းစာတစ်စောင်ဝယ်၍ ဖတ်ရှုလိုက်သည်။ သတင်းစာတွင် ရေးသားထားသည့် အသတ်ခံရသူမှာ ဦးမြဝင်းဟုဆိုသဖြင့် ချက်ချင်းပင် မောင်မြဝင်း၏ပရဆေးအရောင်းဆိုင်သို့ ထလိုက်သွားသည်။





ဆိုင်သို့ရောက်သောအခါ မောင်မြဝင်း၏တပည့်ကလေး မြင့်ထွန်းကို မေးကြည့်ရာ မနေ့ည ကိုးနာရီကျော်ကျော်က ဆိုင်မှ ထွက်သွားပြီး မကြာမီ အသတ်ခံလိုက်ရခြင်းဖြစ်ကြောင်း ပြောပြလေသည်။ မောင်မြဝင်း၏တပည့်ကလေး မြင့်ထွန်းမှာ သည့်ထက် ပို၍ ဘာမှမသိသဖြင့် ဆက်မမေးတော့ဘဲ ပွဲရုံသို့ပြန်ပြီးကာ မောင်မြဝင်း ဘာကြောင့် အသတ်ခံရသလဲဟု တစ်နေ့လုံး စဉ်းစားနေမိသည်။ တစ်ခုပဲရှိသည်။

မောင်မြဝင်းမှာ အရက်၊ ဖဲ လုံးဝ ဝါသနာမပါသော်လည်း မိန်းမ ဝါသနာပါသည်။ သူ့တပည့်ပြောပုံအရ မိန်းမတစ်ယောက်ထံ တွေ့ဖို့အသွား ဘယ်လို့အချင်းပွားမှန်းမသိဘဲ အသတ်ခံရခြင်းဖြစ်ကြောင်း မှန်းဆရသည်။ မောင်မြဝင်းထံမှ ဒေါင်းဘယက် ဘယ်မှာ ရှိလဲဟူသော ကိစ္စအား အစပေါ်မည်စိုးသဖြင့် ဦးသောင်းမြင့်က စကားရိပ် စကားယောင်ပင် မသန်းဘဲ ဆိတ်ဆိတ်နေလိုက်သည်။

သို့နှင့် ဦးမြဝင်းအသတ်ခံရပြီး တစ်ပတ်နီးပါးခန့်အကြာတွင် ဦးသောင်းမြင့် ပွဲရုံ၌ထိုင်နေစဉ် ကလေးတစ်ယောက်က တက်ဝါးခန့်ရှိသည့် စာရွက်ကလေးတစ်ရွက်လာပေးသဖြင့် ဖြန့်၍ ဖတ်ကြည့်လိုက်ရာ –



www.burmeseclassic.com

www.burmeseclassic.com



''သူငယ်ချင်း ... ဒေါင်းဘယက်ကိစ္စ အချိန်နီးပြီ။ ဒီကနေ့ ည မင်းအိမ်ကို ငါ လာခဲ့မယ်''

ဟူ၍ လက်နှိပ်စက်ဖြင့်ရိုက်ထားသော စာကလေး တစ်စောင် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ ထို့ကြောင့် ခြံစောင့်အား အိမ်ပြန်နိုင်းလိုက်၍ ခြံထဲသို့ ခွေးများကို မလွှတ်ဘဲ ခြံလှောင်ထားပြီး ခြံဝမှ ဦးသောင်းမြင့်ကိုယ်တိုင် စောင့်ကြံနေရန် ဆုံးဖြတ်လိုက်လေသည်။

စာပေးသူမှာ သေဆုံးသွားပြီဖြစ်သော မောင်မြင်း မဖြစ်နိုင်သဖြင့် တစ်လောက သူ့ထံသို့ရောက်လာခဲ့သော ညွန့်အောင်သာဖြစ်ရမည်ဟု ဦးသောင်းမြင့်က တစ်ထစ်ချ ယုံကြည်သည်။ ညွန့်အောင်နှင့်မိမိ ဒေါင်းဘယက်ကိစ္စ ဆွေးနွေးကြသည်ကို ဇနီးဖြစ်သူ နှင့်သမီးဖြစ်သူအား အရိပ်အမြွက်မျှပင် မသိစေချင်၍ ခွေးများနှင့် ခြံစောင့်အား ကြိုတင်ဖယ်ရှား ရှင်းလင်းထားခြင်း ဖြစ်သည်။

ကျော်စိုးက အဆုံးသတ်သွားပြီဖြစ်သော ဦးသောင်းမြင့်၏စာအုပ်ကြီးကို မပိတ်မီ –

မျက်နှာမူရာ – ၇

ရင်မှာ – ၁၁

ခု နစ် စဉ် ကြယ် စာ ပေ



ခြေ – ၄၅

ဒေါင်းဦးကျောက်အိုးလေး။

စသည့် စာတိုအမှတ်အသားကလေးကို အသံထွက်အောင်ပင် ရွတ်ဖတ်လိုက်မိသည်။ ကျော်စိုးက စာအုပ်ကိုပိတ်ပြီး ညကြည့်လက်ပတ်နာရီကို ကြည့်လိုက်ရာ နံနက်လေးနာရီထိုးပြီ ဖြစ်ကြောင်း တွေ့ရသည်။

''ငါး ... တစ်ရေးတော့ အိပ်လို့ရသေးတယ်''

ကျော်စိုးက တစ်ချက်သမ်း အိပ်ရာပေါ်ပစ်လှဲချလိုက်ပါတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## လက်ဇွေ့ကျော်မိုးပျံ

နံနက်ခင်းတွင် မျက်နှာသစ် ရေမိုးချိုး ဝတ်စားဆင်ယင်ပြီးနောက် ကျော်စိုး အပြင်ထွက်ဖို့ပြင်သည်။

"မောင်ကျော်စိုး ... လာကွဲ့။ လက်ဖက်ရည်သောက်ရအောင်"

ဒေါ်မြမြက လှမ်းခေါ်လိုက်သဖြင့် ကျော်စိုးက မီး ဆောင်ဘက်သို့ ဝင်လာခဲ့သည်။ ခင်လဲ့ရီက ကရားထဲမှ လ ဖက်ရည်ကို ပန်းကန်ထဲငှဲ့ထည့်ပြီး ကျော်စိုးရှေ့ချပေးသည်။

"ညက စာဖတ်နေတာ တစ်ညလုံးပဲလား အစ်ကို"





ခင်လဲ့ရီက ကျော်စိုး တစ်ညလုံးလိုလို အခန်းမီးဖွင့်ထားသည်ကို တွေ့ရသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

ကျော်စိုးက ခေါင်းညိတ်ပြလိုက်ပြီး –

"ဟုတ်တယ်၊ စိတ်ဝင်စားစရာကောင်းတာနဲ့ အပြီးအထိ တစ်ခါတည်း ဖတ်ကြည့်လိုက်တယ်"

ကျော်စိုးက ပြန်ဖြေလိုက်သည်။

"အေးကွယ် ... ဒေါ်ဒေါ်ကတော့ ဘာမှနားမလည်ဘူး။ င်းတို့မောင်နှမနှစ်ယောက် တိုင်တိုင်ပင်ပင်၊ ညီညီနှိုင်းနှိုင်း လုပ် ိုင်ကြပါ"

ဒေါ်မြမြကပြောပြီး လက်ဖက်ရည်သောက်နေလေ၏။

"ဒီတစ်ရက် နှစ်ရက်အတွင်းမှာ ကျွန်တော် ခရီးထွက်ချင် ွက်ရလိမ့်မယ် ဒေါ်ဒေါ်။ ဒေါ်ဒေါ်နဲ့ညီမကို လုံခြုံရေးအတွက် ကျွန်တော် စီစဉ်ပေးခဲ့ပါ့မယ်။ သတိဝီရိယနဲ့တော့ နေရမှာပေါ့။ ကဲ ... ကျွန်တော် အပြင်သွားလိုက်ဦးမယ်"

ကျော်စိုးက ပြောဆိုပြီး အိမ်မှထွက်လာခဲ့လေသည်။ ိုနောက် ဗိုလ်တထောင်ရဲဌာနသို့ ကားစီးလာခဲ့ပြန်သည်။ ဌာန အတွင်းသို့ရောက်သောအခါ ဌာနအုပ် ဦးမျိုးတင့် (ခြေမကြီး)၊



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းစိုးဝင်း (တာတီး) တို့ကို တွေ့ရသဖြင့် ကျော်စိုးက တိုင်ပင်စရာကိစ္စများ တိုင်ပင်၍ ဦးသောင်းမြင့်နှင့် ပတ်သက်သည့် ဇာတ်ကြောင်းတို့ကို ပြောပြလိုက်လေသည်။

"ဒါဆို ဦးသောင်းမြင့် အသတ်ခံရတဲ့အမှုနဲ့ ဦးမြဝင်း အသတ်ခံရတဲ့အမှုနှစ်ခု ဆက်စပ်နေတာ သေချာသွားပြီပေါ့။ ဒေါင်းဘယက်နဲ့လည်း ကွင်းဆက်ဖြစ်နေတော့ ဒီတရားခံကိုမိရင် အားလုံး ဘွင်းဘွင်းကြီးပေါ်လာမှာပဲ"

ဌာနအုပ် ဦးမျိုးတင့်က မှတ်ချက်ပေးလိုက်သည်။

"ဟုတ်တယ်၊ အခုလောလောဆယ်တော့ မြေလျှိုးမိုးပျံ့ ကိုယ်ယောင်ဖျောက်နေတဲ့တရားခံ ထွက်လာအောင် တော ခြောက်ဖို့ လိုလိမ့်မယ်ဗျ"

ကျော်စိုးက ပြောလိုက်ပြန်သည်။

"ဒါဟာ ဒီလိုအမှုတွေမှာ လုပ်နေကျပဲလေ။ ဒီတော့ ဘယ်ခွင်ဆင်ပြီး ခြောက်ရမလဲဆိုတာသာ အိုင်အိုပဲ ဆက်ပြောပါဦး"

ဆားပုလင်းစိုးဝင်းက လူသတ်မှုပေါ်ပေါက်ရေးအတွက် သူ့ဘက်မှ မည်သို့ကူညီရမည်ကို မေးလိုက်သည်။





"ဒါနဲ့ ကျွန်တော် တစ်ခါကပြောထားတဲ့ ညွန့်လှိုင်တို့ရဲ့ နောက်ကြောင်းရာဇဝင်ကို စုံစမ်းလို့ရပြီလားဗျ"

ဟုမေးလိုက်ရာ ဌာနအုပ်ဦးမျိုးတင့်က ဆားပုလင်းစိုးဝင်းကို အဓိပ္ပာယ်ပါပါဖြင့် ကြည့်လိုက်သည်။

"တင်ဦးနဲ့ရဲညွန့်တို့ကတော့ ရှင်းပါတယ်။ တင်ဦးက မိဘလက်ငုပ်လက်ရင်းဖြစ်တဲ့ မော်တော်ကားဝပ်ရှော့လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင်တတ်လေတော့ ဝပ်ရှော့ထောင်ရာက ကား ဆာပြင်တဲ့ ရဲညွန့်နဲ့တွေ့ပြီး ရဲညွန့်ရဲ့အရင်းအနှီးနဲ့ သူ့ပညာကို ပေါင်း ပေါင်းလို့ရသမျှ အမြတ်အစွန်းကို တစ်ဝက်စီယူကြတဲ့ ရှယ်ယာဝင် နှစ်ဦးပါပဲ။ ဇာတိကလည်း ရန်ကုန်ကပဲ။ ရှုပ်ရှုပ်ထွေးထွေးမရှိဘူး။ နောက်ကြောင်းကင်းတဲ့လူတစ်ယောက်ပါ။ ရဲညွန့်ကလည်း မိုးကုတ် ဇာတိ၊ မိဘက ကျောက်တွင်းသူဌေး။ ရဲညွန့်လက်ထက်ကျတော့ သူက ကားဝါသနာပါတယ်။ ကားဝယ်ရောင်းလုပ်ရင်းက ဇင်ဦး အကူအညီနဲ့ ကားအဟောင်းတွေကို ပြုပြင်ဆေးမှုတ်အသစ် ပြန်လုပ်ပြီး ရောင်း၊ စီးပွားရေး ကောင်းသထက်ကောင်းလာတဲ့ သူပေါ့။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးက အင်္ဂလိပ်စကားတို့ ဘာတို့ သည်လည်ဝယ်ဝယ်မရှိတော့ သူတို့စီးပွားရေးလုပ်ငန်းထဲမှာ စာတတ်



www.burmeseclassic.com

www.burmeseclassic.com



ပေတတ်တစ်ယောက်လောက်ရှိရင် ကောင်းမယ်ဆိုပြီး ရှာနေတဲ့အချိန်မှာ ညွန့်လှိုင်နဲ့ ဆုံမိတော့တာပဲ။ ညွန့်လှိုင်က လူလည်း စာလေးပေလေးကလည်းတတ်တော့ သူတို့သုံးယောက် ရှယ်ယာလုပ်တဲ့အခါ ညွန့်လှိုင်ကချည်း ချယ်လှယ်တော့တာပဲ။ ပြီးတော့ ညွန့်လှိုင်က နောက်ကြောင်းရာဇဝင်မကောင်းဘူး။ လူနဲ့ပညာနဲ့ မလိုက်အောင် အကျင့်ဆိုးရှိတယ်။ စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးထားသလားတောင် မသိဘူး။ အလစ်သုတ်တယ်၊ ဖိုးတွမ်တီး လုပ်တယ်၊ အချင်းချင်းခွာတယ်၊ ပါးပါးလိုးတယ်၊ ခေါးထိုးမှုနဲ့ ထောင်ကျခံရဖူးတယ်။ အခုလည်း ကုမ္ပဏီရှည်ယာဝင် သူဌေးအယောင်ဆောင်ထားပေမယ့် အချိုကြီးပွပေါက်ကိစ္စတစ်ခုခုကို ကြံစည်နေတဲ့ပုံပဲ။ ကျွန်တော်တို့ ဆက်စုံစမ်းနေဆဲပဲ အိုင်အို''

ဆားပုလင်းစိုးဝင်းက ရှင်းပြသည်။

''ဒါဆို ဒီလိုလုပ်ဗျာ၊ ဆားပုလင်းက ကျွန်တော့်ကို လက်ဖွဲ့ပွဲတစ်ပွဲဆင်ပေး။ အဲဒီပွဲမှာ ဆားပုလင်းကိုယ်တိုင် တက်ထိုးဗျာ။ ဆားပုလင်း ကိုယ်ခံပညာကောင်းကောင်း ကျွမ်းတယ်ဆိုတာ ကျွန်တော်သိတယ်။ အဲဒီပွဲကို ကျွန်တော် ညွန့်လှိုင်ကို ပါအောင်ခေါ်လာခဲ့မယ်။ ဆားပုလင်းရဲ့နာမည်ကိုလည်း နာမည်တစ်မျိုး





ပြောင်းပြီး ဝင်ပေါ်တက်ရမှာနော်။ ဆားပုလင်းကို သဘောကျလာအောင် ကျွန်တော်က ညွန့်လှိုင်ကိုလှော်မယ်။ ပြီးတော့ ဆားပုလင်းရယ်၊ ကျွန်တော်ရယ် ခရီးတစ်ခုကို ထွက်ကြတာပေါ့။ ကျွန်တော်နဲ့ သိပ်ကျွမ်းသေးတဲ့ လူတစ်ယောက်အနေနဲ့သာ ခင်များလိုက်ခဲ့။ သမ်းကျမှ တဖြည်းဖြည်း ဇာတ်ရည်လည်လာလိမ့်မယ်။ ဌာနအုပ်ကြီးက ဆားပုလင်းကို အွန်ဂျူတီပြပေးထားပေါ့ ကောင်းဘူးလား''

ကျော်စိုးက ပြောလိုက်သောအခါ ဌာနအုပ်ဦးမျိုးတင့်က–

''ကောင်းပြီလေ၊ ကျုပ် အွန်ဂျူတီလုပ်ထားလိုက်မယ်''

ဟု ပြောသည်။

''ဒါဆို ဒီကနေ့ညနေပဲ ဗဟန်းကန်တော်ကြီးစောင်းဘုတ်ကလပ်လက်ဝှေ့ရုံမှာ ကျွန်တော် ပွဲလုပ်လိုက်ပါ့မယ် အိုင်အို။ ညွန့်လှိုင်ကိုသာ ခေါ်လာခဲ့ပေတော့''

ဆားပုလင်းစိုးဝင်းက အာမခံလိုက်သည်။ ကျော်စိုးလည်း ဌာနအတွင်းမှထွက်ကာ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ မော်တော်ကားပစ္စည်း၊ ဆော်တာ၊ ရေဒီယိုစသည့် ပစ္စည်းများအား နိုင်ငံခြားမှ မှာယူပြီး ပြည်တွင်းတွင် ရောင်းချလျက်ရှိသော 'သရီး ဖရင်း' ကုမ္ပဏီသို့ ဦးတည်လိုက်လေသည်။ 'သရီးဖရင်း' ကုမ္ပဏီသို့ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ညွန့်လှိုင်ကို အဆင်သင့်တွေ့ရလေသည်။

''ဟာ . . . မိတ်ဆွေကြီးကျော်စိုးပါလား။ လာလေဗျာ။ အထဲဝင်ပါဦး။ မျက်လှည့်ပွဲပြီးကတည်းက ခင်ဗျားကို ထပ်တွေ့ချင်နေတာ။ လာ လာ''

ညွန့်လှိုင်က ကျော်စိုးကို ထွက်ကြိုလိုက်သည်။

''အေးဗျ . . . ကျုပ်ကလည်း ကိုညွန့်လှိုင်ကို သိပ်တွေ့ချင်နေတာ။ ဒါကြောင့် အခုလို တကူးတကနဲ့ လာတွေ့ရတာပဲ''

ကျော်စိုးစကားကြားရ၍ ညွန့်လှိုင်က ကျားပြုံးပြုံးပြီး ကျော်စိုးကို သားကောင်တစ်ကောင်ကြည့်သလို ကြည့်လိုက်သည်။

''သိပ်တွေ့ချင်နေတယ်ဆိုတဲ့ကိစ္စကို ဆိုပါဦးဗျာ . . . ကိုကျော်စိုး''

ညွန့်လှိုင်က ခပ်ထေ့ထေ့ပြောကာ ကျော်စိုးကို အကဲခတ်လိုက်သည်။ ကျော်စိုးက ညွန့်လှိုင်ကို စိမ်းစိမ်းကြည့်လျက် . . .

''ခင်ဗျားလည်း ကျုပ်ကို နောက်ထပ်တွေ့ချင်နေတဲ့ကိစ္စပဲပေါ့''

ဟု ပဟေဠိဆန်ဆန် ပြောလိုက်ရာ ညွန့်လှိုင်က ဝါးလုံးကွဲမျှ ရယ်ချလိုက်တော့သည်။





''ဟား ဟား ဟား . . . သိပ်ကို အဆင်ပြေသွားတာပေါ့ဗျာ။ ကျုပ်က ခရီးရှည်တစ်ခုထွက်ဖို့ ခင်ဗျားကို အဖော်ခေါ်သွားချင်တာဗျ။ ဒါပေမဲ့ ကျုပ်သွားချင်တဲ့နေရာကိုရောက်အောင် သွားနိုင်ဖို့ လမ်းပြမြေပုံကမရှိလေတော့ မသွားနိုင်သေးဘဲ ခုထိ ကြန့်ကြာနေတာ''

ညွန့်လှိုင်က ပဟေဠိဆန်ဆန် အထာစကားဖြင့် ပြန်ပြောလိုက်လေ၏။

''ဒီအတွက်တော့ မပူပါနဲ့ဗျာ။ ကျုပ်မှာ လမ်းပြမြေပုံရှိပါတယ်။ ကျုပ်ကပဲ ခင်ဗျားကိုလမ်းပြလုပ်ပြီး အတူသွားကြတာပေါ့။ ဒါပေမဲ့ ကျုပ်မှာရှိတဲ့မြေပုံက မြို့တွေ ရွာတွေ ဒေသတွေကို ရေးထားတဲ့ စက္ကူမြေပုံတော့ မဟုတ်ဘူး။ ရွှေသားစစ်စစ်နဲ့ သုပ်ထားတဲ့ ဒေါင်းဘယက်ခွက်ကလေးတစ်ခွက်ပဲဗျ''

ကျော်စိုး၏စကားကြောင့် ညွန့်လှိုင်၏မျက်နှာတွင် လောဘအရိုးအလျှံများ ဝေတက်လာလေသည်။

''ကြိုက်ပြီဗျို့၊ ကြိုက်ပြီ။ ဒါနဲ့ နေပါဦး . . . လက်ဝယ်ရှိတဲ့ သူက ခင်ဗျားမဟုတ်လား။ ဘာဖြစ်လို့ ကျုပ်ကို ရက်ရက်ရောရော ပေးဖို့ ကမ်းလှမ်း အဖော်ညှိနေရတာတုံးဗျ။ ဒီအတွက် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်မှာ နောင်တရနေမှာနော်''

"ဟဲ ဟဲ . . . တကယ်တော့ ကျုပ်က ခင်ဗျားကို ဝေစုပေးချင်တာမဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားနဲ့ရုပ်ချင်း အင်မတန်မှ ဆင်တဲ့ လူတစ်ယောက်ကို ပေးချင်တာပါ။ ခင်ဗျားမသိဘူးဆိုရင်တောင် ကြားချင်ကြားဖူးမှာပါ။ သူ့နာမည်က ညွှန့်အောင်တဲ့ဗျ။ ခင်ဗျားနာမည်နဲ့ နည်းနည်းကလေးပဲကွဲတာ။ ကျုပ်က မတရား မလုပ်ချင်ပါဘူး။ ညွှန့်အောင်တို့ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်က ထားခဲ့တဲ့ကတိစကားအတိုင်း ဖြစ်စေချင်တာပါ။ ညွှန့်အောင်ကို ကျုပ်မရှာနိုင်ပေမယ့် ညွှန့်အောင်ရဲ့ညီအရင်းဖြစ်တဲ့ ညွှန့်လှိုင်ကို ရှာတွေ့ခဲ့ပြီပဲ။ ဒီတော့ ကျုပ် ညွှန့်လှိုင်ကို မပေးရင် ဘယ်သူ့ကို ပေးရ မလဲ''

ကျော်စိုး ပြောလိုက်သောအခါ ညွှန့်လှိုင် မျက်နှာတစ်ချက် ပျက်သွားပြီး –

''ဒီမှာမိတ်ဆွေ . . . စကားကို ဆင်ဆင်ခြင်ခြင်ပြောရင် ကောင်းလိမ့်မယ်။ ကျုပ်ကို ဘာမှတ်နေလို့လဲ။ ဘယ်က ညွှန့်အောင်လဲ။ ကျုပ်မသိဘူး။ နာမည်တူ လူတူမရှားတဲ့။ စည်းမရှိ ကမ်းမရှိ ပြောနေမယ်ဆိုရင် ကျုပ် ခင်ဗျားကို ညှာမခံနိုင်ဘူးနော်။ ကျုပ်က





သရီးဖရင်းကုမ္ပဏီရဲ့ရှယ်ယာဝင်လူကြီးလူကောင်းတစ်ယောက် ဆိုတာ ခင်ဗျား သိပါတယ်''

ဟု ညွှန့်လှိုင်က ခပ်တည်တည်နှင့် ခပ်မာမာပြောလိုက်၏။

''ဆင်သေကို ဆိတ်သားရေနဲ့ လုံအောင်ဖုံးဖို့ ဘယ်လိုပဲ ကြိုးစားကြိုးစား ရှေ့ကဖုံး၊ နောက်က ပေါ်ပဲမဟုတ်လား။ ကိုညွှန့်လှိုင်ရဲ့၊ ဒီမယ် ကိုညွှန့်လှိုင် . . . ခင်ဗျားဟာ ဓားညွှန့်လှိုင် ခါးညွှန့်လှိုင်ဆိုတာ ကျုပ်သိပါတယ်။ လူတစ်ယောက်ကို လက်မရွံ့တမ်း ထိုးဖို့ လက်ယဉ်နေတဲ့ ခါးတစ်ယောက်အဖို့ ဝင်ကစွပ်ကောင်လို ခဏတာဝင်အောင်းနေတဲ့ ကုမ္ပဏီပိုင်ရှင် အစုရှယ်ယာဝင်ဆိုတဲ့ အခွံကြီးကို ခွာချလိုက်တဲ့အခါမှာ ခါးက ခါးပဲမဟုတ်လား။ ကျုပ်ခုတင်ကပြောခဲ့တဲ့ ခရီးသာ အတူသွားဖြစ်ခဲ့မယ်ဆိုရင် ခင်ဗျားတစ်သက်ထိုင်စားလို့တောင်မှ မကုန်နိုင်တဲ့ ရွှေငွေရတနာတွေကို ဝေစုတစ်စုအနေနဲ့ရမှာ''

ကျော်စိုးက ပြောလိုက်သောအခါ ညွှန့်လှိုင် ဉာဏ်နီဉာဏ်နက်ထုတ်ပြီး –

''ညွှန့်အောင် သေတာကြာပြီဗျ။ ကျုပ် ဝေစုရရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ညွန့်အောင်ကိုပေးမှ မပေးနိုင်တော့တာ''

''ဒါကြောင့် ပြောတာပေါ့။ ညွန့်အောင်မရှိတော့ ဒီဝေ့ကို သူ့ရဲ့ညီ ညွန့်လှိုင်က မရထိုက်ဘူးလား''

ကျော်စိုးက ကျုံးသွင်းလိုက်ပြန်သည်။ ညွန့်လှိုင်က ကျော်စိုးရဲ့စကားအဓိပ္ပာယ်ကို ကောင်းကောင်းနားလည်သော်လည်း သဘောမပေါက်ဟန်ဆောင်ပြီး . . .

''နို့နေပါဦး . . . ခင်ဗျားက ကျုပ်ကို မရမကခေါ်နေတဲ့အကြောင်းက ညွန့်အောင် ဝေစုအတွက် တစ်ခုပဲလား''

''မှန်ရာကိုပြောရရင် ဒီကိစ္စမျိုးက ကျားဖမ်းရသလို အန္တရာယ်များတဲ့ကိစ္စမျိုး မဟုတ်လား။ အရာခပ်သိမ်း အေးအေးချမ်းချမ်းနဲ့ ပြီးဆုံးသွားလိမ့်မယ်လို့ တွက်ထားလို့မှ မရတာ။ ဒီတော့ ကျုပ်မှာ ခင်ဗျားလို သတ္တိနဲ့စွန့်စားရဲတဲ့အဖော်မျိုး လိုတာ ပေါ့ မဟုတ်ဘူးလား''

''ဒီမယ် ကိုကျော်စိုး . . . ခင်ဗျားစကားက နားထောင်ကောင်းပေမယ့် အင်မတန်ကြောက်စရာကောင်းတာနော်။ ကျုပ်က သစ္စာဖောက်ပြီး ခင်ဗျားကိုသတ်၊ ရတနာတွေအားလုံးကို အပိုင်စီးသွားရင် ဘယ်လိုလုပ်မလဲ''





ညွန့်လှိုင်က ကျော်စိုးကို သွေးတိုးစမ်းလိုက်လေသည်။

''ကျုပ် ဒါက ထည့်တွက်ပြီးသားပါ။ ဂရုမစိုက်လို့ ခင်ဗျားကို အပါခေါ်ချင်နေတာပေါ့ဗျ။ ခင်ဗျားပြောသလို လုပ်နိုင်ရင်လုပ်ပေါ့။ ကဲ . . . ဒါတွေထားပါလေ ညနေ ခင်ဗျားကို ငါးနာရီလောက်မှာ ကျုပ်လာခေါ်မယ်။ ကန်တော်ကြီးဘုတ်ကလပ်မှာ ဘီယာသောက်ရင်း လေညင်းခံကြတာပေါ့။ ဆက်ဆက်သာ စောင့်နေ၊ ကျုပ် သွားပြီဗျို့''

ကျော်စိုးက ပြောပြီး ကုမ္ပဏီမှထွက်ခဲ့ရာ အခန်းဝတွင် လူနှစ်ယောက်နှင့်တိုက်မိလေ၏။ ကျော်စိုးကြည့်လိုက်သောအခါ လူရိုးလူအကြီးများဖြစ်သော ရဲညွန့်နှင့် ကိုတင်ဦး (ပုပ္ပား)တို့နှစ်ယောက်ကိုတွေ့လိုက်ရလေတော့သည်။ ကျော်စိုးက ညွန့်လှိုင်ထံမှ ထွက်လာခဲ့ပြီးနောက် တရုတ်တန်းသို့သွားကာ ဘဲကင်၊ ဝက်နံရိုးပေါင်းတို့ကိုမှာ၍ ထမင်းနှစ်လုံး သုံးလုံးကုန်အောင် အဝစားလိုက်ပြီး လသာလမ်းဘုံကျောင်းဘက်သို့ လျှောက်ခဲ့သည်။ ဘုံကျောင်းထဲဝင်လာပြီး တရုတ်ကြီးဆီဖူး (အောင်သန်းဦး) ကို ရှာရာ အဆင်သင့်ပင် တွေ့ရလေ၏။

''လာဟေ့ ကျော်စိုး၊ ဒီနေ့တော့ မနက်ပိုင်းအစောကြီး



www.burmeseclassic.com

www.burmeseclassic.com



မလာစဖူး အလာထူးလို့ပါလား''

ဆီပူးက ကျော်စိုးကိုမြင်သွား၍ လှမ်းနှုတ်ဆက်လိုက်လေသည်။

''အလာထူးဆို ခရီးထွက်စရာတစ်ခုရှိလို့ ဒီကို ဆယ့်လေးငါးရက်လောက် မရောက်နိုင်တော့ဘူးဆိုတာ လာပြောရင်းအတွင်းအား 'ချီ' လေ့ကျင့်ဖို့လာခဲ့တာ''

''ကေန္တ ငါ့လူ အသုံးချတော့မယ်နဲ့တူတယ်။ ဘယ်လိုပွဲမျိုးလဲ။ ငါ့ကိုလည်း ရှင်းပြစမ်းပါဦးကွ''

ဆီပူးက ကျော်စိုး၏ တိုက်ပွဲဝင်တော့မည့်ပုံစံကို ကြည့်ပြီး စိတ်ဝင်စားစွာ မေးလိုက်သည်။

''မကောင်းသူကိုပယ် ကောင်းသူကိုကယ်ရမယ့်ပွဲပါ''

''ကောင်းပါလေ့ ... ကောင်းပါလေ့။ ဒီပွဲမျိုးက ရည်ရွယ်ချက်ကောင်းတော့ မဖြစ်မနေကို နွှဲသင့်တာပေါ့ကွာ။ ကဲ ... တို့ 'ချီ' ကို ပြန်နွှေးကြစို့။ လာ အတွင်းခန်းထဲသွားကြမယ်''

ဆီပူးက ကျော်စိုး၏အပြောကို သဘောကျ၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ဘုံကျောင်းခန်းမ အနောက်ဘက်ရှိ အခန်းတစ်ခန်းသို့ ခေါ်သွားသည်။





''ကဲ ... တင်ပျဉ်ခွေထိုင်ပြီးတော့ ဒူးပေါ်ကို လက်ဖဝါးအောက်ခံထားပြီး ကိုယ်ကိုဖျော့ထားလိုက်။ ဟုတ်ပြီ၊ ပြီးတော့ ခေါင်းကနေ လေကို ဖြည်းဖြည်းနဲ့မှန်မှန် ရှူသွင်းလိုက်။ ရှူတဲ့အခိုက်မှာ လျှာကို အာခေါင်မှာကပ်ထား။ ရှူတဲ့လေကို ပ်က ပြန်ထုတ်ပစ်ရမယ်။ အသံမမြည်စေနဲ့။ ဘယ်ဘက်လက်ကို သာလေး လေညင်းကလေးတိုက်သလို သယ်သွားပြီး ညာဘက် ရွက်လုံအောင် လက်ဖဝါးနဲ့အုပ်ထားလိုက်။ အသက်ကို မှန်မှန်ရှူ။ မိနစ်လောက် ဒီအတိုင်းထား။ အဲ ... ပြီးမှ အဲဒီလက်ကို မူလဒူး မှာပြန်ထားပြီး ညာဘက်လက်ကို အသာလေးယူ ဘယ်ဘက် ပေါ် အုပ်ထားလိုက်။ ငါးမိနစ်လောက် ကြာကြာထားပြီးတဲ့အခါ ယ်ဘက်လက်ကိုယူပြီး ညာဘက် နားပေါ်ပြန်တင်ထား။ လက် ဖက်လုံး နားပေါ်ပြန်ရောက်ကုန်ပြီဆိုတော့ လက်တွေက ကြက် ခြေခတ်ပုံဖြစ်နေပြီ။ အဲဒီအတိုင်း ငါးမိနစ်လောက်ထား။ အသက် မှန်ရှူ။ ငါးမိနစ်ပြည့်တော့ ညာဘက်လက်ကို ဖြည်းဖြည်းခြင်းယူ ရှေ့တည့်တည့်ကို ဆန့်ထုတ်။ လက်မောင်းရင်းမှာရှိနေတဲ့ သွေး ကို လက်ဖျားထိရောက်အောင် အားပါပါပို့။ လက်ဖဝါးကို မြွေ ဘက်တစ်ကောင် ပါးပျဉ်းထောင်သလို ထောင်ထား။ ဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်လက်ကို လည်းလုပ်ပြီးတော့ ဆွဲယူ။ လေထဲမှာ ညင်ညင်သာသာလေး မွေ့၊ အေး . . . ဟုတ်ပြီ''

ဆီဖူးက ကျော်စိုးအား လက်တွေ့လုပ်ကိုင်ရာတွင် အထောက်အကူရစေဖို့ နဘေးမှ ပြောပြပေးသည်။

''ကဲ 'ချီ' အားကောင်းကောင်းနဲ့ ရန်သူကိုတိုက်ခိုက်ပေတော့ ဆက်လုပ် ဆက်လုပ်''

ကျော်စိုးက ဖြည်းဖြည်းမှန်မှန် လေ့ကျင့်ပြီးနောက် ညနေစောင်း ငါးနာရီထိုးခါနီးချိန်တွင် ဘုံကျောင်း၌ပင် ရေမိုးချိုး၍ ညွန့်လှိုင်ကို ဝင်ခေါ်ပြီး ကန်တော်ကြီးဘုတ်ကလပ် (Boat Club) သို့လာခဲ့သည်။ ထိုနေရာသို့ ကျော်စိုးနှင့်ညွန့်လှိုင်တို့ ရောက်သွားကြချိန်တွင် ဖိန်းမောင်းသံတညံညံနှင့် လက်ဝှေ့ထိုးသတ်နေသည့် ဝိုင်းတစ်ဝိုင်းကို တွေ့ကြရသည်။ ထို့ကြောင့် ချစ်သွေးက လက်ဝှေ့ဝိုင်းရှိရာဆီသို့ ညွန့်လှိုင်အား လက်ဆွဲခေါ်လာသည်။

''လာ လာ . . . ဒီလက်ဝှေ့ပွဲကို အပြင်းပြေ အကဲခတ်ကြည့်ရအောင်''

ချစ်သွေးက လက်ဝှေ့စင်၏အနီးမှ ကြည့်ရှုနေသည်။ လက်ဝှေ့ထိုးနေသူနှစ်ဦးမှာ အလုံးအထည်ချင်း၊ အရပ်ချင်းညီသဖြင့်





လက်ဆန်ခြေဆန်ခြင်းပါ ညီကြသောကြောင့် အလွန်ကြည့်ကောင်းသည့်ပွဲတစ်ပွဲဖြစ်သည်။ သူတို့ရောက်သွားချိန်တွင် ငါးချီငါးမောင်းပြီဖြစ်သဖြင့် နှစ်ယောက်စလုံး၏ပါးရိုး၊ မျက်ခုံး စသည့်နေရာများတွင် အညိုအမည်းစွဲပြီး သပြေသီးမှည့်ရောင်သမ်းကာ ဒဏ်ရာကိုယ်စီရနေကြပေပြီ။ ခုနစ်ချီပွဲဖြစ်၍ ခုနစ်ချီတိုင်အောင် သူမသာကိုယ်မသာဖြစ်နေသဖြင့် ဒိုင်က နှစ်ဦးစလုံးကို ပူးတွဲသရေဖြင့် ပွဲနားလိုက်သည်။ ထိုစဉ် ကြိုးဝိုင်းအတွင်းသို့ နဖူးတွင် ပဝါအနီစည်းကာ လက်ဝှေ့သမားတစ်ဦး တက်လာလေသည်။

''မိုးကြိုးတဲ့ခင်ဗျ၊ အောက်မြန်မာပြည်တစ်လွှားမှာတော့ ပြိုင်သူမဝံ့၊ ယှဉ်သူမရှိတဲ့ လက်ဝှေ့ကျော်ပါပဲ။ ဘက်တူမရှိတဲ့သူမို့ ဘက်တူတဲ့ကက်လူကို စိန်ခေါ်ပွဲတောင်းနေတဲ့ မိုးကြိုးပေါ့ ခင်ဗျာ။ ယှဉ်မယ့်သူရှိရင် ကြေးကောင်းရမှာမို့ မနှေးအမြန် အပြေးသာစာရင်းသွင်းကြပါရော့၊ အဲ . . . သို့ပေမယ့် အကြောင်းမသင့်ရင် ရှုံးပြီး အိမ်အပြန် ထမ်းစင်ပါ ငှားရမှာမို့ ကိုယ့်အကြောင်းကိုယ်သိဖို့တော့ သတိပေးထားပါရစေခင်ဗျ''

ပွဲစီစဉ်သူတို့က မိုးကြိုးနှင့်ထိုးမည့်သူကို သို့ကလို ဖိတ်ခေါ်နေလေသည်။ ထိုစဉ် လူတစ်ယောက်မှာ ပွဲစီစဉ်သူတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ဆွေးနွေးပြီး အကျီချွတ်ကာ ဘောင်းဘီတိုပုဆိုး သုံးထောင့်စွန်ခါးစည်းလျက် အပေါ်ပိုင်းအကျီမပါ ကိုယ်ဗလာဖြင့် စင်ပေါ်သို့ တက်လာလေသည်။

"ဟော . . . လာပါပြီခင်ဗျ။ ခုတစ်ခါ စာရင်းပေးတဲ့သူကတော့ မိုးပျံတဲ့ခင်ဗျ။ ဒီနာမည်ကို လက်ဝှေ့လောကမှာ တစ်ခါမှ မကြားဖူးသေးဘူး ခင်ဗျ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ မိုးပျံက မိုးကြိုးကို စိန်ခေါ်ရင် ဘွာမခတ်တမ်းထိုးမှာမို့ စင်ပေါ်က ကြိုးဝိုင်းဒိုင်များက တာလွှတ်ပေးကြပါဦး ခင်ဗျ"

ထိုစဉ် ဆိုင်းဝိုင်းမှ လေးကင်းသံကြားလိုက်ရလေသည်၊ မိုးကြိုးနှင့်မိုးပျံတို့ကို ကြိုးဝိုင်းဒိုင်က စည်းကမ်းများပြောပြပြီးနောက် မျက်နှာချင်းဆိုင် လွှတ်ပေးလိုက်သည်။ ပွဲကြည့်နေသူများက မိုးပျံအား သနားစရာ သတ္တဝါတစ်ကောင်လို ဝိုင်းကြည့်နေကြပြီး မိုးကြိုးကို တစ်ခဲနက်ကြွေးကြော်ကာ အားပေးနေတော့သည်။

"မိုးကြိုးကွ . . . ထိုးပစ်လိုက်စမ်းဟေ့။ မထနိုင်အောင် ကိုင်ပေါက်လိုက်ပါတော့လား"

စသည်ဖြင့် အော်ဟစ်နေကြသည်။ ပွဲကလည်း တစ်ချီ နှစ်ချီနှင့် မိုးပျံအထိနာပြီး ပြီးသွားလိမ့်မည်ဟု ပရိသတ်က ထင်ထား





ခဲ့ကြသော်လည်း မိုးပျံမှာ ပရိသတ်မျှော်လင့်မထားသည့် ရွက်ပုန်းသီးလက်ရည်ကောင်းဖြစ်ကြောင်း တွေ့ရှိရလေသည်။ မိုးကြိုးက မြန်သည်။ ချက်ကောင်းကိုထိသည်နှင့် တုန်ခနဲ လဲကျလောက်အောင် လက်သီးက ပြင်းသည်။

သို့သော် မိုးပျံ၏နှာသီးဖျားလေးကိုပင် ထိအောင်မထိုးနိုင်သဖြင့် ပရိသတ်က မိုးပျံကို အားပေးလာကြသည်၊ ပရိသတ်ဘက်ပြောင်းလေလေ မိုးကြိုးက ရထားကြီးတစ်စင်း ခုတ်မောင်းသလို တရှူးရှူးဖြစ်လေနှင့် ဒေါသပေါက်ကွဲလာသည်။ မိုးပျံကတော့ မိုးပျံဆိုသည့်အတိုင်း ဝဲကာပျံကာနှင့် ပီတိ ဖက်ရွက်ကလေးတစ်ရွက်နှယ် ပေါ့ပေါ့ပါးပါး လှုပ်ရှားနေသဖြင့် သွေးပူစမောပန်းသည်ဆိုရုံလေး ဖြစ်နေသော်လည်း မိုးကြိုးမှာမူကား သက်လုံကြီး၍ လဲလုလုယိုင်တိုင်တိုင် ဖြစ်လာသည်။

ထိလိုက်ရုံနှင့် ကြွေတော့မည့် အသီးပုံနှယ် နွေးကွေးလေးလံလာသည်။ ထိုအခါ အချိန်ကောင်းစောင့်နေသော မိုးပျံက လေထဲတွင်ဝဲလျက် မိုးကြိုး၏မေးဖျားသို့ ခြေဖမိုးနှင့် ပင့်ခတ်လိုက်သည်၊ မိုးပျံ၏ခြေဖဝါး စောင်းထိချက်ကြောင့် နောက်လန်သွားသော မိုးကြိုးနံစောင်းကို မိုးပျံက တစ်ပတ်လှည့်၍ တံတောင်ဦးပစ်သွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ မိုးကြိုးသည် တစ်ခါတည်း လောကကြီးနှင့် အဆက်ပါပြတ်သွားလေတော့၏။ ဆေးအဖွဲ့က ဝိုင်းထဲသို့ ချက်ချင်း တက်လာပြီး မိုးကြိုးကို စမ်းသပ်သည်။

"မသေပါဘူး၊ မေ့ရုံတင်ပါ။ ကျုပ်သာ မိုးကြိုးရဲ့ရင်ဝကို တံတောင်ပစ်ထည့်လိုက်ရင် တစ်ခါတည်းချောသွားမှာ။ ဒါကြောင့် သက်သက်ညှာညှာ မေ့ရုံလောက်တင် လုပ်ခဲ့တာပါ"

မိုးပျံ ရှင်းပြလိုက်သည်။ ပရိသတ်၏လက်ခုပ်သံများ မစဲတော့။ မျက်မြင်ဒိဋ္ဌမြင်ခဲ့ကြရသောကြောင့် မိုးပျံကို ဆုဝိုင်းချ ကြသည်။ ဝိုင်း၍ မိတ်ဆက်ကြသည်။

"တယ်ကောင်းတဲ့ လက်ရည်ပါလား။ လာဗျာ ကိုညွှန့်လှိုင်၊ ကျုပ်တို့ မိတ်သွားဆက်ရအောင်"

"ကိုမိုးပျံရေ ... ကျုပ်နာမည်က ကျော်စိုးပါ။ ခင်ဗျားကို တကယ်လေးစားတယ်ဗျာ။ အောက်မြန်မာပြည်ရဲ့လက်ဝှေ့ကျော်ကို ယှဉ်ပြိုင်အနိုင်ယူခဲ့တဲ့လက်ရည်ကိုလည်း ကြိုက်သွားပြီဗျို့။ ဒီနေ့ည ကျုပ်တို့နဲ့ ထမင်းလက်ဆုံစားရအောင် ဖိတ်ခေါ်ပါတယ်"

ကျော်စိုးက ညွှန့်လှိုင်ကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး မိုးပျံကို ပြောလိုက်သည်။





"ကျုပ်ဟာ လူတောတစ်ယောက်ပါဗျာ။ လေလွင့်နေ ဘယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ သုံးစရာမရှိတဲ့အခါ ဒီလို လက်ဝှေ့ ဆွဲကိုရှာပြီး သေချင်သေ ကြေချင်ကြေလို့ စိတ်ပိုင်းဖြတ်ပြီးတော့ ရှာနေတာပါ။ ခင်ဗျားတို့က ကျုပ်ကို အဖက်မတန်ဘူးလို့ မထင် ဘူးလား"

မိုးပျံက သူ့အခြေအနေကို ပြောပြလိုက်သောအခါ ကျော် စိုးက -

"ဟာ ... လူဆိုတာ သူ့နေရာနဲ့သူ သုံးလို့ရတဲ့ အရည် အချင်းရှိပါတယ်။ ခုပဲ ခင်ဗျားကိုကြည့်။ ဖြစ်နိုင်မယ်ဆိုရင် ခင်ဗျား ညွှန့်တော်တို့နဲ့ ခရီးတစ်ခုကို ဆယ့်လေးငါးရက်လောက် လိုက်ခဲ့ပါ လား။ ခင်ဗျားတောင်းသလောက်ပေးပါ့မယ်"

မိုးပျံက စဉ်းစားသလိုငြိမ်နေလိုက်သည်။

"ဟာ ... ဖြစ်ပါ့မလား ကိုကျော်စိုးရ။ ကျုပ်တို့ကိစ္စကို အသိခံလို့မှမရတာ"

ညွှန့်လှိုင်က ဝင်တားလိုက်သည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ ကျုပ်တို့နဲ့အတူလိုက်ပြီး ကျုပ် တို့ကို စောင့်ရှောက်ဖို့ပဲဟာ။ နေရာတကာ သူ့ကို ဘယ်အသိပေး



www.burmeseclassic.com

www.burmeseclassic.com



ပါမလဲ''

ကျော်စိုးက ပြောလိုက်သောအခါ –

''ကျုပ် လိုက်ခဲ့ပါ့မယ်။ ခင်ဗျားတို့ လူသိမခံချင်တဲ့ကိစ္စ

ကျုပ်နဲ့မဆိုင်ဘူး။ ကျုပ်နဲ့ဆိုင်တာက ခင်ဗျားတို့ကို စောင့်ရှော

ပေးရတဲ့အတွက် တစ်နေ့လုပ်အားခ တစ်နေ့ရှင်းပေးဖို့ပဲ''

ဈေးနှုန်းကို မိုးပျံကသဘောတူသဖြင့် ဘုတ်ကလပ်တွင်

သူတို့နှင့်အတူ ထမင်းစားစေပြီးနောက် ခရီးထွက်ရမည့်ရက်နှင့်

နေရာအချိန်တို့ကို အတိအကျ ချိန်းလိုက်သည်။ မိုးပျံပြန်သွားပြီ

ညွှန့်လှိုင်လည်း ကျော်စိုးနှင့် ခရီးထွက်မည့်နေ့တွင် အရောက်လာ

မည်ဖြစ်ကြောင်း ကတိပေး၍ ပြန်သွားသည်။

ထိုအခါမှ . . . စောစောက ပြန်ချင်ယောင်ဆောင်ကာ ရှော

နေသော မိုးပျံ ခေါ် ဆားပုလင်းစိုးဝင်းက အမှောင်ရိပ်ထဲမှ ထွက်လာ

ကာ –

''အဲဒီနေ့ သေချာပြီလား အိုင်ပီရဲ''

ဟု မေးလိုက်သည်။

''သေချာတာပေါ့။ ဒီဒေါင်းဘယက်ကြောင့် လူနှစ်ယော

အသက်ကိုတောင် သတ်ခဲ့ကြတာ။ ခုလို လွယ်လွယ်နဲ့ ထွက်လာမ





ဒေါင်းဘယက်ကို သူတို့လက်လွှတ်ခံပါ့မလဲ။ ကျုပ် တစ်ယောက်

တည်းဆိုရင် မိုက်ရူးရဲဆန်ရာကျတယ်လို့ ယူဆပြီး ဆားပုလင်းကိုပါ

တွဲခေါ်လာရတာ။ ကျုပ်တို့နှစ်ယောက်ဆိုတော့ နှစ်ခေါင်းနဲ့ တိုင်

တိုင်ပင်ပင် လုပ်ရတာပေါ့။ ဒီလူသတ်သမားရဲ့အရှုပ်တော်ပုံကြီးကို

ကျုပ်တို့ လက်လွှတ်ခံလို့ မဖြစ်ဘူးဗျို့''

ကျော်စိုးက ပြောဆိုပြီး နှစ်ယောက်သား လမ်းခွဲလိုက်ကြ

လေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## ဒေါင်းဘယက်၏လျှို့ဝှက်ချက်

ကျော်စိုးက ဒေါ်မြမြ၏အိမ်သို့ ည (၇) နာရီလောက်တွင် ပြန်ရောက်လာသည်။ အိမ်ပေါ်သို့ရောက်သောအခါ ဒေါ်မြမြနှင့် ခင်လှဲ့ရီကို ညှော်ခန်းထဲတွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

"ပြန်ရောက်လာပြီလားကွဲ့၊ ထမင်းကော စားခဲ့ပြီးပြီလား"

ဒေါ်မြမြက နှုတ်ဆက်စကားဆိုလိုက်သည်။ ကျော်စိုးက အပြင်မှဝယ်လာသော ကိတ်မုန့်နှင့်စားစရာများကို စားပွဲပေါ်တင်ပြီး ဒေါ်မြမြ၏ရှေ့၌ ရိုသေသမှုနှင့် ထိုင်ကန်တော့၏။

"ကျွန်တော် ဒီအိမ်မှာ ခေတ္တခဏ နားခိုခဲ့ရတာတွေကို





ကျေးဇူးတင်ပါတယ်၊ ဘယ်တော့မှ မေ့မှာမဟုတ်တော့ပါဘူး။ ဒီမှာ နေခဲ့ရတဲ့ရက်အတွင်းမှာ အပြစ်ပြုမိတာရှိခဲ့ရင်လည်း ကျွန်တော့်ကို ခွင့်လွှတ်ပါ ဒေါ်ဒေါ်"

ကျော်စိုးက ကုလားထိုင်ပေါ် ပြန်ထိုင်လိုက်ရင်းက ပြောလိုက်သည်။

"သာဓုကွယ် ... သာဓု သာဓု။ နို့ ... မင်းက တို့အိမ်မှာ မနေတော့ဘူးလား"

"ဟုတ်ကဲ့ ... မနက်ဖြန်မနက် ကျွန်တော် ခရီးတစ်ခု သွားရပါမယ်။ အဲဒီခရီးက ပြန်လာတဲ့အခါ ကိစ္စအားလုံးလည်း ပြီးစီးသွားလောက်ပြီမို့ ကျွန်တော် ဒီမှာဆက်နေဖို့ မလိုအပ်တော့လို့ပါ ဒေါ်ဒေါ်"

ကျော်စိုးက ရှင်းပြလိုက်လေရာ ဒေါ်မြမြမှာ စိတ်မကောင်း ဖြစ်သွားတော့သည်။ ထို့အတူ ခင်လှဲ့ရီ၏မျက်နှာလေးမှာလည်း ရုတ်ချည်း ညှိုးငယ်သွားလေ၏။ အားလုံးမှာ စကားတော်တော်နှင့် မပြောနိုင်ကြတော့ဘဲ ဖြစ်သွားရာမှ –

"အေးကွယ် ... အိမ်တစ်အိမ်မှာ လူတစ်ယောက်တိုးလာတာ မသိသာပေမယ့် ရှိရင်းစွဲလူတစ်ယောက် လျော့သွားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ဟာတာတာကြီး ကျန်ခဲ့တာကွဲ့။ မင့်ဦးလေး ဆုံးသွားတုန်းကရော ဆိုရင် ဒေါ်ဒေါ်တို့သားအမိ မနေတတ် မထိုင်တတ်ဖြစ်နေကြတာ မင်း ရောက်လာတော့ အဖော်အလျော်ကလေးရလာပြီး နေမြိအတိုင်း ဖြစ်မှ မင်းက ခုတစ်ခါ ပြန်သွားတော့မယ်ဆိုတော့ ဒေါ်ဒေါ် ဘယ်စိတ်ကောင်းပါ့မလဲကွယ်။ ဒါပေမဲ့ . . . ဘဝဆိုတာ တွေ့ကြုံ ဆုံကွဲ ဖြစ်မြဲဓမ္မတာ မဟုတ်လား။ ခွဲချိန်တန် ခွဲကြရပေဦးမယ်''

ဒေါ်မြမြက ပြောဆိုပြီး အခန်းထဲဝင်သွားသည်။

''မေမေ အတော့်ကို စိတ်ထိခိုက်သွားပုံပဲ။ အစ်ကိုသာ ပြန်သွားရင် ညီမလည်း သတိရနေမှာပါ''

ခင်လှဲ့ရီက မျက်ရည်ဝဲလျက် တုန်ယင်သောအသံကလေး ဖြင့် ပြောရှာသည်။

''အစ်ကိုကတော့ သတိရတမ်းတရုံတင်မကဘူး ဒီဘဝ မှာ ဘယ်လိုမှ ဖူးစာမဆုံနိုင်တော့တဲ့ ညီမကို လွမ်းတာနဲ့ ရင်ကွဲ မလားမသိဘူး။ အစ်ကိုတို့ရဲ့ဖူးစာကို တလွဲတချော်ဖြစ်အောင် ရေးခဲ့တဲ့ ဖူးစာရေးနတ်မင်းကို အပြစ်တင်နေမိမှာပဲ။ တကတဲဗျာ မပေါင်းရမယ့်အတူတူ အစက ဘာဖြစ်လို့ တွေ့ဆုံအောင် ဖန်တီးခဲ့ တာလဲ။ တစ်အိမ်ထဲမှာနေပြီး သံယောဇဉ်တွေ ပွားသထက် ပွား





အောင် လုပ်ခဲ့ရတာလဲဆိုပြီး မျက်နှာချင်းဆိုင် မေးချင်လိုက်တာ။ ဒါပေမဲ့ ညီမနဲ့ ဖူးစာဆုံရမယ့်လူက ရှိပြီးသားဆိုတော့ အစ်ကို ဒီလို ဒေါမနဿပွားနေပြန်ရင်လည်း ကိုယ်ချင်းမစာရာကျမှာမို့ ညီမတို့နှစ်ယောက် သေတစ်ပန်သက်တစ်ဆုံး ပေါင်းနိုင်ကြပါစေလို့ အစ်ကို ဆုတောင်းပေးခဲ့ပါတယ်''

ကျော်စိုးက မချင့်မရဲနှင့် ပြောလိုက်သည်။

''ဪ် အစ်ကိုရယ် . . . ညီမ အစ်ကို့ကို ချစ်ပါတယ်။ ဒါပေမဲ့ မိဘရဲ့အစီအမံကို မပယ်ရှားချင်တဲ့သမီးမို့ ညီမကို ခွင့်လွှတ်ပေးပါ၊ နားလည်ပေးပါနော်''

ဟု ခင်လှဲ့ရီက သူမ၏စိတ်ထဲမှ ကြေကွဲစွာ ပြောနေမိ၏။

နံနက်လင်းသည်နှင့် ကျော်စိုးက သူ၏အဝတ်အစားများ ထည့်သောအိတ်ကိုလွယ်ကာ ဒေါ်မြမြနှင့် ခင်လှဲ့ရီတို့အား နှုတ်ဆက်၍ ထိုအိမ်မှ အပြီးအပိုင် ထွက်လာခဲ့လေသည်။

ထို့နောက် သူနေထိုင်ရာ အရာရှိရိပ်သာသို့ဝင်ပြီး ယူသင့် သော အဝတ်အစားများ၊ လက်နှိပ်ဓာတ်မီး၊ ခြောက်လုံးပြူး သေနတ်နှင့် အခြားအသုံးအဆောင်များ ဖြည့်တင်းကာ အိမ်မှထွက် ခဲ့ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်အိုကြီး ... နယ်က စာတစ်စောင်ရောက်နေတယ် ရော့ ဒီမှာ"

ဘေးချင်းကပ်အခန်းမှ သူငယ်ချင်းပုလိပ်အရာရှိ မြင့်ကျော်ဦး၏ဇနီးက စာတစ်စောင် လှမ်းပေးသဖြင့် ဖတ်လိုက်ရာ နယ်တွင် ကျန်ရစ်ခဲ့သော သူ၏မိခင်ကြီးထံမှ ပို့လိုက်သောစာဖြစ်ကြောင်း သိရလေသည်။ စာထဲတွင် ကျော်စိုး၏မိခင် ရန်ကုန်သို့ လကုန်ရက်လောက်တွင် ရောက်ရှိလာမည်ဖြစ်ကြောင်း ပါရှိလေသည်။

ကျော်စိုးက ပြက္ခဒိန်ကို လှမ်းကြည့်လိုက်သောအခါ လကုန်ရန် (၁၅) ရက်ခန့် လိုနေသေးရာ အတန်ငယ် စိတ်အေးသွားသည်။ ထို့နောက် အခန်းတံခါးကို သော့ခတ်ပြီး ရန်ကုန်ဘူတာကြီးသို့ ထွက်ခွာလာခဲ့သည်။

ဘူတာကြီးသို့ရောက်သောအခါ သူ့ထက်အရင်ရောက်နေနှင့်သော ညွန့်လှိုင်နှင့်မိုးပျံ့ (ခေါ်) ဆားပုလင်းစိုးဝင်းကို ခရီးဆောင်အိတ်ကိုယ်စီနှင့် တွေ့လိုက်ရသည်။ ပလက်ဖောင်းနံပါတ် (၂) တွင် ဆိုက်ကပ်လာသည့် တွဲဒေါင်းခေါ် အမှတ် (၁၂) အဆန်ရထား ရန်ကုန်–မန္တလေးရထားကြီးပေါ်သို့ သုံးယောက်သား တက်၍ ခရီးဆောင်အိတ်များကို စင်ပေါ်တင်နေရာချထားပြီး ထိုင်ခုံတွင်





ဝင်ထိုင်လိုက်ကြသည်။ သူတို့လိုပင် ရထားတွဲပေါ် သို့ ရန်ကုန်–မန္တလေးခရီးစဉ်တွင် လိုက်ပါမည့်ခရီးသည်များ တဖွဲဖွဲရောက်ရှိလာကြသည်။

အချိန်တန်သောအခါ ရထားကြီးမှာ မည်သူ့ကိုမှ စောင့်ဆိုင်းနေခြင်းမပြုဘဲ တဂျုတ်ဂျုတ်နှင့် ခုတ်မောင်းထွက်ခွာလာသည်။ ပဲခူး–ဒိုက်ဦး စသည့် ဘူတာများကို ဖြတ်ကျော်ပြီး ဖြူး၊ ဖေယျဝတီ ဘူတာသို့ဆိုက်လာရာ ကျော်စိုးတို့က ဖေယျဝတီဘူတာတွင် ဆင်းလိုက်ကြသည်။ ခရီးဆက်ထွက်ရန် အချိန်လင့်နေပြီဖြစ်သောကြောင့် ဖေယျဝတီမြို့ထဲ၌ပင် အချိန်ဖြုန်း၍ ညစာကို ထမင်းဆိုင်တွင်စားပြီး ထိုထမင်းဆိုင်၌ပင် ညအိပ်ခွင့်တောင်းကာ အိပ်လိုက်ကြသည်။

ကျော်စိုးနှင့် ဆားပုလင်းစိုးဝင်းတို့မှာ ကြိုတင်တိုင်ပင်ထားသည့်အတိုင်း တစ်ယောက်ညဥ့်တစ်ဝက်စီအိပ်၍ အလှည့်ကျ နိုးကြားမှုသတိဖြင့် ညွန့်လှိုင်အား အနီးကပ်စောင့်ကြည့်နေ၏။ နံနက်လင်းလျှင် ဖေယျဝတီမြို့မှထွက်ပြီး ရိုးမတောင်ဆီသို့ ရှေ့ရှုခရီးထွက်လာခဲ့သည်။ လယ်ကွင်းများကို ဖြတ်လိုက်၊ ရွာငယ်ကလေးများကို ကျော်လိုက်နှင့် ဖြူးချောင်းအနီးသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုချောင်းအနီးရှိ ကွဲလူးအိုင်ရွာသို့ဝင်ပြီး ရွာဦးကျောင်း ဆရာတော် ဦးတင့်ဆွေထံ ဝင်ဖူးကြသည်။ ဆရာတော်အား မှသား မပါလက်ာမချော ဟူသော စကားအတိုင်း သူတို့ကိုယ်သူတို့ သစ်တောဝန်ထမ်းများ အယောင်ဆောင်ကာ တစ်ညတာ တည်းခိုခွင့် တောင်းကြသည်။ ဆရာတော်ဦးတင့်ဆွေက ခွင့်ပြုရုံမျှမက ဆွမ်းကျန် ဟင်းကျန်များနှင့် ကျွေးမွေးသည့်အပြင် ငှက်ပျောသီး ထန်းလျက်ခဲ စသည်တို့ဖြင့် အလျှံပယ်ညှော်ခံလေသည်။

''ဒကာလေးတို့ ဒီကနေ နောက်ထပ် ထမင်းအိုးနှစ်အိုးချက်လောက်ဆက်သွားရင် တောင်ခြေကို ရောက်ပြီကွဲ့။ အဲဒီကနေ တောင်ကြောပေါ်ကိုတက်လိုက်ရင် ကျောက်အိုးကြီး ကျောက်အိုးလေးကို ရောက်လိမ့်မယ်''

ဆရာတော်ဦးတင့်ဆွေက ခရီးလမ်းပန်းအခြေအနေကိုပင် ညွှန်ပြနေပေသေးသည်။ ကျော်စိုးကတော့ ဦးသောင်းမြင့်၏ မှတ်စုထဲမှ ကျောက်အိုးလေး၊ ကျောက်အိုးကြီးဆိုသည့် နာမည်ကို ကြားရသဖြင့် ကြက်သီးမွေးညင်းများပင် ထလာလေ၏။

သို့သော် . . . ရွှေငွေအတွက် လောဘတက်၍မဟုတ်ဘဲ ဦးသောင်းမြင့်၏အိမ်ပေါ်တွင် ပက်ပင်းတိုးခဲ့သော ညွှန့်အောင်





ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း စိတ်ထဲမှ သိနေသောကြောင့် ဖြစ်လေသည်။

''ညွှန့်လှိုင်က အဓိကမဟုတ်ဘူး။ တကယ့်ပွဲသိမ်းမယ့် အချိန် မှာ ညွှန့်အောင် ထွက်ပေါ်လာလိမ့်မယ်။ သူ့ကို အရှင်ဖမ်းမို့ သိပ်အရေးကြီးတယ်။ ဒါမှ လူသတ်မှုကို နှုတ်နဲ့ဝန်ခံချက်ရမယ့်အပြင် ဖြစ်စဉ်ကိုပါ ဖြောင့်ချက်ပေးလိမ့်မယ်။ ညွှန့်အောင်ကို ရှာတွက်လို့တော့မရဘူး . . . ၊

ကျွန်တော်တို့နှစ်ယောက်ပညာနဲ့ အတော့်ကို ဖမ်းယူရလိမ့်မယ်။ သူက လူထွားလူသန်ဗျ။ ဒါ့အပြင် အံ့ဩစရာကောင်းတဲ့ လူသတ်ပညာရှိတယ်ဆိုတာ ဆားပုလင်း တွေ့ရလိမ့်မယ်''

ကျော်စိုးက ညွှန့်လှိုင်၏အလစ်တွင် ပြောပြသည်။

''စိတ်ဝင်စားစရာကောင်းလိုက်တာ အိုင်အိုရာ။ အမှုလိုက်ဆိုတဲ့ ပုလိပ်ဘက်တော်သားတွေကလည်း တရားခံကို ကြက်ကလေး ငှက်ကလေးဖမ်းသလို ဖမ်းရတာ သိပ်စိတ်မဝင်စားဘူး။ တရားခံရဲ့ ပိပြားမှု၊ လက်စလက်န သေသပ်မှုနဲ့ အသတ်အပုတ် ကျွမ်းကျင်မှုတွေကို ဖော်ထုတ်ပြီး စိန်ပြေးတမ်းကစားသလို ယှဉ်ပြိုင်ရတာ ပညာလည်းရ၊ ကိုယ်စွမ်းကိုယ်စလည်း အမြဲတောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်နေအောင် ကြိုးစားရတာ မဟုတ်လား။ သွေးပါများတဲ့ ဓာင်ပေါ့ဗျာ။ ဒီအမှုဟာ အမှုကောင်းတစ်ခုပဲ အိုင်အိုရ"

ဆားပုလင်းစိုးဝင်းက အားတက်သရောပြောလိုက်သည်။ ထိုသို့ပြောဆိုနေစဉ် ညွှန့်လှိုင်ရေတွင်းမှ ရေချိုးပြီး ပြန်လာသည်နှင့် ကြုံလေ၏။

"ကိုကျော်စိုးတို့ ရေသွားချိုးကြဗျာ၊ တွင်းရေဆိုတာ ချိုးလို့ တော်တော်ကောင်းတာပဲ။ စိမ့်ပြီးအေးနေတာပဲဗျာ။ အတော့်ကို လန်းဆန်းသွားတယ်"

ညွှန့်လှိုင်က ကိုယ်ပေါ်မှရေများကို သုတ်ရင်းက ပြောလိုက်သည်။

ထို့နောက် အင်္ကျီအဝတ်အစားများကို လဲလှယ်ဝတ် ဆင်ပြီးနောက် သူ၏ညာဘက်လက်ကောက်ဝတ်တွင် ပဝါစအဝါရောင်က လေးကို ပတ်လိုက်သည်။

"ခင်ဗျားက စတိုင်လ်တစ်မျိုးပဲနော်။ ကျုပ် ကြည့်ကြည့် နေတာကြာပြီ။ အမြဲလိုလို လက်စည်းအဝါလေးနဲ့ပါလား"

ကျော်စိုးက အမှတ်တမဲ့ပြောလိုက်ရာ ညွှန့်လှိုင်က ရွှင်ခနဲ ဖြစ်သွားပြီး –





"ဘာရယ်မဟုတ်ပါဘူးဗျာ၊ လုပ်နေကျဆိုတော့ အကျင့် ဖြစ်နေတာပါ"

ဟုပြောပြီး ဘုန်းကြီးကျောင်းဝင်းထဲတွင် လျှောက်ကြည့် နေလေ၏။

"အဲဒီ သူ့လက်က အဝါရောင်ရှည်မျောမျောပဝါလေးဟာ သူသတ်လက်နက်ပဲ။ ခေါးထက်ပိုပြီး လူ့အသက်ကို နုတ်ယူနိုင် တယ်။ ဦးမြဝင်းနဲ့ ဦးသောင်းမြင့်ကို သတ်ခဲ့တဲ့ လက်နက်မျိုးပေါ့။ ဒါပေမဲ့ အဲဒီပဝါတော့မဟုတ်ဘူး။ အဲဒါကလေးကို လက်ကောက် ဝတ်က ချွတ်ပြီးကိုင်ထားရင်တော့ သူ့ကို ခင်ဗျား ကောင်းကောင်း သတိထားပေတော့ဗျို့"

ရေတွင်းတွင် ရေချိုးနေရင်း ကျော်စိုးက ဆားပုလင်းစိုးဝင်း ကို သတိပေးလိုက်သည်။ ထို့နောက် ကျွဲမလူးအိုင်ဆရာတော်အား လျှောက်ထားပြီး အားအင်ပြည့်ဖြိုးစေရန် တစ်ညအိပ်လိုက်ပြန် သည်။ နံနက်လင်းသောအခါ စောစောစီးစီး အိပ်ရာမှထ၍ ခရီး ဆက်ရန် ပြင်ဆင်ကြသည်။

"အတော်ပဲ ဒကာရေ . . . ဘုန်းကြီးတို့ အရုဏ်ဆွမ်းဘုန်း ပေးဖို့ ရွာထဲက ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်ဖုတ် လာလှူ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ခရီးမဆက်ခင် ရေနွေးကြမ်းနဲ့တစ်ဝစားသွားကြကွဲ ပြီးတော့ တောထဲတောင်ထဲမှာ ဆာတဲ့အခါစားဖို့လည်း ထည့်ယူသွားကြ''

ဆရာတော်ဦးတင့်ဆွေတို့ကို ကောက်ညှင်းပေါင်းများ ထည့်ကျွေးပြီး ထုပ်ပိုး၍ပင် ပေးလိုက်သည်။ ကျော်စိုးတို့ ဘုန်းကြီးကျောင်းမှ ထွက်လာပြီး မြသိန်းတန်စေတီကို ဝင်ဖူးကြသည်။

ထို့နောက် တောင်ကြောကြီးရှိရာသို့ လျှောက်လာခဲ့ကြ နှစ်နာရီခန့် အကြာ တောင်ခြေသို့ ရောက်လာကြသည်။

ထိုအချိန်တွင် နေထန်းတစ်ဖျားခန့်ရှိပြီ ဖြစ်လေ၏။ တောင်ခြေမှအပေါ်သို့ အနည်းငယ်တက်လိုက်စဉ် ရေကျသံ တဖြန်းဖြန်း ကြားရသဖြင့် ကြည့်လိုက်မိကြသည်။ ရေတို့သည် ကျောက်တုံးများပေါ်မှ ရေတံခွန်ကဲ့သို့ကျနေပြီး အောက်မှ ကျောက်ရေအိုင်ကြီးထဲသို့ စီးဝင်နေလေ၏။

''ကျောက်အိုးကြီးဆိုတာ ဒါပဲ ထင်တယ်''

ကျော်စိုးက ကျယ်ဝန်းလှသော ကျောက်ရေကန်ကြီးကို ကြည့်ပြီး ဦးသောင်းမြင့်၏ မှတ်စုထဲမှ ကျောက်အိုးကြီးဟု မှတ်ချက်ချလိုက်သည်။ ကျောက်အိုးကြီးရှိရာမှအထက်သို့ သုံးယောက်





သား တက်သွားကြပြန်ရာ ရိုးမကြောကြီး၏အနောက်ဘက်စောင်း ခါတွင် စမ်းရေများ စိမ့်ထွက်နေသော ကျောက်အိုင်ငယ်တစ်အိုင်ကို တွေ့ပြန်ရာ –

''ဒါ ကျောက်အိုးလေးပဲ ဖြစ်ရမယ်''

ကျော်စိုးက တွက်ဆလိုက်သည်။ ကျော်စိုးက ဦးသောင်းမြင့်၏မှတ်စုထဲတွင် ကျောက်အိုးလေးနှင့် မလှမ်းမကမ်းတွင် ရှိသည်ဟု ညွှန်လိုက်နှင့် မောင်မြဝင်းတို့က သူတို့၏ ဒေါင်းရုပ်ပေါ်တွင် သင်္ကေတပြုခဲ့ကြသော ကညင်ပင်ကြီးနှင့် မျောက်ချောပင်ကြီးအား နက်စိုရုပ်ရှင်ဖြင့် ရှာဖွေပါသော်လည်း ထူးဆန်းစွာပင် ပျောက်ဆုံးနေလေ၏။

သို့ဆိုလျှင် မောင်မြဝင်း၏ကညင်ပင်ကြီးမှ ခြေလှမ်းနှစ်ဆယ်ဟူ၍ လည်းကောင်း၊ ညွှန့်အောင်၏မျောက်ချောပင်ကြီးမှ ခြေလှမ်းသုံးဆယ်ဟူ၍လည်းကောင်း မှတ်သားထားသည်မှာ ရေပေါ်အရုပ်ရေးသလို ကွယ်ပျောက်သွားရချေပြီ မဟုတ်ပါလော။

အမှတ်သညာကင်းသွားသော ဤမြေပြင်ပေါ်တွင် တွင်းပေါင်း (၁၀၀၀) တူးသော်မှ ရတနာသေတ္တာကို ရှာတွေ့ကြဖို့ မလွယ်သော့ပေ။ ထိုအခါတွင်မှ ကျော်စိုးက သူ၏လည်ပင်းတွင် ဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



သော ဆွဲကြိုးကို ချွတ်ယူလိုက်ပြီး ဒေါင်းဘယက်ခွက်ကလေးကို လက်ဖဝါးထဲသို့ထည့်ကာ အတွင်းဘက်တွင် ရေးထားသော သင်္ကေတတို့ကို ကြည့်ရှုလိုက်တော့သည်။

ညွန့်လှိုင်နှင့် မိုးပျံ့ (ခေါ်) ဆားပုလင်းစိုးဝင်းတို့လည်း ကျော်စိုး၏လက်ထဲမှ ဒေါင်းဘယက်ခွက်လေးကိုကြည့်ပြီး ဒေါင်းရုပ်ကလေး၏ဦးခေါင်းပိုင်းတွင် ရေးခြစ်ထားသော အက္ခရာကို အသံထွက်ကာ ဖတ်လိုက်သည်။

''ဒေါင်းဘယက်မှာ 'ရ' လို့ရေးထားပါလား''

ထို့နောက် ဒေါင်း၏ဝမ်းဗိုက်ပိုင်းမှ အက္ခရာကိုလည်း ထို့အတူ ဖတ်လိုက်ကြပြန်သည်။

''ဝမ်းဗိုက်မှာ 'သ' လို့ ရေးထားပါလား''

ထိုသို့ ဖတ်ရှုပြီးနောက် ဘာမှမသိသဖြင့် စိတ်ရှုပ်လာကာ သူတို့၏ခေါင်းကို ကုတ်ဖွလိုက်သည်။

''အလကား ဘာတွေမှန်းမသိဘူး။ သက်သက် အရူး ထတာပဲ ဖြစ်ရမယ်''

ဟု ညွန့်လှိုင်က ပြောသည်။

''ဟား ဟား ဟား ... အရူးထတာလား တကယ်လား





ဆိုတာ သိရအောင် ရောက်လာမှတော့ လက်တွေ့စမ်းကြည့်ကြ တာပေါ့။ မျက်နှာမူရာ 'ရ' ဆိုတဲ့အတွက်ကြောင့် အရှေ့ဘက် အရပ်ကို ညွှန်းတာပဲဖြစ်ရမယ်။ ဒီတော့ ဒေါင်းရုပ်ရဲ့ဦးခေါင်းကို အရှေ့ဘက်ကို ဦးတည်လိုက်၊ ဟုတ်ပြီ ... ရင်မှာ 'သ' ဆိုတဲ့ အတွက် 'သ' ဆိုတာ 'သိုက်' ရတနာသေတ္တာထားတဲ့ ရတနာ သိုက်ရှိတဲ့နေရာ ဖြစ်ရမယ်။ ခြေ (၄၅) ဆိုတာက ခြေလှမ်း လေး ဆယ့်ငါးလှမ်း လှမ်းရမယ်။ ဒါပေမဲ့ ဘယ်ကစလှမ်းရမှာလဲ ...၊

ဩော် ... ဟုတ်ပြီ၊ ဒေါင်းဦးကျောက်အိုးလေးလို့ ဆို ထားတဲ့အတွက် အရှေ့ဘက်တည့်တည့် ဒေါင်းဦးကို ဦးတည်ထား ပြီး ကျောက်အိုးလေး နှုတ်ခမ်းက ခြေလှမ်း (၄၅) လှမ်း လှမ်းလာ။ အဲ ... ဒီနေရာမှာ တူးမယ်။ လာ လာ ... အချိန်မဆွဲနဲ့ ဒီနေရာ မှာ တူးကြမယ်''

ကျော်စိုးက ဖေယျာဝတီမြို့ဈေးထဲမှ ဝယ်လာသော ပေါက် ချွန်းနှစ်ချောင်းနှင့် ဝါးခုတ်ဓားမကြီးကိုထုတ်၍ အနီးရှိ ဝါးပင် တစ်ပင်ကို အရင်းမှခုတ်ချပြီး ပေါက်ချွန်းရိုးတပ်လိုက်သည်။ ထို့ နောက် ညွန့်လှိုင်နှင့်မိုးပျံ့အား တစ်လက်စီပေးကာ –

"ကဲ ... တူးတော့။ လူ့ခါးစောင်းလောက်နက်အောင်တူး''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြော၍ နံဘေးမှာ စောင့်ကြည့်သည်။ သို့နှင့် ညွန့်လှိုင်နှင့်မိုးပျံတို့မှာ ချွေးတလုံးလုံးနှင့် နားလိုက် တူးလိုက်၊ မြေစာများဖယ်လိုက်နှင့် တစ်နာရီခန့်အကြာတွင် အောက်မှအမာခံကို ပေါက်ချွန်းထိသွားသော ဒုတ်ဟူသည့်အသံ ကြားလိုက်ရလေ၏။

"အောက်မှာ တစ်ခုခုတော့ ရှိနေပြီဗျို့"

မိုးပျံက ကျော်စိုးကြားအောင် အော်ပြောလိုက်သည်။ ကျော်စိုးက ခေါင်းအသာညိတ်ပြလိုက်သဖြင့် ညွန့်လှိုင်တို့မှာ ထိုအနားအား ကွင်း၍ရှောင်၍ ဆက်တူးလာကြရာ သံသေတ္တာ အသေးလေးတစ်လုံးပေါ်လာသည်။

သံသေတ္တာကလေး၏နံဘေးမှ မြေစွယ်များကိုဖဲ့ပြီး သံသေတ္တာ၏လက်ကိုင်သံကိုင်းနှစ်ဖက်ကို ညွန့်လှိုင်နှင့်မိုးပျံတို့ တစ်ဖက်တစ်ချက်စီ ဆွဲမ,လိုက်ရာ သံသေတ္တာကလေးမှာ မြေမှကျွတ်၍ပါလာသည်။

မြေကျင်းအပေါ်မှ ကျော်စိုးက လှမ်းယူလိုက်ပြီး ကျင်းနှုတ်ခမ်းနှင့်လွတ်ရာ မြေညီပြင်ပေါ်တွင် ချထားလိုက်သည်။ ညွန့်လှိုင်နှင့်မိုးပျံတို့လည်း ကျင်းထဲမှ တက်လာ၍ သံသေတ္တာကလေးအနီးတွင် ခြေစုံရပ်လိုက်ကြသည်။





"ကဲ . . . ဖွင့်ကြည့်ကြရအောင်"

ကျော်စိုးက ပြောဆိုပြီး သံသေတ္တာ၏အဖုံးကို ဆွဲဖွင့်သော်လည်း နှစ်ပေါင်းပရိစ္ဆေဒကြာမြင့်နေပြီဖြစ်သောကြောင့် သံချေးများကပ်နေသော သေတ္တာ၏အဖုံးကို ကိုယ်ထည်နှင့် ငြိတွယ်နေသည်။

ချွာမရ ဖွင့်မရသဖြင့် ကျော်စိုးက ပေါက်ချွန်းသွားနှင့် အဖုံးပတ်ပတ်လည်မှ သံချေးများကို ခေါက်ချခွာချလုပ်၍ အဖုံးကိုကော်လိုက်ရာ အဖုံး 'ဟ' လာလေသည်။ ထိုအဟနေရာကို ပေါက်ချွန်းနှုတ်သီးထိုးသွင်းပြီး ကလန့်လိုက်မှပင် သေတ္တာအဖုံးမှာ ပွင့်အာလာ၏။

ကျော်စိုးက သေတ္တာ၏အဖုံးကို အသာ 'မ' ဖွင့်ချလိုက်ရာ အထဲတွင် အရောင်တဝင်းဝင်းနှင့် ရွှေထည်ပစ္စည်းမျိုးစုံကို တွေ့လိုက်ကြရသည်။

ရွှေထည်များတွင် တပ်ဆင်ထားသော ပတ္တမြား၊ နီလာ၊ စိန် စသည့် ကျောက်များမှာလည်း အရည်အသွေးကောင်းမွန်သော တန်းဝင်ကျောက်များဖြစ်ကြောင်း ကျော်စိုးက ခန့်မှန်းလိုက်သည်။

"အင်း . . . အမှတ်အသားကောင်းတော့ ကွက်တိပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း တူးလိုက်တာနဲ့ တွေ့တော့တယ်''

မိုးပျံက နှစ်ပေါင်းနှစ်ဆယ်လောက်က မြှုပ်နှံထားခဲ့သော ရတနာများကို ပြန်လည်တူးဖော်နိုင်သဖြင့် တအံ့တသြ ပြောလိုက်မိလေသည်။

❑❑❑



## အဝါရောင်ပိုးပဝါ

''ကျုပ်ကလည်း အဲဒါကို စောင့်နေတာဗျ။ ကျုပ် ကြိုးတားခဲ့သမျှ အလွဲလွဲအချော်ချော်ချည်း ဖြစ်ခဲ့ရပေမယ့် အိုင်အိုကြီးမှာလိုက်တော့လည်း ငှက်ပျောသီးကို အခွံခွာစားရသလိုပါပဲလား။ ကျေးဇူးပဲဗျာ။ ခင်ဗျားတို့အားလုံး နောက်ကို ခြေဆယ်လှမ်းလောက် ဆုတ်လိုက်ကြပါ။ ညင်ညင်သာသာကလေးပေါ့ဗျ။ ကျုပ်ကို မျက်စိနောက်အောင်မလုပ်နဲ့နော်။ ကျုပ်ကိုင်ထားတဲ့သေနတ်က ကျည်ဆန်တွေ ခင်ဗျားတို့ကိုယ်ထဲကို ပြေးဝင်သွားလိမ့်မယ်''

သူတို့နှင့် မျက်နှာချင်းဆိုင်ချုံအကွယ်မှ လူတစ်ယောက်

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ထွက်ပေါ်လာပြီး သူတို့ကို ခြောက်လုံးပြူးနှင့် ချိန်၍ ပြောလိုက်သည်။ ထိုလူက ချုံအကွယ်မှ ရတနာသေတ္တာချထားသောနေရာဆီသို့ တရွေ့ရွေ့လှမ်းလာကာ သေတ္တာထဲမှ ပစ္စည်းများကို ငုံ့ကြည့်လိုက်လေ၏။

"အင်း ... ဒီအတိုင်းပဲ။ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်က ကျုပ်ရယ်၊ သောင်းမြင့်ရယ်၊ မြဝင်းရယ် ထားခဲ့တဲ့အတိုင်းပဲ။ ကျုပ်တို့ထားခဲ့တဲ့ ရတနာဟာ ကျုပ်တို့နဲ့ပဲ ဆိုင်တယ်။ ဒီတော့ ဒီက အိုင်အိုရယ်၊ မိုးပျံယောင်ဆောင်ထားတဲ့ ဆားပုလင်းရယ် အေးအေးဆေးဆေး ပြန်သွားမယ်ဆိုရင် ခင်ဗျားတို့အသက်ကို ချမ်းသာပေးလိုက်မယ်။ ရတနာသေတ္တာ ရှာပေးတဲ့ ကျေးဇူးဆပ်တဲ့အနေနဲ့ပေါ့"

ထိုသေနတ်ကိုင်ထားသောလူက ပြောလိုက်သည်။

"ခင်ဗျားက ကျုပ်တို့ကို သိတယ် ဟုတ်လား"

ဆားပုလင်းစိုးဝင်းက မေးလိုက်သည်။

"ကျုပ်သာ ဒီလောက် 'အ'ရင် ကျုပ်ရှာလို့မရတဲ့ ဒီရတနာသေတ္တာနေရာအထိ ခင်ဗျားတို့ကို လာခွင့်ပေးပါ့တော့မလား။ လမ်းမှာကတည်းက ရှင်းပစ်ခဲ့ပြီပေါ့။ အိုင်အိုလက်ထဲမှာ သောင်းမြင့်ရဲ့





ဒေါင်းဘယက်ခွက်ရှိနေပြီဆိုတော့ သူ့အစွမ်းအစ ဘယ်လောက်ရှိသလဲဆိုတာ သိချင်လို့ တမင်လွှတ်ပေးလိုက်တာ မဟုတ်ဘူးလား ညွန့်လှိုင်"

ထိုလူက ညွန့်လှိုင်ကိုကြည့်ပြီး ပြောလိုက်သည်။

"ဒီမယ် ကိုညွန့်အောင်၊ ကျုပ်တို့ကလည်း တမင် ခင်ဗျားကို ပေါ်လာအောင် တောခြောက်ပြီးထုတ်ခဲ့တာ။ ဒီလို သွေးနဲ့ကျိန်စာတိုက်ထားတဲ့ ဒေါင်းဘယက်ကိုလိုချင်လို့ ဦးမြဝင်းကို ခင်ဗျားသတ်ခဲ့တယ်။ ပြီးတော့ သောင်းမြင့်ကိုပါ သတ်ခဲ့တယ်။ ခင်ဗျားသစ္စာဖောက်ခဲ့တာပဲ။ ခင်ဗျားတို့သုံးယောက်စလုံး ကိုယ်စီကိုယ်စီ အမှတ်အသားလုပ်ခဲ့တဲ့ ဒေါင်းဘယက်ပေါ်က သင်္ကေတနဲ့ ကိုယ့်ဘာသာကိုယ် ရှာပြီးယူပါလား။ ဘာကြောင့် လူသတ်ရတာလဲ၊ ခင်ဗျား ဥပဒေကို မထီမဲ့မြင်လုပ်တာလား"

ကျော်စိုးက အော်ပြောလိုက်သည်။

"ကျုပ်လည်း လူမသတ်ချင်ပါဘူး။ ဒါပေမဲ့ ... ကျုပ်မှတ်ထားတဲ့ မျောက်ချောပင်ကြီးကနေ ခြေလှမ်း (၃၀) လှမ်းသွားတဲ့နေရာမှာ တူးရမယ်ဆိုတဲ့ အမှတ်အသားက ပျက်သွားပြီလေ။ ကျုပ်တစ်ယောက်တည်း ဒီနေရာကို ပြန်ရောက်လာတော့ မျောက်ချော



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးကို မတွေ့တော့ဘူးဗျ။ ဒီတော့ မြဝင်းဆီက ဒေါင်းဘယက်ကို ကျုပ်ရဖို့ လိုပြီမဟုတ်လား။ ဒါကြောင့် သူ့ကို သတ်လိုက်ရတာပဲ။ ဒါပေမဲ့ သူ့ဒေါင်းဘယက်ကလည်း အသုံးမတည့်ပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမှတ်ထားတဲ့ ကညင်ပင်ကြီးကနေ ခြေလှမ်းနှစ်ဆယ်ဆိုတာကလည်း အဲဒီနေရာမှာ ကညင်ပင်ကြီးမှ မရှိတော့တာ။ ဒါကြောင့် နောက်ဆုံးအားကိုးတစ်ခုဖြစ်တဲ့ သောင်းမြင့်လက်ထဲက ဒေါင်းဘယက်ကို ရဖို့ကြိုးစားရင်း သောင်းမြင့် ခေါင်းမာနေတော့ ခြေလွန်လက်လွန်ဖြစ်သွားရတာ''

ညွန့်အောင်ရှင်းပြမှပင် လူသတ်မှုကွင်းဆက်များကို ဆားပုလင်းစိုးဝင်း ရှင်းရှင်းလင်းလင်း သိလာသည်။

''ခင်ဗျားလိုတာပေါ့ ကိုညွန့်အောင်။ မြေပြင်ပေါ်က အမှတ်အသားကို သစ်ပင်နဲ့မှတ်ထားလို့ ဘယ်တည်မြဲပါ့မလဲ။ သစ်ပင်ဆိုတာ လေတိုက်လို့ လဲချင်လဲ၊ သစ်ခုတ်သမားက သစ်လိုချင်လို့ ခုတ်ချင်ခုတ်တာမို့ နေရာမှာ မမြဲဘူး။ နှစ်ပေါင်းနှစ်ဆယ်လောက်ဆိုတော့ ပိုလို့တောင် မသေချာသေးတယ်။ ဘယ်လိုမှ မပြိုလဲမပျက်စီး မကွယ်ပျောက်သွားနိုင်မယ့် ဟောဟိုကျောက်အိုးလေးနဲ့ အရပ်မျက်နှာကို သင်္ကေတထားခဲ့တဲ့ ဦးသောင်းမြင့်ရဲ့သိုက်စာမြေပုံမှ





နိုင်တာဗျ။ ခုပဲ လက်တွေ့ကြည့်လေ''

ကျော်စိုး ပြောလိုက်သောအခါ ညွန့်အောင် သဘောပေါက်သလို ခေါင်းညိတ်လိုက်သည်။

''ကဲ ... ဒါတွေ အသာထားပါ။ ကျုပ်က ခင်ဗျားကို ရှင်းပစ်ချင်ပေမယ့် ကျုပ်ဆရာဆီမှာ မျက်ရည်ပေါက်ကြီးငယ်ကျအောင်ဖြစ်ခဲ့တဲ့ ရန်ငြိုးနဲ့ မြိုးမြိုးမြက်မြက် အစုအပုံလိုက် အောတိုက်ရလောက်အောင် ဥစ္စာပစ္စည်းမရဘဲ လူမသတ်ပါဘူးဆိုပြီး သစ္စာပြုထားလို့ ရန်ငြိုးလည်းမရှိ ခင်ဗျားတို့ဆီက မြိုးမြိုးမြက်မြက်ရစရာလည်း မရှိတာမို့ ပြန်လွှတ်ပေးလိုက်မယ်''

ညွန့်အောင်က သူ သစ္စာပြုထားကြောင်း ကျော်စိုးကို ပြောပြသည်။

''ကျုပ်သိတယ် ကိုညွန့်အောင်။ တကယ်တော့ ခင်ဗျားဟာ သေနတ်သမားမဟုတ်ပါဘူး။ ခင်ဗျားရဲ့ခါးမှာ စည်းထားတဲ့ ခါးစည်းကြိုးပဝါစဟာ ခင်ဗျားလက်နက်ပဲ။ ပဝါစကို လက်နက်အဖြစ်သုံးတဲ့နေရာမှာတော့ ခင်ဗျားလောက်ကျွမ်းကျင်တဲ့သူ မရှိဘူးဆိုတာ ကျွန်တော်သိပါတယ်''

ကျော်စိုးစကားကြောင့် ညွန့်အောင်မှာ မျက်နှာပျက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



“ဒါကို ခင်ဗျားက ဘာကြောင့်ပြောနိုင်ရတာလဲ”

“ပြောနိုင်တာပေါ့ဗျာ။ ဦးမြဝင်းသေစဉ်က ခင်ဗျား ဘယ်လောက်ပိရိပိရိ သတ်ခဲ့ သတ်ခဲ့၊ ခင်ဗျားရဲ့ အဝါရောင်ပဝါစလေးထဲက ပိုးချည်မျှင်တစ်စ ကျကျန်ခဲ့တယ်”

ကျော်စိုးက ညွန့်အောင်၏ခါးမှ အနားဖွာနေသော ပိုးပဝါအဝါရောင်ကြီးအား ကြည့်၍ ပြောလိုက်သည်။

“ဒီလိုပဲ ဦးသောင်းမြင့်အခန်းထဲမှာလည်း ပိုးကြိုးချည်မျှင်တစ်စကို အလားတူတွေ့ခဲ့ရတယ်လေ။ ဒါကြောင့် ဒီလူသတ်သမားဟာ ဘယ်သူဘယ်ဝါမှန်း သေသေချာချာ မသိရသေးပေမယ့် တစ်ယောက်တည်းပဲဆိုတာရယ်၊ ပဝါစနဲ့ လည်ပင်းကို ညှစ်သတ်တဲ့ လူသတ်သမားဆိုတာရယ်။ ပြီးတော့ ဒီပညာ ဒီဂိုဏ်း ဘယ်က ဆင်းသက်လာတယ်ဆိုတာရယ်၊ ဆက်စပ်မိတော့တာပေါ့ . . .။

အဲ . . . ဒေါ်မြမြရဲ့အခန်းထဲမှာ ပက်ပင်းတိုးတော့မှ မျက်နှာကိုမှတ်မိပြီး မျက်လှည့်ဝိုင်းမှာ စတွေ့ဖူးတဲ့ ညွန့်လှိုင်နဲ့ မျက်နှာချင်းဆင်တာသတိထားမိတယ်။ ခင်ဗျားရဲ့နောက်ကြောင်း ရာဇဝင်လိုက်ကြည့်တဲ့အခါ ညွန့်လှိုင်မှာ အစ်ကိုရင်းတစ်ယောက် ရှိတာသိလိုက်တော့ ဒီတရားခံကို ဘယ်သူဆိုတာ ကျုပ် ခန့်မှန်းလို့





သွားပြီလေ။ ဒါကြောင့် ခင်ဗျားထွက်လာအောင် ညွန့်လှိုင်နဲ့ တွဲပြီး ဒီဇာတနာတွေကို လာရှာခဲ့တာ။ ကျုပ်တို့ပြောသမျှ ကြံစည်သမျှ ညွန့်လှိုင်က ခင်ဗျားကို အသိပေးမှာပဲ မဟုတ်လား”

“ဟား ဟား ဟား . . . ချီးကျူးထိုက်ပါပေတယ် ကိုကျော်စိုး။ ဒါကြောင့်လည်း ခက်ခဲနက်နဲတဲ့အမှုမှန်သမျှ မင်းကြီးက ကျော်စိုးကိုပဲ တာဝန်ပေးခဲ့တာကိုး။ ကျုပ်တို့ကလည်း ကြုံးစင်ဆက်ရမယ့်အပြစ်ကို ကျူးလွန်ထားမိတော့ သာမာန်လူတွေရဲ့အမှုလို ပညာသားမပါဘဲ အဖမ်းမခံချင်ဘူး။ လူဆိုးဖြစ်တာတောင် ထောက်ကျော်တွေ ပညာခန်းနဲ့ဖော်ထုတ်မှ ပေါ်ပေါက်တဲ့ ရာဇဝင်လူဆိုးကြီးဖြစ်ချင်တာဗျ။ ခင်ဗျားက ကျုပ်ရဲ့ပဝါစချည်မျှင်ကို သဲလွန်စရခဲ့တယ် . . .၊

ပြီးတော့ ပဝါစနဲ့ လည်ပင်းညှစ်သတ်တဲ့ဂိုဏ်းက ဆင်းသက်လာတယ်လို့ ဆိုခဲ့တယ်။ ခင်ဗျားကို ကျုပ် ပိုပြီး လေးစားသွားအောင် အဲဒီဂိုဏ်းအကြောင်း ပြောပြနိုင်မလား”

ညွန့်အောင်က ကျော်စိုးကို ခနဲ့တဲ့တဲ့ပြောလိုက်သည်။

“ခင်ဗျား ကျုပ်ကို အထင်သေးတာပဲ။ စုံထောက်ဆိုတာ အစ်အခတ် အထိုးအပုတ်သာမက စာပေဗဟုသုတနဲ့ ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဗျ။ ကျုပ်က ခင်ဗျားကို ဖြီးဖြန်းနေတယ်များ ထင်နေလို့လား။ ကောင်းပြီ . . . ကျုပ်ပြောပြမယ်။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်လောက်ကစတာပဲ။ တိတိကျကျပြောရမယ်ဆိုရင်ပေါ့ဗျာ။

၁၉၄၀-ဝန်းကျင်လောက်က အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ လူသတ်ဓားပြကြီးဆာဘူးကော်မီဆိုတာ ရှိခဲ့တယ်။ သူဟာ လည်ပင်းညှစ်လူသတ်တဲ့ ဓားပြကြီးတစ်ယောက်ပဲ။ ကာလီမာ နတ်သမီးကို ကိုးကွယ်တဲ့ သတ်ဂ် (Thug) ဂိုဏ်းဝင်တစ်ယောက်လည်း ဖြစ်တယ်။ သူတို့ဟာ သတ်မယ့်လူရဲ့သွေးကို မြေမကျအောင် သတ်ပါ့မယ်၊ မြေကြီးကို မညစ်နွမ်းစေရပါဘူးလို့ ကာလီမာထံမှာ သစ္စာဆိုထားကြတယ်။ သေသူကို သွေးမြေမကျအောင် အလျား သုံးပေ၊ ဗျက်တစ်လက်မရှိတဲ့ ပိုးပဝါအဝါရောင်နဲ့ သတ်မယ့်လူရဲ့ လည်ပင်းကို ရစ်ပတ်ပြီး အစနှစ်ဖက်ကို တင်းအောင် ဆွဲလိုက်တော့တာပဲ။ အညှစ်ခံထားရသူဟာ လည်ပင်းအစ်ပြီး မိနစ်ပိုင်းအတွင်းမှာပဲ အသက်ကုန်တော့တာပေါ့။ အဲဒီလူသတ်ရာမှာ သုံးတဲ့ အဝါရောင်ပိုးပဝါစကို သူတို့က ရှူးမားလ် (Rubmal) လို့ခေါ်ကြတယ်။ ကိုယ်နဲ့မကွာ အမြဲရှိနေစေဖို့ သူတို့ရဲ့ခါးမှာ စည်းထားကြတယ်။ အခု ကိုညွန့်အောင်ရဲ့ခါးမှာ စည်းထားတဲ့ အတိုင်းပဲပေါ့"





ကျော်စိုးက ညွန့်အောင်၏ခါးကို လက်ညှိုးထိုးပြလိုက်ရာ ဆားပုလင်းစိုးဝင်းက လှမ်းကြည့်လိုက်သည်။

"သိပ်တော်တဲ့ အိုင်အိုပဲ၊ ကဲ . . . ဆက်ပါဦး"

"တချို့ကျတော့ လက်မှာပတ်ထားတတ်ကြပြန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘောင်းဘီရှည်ဝတ်တဲ့အခါ ပဝါကို ခါးစည်းထားတာ လူသိထင်ရှားဖြစ်တတ်လို့ပဲ။ ဥပမာ-ညွန့်လှိုင်လိုပေါ့"

ကျော်စိုးက ညွန့်အောင်၏ချီးကျူးမှုကို အမှုမထားဘဲ ညွန့်လှိုင်၏လက်မှ ပဝါစည်းထားပုံကို အဓိပ္ပာယ်ဖွင့်ပေးလိုက်ပြန်သည်။ ညွန့်လှိုင်က သူ၏စည်းထားသော ပဝါကိုဖြည်ကာ လက်တွင်ကိုင်လျက် ကျော်စိုးကို ကြည့်နေပြန်၏။

"အဲဒီ ရှူးမားလ်လို့ခေါ်တဲ့ ပိုးပဝါကို သားစဉ်မြေးဆက် သိမ်းထားရတယ်၊ သစ္စာပြုရတယ်၊ မလိုအပ်ဘဲ လူမသတ်ရဘူး၊ အကြိုးနဲ့လာဘ်လာဘအတွက်ကလွဲရင် ရှူးမားလ်ကို မသုံးရဘူးဆိုတဲ့ သဂ်ဂိုဏ်းဝင်တွေရဲ့ သတ်ဂ်ဂီး (Thugee) ကို ဝါဒလမ်းစဉ်အဖြစ် ဂိုဏ်းဝင်တိုင်းဟာသစ္စာပြုခံယူထားကြရတယ်။ ဒါကြောင့် အမှုလိုက်တွေအတွက် အရေးကြီးတဲ့ လက်ဗွေရာတို့ သဲလွန်စတို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အတော့်ကို ရှားပါးခဲ့တာပေါ့။ သတ်ဂ်ဂိုဏ်းဝင်တစ်ယောက်ဆီက ခင်ဗျား ပညာဆက်ခံယူနိုင်ဖို့ ပဲခူးရိုးမ အနီးအနား ရွာလေးတစ်ရွာမှာရှိနေခိုက် ဂျပန်တွေရဲ့အဖမ်းခံရပြီး ရတနာသေတ္တာအပါအဝင် ကျည်ဆန်သေတ္တာတွေထမ်းလာတုန်း အခွင့်အရေးရတာနဲ့ ဂျပန်တို့လက်က ထွက်ပြေးလွတ်မြောက်သွားခဲ့တယ်။

ဂျပန်တွေက ခင်ဗျားလိုပဲ ဖမ်းလာခဲ့တဲ့သူတွေကို မြွေကျင်းတူးခိုင်း၍ ရတနာတွေမြှုပ်ပြီး လက်စတုန်း သတ်ပစ်လိုက်တာကို ချုံအကွယ်ကနေ ချောင်းကြည့်နေတဲ့ ဦးမြဝင်းနဲ့ ဦးသောင်းမြင့်က တွေ့တော့ ဂျပန်တွေ ထွက်သွားတာနဲ့ အရိပ်အခြည်ကြည့်ပြီး ရတနာတွေမြှုပ်ထားတဲ့နေရာကို ပြန်တူးဖော်နေတဲ့အချိန်မှာ ခင်ဗျား ပြန်ရောက်လာခဲ့တယ်။ ခင်ဗျားတို့သုံးယောက် ဒေါင်းဘယက်ခွက်သုံးခုကို ရတနာသေတ္တာထဲက ထုတ်ယူလို့ ဘယက်တွေပေါ်မှာ အမှတ်သညာပြုလိုက်ကြပြီး သေတ္တာကိုနေရာပြောင်း မြှုပ်လိုက်တယ်။ ဒီနောက် သေသူရဲ့သွေးတွေနဲ့ ဘယက်သုံးခုကို သုတ်လိမ်းပြီးတော့ သွေးသစ္စာဆိုခဲ့တယ်။ နောင်နှစ်နှစ်ဆယ်မှာ အဖေလာဖော်မယ်ပေါ့လေ။ ဒီလိုပဲ အားလုံး သဘောတူခဲ့ကြတယ်မဟုတ်လား ...၊





ဒါပေမဲ့ လောဘကြီးတဲ့ ခင်ဗျားက ဒီနေရာကို ခင်ဗျားတစ်ယောက်တည်း လာတူးခဲ့ပေမယ့် ခင်ဗျားမှတ်သားထားတဲ့ မျှောက်ချောပင်က မရှိတော့ဘူး။ ဒါကြောင့် ဦးမြဝင်းနဲ့ ဦးသောင်းမြင့်ရဲ့ ဒေါင်းဘယက်ကိုယူဖို့ ကြိုးစားရင်း လူသတ်မှုတွေ ဆက်တိုက်ကျူးလွန်တော့တာပဲ''

ကျော်စိုးက တိမ်မြုပ်နေသောကွင်းဆက်များကို ဆက်စပ်ပေးလိုက်သည်။

''အင်း ... ဒီအတိုင်းပါပဲ။ ဒါပေမဲ့ ဘရွတ်ကင်းလမ်း လူသတ်မှုကို ကျုပ် ဘယ်လိုကျူးလွန်ခဲ့တယ်၊ ဦးသောင်းမြင့်အိမ်ထဲကို ဘယ်လိုဝင်ခဲ့တယ်ဆိုတာ သိအောင်ပြောပြလိုက်ဦးမယ်။ ကျုပ်တို့သုံးယောက်ဟာ နောင်အနှစ်နှစ်ဆယ်ကျရင် ရန်ကုန်ဘူတာကြီးမှာ ပြန်ဆုံကြဖို့ နေ့ရက်အချိန်ကစ တိတိကျကျ ချိန်းခဲ့ကြတယ်။ ကျုပ်လည်း ကျုပ်ဆရာရှိတဲ့ ရွာကလေးကို ပြန်လာခဲ့ပြီး အစောက ခင်ဗျားပြောခဲ့တဲ့ သတ်ဂ်ဂိုဏ်းပညာတွေကို ဆက်သင်ခဲ့တယ်။ ကျုပ်တို့ကလည်း မျိုးနဲ့ရိုးနဲ့ ခိုးဆိုးတိုက်ခိုက်စားတဲ့ လူတွေဆိုတော့ လူသတ်ရတာ မဆန်းလောက်ပါဘူး။ ဒါပေမဲ့ ဓားနဲ့ထိုးတာတော့ ဝါသနာမပါဘူး။ ကျုပ်ညီ ညွန့်လှိုင်က ဓားကို သိပ်စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ စားဆိုတာက ဆောင်ထားရင် ပုလိပ်နဲ့ တွေ့တွေ့ စုံထောက်နဲ့တွေ့တွေ့ ကျုပ်လူဆိုးပါလို့ ဖွင့်မပြောဘဲ ပေါ်သွားနိုင်တယ် မဟုတ်လား။ ဒါတင်မက ကိုယ့်စားနဲ့ကိုယ် သေကြရတဲ့ လူမိုက်တွေက နည်းမှမနည်းတာ။ ဒါကြောင့် လက်ဗွေရာမကျန် သွေးမထွက်တဲ့ လူသတ်ပညာကို ကျုပ်ဆရာဆီမှာ ဆည်းပူးခဲ့တာပဲ။ ကျွမ်းကျင်လာတော့ ရန်ကုန်ကို ပြန်လာပြီး ကျုပ်ညီညွန့်လှိုင်ကို ဒီပညာလက်ဆင့်ကမ်းခဲ့တယ် ...။

ပြီးတော့ သောင်းမြင့်နဲ့မြဝင်းသတင်းကိုလည်း စုံစမ်းခဲ့တယ်။ ကျုပ်စိတ်ထင်ခဲ့တာ သူတို့နှစ်ယောက်ပူးပေါင်းပြီး ရတနာတွေ ပြန်တူးယူသွားပြီပေါ့လေ။ ဘာကြောင့်လဲဆိုတော့ သူတို့ကို ကျုပ် စုံစမ်းလို့ရတဲ့အချိန်မှာ မြဝင်းက ပရဆေးဆိုင်ကြီးနဲ့ ကြီးပွားနေပြီး သောင်းမြင့်က ဆန်ပွဲရုံပိုင်ရှင်ကြီးဖြစ်နေပြီ။ ကံကောင်းချင်တော့ မြဝင်းဟာ မိန်းမပွေမုန်း သိခဲ့ရတယ်။ ဒါကြောင့် သူ့ကို ကျုပ် လူကိုယ်တိုင်သွားတွေ့ပြီး ရတနာတွေကိစ္စ အစ်အောက်ကြည့်တော့ သူ သွားမတူးရသေးကြောင်း ပြောပြတယ်။ ဒါနဲ့ ကျုပ်လည်း ကျုပ်မှာရှိတဲ့ ဒေါင်းဘယက်အမှတ်အသားအတိုင်း ဒီနေရာမှာ လာရှာတော့ စောစောကပြောခဲ့တဲ့အတိုင်း အမှတ်အသားတွေက





ပျောက်ဆုံးကုန်ပြီ။ ဘယ်လိုမှ ရတနာတွေကို တူးဖော်လို့မဖြစ်နိုင်တော့ဘူး ...။

ဒါနဲ့ မြဝင်းဆီ တစ်ခေါက်သွားတွေ့ပြန်တယ်။ ဒါပေမဲ့ ကျုပ် ရတနာတွေသွားရှာတဲ့အကြောင်း မပြောဘဲ မြူထားလိုက်တယ်။ ကျုပ်က မြဝင်းရဲ့ဒေါင်းဘယက်ခွက်ကလေးကို ကြည့်ချင်တော့ သူ့ကို ကြေးစားအမျိုးသမီးလှလှကလေးတစ်ယောက်နဲ့ မြှူဆွယ်ရတယ်။ ကျုပ်ပြတဲ့ အမျိုးသမီးကလေးကို မြဝင်း သဘောကျတာနဲ့ ညဘက် ဘရွတ်ကင်းလမ်းထိပ်ကိုလာဖို့ စာနဲ့ချိန်းလိုက်တာပဲ။ သူ ရောက်လာတဲ့အခါ ကျုပ်က ဒေါင်းဘယက်ကိုပြဖို့ တောင်းပန်ခဲ့ပါသေးတယ်။ ဒါပေမဲ့ သူက ဒီကိစ္စအတွက် သူ့ကို 'မ' နဲ့ မျှားရမလားဆိုပြီး အော်ကြီးဟစ်ကျယ်ပြောတာနဲ့ သူ့ကို သတ်လိုက်ရတာပဲ။ ဒေါင်းဘယက်ကို သူ့ဆိုင်ထဲအထိ ဝင်ရှာပေမယ့် ဘယ်လိုမှ မတွေ့လို့ သောင်းမြင့်ဘက် လှည့်ရပြန်တယ်''

ညွန့်အောင်က ရှည်လျားစွာဖြင့် ရှင်းပြသည်။

''ကဲ ... ဦးသောင်းမြင့်အိမ်ထဲ ဘယ်လိုဝင်ခဲ့တယ်ဆိုတာ ပြောပါဦး''

ကျော်စိုးက ဦးသောင်းမြင့်၏အိမ်ထဲသို့ မည်သို့မည်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပုံကို သိချင်သဖြင့် မေးလိုက်ပြန်သည်။

"သောင်းမြင့်ကတော့ ပါးနပ်တဲ့သူမို့ သူ့ကိုချဉ်းကပ်ရတာ အတော့်ကို သတိထားရပါတယ်။ သူ့အိမ်သူအိမ်သားတွေ မရှိတဲ့ အခိုက်မှာ သူ့ဆန့်ပွဲရုံကို သွားတွေ့တော့ ဖြုန်းခနဲ ကျုပ်ကို မမှတ်မိပါဘူး။ ကျုပ်က နောက်ကြောင်းပြန်ပြတော့မှ ကျုပ်ကို မှတ်မိသွားပြီး စကားညှော်ခံပြောပါတယ်။ ဒါနဲ့ကျုပ်က သူ့ကို သူ့အိမ်မှာပဲ ရတနာတွေသွားပြန်တူးဖို့ကိစ္စ ဆွေးနွေးမယ်။ အပြင်မှာ မလုံခြုံဘူးဆိုပြီး ကျုံးသွင်းခဲ့တာပေါ့။ ဒါမှ သူ့အိမ်မှာရှိတဲ့ ဒေါင်းဘယက်ခွက်ကို ကျုပ် တောင်းလို့ရနိုင်မှာ မဟုတ်လား ...၊

ဒီလိုနဲ့တွေ့မယ့်ရက်ကို ကလေးတစ်ယောက်နဲ့ စာပေးခိုင်းရင်း အနီးအနားက စောင့်ကြည့်လိုက်တော့ ခြံဝမှာအစောင့်နဲ့၊ ခြံထဲမှာလည်း ခွေးနဲ့ လုံခြုံရေးချထားတာ တွေ့ရတယ်။ ဒါပေမဲ့ ညဘက် သူ့အိမ်ကိုသွားတော့ ခြံစောင့်လည်းမရှိ၊ ခွေးလည်း မတွေ့ဘူး။ ခြံပေါက်ဝမှာ သူကိုယ်တိုင် လာစောင့်နေတာကို တွေ့ရတယ်။ သူက ကျုပ်ကို သူ့အခန်းထဲခေါ်သွားပြီး မြဝင်းမိန်းမကိစ္စနဲ့ အသတ်ခံရတာသိလားလို့ မေးတယ်။ ကျုပ်က သတင်းစာထဲမှာ ဖတ်လိုက်ရလို့ သိပြီးကြောင်း ပြောပြလိုက်တယ်။ သူ့ဆီက ဒေါင်းဘယက်ခွက်ကို တောင်းကြည့်တော့ သူက တော်တော် ခေါင်းမာတဲ့လူပဲ။ တစ်ယောက်တစ်ခုစီရှိတာမို့ မပြနိုင်ဘူးတဲ့။ ချိန်းထားတဲ့ နေရာ အတူသွားရင် ယူလာမယ်တဲ့ ...၊

ဒါနဲ့ ကျုပ်လည်း စိတ်မထိန်းနိုင်တော့ဘဲ ခါးစည်းပဝါကို ဖြုတ်ပြီး သူ့လည်ပင်းကို ဆွဲပတ်လိုက်တယ်။ ပေးရင်ပေး မပေးရင် သတ်မယ်လို့ ပြောတော့ သူက အမှတ်တမဲ့ ကျုပ်ကို ဆောင့်တွန်းပြီး အော်ဟစ်အကူအညီတောင်းတယ်။ ဒါပေမဲ့ သူ အသံထွက်မလာနိုင်တော့ပါဘူး။ ကျုပ်က ဒီပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်ထားတယ်လေ။ ကျုပ်ပဝါသာ အခြားလူတစ်ယောက်ရဲ့လည်ပင်းပေါ်ရောက်သွားရင် အဲဒီလူမှာ ဘာအခွင့်အရေးမှ မရှိတော့ဘူး။ ကျုပ်လည်း ပဝါစကို ဒေါသထွက်ထွက်နဲ့တင်းအောင်အားနဲ့ဆွဲလိုက်တော့ သူ မျက်လုံးပြူးပြီးငြိမ်ကျသွားတာပဲ"

ဦးသောင်းမြင့်ကို မည်သို့မည်ပုံသတ်ခဲ့ကြောင်း ညွန့်အောင် ဘွက်ကွက်ကွင်းကွင်း ပြောပြသည်။ ကျော်စိုးက စိတ်ဝင်စားစွာ နားထောင်ရင်း –

"နောက်တစ်ကြိမ် ဦးသောင်းမြင့်အိမ်ထဲကို ဘယ်လိုဝင်ခဲ့တာလဲ"







www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

"အဲဒီတုန်းက အိုင်အိုသူတို့အိမ်မှာရှိနေမှန်း ကျုပ်မသိခဲ့ဘူး။ သိရင် ဘယ်အမိုက်ခံပြီး ဝင်ပါ့မလဲ။ အဲဒီတုန်းက အမဲသားတုံးကို ဆေးရုံမှာ သုံးတဲ့မေ့ဆေးရည် ကလိုရိုဖောင်းသုတ်ပြီး အဝတ်နဲ့အထပ်ထပ်ပတ်ထားတဲ့ အထုပ်အဖြစ်နဲ့ ခြံထဲကို ပစ်ထည့်လိုက်တယ်။ အမဲသားနံ့ရတဲ့ခွေးတွေက အထုပ်ကို အတင်းကုပ်ဖွဲ့ တရှုံ့ရှုံ့နမ်းကြည့်လိုက်တာနဲ့ ပိုးလိုးပက်လက် လန်ပြီး မေ့သွားတော့တာပေါ့။ ခွေးသံတိတ်သွားလို့ အုတ်ခြံစည်းရိုးကျော်လိုက်တဲ့အခါ ခွေးတွေ တုံးလုံးပက်လက်လဲနေကြပြီလေ။ ကျုပ်လည်း ခြံစောင့်ကို နောက်က တိတ်တဆိတ်ချဉ်းကပ်ပြီး မေ့ဆေးဆွတ်ထားတဲ့ပဝါနဲ့ သူ့နှာခေါင်းကို အုပ်လိုက်တာပေါ့"

ညွှန့်အောင်က ခြံစည်းရိုးထဲမှ ခွေးများနှင့်ခြံစောင့်ကို မည်သို့မည်ပုံ ကျော်ဖြတ်လာခဲ့ကြောင်း ရှင်းပြလိုက်သည်။ ကျော်စိုးကလည်း ထိုစဉ်က ဓာတုဗေဒဌာနသို့ပို့ခဲ့သော အမဲသားတုံးများပေါ်တွင် မေ့ဆေးရည် ကလိုရိုဖောင်းတွေ့ရကြောင်း ဆေးစစ်ချက်အကြောင်းပြန်စာ၌ ဖော်ပြထားသည်ကို ပြန်လည်သတိရလာသည်။

"ကဲ . . . အမှုတစ်ခုလုံး အတော့်ကိုရှင်းသွားပါပြီ။ ဒီတော့ ကိုညွှန့်အောင်အနေနဲ့ အသာတကြည်အဖမ်းခံပြီး ဖြောင့်ချက်ပေးဝန်ခံလိုက်မယ်ဆိုရင် ကြိုးစင်တက်ရမယ့်အပြစ်က လွတ်အောင် ဘျှန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်။ သဘောတူတယ်ဆိုရင် လက်ထဲကသေနတ် မြေပေါ်ပစ်ချပြီး လက်မြှောက်ထားလိုက်ပါ"

ကျော်စိုးက ညွှန့်အောင်အား အဖမ်းခံရန် ဖျောင်းဖျလိုက်သည်။

"ခင်ဗျားက အတော်လာတဲ့သူပဲ၊ သေနတ်ကိုင်ထားတဲ့လူကိုတောင် ပြန်ပြီး ခြိမ်းခြောက်နေတာ မလွန်ဘူးလား။ ကျုပ်က ခင်ဗျားတို့ သိစေချင်တာတွေ ဖွင့်ပြောပြပြီးပြီမို့ ကျုပ် ဝတ္တရားကုန်ပြီ၊ ခင်ဗျားတို့သာ ဒီကနေ့ အေးအေးဆေးဆေး ထွက်သွားကြပါ"

ညွှန့်အောင်က ကျော်စိုးကို လေပြေထိုးလိုက်လေ၏။ ထိုစဉ် မိုးပျံခေါ် ဆားပုလင်းစိုးဝင်းသည် လျင်မြန်သောအဟုန်နှင့် ညွှန့်အောင်ဆီ ရုတ်တရက်ပြေးဝင်သွားပြီး သေနတ်ကိုင်ထားသော လက်ကို ခြေဖဝါးစောင်းဖြင့် ခတ်ထုတ်လိုက်သည်။ သေနတ်မှာ ညွှန့်အောင်၏လက်ထဲမှလွင့်စဉ်၍ တောင်စောင်း၏အောက်ထဲသို့ ကျသွားလေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



တကာယ့်ကို အသည်းယားစရာကောင်းသော ဆုံးဖြတ်ချက်နှင့် သူ၏အကောင်းဆုံး လက်နက်မဲ့တိုက်ကွက်တစ်ခုအား ဆားပုလင်းစိုးဝင်းက ထုတ်သုံးသွားခြင်း ဖြစ်သည်။ အကယ်၍ တစ်ချက်သာ လွဲချော်သွားလျှင် နှစ်ယောက်စလုံး သေနတ်နှင့် ပစ်ခံရပြီး သေဆုံးရမည်မှာ မြေကြီးလက်ခတ်မလွဲချေ။

"ကျုပ် တစ်ချက်ညာလိုက်တာနဲ့ ခင်ဗျားတို့က တစ်ကွက်သာအောင် အသုံးချသွားတာပဲ၊ ဒီတော့ ကျုပ် စိတ်ပြောင်းသွားပြီ။ ခင်ဗျားတို့ကို အသက်ရှင်လျက်နဲ့ ပြန်မလွှတ်တော့ဘူး။ ကျုပ်ကတော့ ဒီရတနာတွေနဲ့အတူ ပြန်မှာမို့ လူနှစ်ယောက်သတ်ပြီးမှ နောက်ထပ်နှစ်ယောက် ထပ်သတ်လိုက်ရလို့လည်း သန်းခေါင်ထက် ညဉ့်နက်စရာမရှိတော့ဘူး။ ဝိညာဉ်တွေပူးကပ်နေတဲ့ ဒီပဝါစထဲမှာ ခင်ဗျားတို့နှစ်ယောက်ရဲ့ ဝိညာဉ်တွေကိုပါ ထပ်ခေါ် ထားလိုက်တော့မယ်"

ညွှန့်အောင်က ပြောပြောဆိုဆို သူ့ခါးစည်းကြိုးကိုဖြည်ကာ တစ်ဖက်တစ်စစီအား လက်နှစ်ဖက်နှင့် ကိုင်ထားလိုက်ပါတော့သည်။ ထို့နည်းတူ ၎င်း၏ညီ ညွှန့်လှိုင်၏လက်ထဲတွင် လည်း ပဝါစကိုကိုင်ထားလေ၏။





ထို့နောက် သူတို့နှစ်ယောက် ကျားချောင်းချောင်းကာ တရွေ့ရွေ့နှင့် ကျော်စိုးတို့ထံ ကပ်လာလေတော့သည်။

"ဆားပုလင်း . . . ကျုပ်တို့ အာရုံမများရအောင် ခင်ဗျားက ညွှန့်လှိုင်ကိုထိန်း၊ ကျုပ်က ညွှန့်အောင်ကို တိုက်မယ်"

ဆားပုလင်းစိုးဝင်းအား ပြောလိုက်ပြီး ညွှန့်အောင်၏ လှုပ်ရှားဟန်ကို ဂရုတစိုက် ကြည့်ရှုနေလေ၏။ ဗလချင်းယှဉ်တိုက်လျှင် ဘယ်လိုမှနိုင်အောင်တိုက်နိုင်မည်မဟုတ်ဟူသော သတိဖြင့် စိတ်ထဲမှ အတွင်းအားရရန် အာရုံကိုစုစည်းထားလိုက်သည်။

ညွှန့်အောင်ကလည်း ကျော်စိုးကို လျော့မတွက်ပေ။ လက်ထဲက ပဝါကို ကျော်စိုး၏လည်ပင်းပေါ်သို့ တင်မိသည်နှင့် စပါးကြီးမြွေက သားကောင်ကို ကိုယ်လုံးနှင့်ရစ်ပြီး ဆွဲဆန့်လိုက်သကဲ့သို့ တစ်ချက်တည်းနှင့် ပွဲပြီးနိုင်မည့်အကွက်ကို ချောင်းနေသည်။

ထို့အတူပင် ညွှန့်လှိုင်ကလည်း ဆားပုလင်းစိုးဝင်း၏လည်ပင်းကို ပဝါနှင့် ဆွဲရစ်ယူပြီး မြေပေါ်သို့ပစ်လှဲကာ ကိစ္စတုံးရန် အိုးကပ်သွားလေသည်။ ဆားပုလင်းစိုးဝင်းက အခုန်အပျံကောင်း သူပီပီ ဟိတ်ဟန်၍ တစ်ချက်အော်လိုက်ပြီး လူတစ်ရပ်စာမျှခုန်ကာ ညွှန့်လှိုင်၏မေးဖျားကို လက်ဝှေ့ဝိုင်းထဲတွင် မိုးကြိုးအား ကန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့်နည်းတူ ကန်ထည့်လိုက်ရာ ညွန့်လှိုင်နောက်လှန်သွားတော့ သည်။

ဆားပုလင်းစိုးဝင်းက ဝဲပျံနေရာမှ ဖားပျံကလေး မြေကျ သလို ကျလာသည့်အခိုက် တံတောင်ဦးနှင့် ညွန့်လှိုင်၏အရိုက်ကို ထွက်ထည့်လိုက်ရာ ညွန့်လှိုင်မှာ မြေပေါ်ပက်လက်ကျပြီး မေ့မြော သွားလေ၏။ ညွန့်အောင်က ညွန့်လှိုင်လဲကျသွားသည်ကို မြင် သော်လည်း ဂရုမစိုက်ဘဲ ကျော်စိုး၏ လှုပ်ရှားမှုကိုသာ မျက်ခြည် မပြတ်ကြည့်ရင်း ကျော်စိုးအနားသို့ ကပ်သထက် ကပ်လာခဲ့သည်။

ထိုစဉ် ဆားပုလင်းစိုးဝင်းက ညွန့်အောင်၏နောက်ကြော မှ ခုန်ဝင်က ဖက်ပိုးကို ခြေစောင်းနှင့် ကန်လိုက်သော်လည်း ညွန့် အောင်မှာ တစ်ချက်ငိုက်သွားရုံမှအပ ဖြိုပင်မဖြိုချေ။ ညွန့်အောင် လည်း ကျော်စိုးနှင့် လက်တစ်ကမ်းအရောက်တွင် လက်ထဲမှ ပဝါ ကို လက်နှစ်ဖက်တင်းအောင် ဝဲလက်ယာလက်နှစ်ချောင်းကာပြီး ကျော်စိုး၏လည်ပင်းကို ပြေးပတ်လိုက်သည်။

ဆားပုလင်းစိုးဝင်း၏မျက်စိထဲတွင် လေကဲ့သို့လျင်မြန်လှ သော ဗလကြီး၏လှုပ်ရှားမှုကို ရိပ်ခနဲတွေ့လိုက်ရပြီး ပဝါထဲတွင် အရာတစ်ခု ရစ်ပတ်ပါသွားသည်ကို မြင်လိုက်ရ၍ ကျော်စိုးအတွက်





အလွန်ပင် စိုးရိမ်သွားတော့သည်။

သတိထားကြည့်မှ ကျော်စိုး၏လည်ပင်းမဟုတ်ဘဲ ဘယ် ဘက်လက်ကိုသာ ပိုးပဝါအဝါစ ရစ်ပတ်နေသည်ကို တွေ့လိုက်ရ သဖြင့် စိတ်သက်သာရာရသွားတော့သည်။ ကျော်စိုးက သူ၏လက် ကို လည်ပင်းအထင်နှင့် အားစိုက်နေသော ညွန့်အောင်၏ လက် အောက်မှ ငုံ့ထွက်ပြီး ‘ရှင်’ (Shen) ခေါ် ဆီးအိမ်နေရာဆီသို့ သူ၏ညာဘက်လက်ညှိုးနှင့် လက်ခလယ်ကိုပူးကာ ‘ချီ’ သွင်း၍ ခပ်ဆတ်ဆတ်ထောက်လိုက်လေသည်။ အတွင်းအားပါသောကြောင့် ညွန့်အောင်မှာ လက်ထဲမှပဝါစလွတ်ကျ ယိမ်းယိုင်သွားလေ၏။

ထိုအခိုက် ကျော်စိုးက ညွန့်အောင်နှင့်ကပ်လျက် လွတ်ရာ သို့ ရှောင်ပြီး သူ၏မေးရိုးကို အားနှင့် ခွပ်ခနဲထိုးချလိုက်သည်။ အခွင့်အရေးရခိုက် လက်မနှေးသော ဆားပုလင်းစိုးဝင်းကလည်း ညွန့်အောင်၏နံစောင်းကို သူ၏ အစွမ်းထက်လှသော တံတောင်နှင့် ဆောင့်တွတ်ချလိုက်လေရာ ညွန့်အောင် မြေပေါ်သို့ ပုံကျသွား တော့သည်။

ထိုအခါမှပင် ကျော်စိုးက သူ၏ရင်ဘတ်ကြားတွင် ကြက် ခြေခတ်စလွယ်သိုင်း သားရေကြိုးတွင်တပ်ထားသော သားရေအိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ သေနတ်ကိုထုတ်ယူပြီး ညွန့်အောင်ကိုချိန်ကာ -

"မလှုပ်နဲ့ ကိုညွန့်အောင်၊ လှုပ်ရင် ကျုပ်က တကယ်ပစ်မှာ ဥပဒေကို လွန်ဆန်ပြီး လူ့လောကထဲမှာ စည်းစိမ်ခံပျော်ပါးနိုင်တဲ့ ဒုစရိုက်သားဆိုတာ မရှိပါဘူးဗျာ။ ဒီရတနာတွေကို ခင်ဗျားတပ်မက်မနေပါနဲ့။ လုပ်ရဲရင်ခံရဲတဲ့စိတ်ဓာတ်မျိုး မရှိရင် ခင်ဗျားဟာ ယောကျ်ားမပီသတဲ့လူ ဖြစ်နေမှာပေါ့ဗျ။ ကိုယ်ကျူးလွန်တဲ့အပြစ်ကို ကိုယ်ခံရဲရမှာပေါ့"

ကျော်စိုး သေနတ်နှင့်ချိန်ထားစဉ် ဆားပုလင်းစိုးဝင်းက ညွန့်အောင်နှင့်ညွန့်လှိုင်အား လက်ထိပ်ခတ်လိုက်ပြီး ပဝါစနစ်စက်သက်သေခံအဖြစ် သိမ်းဆည်းလိုက်သည်။ ရတနာသေတ္တာကိုလည်း အဖုံးပြန်ပိတ်ပြီး ကြိုးများနှင့် အသေချည်လိုက်သည်။

တရားခံနှစ်ယောက်အား ဖမ်းဆီး၍ အနီးဆုံးဖြစ်သည့် ကျွဲမလူးအိုင်ရွာ ဘုန်းတော်ကြီးကျောင်းသို့ ခေါ်လာခဲ့သည်။ ဘုန်းတော်ကြီးနှင့်ကျောင်းရှိ ဦးပဉ္စင်းများက သူတို့ကို တအံ့တသြကြည့်ပြီး -

"ဒီဒကာက ဒကာလေးတို့နဲ့ အတူပါလာတာ မဟုတ်လား။ ဘယ့်နှယ် လက်ထိပ်ခတ်ထားလို့ပါလား"





ဆရာတော်သည် အတူတူလာ၍ တည်းခိုစဉ်က ကောင်းကောင်းမွန်မွန် ပြောဆိုနေကြသော ကျော်စိုးနှင့် ညွန့်လှိုင်တို့မှာ ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

ကျော်စိုးက မိမိတို့မှာ သစ်တောဘက်မှမဟုတ်ဘဲ ပုလိပ်ဘက်မှ ဖြစ်ကြောင်း၊ အခြေအနေအရ ဖုံးကွယ်ထားမိသည်ကို နားလည် ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားပြီး ရပ်ရွာလူကြီးကို ခေါ်ပေးပါရန် လျှောက်ထားလေသည်။ ဆရာတော်ကလည်း ကပ္ပိယမောင်သော်အား ရွာလူကြီးမျိုးခိုင်ကို ခေါ်စေသည်။

ရွာလူကြီးမျိုးခိုင်ရောက်လာလျှင် ကျော်စိုးက အကျိုးအကြောင်းပြောပြပြီး ဖေယျာဝတီမြို့ဂါတ်မှ ဌာနအုပ်ဘသောင်းနှင့် တာဝန်ရှိသူတို့ကို အခေါ်လွှတ်စေသည်။ ညနေစောင်းလောက် တွင် ဖေယျာဝတီမှ ပုလိပ်သားများရောက်ရှိလာကြသည်။ ဦးမျိုး ခိုင်ရွာဦးကျောင်းဆရာတော် ဦးတင့်ဆွေနှင့် ပုလိပ်သားများရှေ့တွင် သေတ္တာကို ဖွင့်၍ ရတနာများကို စာရင်းပြုလုပ်ပြီး သက်သေများ၏ အတည်ပြုချက်ကိုယူကာ ရတနာသေတ္တာကို ပြန်ပိတ် သော့ခတ်ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဖေယျဝတီဂါတ်မှ ပုလိပ်သားများ၏ အကူအညီ အစောင့်အရှောက်တို့ဖြင့် ရတနာပစ္စည်းများနှင့်အတူ တရားခံနှစ်ယောက်အား ရန်ကုန်မြို့သို့ ခေါ်ဆောင်လာခဲ့ကြပါတော့သတည်း။

❑❑❑



## ကံကောင်းပေလို့

"ဒီအမှုမှာ ဇာတ်လိုက်ကတော့ ဒေါင်းဘယက်လည်း မဟုတ်ဘူး၊ ရတနာသေတ္တာလည်းမဟုတ်ဘူး။ ကျော်စိုးဖော်ထုတ်ခဲ့တဲ့ ရှုးမား၁၁၃လို့ခေါ်တဲ့ ပိုးပဝါစလေးပဲဗျ။ ပိုးကြိုးလေးနှစ်မျှင်သာသဲလွန်စမကျန်ခဲ့ရင် လူသတ်တရားခံဖမ်းမိဖို့ အတော်ဦးနှောက်ခြောက်ရမယ့်အမှုပဲ။ မင်းကြီးဦးအုန်းခိုင်ကတော့ အိုင်ဘို့ကို အတော်ချီးကျူးတယ်ဗျို့"

ဌာနအုပ်ဦးမျိုးတင့်က ကျော်စိုးကိုကြည့်ပြီး ပြောလိုက်လေသည်။

ခု နစ် စဉ် ကြယ် စာ ဖေ

www.burmeseclassic.com

www.burmeseclassic.com



"လူကလည်း လူသန်၊ ဉာဏ်ကလည်း အတော်သွား တော့ ညွန့်လှိုင်ကို ခြေရာခံမိတာနဲ့ ညွန့်အောင်ထွက်လာအောင် လုပ်ပြီး အပိုင်ကိုင်ခဲ့ရတာ။ အိုင်အိုရဲ့လက်ဆက တော်တော်ပြင်း တာပဲ။ အိုင်အိုဆော်ထည့်လိုက်တာ လူသန်ကြီးရဲ့ရှိသမျှအားတွေ ဘယ်လိုကဘယ်လို ကုန်ခမ်းသွားမှန်းမသိတော့ပါဘူးဗျာ။ ပျော့ ခွေသွားတာပဲ။ အဲဒီအခါကျမှ သူ့အနားရဲရဲတိုးပြီး လက်ထိပ်ခတ် ခဲ့ရတာ"

ဆားပုလင်းစိုးဝင်းက တွေ့ခဲ့ကြုံခဲ့ရပုံကို ပြန်လည်ဖော် သည်ချလေရာ ဌာနတစ်ခုံလုံးက အံ့ဩမှင်တက်စွာဖြင့် နား ထောင်နေကြသည်။ ကျော်စိုးက ညွန့်အောင်နှင့်မတိုက်ခိုက်မီ သူ၏ လက်ပတ်နာရီကို ကြည့်လိုက်ပြီး နေ့လယ် (၁) နာရီနှင့် (၂) နာရီ ကြားတွင်ရှိနေသော သေကွင်းသေကွက်နေရာ 'ရှင်' နေရာ၌ တိုက်ခိုက်လိုက်နိုင်သဖြင့် လူသန်ကြီး မတ်တတ်မှ ပစ်လဲကျသွားသည် ကို ပြန်တွေးမိလေ၏။

"ဒါနဲ့ ... လက်ကဒဏ်ရာ အတော်သက်သာသွားပြီ လား"

ဌာနအုပ်ဦးမျိုးတင့်က ညွန့်အောင်၏ ပဝါရစ်ပတ်ခြင်း





ထိုက်ရ၍ အညိုအမည်းစွဲကာ မကျိုးရုံတမယ် အတွင်းကြေ ကြေသွားသဖြင့် ပတ်တီးစီး ပန်းသိုင်းထားသော ကျော်စိုး၏လက် ကို ကြည့်ပြီးပြောလိုက်သည်။

"လူသန်ကြီးရဲ့လျင်မြန်မှုကို နှစ်ကြိမ်ရှောင်ဖို့မလွယ်တာ ကြောင့် လက်ကမ်းပေးလိုက်ရတာ။ လက်မှာပတ်မိတဲ့ပဝါ ပြန် ဖြည်ဖို့ အချိန်မရခင် သူ လဲကျနိုင်မယ့်နေရာကို တိတိကျကျ တိုက် ခိုက်ရတာဗျ။ ဒီလိုမှမလုပ်ရင် ခင်ဗျားတို့နဲ့ ခုလို စကားပြောနိုင် အောင် မဟုတ်တော့ဘူး။ စိတ်မကောင်းတာက ညွန့်အောင်ဟာ ကြိုးမိန့်ကျဖို့ သေချာတယ်ဗျ"

ကျော်စိုးက တရားခံများကို ဖမ်းရဆီးရသော်လည်း စိတ် ကောင်းရှိသူပီပီ သေဒဏ်အပြစ်ပေးခံရသော တရားခံများအတွက် စိတ်မကောင်းဖြစ်တတ်ပေသည်။

"သတင်းစာမှာ ဒီအမှုကြီးပေါ်သွားတဲ့အကြောင်း အကျယ် တဝင့် ရေးကြလို့ လူထုကလည်း ပုလိပ်အဖွဲ့ကြီးကို လေးစားကြည် ညိုကြတယ်ဗျ။ မြို့ရွာအေးချမ်းဖို့ ဒုစရိုက်သားတွေကို ရှာဖွေ ဖော်ထုတ်ပေးနိုင်တော့ သူတို့ခမျာ စားကောင်းခြင်း၊ အိပ်ကောင်း ခြင်းနဲ့ ပြည့်စုံတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းစိုးဝင်း (တာတီး) က အားပါးတရ ပြောလိုက်လေ၏။

''ကဲ ... ကျုပ် တစ်ရက်နှစ်ရက်လောက်တော့ အိမ်မှာပဲ နားနားနေနေ နေချင်သေးတယ်။ လက်က အတော့်ကို နာနေတာဗျ။ ပြီးတော့ မနက်ဖြန် နယ်က ကျုပ်အမေ လာလည်မှာဆိုတော့ အမေနဲ့ စကားဝဝပြောချင်သေးတယ်။ အမှုကြီးပေါ်လာရင်တော့ လိုင်းထဲကို လာခဲ့ပေါ့ဗျာ''

ကျော်စိုးက ပြောဆိုပြီး ဂါတ်ထဲမှ လှည့်ထွက်လိုက်သည်။

''နားပါဗျာ ... နားပါ။ နောက်တစ်မှုအတွက် အားမွေးထားပေါ့ အိုင်အိုရေ''

ဌာနအုပ်ဦးမျိုးတင့်က ရွှတ်နောက်နောက်ပြောလေ၏။ ကျော်စိုး အိမ်သို့ပြန်လာပြီး ရေမိုးချိုး အဝတ်အစားလဲ၍ အပြင်သို့ ထွက်လာခဲ့သည်။ ပြီးတော့ ခင်လှဲ့ရီကို အကျိုးအကြောင်းပြောပြ မည်ဟု စိတ်ကူးပြီး ခြေဦးလှည့်လိုက်သည်။

သို့သော် သူမမျက်နှာ မြင်လျှင် ဘယ်လိုမှ မနီးနိုင်သော ဘဝမို့ ကြေကွဲလွမ်းဆွတ်ခြင်းသာ ပိုမိုခံစားရလိမ့်မည်ဟု ယူဆ၍ နောက်ပြန်လှည့်လေသည်။ တရုတ်တန်း (ရန်ကုန် ၁၉–လမ်း





လသာလမ်းတစ်ဝိုက်) ကို သွား၊ ထမင်းစားပြီး ဘုံကျောင်းမှ တရုတ်ကြီးဆိပ္ပူး (အောင်သန်းဦး) ကို သူကြုံခဲ့ရသမျှ ဖောက်သည်ချတော့မည်ဟု ဆုံးဖြတ်ကာ လသာလမ်းဘက်သို့ လာခဲ့သည်။

လသာလမ်းတွင် တရုတ်ကြီးဆိပ္ပူးနှင့် စကားပြောနေသော်လည်း၊ စိတ်က ဂနာမငြိမ်ဖြစ်ပြီး အိမ်ပြန်ခဲ့သည်။ အိပ်ရာပေါ်တွင် မှောက်လိုက်လှန်လိုက်ဖြင့် အိပ်ပျော်အောင် အတော်ကြိုးစား၍ အိပ်သော်လည်း မိုးလင်းကာနီးမှပင် အိပ်ပျော်သွားသည်။ နံနက်လင်းသောအခါ အခန်းရှေ့မှ တဒုံးဒုံးနှင့် ထုနေသည့်အသံကြားရသဖြင့် တံခါးသွားဖွင့်လိုက်သည်။

''အမယ်လေး ... အိပ်လိုက်တာဟယ်။ ငါ ရောက်နေတာ ကြာပြီ။ တံခါးကိုထုတော့လည်း မနိုးဘူး။ ဒီလောက်တောင် အိပ်ရေးပျက်ရလားဟဲ့''

ကျော်စိုး၏မိခင်ဖြစ်သူ ဒေါ်အေးချမ်းက အဆက်မပြတ် ပြောလိုက်သည်။

''အလုပ်ပင်ပန်းထားလို့ မေမေရဲ့။ လာ လာ အထဲဝင်''

ကျော်စိုးက မိခင်၏လက်ထဲမှ အထုပ်အပိုးများကို လှမ်းယူလိုက်ပြီး အိမ်ထဲသို့ ခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးချမ်းက ရောက်မဆိုက်ပင်။

"မေမေ သုံးလေးရက်ပဲနေမှာ။ အခု မေမေလာတာက မင်းကို မိန်းမပေးစားဖို့ပဲ။ ဘယ့်နှယ်လဲ . . . အလုပ်အကိုင်လည်း ရပြီ ပညာလည်း စုံပြီ အသက်လည်း မငယ်တော့ဘူး။ အိမ်ထောင်ပြုဖို့ အရွယ်တောင် လွန်တော့မယ်။ မင်းဘာသာရှာလို့ကတော့ ကြိုက်တာမတွေ့ဘဲ လူပျိုကြီးဘဝရောက်တော့မယ်။ ဒါကြောင့် မေမေတို့ လူကြီးချင်း သဘောတူထားတဲ့သူနဲ့ အကျဉ်းချုံးပြီး ပေးစားမယ်။ ပြီးရင် မေမေပြန်မယ်"

ဟု ပြောလိုက်သည်။ ထိုအခါ ကျော်စိုးက ခင်လဲ့ရီကို ဖျတ်ခနဲ သတိရသွားတော့သည်။

"သူ့မှာသာ စေ့စပ်ထားသူမရှိရင် ငါ့အမေကို ဖွင့်ပြောလိုက်ရုံပဲ။ ခုတော့ သူ့ကို ဒီတစ်သက်မှာ ငါ မရနိုင်တော့ပါလား"

ဟု တွေးမိသည်။ စိတ်ထဲမှ မကောင်းလွန်း၍ မျက်နှာညှိုးသွားလေတော့သည်။

"မင်းမှာ ရည်းစားရှိနေလို့လား"

ကျော်စိုး မျက်နှာမကောင်းသည်ကိုတွေ့လိုက်ရသော ဒေါ်အေးချမ်းက မေးလိုက်သည်။





"မဟုတ်ပါဘူး မေမေ၊ ကျွန်တော် မေမေပေးစားမယ့် မိန်းကလေးကို မယူချင်လို့ပါ"

ကျော်စိုးက လေသံပျော့ကလေးနှင့် ပြောလိုက်ရာ –

"မေမေရွေးထားတဲ့မိန်းကလေးက မိန်းမချောလေးပါ သားရယ်။ မေမေကတော့ ယူစေချင်တယ်။ မေမေ ခေါ်လာပြမယ်။ ဒါမှ သဘောမကျရင် ငါ့သားသဘောပဲ။ ဒါပေမဲ့ တစ်နှစ်အတွင်း မိန်းမရအောင် ယူပြပါ့မယ်လို့ မေမေ့ကို ကတိပေးနိုင်မလား"

ဒေါ်အေးချမ်းကလည်း အပျော့ဆွဲကလေးနှင့် ဆွဲပြန်သည်။ ကျော်စိုးက ထွက်ပေါက်ရသွားသဖြင့် –

"ပေးတယ် မေမေ၊ ခု မေမေပေးစားမယ့်မိန်းကလေး[...] သားမယူဘဲ နေခွင့်ရရင် မေမေ တောင်းတဲ့ကတိ ပေးမယ်"

ကျော်စိုးက ပြီးပြီးရော ခပ်လောလောဖြင့် ပြောလိုက်သည်။

"အေး . . . ဒါဆို ကောင်းပြီ၊ မနက်ဖြန်ပဲ မေမေ သွားခေါ် သာမယ်။ တွေ့တော့ တွေ့လိုက်ဦးပေါ့"

ဒေါ်အေးချမ်းက ပြောဆိုပြီး ကျော်စိုးနှင့် သားအမိ

နှစ်ယောက်စားသောက်ရန် ထမင်းဟင်းချက်ဖို့ ပြင်ဆင်နေတော့သည်။ သို့နှင့် နောက်တစ်နေ့သို့ရောက်သောအခါ ဒေါ်အေးချမ်းက ကျော်စိုးကို အိမ်မှာစောင့်နေရန်ပြောပြီး အပြင်သို့ထွက်သွားလေ၏။

နှစ်နာရီခန့်အကြာတွင် အိမ်ရှေ့သို့ အငှားကားတစ်စီး ထိုးဆိုက်သံကြားလိုက်ရသဖြင့် အခန်းထဲမှထွက်ကာ တံခါးဖွင့်ပေးလိုက်ပြီး အိပ်ခန်းထဲ ပြန်ဝင်နေလိုက်သည်။ အိမ်ပေါ်သို့ တက်လာသော ခြေသံများကိုကြားလိုက်ရပြီးနောက် –

''သားရေ ... ဧည့်သည်တွေပါလာတယ်။ ခဏထွက်လာပါဦးကွဲ့။ မေမေ မိတ်ဆက်ပေးမလို့''

ဟူသော ဒေါ်အေးချမ်း၏အသံကို ကြားလိုက်ရသဖြင့် မထွက်ချင်ထွက်ချင်ဖြင့် ထွက်လာခဲ့သည်။

''ဟာ ... ဒေါ်ဒေါ်၊ ညီမလေး ခင်လှဲ့ရီ''

အိမ်ရှေ့ခန်းတွင် ထိုင်နေသော ဒေါ်မြမြနှင့် ခင်လှဲ့ရီကို တွေ့လိုက်ရသဖြင့် ကျော်စိုး အံ့သြသွားသည်။

''အို ... သားက မြမြတို့ကို သိနေတာကိုး။ အေး ... ဒါ မေမေက မင်းနဲ့ပေးစားဖို့ပြောထားတဲ့ မိန်းကလေးပဲ။ မြမြရဲ့သမီး





ခင်လှဲ့ရီတဲ့''

ကျော်စိုး၏ဦးခေါင်းမှာ ချာချာလည်သွားသလို ခံစားလိုက်ရသည်။ ခင်လှဲ့ရီက ရှက်ပြီး ခေါင်းငုံ့ထားလိုက်သည်။ အကြောင်းမသိသေးသော ဒေါ်အေးချမ်းက –

''ကဲ မြမြရေ ... သူတို့ချင်း ခင်မင်ပါစေတော့လို့ပြီး မြင်ဖူးတယ်ရှိအောင်သာ ခေါ်လာပြရတာ။ ကျွန်မသားက ကျွန်မ သဘောတူတဲ့သူကို မယူပါရစေနဲ့တဲ့၊ အားနာလိုက်တာရှင်''

ဟု ဒေါ်မြမြကို ပြောလိုက်သည်။

''မဟုတ်ဘူး မေမေ။ ကျွန်တော် အဲဒီသဘောမျိုး မဟုတ်ပါဘူး''

ကျော်စိုးက အတင်းပင် ဝင်၍ပြောလေရာ –

''ဘာလဲ ... ကာယကံရှင်တွေရှေ့မှာ မင်းမေမေ [illegible] ပြောင်ဖွင့်ပြောလိုက်လို့ အားနာသွားတာလား။ တို့က [illegible] သူတွေ မဟုတ်ဘူးကွဲ့။ အင်မတန် ရင်းနှီးတဲ့သူငယ်[illegible] ပွင့်ပွင့်လင်းလင်းပဲပြောကြတာ။ မောင်ကျော်စိုးမှာ [illegible] ပြီးသားရှိတယ်ဆိုရင် ဒေါ်ဒေါ်တို့ကို အားနာစရာမလို့ပါဘူး''

ဒေါ်မြမြကပါ ဒေါ်အေးချမ်းဘက်က [illegible]

www.burmeseclassic.com



လေသည်။ ကျော်စိုးမျက်နှာမှာလည်း ဆီးရွက်လောက်ကလေးပင် ရှိတော့သည်။ ခင်လှဲ့ရီကတော့ မိန်းကလေးမို့ ဝင်မပြောသာဘဲ မျက်လွှာချကာ မျက်ရည်များပင် စို့နေလေ၏။

"ကဲ ... ပြောမှပြီးတော့မှာမို့ ကျွန်တော်ပဲ ရှင်းပြပါတော့မယ်။ ကျွန်တော်က ခင်လှဲ့ရီကို ကျောင်းမှာမြင်ကတည်းက မေတ္တာရှိခဲ့တာပါ။ ဒါပေမဲ့ ပညာရေးဘက်ကို ဦးစားပေးပြီး ဘာမှ မပြောဖြစ်ခဲ့ဘူး။ တစ်ခါ ခင်လှဲ့ရီတို့အဖေကိစ္စနဲ့ သူတို့အိမ်မှာ သွားနေဖြစ်တော့ ကျွန်တော် ခင်လှဲ့ရီကို မေတ္တာရှိကြောင်း ဖွင့်ပြောခဲ့ပါတယ်။ ခင်လှဲ့ရီက သူ့မှာ မိဘက သဘောတူထားတဲ့သူ ရှိတယ်ဆိုပြီး ကျွန်တော့် မေတ္တာကို လက်မခံခဲ့ပါဘူး။ ဒါပေမဲ့ လူငယ်ချင်း ပွင့်ပွင့်လင်းလင်းပဲ တစ်ယောက်အပေါ်တစ်ယောက် မေတ္တာရှိတယ်ဆိုတာတော့ ဝန်ခံခဲ့ကြပါတယ်။ ခင်လှဲ့ရီက မိဘစကား မပယ်ရှားချင်တာကြောင့် မိခင်ကြီးကိုငဲ့ပြီး ကျွန်တော့်ကို ဒီတစ်သက် လက်မထပ်နိုင်တဲ့အကြောင်း ပြောခဲ့ပါတယ်။ ကျွန်တော်လည်း ခင်လှဲ့ရီကလွဲရင် ဘယ်မိန်းကလေးကိုမှ မယူချင်တာကြောင့် မေမေ့ကို ငြင်းခဲ့တာပါ၊ အမှန်တော့"

ကျော်စိုးက အကျဉ်းရုံးကာ ရှင်းပြသည်။ ကျော်စိုး





စကားမဆုံးမီကြားဖြတ်၍ –

"တော်တော့ ... မင်းလည်း ဥပဒေဘက်တော်သား တစ်ယောက်ပဲ။ အပြစ်ရှိတယ် မရှိဘူး၊ ဟုတ်တယ် မဟုတ်ဘူး ပြောပြီးသားစကားကို လက်ဖဝါးလို မှောက်လိုက်လှန်လိုက်လုပ်လို့မရဘူးဆိုတာ သိမှာပဲ။ မေမေပေးစားတာ မယူပါရစေနဲ့လို့ ပြောပြီးမှတော့ ဘာမှဆင်ခြေပေးမနေပါနဲ့တော့ကွယ်။ မဟုတ်ဘူးလားမမြ"

ဒေါ်အေးချမ်းက တမင် ကျော်စိုးမခံချင်အောင် ပြောလိုက်လေ၏။

"ဟုတ်တာပေါ့ မအေးချမ်းရဲ့။ ကျွန်မသမီးကလည်း ကျွန်မပြောရင် ပြီးပြီးသားပဲ"

ဒေါ်မြမြကပါ ဝင်ထောက်ခံလိုက်သဖြင့် ကျော်စိုးရော ခင်လှဲ့ရီပါ အရှုပ်ကြုံးပြတ် ဖြစ်သွားကြလေ၏။

တော်တော်လေးကြာမှ –

"ကဲ ကဲ ... သားရော သမီးရော စိတ်မကောင်းဖြစ်မနေကြနဲ့။ မင်းတို့စိတ်ကို စမ်းပြီး မေမေတို့က အကဲခတ်နေကြတာ [illegible] မေမေတို့လည်း ငယ်ရာက ကြီးလာတာပါ။ မင်းတို့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မကြည့်ပေမယ့် အပြင်က ကြည့်ရုံနဲ့တင်သိပါတယ်။ သားက လည်း ဖတဆိုး၊ သမီးကလည်း ဖတဆိုးမို့ မေမေတို့က ရိုးမြေကျ မပေါင်းဘဲ စလယ်ဝင်ဖင်မမည်းခင်ကကွဲဆိုတဲ့ အိမ်ထောင်ဘက် မျိုးတွေ တွေ့ကြုံရမှာစိုးလို့ လူကြီးချင်း ဟိုးအရင်ကတည်းက စကားကမ်းလှမ်းခဲ့ကြတာ။ ဒီလို သူချစ်ကိုယ်ချစ်ဆိုရင်တော့ မေမေတို့ သိပ်ဝမ်းသာတာပေါ့''

ဒေါ်အေးချမ်းကပြောသည်။

''မောင်ကျော်စိုး အလုပ်အားတဲ့ရက်ရွေးပြီး မင်္ဂလာကို စီစဉ်ကြတာပေါ့''

ဒေါ်မြမြက ပြောပြန်၏။

''ကျွန်တော် ရှေ့အပတ်ထဲမှာ လက်ထပ်ခွင့်တင်လိုက်ပါ့ မယ် ဒေါ်ဒေါ်''

မောင်ကျော်စိုးက ဝမ်းသာအားရ ကမန်းကတမ်း ပြော လိုက်၏။ ချစ်သူနှစ်ဦး၏ကံကြမ္မာက အလွန်ပင်အံ့ဩစရာကော လှသည်။ ဒေါ်မြမြနှင့် ဒေါ်အေးချမ်းတို့မှာ ရန်ကုန်၌အတူနေ က အိမ်နီးချင်း သူငယ်ချင်းဖြစ်ခဲ့ကြသည်။ အသက်အရွယ်ရ သောအခါ အသီးသီး အိမ်ထောင်ကျကုန်၏။ ဒေါ်အေးချ





သားလေးမွေးပြီး နှစ်နှစ်ခန့်အကြာတွင် ဒေါ်မြမြက သမီးကလေး ကို မွေးခဲ့သည်။ ဒေါ်အေးချမ်းတို့ နယ်သို့ အလုပ်ပြောင်းသွားခဲ့ သော်လည်း ဒေါ်မြမြနှင့် စာအဆက်အသွယ်မပြတ်ဘဲ ကလေး နှစ်ဦးအား ပေးစားရန် စိတ်အားထက်သန်လျက်ပင် ရှိကြသည်။

နယ်မှ ဒေါ်အေးချမ်းက ရန်ကုန်သို့ရောက်တိုင်း ဒေါ်မြမြ အိမ်ဝင်ကာ သူ့သား ဘယ်နှစ်တန်းရောက်ပြီဖြစ်ကြောင်း၊ လူ ကောင် ဘယ်လိုထွားလာကြောင်း ဝင်ပြောသကဲ့သို့ ခင်လဲ့ရီကို တွေ့တိုင်းလည်း လှပပြေပြစ်သော မျက်နှာကလေးကိုကြည့်ကာ တိတ်ဖြစ်နေတတ်၏။

ထို့ကြောင့် ကတိစကားမှာ ခိုင်မြဲသည်ထက် ခိုင်မြဲလာ သည်။ ဒါကို ကျော်စိုးရော ခင်လဲ့ရီပါ မသိကြပေ။ ဒေါ်မြမြနှင့် ဒေါ်အေးချမ်းက ယခုမှပင် ရှင်းပြသောကြောင့် အဖြစ်မှန်မသိဘဲ ဆုံလွဲရတော့မည့်ကိန်းဆိုက်ခဲ့ကြောင်း ချစ်သွေးရော ခင်လဲ့ရီပါ သဘောပေါက်ခဲ့ကြသည်။

''ကဲ ... စကားတော့ကောင်းပါရဲ့။ ဘုရားကို လိုက်ပို့ပါဦး ကွဲ''

ဒေါ်အေးချမ်းက စကားခေါ်လိုက်ရာ –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဲ့ . . . ဟုတ်ပဲ့။ သွားကြတာပေါ့။ သမီးက မောင်ကျော်စိုးနဲ့စကားပြောပြီး နေခဲ့ဦး ကြားလား။ ညနေကျမှ အိမ်ကို ပြန်ခဲ့။ မောင်ကျော်စိုးကို လိုက်ပို့ခိုင်းပေါ့"

ဟုဆိုကာ အလိုက်တသိ ရှောင်ထွက်သွားကြလေတော့သည်။

"အမယ်လေး . . . ကံကောင်းလို့ ကံကောင်းလို့ ဖူးစာက မှန်ပါလျက်နဲ့ လွဲတော့မလို့"

ကျော်စိုးက သည်းထိပ်ရင်ဖိုဆိုလိုက်သည်။

"ဟင် . . . သူပဲ မယူပါရစေနဲ့ဆို၊ ဘာလဲ . . . ညီမ ရုပ်ဆိုးလို့လား။ အကျည်းတန်လို့လား"

ခင်လဲ့ရီက စကားနာထိုးသည်။

"မဟုတ်ရပါဘူးဗျာ၊ ဒီက အရုပ်ဆိုးတဲ့သရဲမကြီးနဲ့ စား စားမယ်ထင်လို့ ငြင်းမိတာပါ။ ခုတော့ မိုးပေါ်ကကျလာတဲ့ နတ် သမီးနဲ့မို့ ဒီတစ်ခါမှ မပေးစားရင် ဘယ်သူမှ မလိုက်လာနိုင်အောင် မီးရာလေယာဉ်ပျံနဲ့ ခိုးပြေးမလို့ဗျ"

ကျော်စိုးက နောက်တောက်တောက် ပြောင်တောင်တော ပြောလိုက်ရာ ခင်လဲ့ရီက သဘောကျပြီး တခစ်ခစ်နဲ့ ရယ်သည်

ခု နစ် စဉ် ကြပ် ၈၁ ပေ



"ရယ်မနေနဲ့၊ ဒီတစ်ခါတော့ ညီမကို ကိုယ်က တကယ် ပိုင်ပြီပေါ့နော်"

ချစ်သွေးက ပြောပြီး ခင်လဲ့ရီ၏ လက်ကလေးကို ဆွဲယူလိုက်ရာ ခင်လဲ့ရီက ကျော်စိုး၏ရင်ခွင်ထဲသို့ အလိုက်သင့်ပင် ခေါင်းတိုးဝင်လိုက်ပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သော သူရ (၁၂)
## ဖောင်ကြီးသင်တန်းဆင်း သူငယ်ချင်းများ

၁။ ရဲမှူးကြီးခင်မောင်ဇော် (ငြိမ်း)
၂။ ရဲမှူးကြီးအုန်းနိုင် (ငြိမ်း)
၃။ ရဲမှူးကြီးကျော်စိုး (ငြိမ်း)
၄။ ဒုရဲမှူးကြီး ညွန့်လှိုင် (ငြိမ်း)
၅။ ဒုရဲမှူးကြီး အောင်သန်းဦး (ငြိမ်း)
၆။ ဒုရဲမှူးကြီး သိန်းထွန်း (ငြိမ်း)
၇။ ဒုရဲမှူးကြီး ဦးထွန်းစိန် (ငြိမ်း)
၈။ ဒုရဲမှူးကြီး ဝင်းဦး (ငြိမ်း)
၉။ ဒုရဲမှူးကြီး ဇော်မင်းအောင် (ငြိမ်း)
၁၀။ ဒုရဲမှူးကြီး ဝင်းသန်း (ငြိမ်း)
၁၁။ ဒုရဲမှူးကြီး လှမြင့် (ငြိမ်း)
၁၂။ ဒုရဲမှူးကြီး ဖေအောင် (ငြိမ်း)
၁၃။ စစစ–ဒုညွှန်မှူး နိုင်ဝင်း (ငြိမ်း)
၁၄။ စစစ–ဒုညွှန်မှူး သိန်းဟန် (ငြိမ်း)
၁၅။ စစစ–ဒုညွှန်မှူး လှတင် (ငြိမ်း)

၁၆။ ဖရီး (ခ) ဝင်းကြည် — ကာသ (၂၂)
၁၇။ ကက်ဆက်ကြီး (ခ) စောလွင် — ကာသ (၂၄)
၁၈။ ဒုတ် (ခ) သောင်းမြင့် — ကာသ (၂၇)
၁၉။ ကုလားလေး (ခ) ဖုန်းမောင် — ကာသ (၃၆)
၂၀။ အဒူလေး (ခ) လှမြင့် — ကာသ (၄၁)
၂၁။ ပေါ်တင်ကြီး (ခ) ရဲညွန့် — ကာသ (၄၄)
၂၂။ အာလာဒင် (ခ) တင်မောင်အေး — ကာသ (၅၂)
၂၃။ ချိုလိမ် (ခ) ဖေမောင်ထွန်း — ကာသ (၅၄)
၂၄။ ပုပ္ပါး (ခ) တင်ဦး — ကာသ (၅၅)
၂၅။ ငပိကောင် (ခ) ခင်ဇော် — ကာသ (၅၈)
၂၆။ ရေဆင် (ခ) မြဝင်း — ကာသ (၅၉)
၂၇။ တာတီး (ခ) စိုးဝင်း — ကာသ (၇၃)
၂၈။ ညွန့်ဆွေ — ကာသ (၈၉)
၂၉။ တောကျိုးကန်း (ခ) လှမျိုးမြင့် — ကာသ (၉၁)
၃၀။ ခြေမကြီး (ခ) မျိုးတင့် — ကာသ (၁၀၂)
၃၁။ ကမန်းကတန်း (ခ) ကြင်စိန် — ကာသ (၁၀၅)
၃၂။ ပိုးဟပ်ဖြူ (ခ) သောင်းထွန်း — ကာသ (၁၁၆)
၃၃။ ကီဝီ (ခ) ဇော်ဝင်းထင် — ကာသ (၁၂၅)

www.burmeseclassic.com

www.burmeseclassic.com

၃၄။ သူကြီး (ခ) အောင်သိန်း ကာလ (၁၃၃)
၃၅။ ဖင်မဲ (ခ) ထွန်းသိန်း ကာလ (၁၄၈)
၃၆။ ကံဦး ကာလ (၁၅၀)
၃၇။ မယ်ကြင် (ခ) ကျင်ယုနိုင် ကာလ (၁၅၂)
၃၈။ အောင်လွင် ကာလ (၁၅၈)
၃၉။ ဗျောကြီး (ခ) စိုးငြိမ်း ကာလ (၁၆၆)
၄၀။ လှကြိုင် ကာလ (၁၇၆)
၄၁။ တင့်ဆွေ ကာလ (၁၉၂)
၄၂။ မျိုးနိုင် ကာလ (၁၉၆)
၄၃။ မောင်သော် ကာလ (၁၉၄)
၄၄။ စိန်မိုး ကာလ (၁၉၈)
၄၅။ ဘသောင်း ကာလ (၂၀၈)
၄၆။ မျိုးလွင် ကာလ (၂၁၀)
၄၇။ ညွန့်အောင် ကာလ (၂၂၂)
၄၈။ မြသိန်း ကာလ (၂၄၅)
၄၉။ ဖိုးကျော် (ခ) မြင့်ကျော်ဦး ကာလ (၂၄၉)
၅၀။ မြင့်ထွန်း ကာလ (၂၆၂)

## စိတြာအာဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ စီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်းဘီလူး
၈။ သဇင်မြိုင်မောင်နမ
၉။ အရိုင်းမေတ္တာ
၁၀။ နံ့သာအိမ်ကြီး ရှေ့ကာဆီး
၁၁။ ငှက်ဂရုန်မြွေနဂါး
၁၂။ သမုဒ္ဒယကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဥ္ဇူရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား
၂၀။ မဟာမြိုင်ဂူမှတ်တမ်း